(၂၅)အုပ်မြောက်ဂမ္ဘီရဆန်းကြယ်ဝတ္ထုတို

# ရီရီငွေး

ဒိုယွန်းယုဉ်စာ

## ပန်းဒါရှု၏ချစ်သူ



www.burmeseclassic.com

# ရိရိငြေး

# ပန်းဒါရူ၏ ချစ်သူ

## မာတိကာ


၁။ ဂမ္ဘီရကုန်းမှ ရွှေစေတီ ငွေစေတီ

၂။ ရေကျော့ကျချိန်

၃။ ကျွန်ုပ်နှင့်ဇော်ဂျီဖိုဝင်

၄။ ဇော်ကန့်လန့်

၅။ ရသေ့ကြယ်စင်

၆။ ထူးဆန်းသောရွှေတောက်တဲ့ကြီး

၇။ ခန္တာအိမ်

၈။ သက်မင်းငတုံနှင့်ဂမ္ဘီရပိဘောက်စည်

၉။ လောကပါလသစ္စာ

၁၀။ သေလာယက္ခသွေးသောက်စား

၁၁။ ပန်းဒါရူ၏ချစ်သူ

၁၂။အောက်သို့လားသော်

၁၃။ ဂမ္ဘီရမြို့တော်

၁၄။ ဂမ္ဘီရကျွဲကြီးရုပ်ထု

၁၅။ လင်းလွန်းပင်ရှစ် ရွှေစင်တစ်တင်း


အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

# ဂမ္ဘီရကုန်းမှ ရွှေစေတီ-ငွေစေတီ

ဂမ္ဘီရကုန်းကလေး…။

အမည်ကလေးကဆန်းသလို ဤကုန်းတော်ပေါ်က အဖြစ်အပျက်များကလည်း ဆန်းကြယ်လှပါသည်။ ထို့အတူ ထိုနေရာသို့ရောက်ပုံကလည်း ထူးခြားလှသည်ဟု ဆိုရပေမည်။ မမျှော်လင့်သောနေရာသို့ မမျှော်လင့်သည့် အကြောင်းတစ်ရပ်ဖြင့် စာရေးသူ ရောက်ရှိခဲ့ပါသည်။

တစ်ခါတစ်ရံ၌ သိသင့်သိထိုက်သည့် အကြောင်းတရားများသည် သူ့အလိုလို သိရှိခွင့်ရရှိခဲ့ပါသည်။ စာရေးသူသည် ထူးခြားဆန်းကြယ်သည့် အကြောင်းအရာများကို စိတ်ဝင်စားသည့် အလျောက် ထူးခြားသော ဖြစ်ရပ်မှန်များ ရှိရာနေရာများသို့ တမင်ပင် သွားရောက်လေ့လာရာ ထိုဖြစ်ရပ်ဆန်းများကို တင်ပြလေ့ရှိပါသည်။ ယခုမူခါတိုင်းနှင့်မတူသည့် အကြောင်းတစ် ရပ်ကို တိုက်ဆိုင်စွာ ကြုံတွေ့ခွင့်ရရှိခဲ့ပါသည်။ ဂမ္ဘီရကုန်းဆိုသည်မှာ လည်း မကြားဖူးခဲ့သလို ငှင်းကုန်းမြေတွင် ဖြစ်ပွားခဲ့သည့်



www.burmeseclassic.com

ဆန်းကြယ်သည့် အကြောင်းအရာများကို သည်း မသိခဲ့ပေ။ သို့သော် သိခွင့်ကြုံသောထို တစ်နေ့တွင်···။

စာရေးသူသည် အကြောင်းကိစ္စတစ်ရပ် ဆောင်ရွက်ရန် ရှိသဖြင့် ရန်ကုန်နှင့်မနီးမဝေးတွင် တည်ရှိသည့် မှော်ဘီမြို့ ဝါးနက်ချောင်းကျေးရွာအနီးရှိ အောင်မင်္ဂလာကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ထိုရွာတွင် စာရေးသူ၏မိတ်ဆွေ ဦးအောင်မြင့်နှင့် အကြောင်းကိစ္စတစ်ရပ် ဆောင်ရွက်ရန်ရှိသည့်အတွက် ဦးအောင်မြင့်အိမ်သို့ သွားရောက်ခဲ့ပါသည်။

'ဦးအောင်မြင့် ရှိပါသလား'

စာရေးသူက လှမ်းမေးရင်း ဦးအောင်မြင့်အိမ်ထဲသို့ ဝင်လာခဲ့ပါ သည်။

'ဩော်··· အစ်မပါလား၊ လာပါ လာပါ'

ဦးအောင်မြင့် မိန်းမထွက်လာပြီး စာရေးသူကို ဧည့်ခံ ပါသည်။

'ညီမ··· ဦးအောင်မြင့်ရှိလား'

'မရှိဘူး အစ်မ'

'ဘယ်သွားသလဲ'

'ဂမ္ဘီရကုန်းမှာ ပုတီးသွားစိပ်နေတယ်'

'ဂမ္ဘီရကုန်း ဟုတ်လား'





စာရေးသူ အံ့သြစွာမေးလိုက်မိပါသည်။ စာရေးသူသည် မှော်ဘီသို့ မကြာခဏရောက်သော်လည်း ဂမ္ဘီရကုန်းရှိမှန်း မသိခဲ့ပေ။ စာရေးသူ ယခုရောက်ချိန်မှာ ဆောင်းရာသီ၏ နံနက် စောစောဖြစ်ပြီး ပုတီးစိတ်ကောင်းသည့်အချိန်ဖြစ်၍ ဦးအောင်မြင့် တစ်ယောက် ပုတီးစိတ်ခြင်းဖြစ်ပေမည်။ သို့သော် စာရေးသူ စိတ်တွင် အံ့သြနေသည်မှာ ဂမ္ဘီရကုန်းဆိုသည့် အမည်ကိုပင်။

'နေပါဦး ညီမရဲ့၊ ဂမ္ဘီရကုန်းက ဘယ်နားမှာလဲ'

'အစ်မရေ··· တံတားဖြူကလေး အကျော်မှာရှိတယ်'

'ဩော်··· ဒါဆို အရိုးစက်ရုံသွားတဲ့ပေါ်မှာပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ် အစ်မ'

'ဒါဆို ဦးအောင်မြင့်နဲ့ တွေ့မှပြီးမယ့်ကိစ္စတစ်ခုပါလာလို့ အစ်မကို ဂမ္ဘီရကုန်းကို လိုက်ပို့ပေးပါနော်'

'လိုက်ပို့ပေးပါမယ် အစ်မ၊ ခဏတော့ နားလိုက်ပါဦး'

ဦးအောင်မြင့် မိန်းမက ရေနွေးကြမ်းနှင့်ဧည့်ခံသဖြင့် ရေနွေးကြမ်းသောက်၍ အပန်းဖြေခဲ့ပါသည်။ မကြာမီ စာရေးသူ၊ စာရေးသူ၏ညီမနှင့် ဦးအောင်မြင့်ဇနီးတို့ သုံးဦးသား လမ်း လျှောက်လာခဲ့ပါသည်။

'အစ်မရေ··· ဂမ္ဘီရတောင်ကုန်းက ဒီနေရာနဲ့ နည်းနည်း



www.burmeseclassic.com

ဝေးတယ်၊ လိုင်းကားစီးမလား၊ ထော်လာဂျီစီးမလား’

‘လာတဲ့ကား စီးကြတာပေါ့’

ထိုသို့ပြောဆိုနေစဉ် ထော်လာဂျီတစ်စင်း ရောက်လာသဖြင့် ထော်လာဂျီစီးကာ တံတားဖြူမှတ်တိုင်အထိ စီးခဲ့ပါသည်။ တံတားဖြူမှတ်တိုင်မှ ရှေ့သို့အနည်းငယ်ဆက်သွားသည့်အခါ လမ်းမကြီးမှ ခွဲထွက်သွားသည့် လူသွားလမ်းကလေးတစ်ခုသို့ ရောက်ရှိခဲ့ပါသည်။

‘အစ်မ…ဒီလမ်းကလေးကသွားရင် ဂမ္ဘီရတောင်ကုန်းကို ရောက်တယ်၊ အစ်မ လှမ်းကြည့်လိုက်ပါ၊ ဟိုးအဝေးမှာ စေတီနှစ်ဆူကို ဖူးတွေ့ရလိမ့်မယ်၊ အဲဒါကတော့ ဖြစ်ရပ်ဆန်းများရှိတဲ့ ဂမ္ဘီရကုန်းက ရွှေစေတီနဲ့ ငွေစေတီပဲ’

စာရေးသူ လှမ်းကြည့်လိုက်သောအခါ ဘုရား၏ထီးတော်နှစ်စင်းကို နှင်းမှုန်များကြားတွင် မသဲမကွဲဖူးတွေ့ခဲ့ရပါသည်။ စာရေးသူသည် ဂမ္ဘီရကုန်းတော်သို့ သွားရာလမ်းသို့ရောက်ခဲ့ပါပြီ။ စာရေးသူ၏စိတ်တွင် အဘယ်ကြောင့်မှန်းမသိ ဂမ္ဘီရကုန်းတော်သို့ အလျင်အမြန်သွားလိုစိတ်များ ပေါ်ပေါက်နေပါသည်။ ထို့ကြောင့် ခြေလှမ်းခပ်သွက်သွက် လျှောက်လာခဲ့ပါသည်။ ဂမ္ဘီရကုန်းတော်သည် ကားလမ်းနှင့်အနည်းငယ်ဝေးပြီး တောင်ကုန်းကလေးဖြစ်နေသည့်အတွက် တက်ရသည်မှာ မောပန်းသွားပါသည်။





ဟော… တွေ့ပါပြီ။ နှင်းမှုန်ကြားမှ ဘုရားနှစ်ဆူ။ တစ်ဆူကား ရွှေရောင်တောက်နေပါသည်။ တစ်ဆူမှာ ငွေရောင်လက်နေပါသည်။ ဂမ္ဘီရကုန်းတော်နားသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ပါပြီ။ ကျောက်ငှက်အသံမှတစ်ပါး တိတ်ဆိတ်လွန်းလှပါသည်။ စာရေးသူတို့အုပ်စု တောင်ခြေသို့ ရောက်လာခဲ့ပါပြီ။ တောင်စောင့်နတ်ကွန်းကို စတင်တွေ့ရှိရပါသည်။ ထို့နောက် ဘုရားပုရဝဏ်သို့ ရောက်ရှိလာသည့်အတွက် ဖိနပ်ချွတ်ကာ လက်မှကိုင်ရင်း စေတီတော်များ၏ ရင်ပြင်တော်သို့ ရောက်ရှိလာခဲ့ပါပြီ။

စေတီတော်နှစ်ဆူအား လှည့်ပတ်ဖူးမျှော်စဉ် စေတီတော်နှစ်ဆူအကြားတွင် ပုတီးစိတ်နေသော ဦးအောင်မြင့်ကို တွေ့လိုက်ရပါသည်။ စာရေးသူလည်း ပုတီးစိတ်နေသူအား အနှောင့်အယှက်မပေးလိုသည့်အတွက် ခပ်လှမ်းလှမ်းတွင်ထိုင်ကာ ဘုရားဖူးပြီး ဦးအောင်မြင့်ကို စောင့်နေခဲ့ပါသည်။

မကြာမီ ဦးအောင်မြင့် ပုတီးစိတ်ပြီး၍ ထိုင်ရာမှအထတွင် စာရေးသူတို့ တွေ့ဆုံခဲ့ပါသည်။

‘ဟာ… ဆရာမကြီးပါလား၊ ကိစ္စရှိလို့လား’

‘ဟုတ်ပါတယ် ဦးအောင်မြင့်၊ ကိစ္စက သိပ်အရေးမကြီးပါဘူး၊ ဂမ္ဘီရကုန်းသွားတယ်ဆိုလို့ ဂမ္ဘီရစာရေးဆရာမက မနေနိုင်လို့ လိုက်လာခဲ့တာပါ’



www.burmeseclassic.com

'လာပါ ဆရာမကြီး၊ ကျွန်တော်တို့ ဇရပ်ပေါ်ကို သွားရအောင်'

စာရေးသူတို့အုပ်စုလည်း ဘုရားကုန်းတော်ပေါ်ရှိ ဇရပ်ဆီသို့ သွားခဲ့ပါသည်။ ဇရပ်ဟုဆိုသော်လည်း အလွန်ကောင်းမွန်စွာ ဆောက်ထားသည့် အဆောက်အဦးဖြစ်ပါသည်။ ထိုဇရပ်တွင် ဂေါပကအဖွဲ့ဝင်များက ရေနွေးကြမ်းနှင့်ဧည့်ခံပါသည်။ စာရေးသူလည်း ဂမ္ဘီရကုန်းတော်အကြောင်းကို ရေနွေးကြမ်းသောက်ရင်း မေးမြန်းစုံစမ်းခဲ့ပါသည်။

'ကဲ… ဦးအောင်မြင့်ရေ ဂမ္ဘီရကုန်းဖြစ်လာပုံကလေး ရှင်းပြစမ်းပါဦး'

'အစတုန်းကဒီနေရာဟာ လယ်ကွင်းတွေပေါ့ ဆရာမကြီးရယ်၊ အဲဒီလယ်ကွင်းရဲ့နောက်မှာ တောင်ကုန်းတစ်ခုရှိတယ်၊ အဲဒီတောင်ကုန်းပေါ်မှာ သစ်ပင်၊ ဝါးပင်တွေပေါက်နေတယ်၊ အထူးသဖြင့် နွားကျောင်းရာနေရာပေါ့၊ တစ်နေ့မှာ နွားကျောင်းတဲ့ ကောင်လေးတွေဟာ ဒီတောင်ပေါ်မှာ နွားကျောင်းရင်းနဲ့ သစ်ပင်ခြေရင်းမှာထိုင်ပြီး တုတ်နဲ့ဟိုခြစ်သည်ခြစ် လုပ်ရင်း ငွေဒင်္ဂါးပြားတွေကို တွေ့ရတယ်၊ ဒါနဲ့ ငွေဒင်္ဂါးတွေကို ကောက်ယူခဲ့တယ်၊ အဲဒီနေရာကို ထပ်တူးကြည့်တော့ ငွေဒင်္ဂါးတွေ အများကြီး ထပ်တွေ့ခဲ့ရတယ်၊ ဒင်္ဂါးတွေကို ပုဆိုးနဲ့ထုတ်ပြီး





အိမ်ကိုယူသွားခဲ့တယ်၊ အဲဒီညမှာပဲ အိမ်ရှိလူကုန်ဟာ မနေနိုင်မထိုင်နိုင်အောင် ယားတော့တာပဲ၊ နွားကျောင်းသားလေးရဲ့အဖေက နွားကျောင်းသားလေးကိုမေးတဲ့အခါ အဖြစ်မှန်သိသွားပြီး အဲဒီဒင်္ဂါးတွေကို သစ်ပင်ခြေရင်းမှာ ပြန်ပြီးထားတော့မှ အယားပျောက်သွားတော့တယ်၊ အဲဒီနွားကျောင်းသားလေးလိုပဲ အချို့လူတွေလည်း ငွေဒင်္ဂါးတွေတွေ့လို့ ယူလာကြသတဲ့၊ ယူတဲ့လူတွေဟာ မနေနိုင်မထိုင်နိုင်အောင် ယားလွန်းတဲ့အတွက် အဲဒီငွေဒင်္ဂါးတွေကို ပြန်ထားခဲ့ရတယ်၊ အဲဒီအချိန်ကစပြီး အဲဒီတောင်ကို ငွေယားတောင်လို့ စတင်ခေါ်ခဲ့ကြတယ်'

'ဟုတ်ကဲ့ ဆက်ပြောပါဦး'

တစ်နေ့မှာ…။

ငွေယားတောင်ဟု အမည်ပေးထားသည့် တောင်ကုန်းပေါ်သိုက လူတစ်သိုက်ရောက်ရှိလာခဲ့ပါသည်။ နွားကျောင်းသားကလေးများ ငွေဒင်္ဂါးတွေ့ရာနေရာကို စတင်တူးဖော်ခဲ့ရာ ငွေအိုးနှင့် အပြည့် ဒင်္ဂါးများကို ရရှိခဲ့ပါသည်။ ထိုလူတစ်သိုက်မှာ လောဘသားကောင်များဖြစ်၍ ငွေဒင်္ဂါးတစ်အိုးရသည်ကို မကျေနပ်ချေ။ ဤနေရာ၌ နောက်ထပ် ရွှေငွေရတနာမြောက်မြားစွာ ရရှိလိမ့်ဦးမည်ဟု အထင်ရှိကာ ဆက်လက်တူးဖော်ခဲ့ပါသည်။ ဤသို့တူးရင်း (၇)ဆောင်ခန့်အနက်သို့ရောက်သောအခါ ၄င်းတို့



www.burmeseclassic.com

ပေါက်တူးသည် ကျောက်ပြားကြီးတစ်ချပ်ကို ထိမိသည့်အသံ ထွက်ပေါ်လာပါသည်။

'ဒုတ်… ဒုတ်… ဒုတ်'

'အောက်မှာ ကျောက်ပြားကြီးခံနေတယ်'

'ဟုတ်ပြီ၊ ဟုတ်ပြီ… ဒါဆို ရတနာတွေရခါနီးပြီ၊ ဆက်တူးဟေ့'

'ဆရာကြီးရေ ကျောက်သေတ္တာကြီးဗျ'

'ဟေ… ကျောက်သေတ္တာကြီးဟုတ်လား၊ ဆက်တူး ဟေ့၊ ဆက် တူး'

ဆရာကြီးသည် ငယ်သားများအား ဆက်၍တူးခိုင်းရင်း ၎င်း၏ စိတ်၌ ကျောက်သေတ္တာကြီးထဲတွင် ရတနာများရှိမည်ဟု တွေးထင်ကာ အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။

'ဟေ့ကောင်တွေ မြန်မြန်တူးစမ်း၊ ကျောက်သေတ္တာ ကြီးပေါ်လာအောင် တူးစမ်း'

ထိုသို့ပြောဆိုကာ တွင်းနှုတ်ခမ်းဝ၌ မတ်တပ်ရပ်ကာ အမိန့်ပေးနေပါသည်။

ထိုသို့တူးရင်းတူးရင်း ညနေအတော်စောင်းကာ မှောင် လုလုအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ မြေကြီးတူးသည့် ငယ်သားများသည် တဖြည်းဖြည်းတူးဖော်ခဲ့ရာ ကျောက်သေတ္တာ





ကြီးမှာ ထီးထီးကြီးပေါ်လာခဲ့ပါတော့သည်။

'ကျောက်သေတ္တာကြီး ပေါ်လာပြီ'

အောက်မှငယ်သားများက အပေါ်မှဆရာကြီးကို အော်ပြောလိုက်ပါသည်။

'အေး… ဒါဆို ငါလာပြီ၊ ကျောက်သေတ္တာကြီးကို ဖွင့်မယ်'

ဆရာကြီးဆိုသူသည် အောက်သို့ တဖြည်းဖြည်းဆင်း လာပြီး ၎င်း၏ငယ်သား(၆)ဦးနှင့်အတူ ထိုကျောက်သေတ္တာကြီး၏ အဖုံးကိုဖွင့်ခဲ့ကြပါသည်။ ကျောက်သားအဖုံးကြီးမှာ အလွန် လေးလံလှသဖြင့် တူးရွင်းများ၊ သံချောင်းရှည်ကြီးများကို အသုံးပြု ပြီးဖွင့်သူကဖွင့် အဖုံးကို မ,သူက မ,လိုက်၊ အဖုံးမှာ ပွင့်လုနီးနီး အခြေအနေသို့ ရောက်ရှိလာပါသည်။

'ဟုတ်ပြီကွ၊ မထား၊ မထား၊ အဖုံးကြီး ကွာလာပြီ'

'ဝေါ… ဝေါ… ဝေါ'

ကျောက်သေတ္တာကြီးမှာ ထိုအသံများနှင့်အတူ သွက်သွက်ခါအောင် လှုပ်ရှားရင်း အောက်ဘက်သို့ နိမ့်ဆင်း သွားကာ အလွန်နက်သည့်အောက်ဘက်သို့ ကျသွားပါ တော့သည်။

'ဟာ… ကျောက်သေတ္တာကြီး အောက်ထဲကို ရောက်



www.burmeseclassic.com

သွားပြီ'

ထိုသို့ အော်စဉ်တစ်ခဏအတွင်း မြေတူးသူငယ်များနှင့် ၄င်းတို့ ဆရာကြီးရပ်နေသည့် မြေကြီးများပြိုကျပြီး ကျောက်သေတ္တာဆီသို့ လူအားလုံးပေါင်း(၇)ဦးထိုးကျသွားပါသည်။ အပေါ်မှတူးပြီး အပေါ်တွင်စောင့်နေသည့် ၄င်းတို့၏ တပည့်တစ်ဦးသာ ကျန်နေခဲ့ပါသည်။ အပေါ်ယံမြေကြီးမှာလည်း တသိမ့်သိမ့်တုန်ခါလာသဖြင့် ထိုတပည့်လည်း ပြေးမိပြေးရာ ပြေးခဲ့ရပါတော့သည်။ အောက်သို့ကျသွားသည့် လူများမှာလည်း မြေကြီးများ ပြိုကျပြီး ဖုံးအုပ်သွားသည့်အတွက် အရှင်လတ်လတ် မြေမြှုပ်ခံရသကဲ့သို့ ဖြစ်သွားပါသည်။

ဤအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ဤကုန်းပေါ်သို့ လူသွားလူလာနည်းပါးသွားခဲ့ပါသည်။ ထိုအနီးအနားရှိ ရွာသားများက ညဥ့်အခါတွင် ပြေးလွှားနေသည့် ပြေးလွှားနေသည့် အသံများကိုကြားရသည်ဟုဆိုကာ ထိုတောင်ကုန်းမှာ နာမည်ကြီးနေသဖြင့် ညဥ့်အခါတွင် လူများမှာ ထိုတောင်ကုန်းနားသို့ပင် မလာဝံ့ချေ။

တစ်နေ့သော် ထိုတောင်ကုန်းသို့ ရသေ့ကြီးတစ်ပါး ရောက်ရှိလာပြီး ကျောင်းငယ်ကလေးဆောက်ကာ တရားကျင့်နေခဲ့ပါသည်။ ရွာသားများကလည်း ရသေ့ကြီးအား သွားရောက်





ဖူးမျှော်ရင်း ထိုတောင်ကုန်းသို့ လူအများပြန်လာခဲ့ပါသည်။ ရသေ့ကြီးသည် မည်သို့အာရုံရသည်မသိ။ ဤ တောင်ကုန်းအား ဂမ္ဘီရတောင်ကုန်းဟု အမည်ပေးခဲ့ပါသည်။ ထိုတောင်ပေါ်ရှိ ကုန်းမို့မို့နှစ်ခုအား တူးဖော်ရာ ထိုနေရာမှ ကျောက်စိမ်းရုပ်ပွားတော်များကို ရရှိခဲ့ပါသည်။

ထိုနေရာတွင် ရှေးယခင်အခါက တည်ထားတော်မူသော စေတီတော်ရာနှစ်ခုကို တွေ့ရှိခဲ့ပါသည်။ ရွာသားများလည်း စေတီငုတ်တိုဖြစ်ပြီး မြေကြီးများဖုံးလွှမ်းနေသည့် အမှုများကို တူးဖော်ကာ ရှေးယခင်စေတီအတိုင်း နှစ်ဆူတည်တော်မူပါသည်။

ရှေးမီနောက်မီ အဘိုးအဘွားများအား မေးမြန်းရာ ထိုစေတီတော်များ၏ ရာဇဝင်သို့ ဤသို့ကြားသိခဲ့ရပါသည်။

ဟိုးရှေးအခါ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကျော်က အဖြစ်အပျက်တစ်ခု။

တပုသနှင့် ဘလ္လိက ကုန်သည်ညီနောင်သည် မဇ္ဈိမသို့ ကုန်ကူးသန်းရောင်းဝယ်သွားစဉ် ဂေါတမမြတ်စွာဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူပြီး လင်းလွန်းပင်၌ စံနေတော်ခိုက် ၄င်းတို့ ရောက်ရှိသွားကာ ပါလာသည့်မုန့်များကို လှူဒါန်းခဲ့ပါသည်။ ဤတွင် မြတ်စွာဘုရားရှင်မှ ဆံတော်များ ပေးသနားတော်မူသဖြင့် သိင်္ဂုတ္တရကုန်းတော်ကို ဥက္ကလာပ



www.burmeseclassic.com

မင်းကြီး ဦးဆောင်ကာတည်တော်မူခဲ့ပါသည်။ ထိုသို့ ဘုရားရှင်၏ ဆံတော်ကို စေတီတည်ကာ ပူဇော်နေသည်ကို ကြားသိရသည့်အတွက် မြန်မာပြည်အနှံ့အပြားမှ သဒ္ဓါကြည်လင်ပါရမီရှင်များ လာရောက်ကာ သဒ္ဓါတတ်အားသရွေ့ လှူဒါန်းခဲ့ကြပါသည်။

ထိုသို့ သဒ္ဓါကြည်လင် ပါရမီများအနက် ရှမ်းပြည်နယ်မှ ပြည်သူ လူထုလည်း မိမိတို့ လှူဒါန်းမည့် ဥစ္စာရွှေ၊ ငွေတို့ကို ယူဆောင်ကာ လှည်းများဖြင့် ကုန်းတစ်တန်၊ ရေတစ်တန် ဖြတ်ကျော်ကာ သိင်္ဂုတ္တရကုန်းတော်သို့လာတော်မူခဲ့ကြပါသည်။ လမ်းခရီးသည် ဝေးကွာလွန်းလှသည်က တစ်ကြောင်း လှည်းများ၏အသွားနှုန်းမှာ နှေးကွေးလှသည်ကတစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် လမ်းခရီးတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။

၎င်းတို့ရောက်ရှိချိန်တွင် ရွှေတိဂုံစေတီတော်ကြီးမှာ တည်ဆောက်ပြီးစီးရုံသာမက ထီးတော်ကြီးပင် တင်လှူပြီးစီးခဲ့လေပြီ။ ၎င်းတို့မှာ မိမိတို့ယူဆောင်လာသည့် ရွှေ၊ ငွေ ရတနာများအား ရွှေတိဂုံစေတီတော်၌ ဌာပနာ ရန်လာခဲ့သော်လည်း အချိန်မီ မရောက်ရှိသည့်အတွက် ရွှေတိဂုံစေတီတော်တွင် ဌာပနာ မပြုနိုင်ခဲ့ပေ။ ထို့ကြောင့် အချို့သောဥစ္စာပစ္စည်းများကိုသာ လှူဒါန်းပြီး ၎င်းတို့ဌာနေ ရှမ်းပြည်နယ်သို့ ပြန်ခဲ့ကြပါသည်။





၎င်းတို့ပြန်ရာလမ်းတစ်လျှောက်တွင် စခန်းချရပ်နားသည့်နေရာများ၌ မြေစိုက်စေတီတော်များတည်ကာ ဥစ္စာပစ္စည်းများကို ဌာပနာပြုကာ လှူဒါန်းခဲ့ကြပါသည်။ အချို့ရှမ်းများမှာ ထိုစေတီတည်ရာအနီး၌ ရွာတည်ကာ 'ရှမ်းရွာ'ဟုအမည်ပေးပြီး နေထိုင်ခဲ့ကြသည်မှာ သားစဉ်မြေးဆက် ယနေ့တိုင်နေထိုင်ခဲ့ကြပါသည်။ ထိုဘုရားအနီးတွင် နေထိုင်ကြသော ရှမ်း သားစဉ်မြေးဆက်မှာ ထိုစေတီတော်များကို ပြုပြင်ထိန်းသိမ်းခဲ့ကြပါသည်။

သို့သော်လည်း ခေတ်အဆက်ဆက် ကြာသောအခါ စီးပွားရေး မကောင်းခြင်း၊ စစ်ဘေးစစ်ဒဏ်သင့်ခြင်းတို့ကြောင့် ထိုနေရာမှ စွန့်ခွာထွက်ပြေးကြသဖြင့် ထိုစေတီတော်များမှာ တစ်တစ ပျက်စီးယိုယွင်းလာခဲ့ပြီး ကုန်းကမူကြီးအဖြစ်သာ ကျန်ရစ်ခဲ့ပါတော့သည်။

နှောင်းလူများကလည်း ဤနေရာသည် ဘုရားပျက်တည်ရှိရာ နေရာမှန်းမသိကြတော့ဘဲ ကုန်းမြင့်ကြီးသာ ထင်ခဲ့ကြပါသည်။ ထိုသို့ဖြင့် တစတစပျက်သုန်းခဲ့ပါသည်။ ယခုအခါတွင် မြို့ပြရပ်ဝန်းဒေသပြန်လည်စည်ပင်၍ ဝပြောလာသည့်အတွက် လူနေအိမ်ခြေများ စည်ကားလာခဲ့ရာ ထိုကုန်းတော်တွင် ယခုကဲ့သို့ရွှေစေတီနှင့်ငွေစေတီများတည်ထားကိုး ကွယ်ခဲ့ကြပါသည်။



www.burmeseclassic.com

ထိုစေတီတော်များသည် အလွန်ရှေးကျသော စေတီတော်ဟောင်းများဖြစ်ပြီး ငှင်း၌ဌာပနာထားသည့် ပစ္စည်းများကို အခြားသူများ မယူနိုင်အောင် အလှူဒါယကာများသည် ကြည်ညိုသဒ္ဓါတရားဖြင့် တည်တော်မူခဲ့ခြင်း၊ ယခုအခါ စေတီတော်ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ပဌာန်းဆက်များ အလိုလိုရောက်ရှိလာခြင်း ဆုတောင်းပြည့်ခြင်းတို့ကြောင့် ထိုစေတီနှစ်ဆူကို လာရောက်လှုဒါန်းပူဇော်သူများ များပြားပါသည်။ အဓိဋ္ဌာန်ဝင်ကာ အဓိဋ္ဌာန်အောင်သူများလည်း အများအပြားရှိပါသည်။

ထိုစေတီတော်များ၏ ထူးခြားသောဖြစ်ရပ်များကို ဦးအောင်မြင့်က စာရေးသူအား ပြောကြားခဲ့ပါသည်။ ထိုစေတီတော်မှာ ဝါးနက်ချောင်း ပန်းတစ်ပွင့်တောင်တော်သို့ သွားရာလမ်း၌ အမှန်တကယ်တည်ရှိပါသည်။ သူတော်ကောင်းတရားနှင့် ပြည့်စုံသူများ ခိုလှုံရာစေတီတော်ဖြစ်သည့်အပြင် ဆုတောင်းပြည့်စေတီတော်များဖြစ်ပြီး အထက်ပါဖြစ်ရပ်များမှာ ဖြစ်ရပ်မှန်များဖြစ်ပါသည်။ ဂမ္ဘီရကုန်းတော်ပေါ်မှ ထူးခြားလှသည့် ရွှေစေတီ ငွေစေတီများအကြောင်းကို အံ့သြစွာ ကြားသိရသဖြင့် စာရေးသူလည်း ထိုစေတီတော်များအား ဖူးမျှော်ကာလိုရာ တောင်းဆုပြုရင်း အပြန်ခရီးနှင်ခဲ့ရပါတော့သည်။





# ရေကျောက်ချချိန်

ရိရိရွှေ

ဤအကြောင်းအရာမှာ လွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော်မှ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပါသည်။

စာရေးသူသည် အကြောင်းကိစ္စတစ်ရပ်ရှိ၍ ကြည့်မြင်တိုင်တစ်ဘက်ကမ်းရှိ 'အေး' ရွာသို့ ရောက်ရှိခဲ့ပါသည်။ ရွာလမ်းအတိုင်း အဖော်များနှင့် လျှောက်လည်ခဲ့ရာ ရွာဦးတွင် စေတီတော်တစ်ဆူကို ဖူးတွေ့ခဲ့ရပါသည်။ စေတီတော်အား ဖူးမျှော်ပြီး ရှေ့သို့ဆက်သွားရာ စေတီတော်နှင့် မနီးမဝေး တောင်ကုန်းကလေးတစ်ခုတွင် ကျောင်းသင်္ခန်းတစ်ဆောင်ကို တွေ့ရပါသည်။ စာရေးသူတို့တစ်သိုက်သည် မောပန်းလာသည့်အတွက် ထိုကျောင်းသင်္ခန်းကလေးဆီသို့ သွားရောက်ခဲ့ပါသည်။ စာရေးသူသည် ဤကျောင်းသင်္ခန်းတွင် ဘုန်းတော်ကြီးများရှိမည်ဟုထင်မှတ်ခဲ့ပါသည်။ သို့သော်လည်း စာရေးသူတို့ ထိုကျောင်းပေါ်သို့ ရောက်သောအခါ ကျောင်း ၌ သီတင်းသုံးနေ



www.burmeseclassic.com

သည့်မှာ ရသေ့တစ်ပါးဖြစ်ကြောင်း သိရပါသည်။

'ဒကာမလေးတို့ ဘယ်အရပ်က လာကြသတုံး'

'တပည့်တော်မတို့ ရန်ကုန်ကလာပါတယ် ဘုရား'

'အိမ်း… အကြွမ်းရေသောက်ပါ၊ ငှက်ပျောသီးစားပါ'

ရသေ့ကြီးသည် စာရေးသူတို့အား လက်ဖက်ရည်ကြမ်း၊ ငှက်ပျောသီးဖြင့် ဧည့်ခံပါသည်။ ထိုရသေ့ကြီး၏ ဘွဲ့အမည်မှာ ဦးစန္ဒိမာဖြစ်ပြီး ဘုရားတည်၊ ကျောင်းဆောက်ကာ သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ စာရေးသူတို့သည် သာသနာပြုပုဂ္ဂိုလ် ဖြစ်သဖြင့် ပါလာသည့်ငွေများဖြင့် နဝကမ္မအတွက် လှူဒါန်းမှုကိုပြုခဲ့ပါသည်။ ရသေ့ကြီးသည် မေတ္တာတရားကို လက်ကိုင်ထားရန် ဆုံးမစကားပြောဆို၍ ထူးဆန်းသော မိကျောင်းတစ်ကောင်အကြောင်းကို ကြားသိခဲ့ရပါသည်။

'ကျုပ်ကတော့ သတ္တဝါအားလုံးကို မေတ္တာပို့ပါတယ်၊ ဒါပေမယ့် အထူးသဖြင့် ညနေတိုင်း မြစ်ကမ်းနဘေးကိုသွားပြီး မိကျောင်းသတ္တဝါတွေကို မေတ္တာပို့ပါတယ်'

'မိကျောင်းသတ္တဝါတွေကို မေတ္တာပို့တယ် ဟုတ်လား ဘရသေ့'

'ဟုတ်ပါတယ်'





'ဘာကြောင့် မိကျောင်းကိုမှရွေးပြီး မေတ္တာပို့တာလဲ ဘရသေ့'

'မေတ္တာပို့တယ်ဆိုကတည်းက အကြောင်းရှိလို့ပေါ့ကွယ်'

'အဲဒီလိုမိကျောင်းတွေကို မေတ္တာဘာကြောင့်ပို့ရသလဲဆိုတာ ထူးဆန်းလွန်းလို့ သိခွင့်ရမယ်ဆိုရင် သိပါရစေ ဘရသေ့ကြီး'

'အိမ်း… ပြောတာတော့ ပြောပြနိုင်ပါတယ်၊ ဒါပေမယ့် အကြောင်းအပေါင်းက ဆန်းကြယ်လွန်းတော့ ကြားရတဲ့သူက မယုံရင် ဘရသေ့ပြောတာ အလကားဖြစ်မယ်'

'ပြောပြပါ ဘရသေ့ကြီး၊ နားထောင်ချင်ပါတယ်ဘုရား'

'ဒါဆိုလည်း ပြောရတာပေါ့'

ထိုသို့ဖြင့် ထူးခြားဆန်းကြယ်သော မိကျောင်းတစ်ကောင်၏ အကြောင်းတရားတစ်ခုကို အံ့သြစွာ သိခဲ့ရပါသည်။

♥ ♥ ♥

ရွာဦးကျောင်းဆရာတော် ဦးဇောတိကသည် မိမိပြုလုပ်နေကျ ကမ္မဋ္ဌာန်းတရားများ စီးဖြန်းပြီး ညဉ့်နက်ပြီဖြစ်၍ အိပ်စက်ခဲ့ပါသည်။

အိပ်မက်ထဲတွင် ချောမောလှပသည့် လုလင်ပျိုတစ်ဦး



www.burmeseclassic.com

သည် ဆရာတော်ရှိရာသို့ ရောက်ရှိလာပြီး ဦးချကန်တော့ရင်း…

'အရှင်ဘုရား… တပည့်တော်လျှောက်ထားအပ်ပါသည်။ တပည့်တော်၌ ရတနာများစွာနှင့်အတူ သိဒ္ဓိပေါက်ကျင့်စဉ် ကျမ်းကြီးတစ်ဆူပါရှိသည့် ရတနာသေတ္တာကြီးအား စောင့်ကြပ် နေရပါသည်။ ယခုအခါ လောဘရမ္မက်သားများ လိုက်လံရှာဖွေ ကာ အန္တရာယ်ပြုကြပါသဖြင့် အရှင်ဘုရားအား အပြီးတိုင် လှူပါမည့်အကြောင်း လျှောက်ထားအပ်ပါသည်။

'ဟော… ရတနာပစ္စည်းတွေနဲ့ သိဒ္ဓိပေါက်ကျင့်စဉ်ကျမ်း ဟုတ်လား၊ ဒါတွေဟာ ဘုန်းကြီးနဲ့မသက်ဆိုင်ပါ'

'အရှင်ဘုရား လက်ခံပေးတော်မူပါဘုရား'

ဆရာတော်မှာ မည်သို့မျှ နှုတ်တော်မဖွင့်မိ လန့်နိုးခဲ့ပါ သည်။ ထိုသို့ဖြင့် (၃)ရက်လုံးလုံး ဤအိပ်မက်ကို မက်ခဲ့ပါသည်။

ထိုအခါ ဘုန်းတော်ကြီးမှာ စဉ်းစားလာမိပါသည်။ တစ်ခါမဟုတ်(၃)ခါမက်သည့် အိပ်မက်ထူးဖြစ်သဖြင့် အကြောင်း တစ်စုံတစ်ရာ ထူးချေမည်ဟု ထင်မြင်လာပါသည်။ ထို့ကြောင့် ကပ္ပိယဖြစ်သူ ဦးညိုမောင်အား အိပ်မက်နှင့်ပတ်သက်၍ ပြောဆို မိပါသည်။

ကပ္ပိယဦးညိုမောင်မှာလည်း ဆရာတော်၏ ထူးဆန်း သည့် အိပ်မက်အကြောင်းကို စကားစပ်ရင်း ရေမှုဆိုးဦးဖိုးထော်တို့





အား ပြောပြလိုက်ပါသည်။

ရေမှုဆိုးဦးဖိုးထော်သည် မိကျောင်းနှင့်ပတ်သက်လျှင် အလွန်ပင် ကျွမ်းကျင်လှပါသည်။ ရေမှုဆိုးဦးဖိုးထော်သည် ငယ်စဉ်ကပင် ချောင်းဖျားချောင်းနားမှအစ ပင်လယ်ပြင် အတွေ့အကြုံကြွယ်ဝသူတစ်ဦး ဖြစ်ပါသည်။ ရေလုပ်သားဘဝ တွင် သနားစရာ စက်ဆုတ်ဖွယ်ရာ သွေးညှီနံ့စွန်းသည့် အတွေ့ အကြုံများရှိသူပင်။ ထိုမှတစ်ဆင့်တက်ကာ ရေမှုဆိုးမိကျောင်း ဖမ်းသူအဖြစ် ပြိုင်ဘက်ကင်းသည့်သူတစ်ဦးပင်ဖြစ်ပါသည်။

မိကျောင်းရှာမှုဆိုး (သို့မဟုတ်) ရေမှုဆိုးတစ်ဦး၌ ၄င်း၌ ခနိဖူး သန္တတ်မှိန်း၊ ကြိုးခွေအစီကြိုးနှင့် ဖော့ဖျားတပ်ဆင်ထား သည့် မိကျောင်းဖမ်းလက်နက်အပြည့်အစုံရှိပါသည်။ မိကျောင်း ဖမ်းမည်ဆိုလျှင် ညအချိန်တွင် ဖမ်းလေ့ရှိပါသည်။ အများအားဖြင့် မိကျောင်းတို့၏ သဘာဝမှာ လပြည့်ည များတွင် လတာပြင်တွင် မြူးလေ့ရှိပါသည်။ မိကျောင်းဖမ်းသူများမှာ သန္တတ်ကို ကိုင်ထား ရင်း သောင်စပ်ပေါ်၌ထိုင်၍ စောင့်နေတတ်ပါသည်။ ရေမှုဆိုး ဦးဖိုးထော်သည် သူ၏နောက်လိုက်တပည့်များကို မိကျောင်းနှင့် ပတ်သက်သည့် အကြောင်းများကို ရှင်းပြတတ်ပါသည်။

'မိကျောင်းအမျိုးအစားဟာ တော်တော်များတယ်၊ ဒါပေမယ့် အဓိကကတော့ ခေါင်းရှည်နဲ့ခေါင်းတိုပဲရှိတယ်၊



www.burmeseclassic.com

ခေါင်းတိုက နှာတံတိုပြီး ရိုင်းတယ်၊ ပါးစပ်ပိတ်လိုက်ရင် သွားက အပြင်ဘက်အစွယ်ငေါ်ထွက်နေတယ်၊ မိကျောင်းတိုင်းရဲ့ စတုတ္ထ အောက်သွားဟာ အခြားသွားတွေထက် ပိုရှည်တယ်'

'ဦးလေး ကျွန်တော်တို့ဆီမှာရှိတဲ့ မိကျောင်းက ခေါင်းရှည်တွေလား'

'ဟုတ်တယ်၊ တို့နိုင်ငံမှာရှိတဲ့ မိကျောင်းတွေက ခေါင်းရှည်အမျိုးအစားတွေပဲ၊ ဒီကောင်တွေဟာ ရေအောက်မှာ နေနိုင်ရင် အများဆုံး တစ်နာရီကျော်ကျော်လောက်ပဲ၊ ပြီးရင် ရေပေါ်တက်အသက်ရှူကြတယ်၊ သူတို့အများဆုံးနေရာတွေက ဒီရေအတက်အကျရှိတဲ့ ရေငံပိုင်းနဲ့ ရေချိုစပ် ကြားမြစ်ဝတွေ ချောင်းဆုံတွေမှာရှိတဲ့ ဗျိုက်တောတွေမှာ အနေများတယ်'

'ဦးလေး မိကျောင်းရဲ့မျက်လုံးတွေဟာ ညဘက်မှာ ဒုတ်မီးနဲ့ထိုးကြည့်ရင် မီးတဝင်းဝင်းနဲ့ တော်တော်အရောင်တောက်တယ်နော်'

'ဒါတင်ဘယ်ကမလဲ၊ မိကျောင်းမှာ ဂမ္ဘီရဆန်ဆန် လျှို့ဝှက်တဲ့ ရေမျက်လုံး(၂)လုံး အပိုပါတယ်ကွယ့်၊ ရေမျက်လုံး ကုန်းမျက်လုံး ပေါင်း (၄)လုံးရှိတယ်၊ သဘောကတော့ သူ့ရဲ့ ဦးခေါင်းကို ရေပေါ်မှာအသာ ကလေးမျောပြီးတင်လိုက်တဲ့အခါ ကုန်းမျက်လုံးခေါ်တဲ့ လူတွေမြင်နိုင်တဲ့ သာမန်မျက်လုံး(၂)လုံးရယ်၊





ကုန်းပေါ်ကိုကြည့်စဉ်မှာ ရေအောက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မြင်နိုင်တဲ့ မျက်လုံး(၂)လုံးရယ်ရှိတယ်၊ အဲဒီလို ထူးခြားတဲ့ မျက်လုံးမျိုးဟာ မိကျောင်းမှာပဲရှိတယ်၊ အခြားသတ္တဝါတွေမှာ မရှိဘူး'

'ဦးလေးပြောပြမှပဲ မိကျောင်းမှာ မျက်လုံး(၄)လုံးရှိတယ်ဆိုတာ သိရတော့တယ်'

'ရေမှုဆိုးလုပ်မယ်ဆိုရင် မိကျောင်းရဲ့ထူးခြားမှုတစ်ခုကို သိရမယ်၊ အဲဒါကတော့ မိကျောင်းတစ်ကောင်ဟာ လတာပြင်သောင်စပ်မှာ မေးတင်ထားပြီး ခေါင်းကိုကုန်းဘက်ကို လှည့်ထားရင် သူ့ရဲ့အနီးပတ်ဝန်းကျင်မှာ သူ့ကိုဒုက္ခပေးမယ့် ရန်သူမရှိဘူး၊ ဖြိုင်ဘက်ကင်းတဲ့ရေဘုရင်ပဲ၊ ဒါမှမဟုတ် သောင်စပ်ကို မျက်နှာမမူပဲ မြစ်ဘက်ကို မျက်နှာမူထားရင် ဒီမိကျောင်းထက်ကြီးတဲ့ ရန်သူမိကျောင်းဟာ မြစ်ထဲမှာရှိနေပြီဆိုတာ သိနိုင်တယ်၊ အဲဒီမိကျောင်းဟာ အချိန်မရွေး အန္တရာယ်ရှိနိုင်လို့ ထွက်ပြေးနိုင်အောင် မြစ်ဘက်ကို ခေါင်းပြုထားတာပဲ၊ အဲဒီအချိန်မျိုးမှာ ဘယ်လောက်ကြီးတဲ့ မိကျောင်းဖြစ်ပလေ့စေ၊ မဖမ်းလေနဲ့ ကိုယ်ပါ အဆစ်ပါသွားနိုင်တယ်'

'မိကျောင်းဟာ မြစ်အနီးအနားတဝိုက်ကို ရောက်ပြီဆိုရင် ဘယ်လို သိနိုင်သလဲ ဦးလေး'



www.burmeseclassic.com

'အေး… လက္ကယ်မိကျောင်းဆိုတာ ရေကိုအလွန်နိုင်တဲ့ သတ္တဝါပဲ၊ အလွန်လည်း ပါးနပ်တယ်၊ ဒီတော့ သူကတော့ ထင်ထင်ရှားရှား ဘယ်ပြလိမ့်မလဲ၊ ဒါပေမဲ့ ရေမှုဆိုးတွေကတော့ သိတယ်၊ မြစ်ရိုးထဲကို မိကျောင်းရောက်လာပြီဆိုရင် အဲဒီပတ်ဝန်းကျင်မှာ ငါးပူတင်းအုပ်က ဝိုင်းအုံပြီးပါလာတတ်တယ်၊ ငါးပူတင်းငါးဆိုတာ သူ့စားရင် အဆိပ်အတောက်ဖြစ်တယ်ဆိုပြီး လူတွေသိပ်မစားကြဘူး၊ သူ့ရဲ့အဆိပ်က ဝမ်းဗိုက်မှာပဲရှိတယ်၊ ဒါကြောင့် ငါးပူတင်းရဲ့ဝမ်းဗိုက်ကို လှီးထုတ်ပြီးစားရင် အန္တရာယ်မရှိဘူး၊ ငါးပူတင်းမှာ သွားကလေးတွေက အခုံးလေးပဲ၊ သူကိုက်ရင် အသားတွေအကွင်းလိုက်ပါတတ်တယ်၊ ငါးပူတင်းအတွက်ခံရပြီဆိုရင် မိကျောင်းရှိနေတတ်လို့ သတိထားရတော့မယ်'

လပြည့်လ၏ ရွှန်းလဲ့သော လရောင်နှင့်အတူ တရိပ်ရိပ်တက်လာသည့် ရေအလျှင်တို့ ကမ်းစပ်သို့ ရိုက်ပုတ်လာချေပြီ။ လွန်စွာအကြောင်း တိုက်ဆိုင်လွန်းလှပါသည်။ ဆရာတော်ကြီးသည် ကမ္မဋ္ဌာန်းစီးဖျန်းရာမှ ထကာကုန်းနေ ရေနေသတ္တဝါများအား အမျှတန်း မေတ္တာပို့ရင်းစိတ်ဝယ် အိပ်မက်ကို သတိရကာ ကျောင်းနှင့်မနီးမဝေးကမ်းစပ်သို့ ရောက်လာခဲ့ပါသည်။

မြစ်ရေအလျင်ကိုကြည့်ကာ ရေသတ္တဝါများကို မေတ္တာပို့နေစဉ် မနီးမဝေးခပ်လှမ်းလှမ်းနေရာတစ်ခုမှ ထင်းတုံးကြီး





တစ်တုံး မျောလာသည်ဟုထင်ရပါသည်။ တဖြည်းဖြည်းနီးလာသောအခါ ထင်းတုံးသဏ္ဌာန်မဲမဲကြီးမှာ မိကျောင်းတစ်ကောင်၏ ဦးခေါင်းဖြစ်နေပါတော့သည်။ ထို မိကျောင်းသည် ဆရာတော်ရှိရာသို့ ဦးတည်၍ လာနေပါသည်။ ဆရာတော်သည်လည်း ကမ်းစပ်တွင်မေတ္တာပို့သလျက် တစ်ဖဝါးမှနောက်မဆုတ်ဘဲတည်ကြည်စွာ ရပ်နေပါသည်။

ထိုအခိုက်တွင် မိကျောင်းဖမ်းမည့် မုဆိုးတစ်သိုက်မှာလည်း ဆရာတော်နှင့် ခပ်လှမ်းလှမ်းတစ်နေရာသို့ ရောက်ရှိနေပါသည်။ ယခုကဲ့သို့ ညအချိန်တွင် ကမ်းစပ်၌ ဆရာတော်ကိုတွေ့ရသည့်အတွက် ထူးဆန်းနေပါသည်။

'ဟင်… ဆရာတော်ပါလား၊ ညအချိန်ကြီးမှာ ဘာလုပ်နေပါလိမ့်'

'ဟော… ဆရာတော်နားမှာ ဘာကြီးလဲ'

ခပ်လှမ်းလှမ်းမှ ကြည့်နေရပြီး ညအချိန်အခါ ဖြစ်နေသည့်အတွက် ပြတ်သားစွာမတွေ့ရပေ။ ထို့ကြောင့် တိတ်တဆိတ်အနားသို့တိုး၍ ကြည့်လိုက်စဉ် အလွန်အံ့သြဖွယ်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပါသည်။

'ဟယ်… မိကျောင်းတစ်ကောင်ပါလား၊ ကျောပေါ်မှာ အရောင်တလက်လက်တောက်နေတဲ့ ဘော္တာတစ်လုံးကို



www.burmeseclassic.com

သံကြိုးနဲ့ချည်ထားပါလား'

သူတို့မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ အမှန်ပင်ဖြစ်ပါသည်။ လပြည့်ည၏ ဝင်းထိန်နေသော အလင်းအောက်ဝယ် ကမ်းစပ်နှင့်မနီးမဝေးနေရာတွင် ထူးထူးခြားခြားကြီးမားလှသည့် မိကျောင်းတစ်ကောင်၏ ကျောပေါ်တွင် သံကြိုးဖြင့်ဆိုင်းထားသည့် ပြူးပြူးပြက်ပြက်အရောင်ထွက်နေသည့် သေတ္တာတစ်လုံးကို ချည်နှောင်တင်ထားပြီး အမြီးကို တရမ်းရမ်း လှုပ်ခါနေသည်ကို တွေ့လိုက်ရပါသည်။ ဆရာတော်သည် ထိုမိကျောင်းကို မြင်သည်နှင့် အိပ်မက်ထဲမှ လူရွှယ်ပြောစကားကို သတိရမိပါသည်။

အိပ်မက်နှင့်လက်တွေ့ပေါင်းစပ်၍ မိကျောင်းကျောကုန်းထက်မှ သေတ္တာတွင် ရွှေငွေရတနာအပြည့်ပါရှိပြီး သိဒ္ဓိပေါက်ကျမ်းတစ်စောင်ပါနေသည်ကို ဆရာတော်၏စိတ်၌ အလိုလိုသိနေပါသည်။ သို့သော်လည်း ဆရာတော်ကြီးမှာ လောဘဒေါသမောဟ စသည်တို့ကို ချုပ်တီးနိုင်သည့်အတွက် ထိုသေတ္တာကိုလည်း စိတ်မဝင်စားခဲ့ပေ။

'အသင် မိကျောင်း၊ အသင်၏ ရတနာသေတ္တာနှင့်တကွ သိဒ္ဓိပေါက်ကျမ်းများလည်း ငါ့အတွက်မလိုပြီ၊ ငါသည် ကမ္မဋ္ဌာန်းတရားတော်ကိုသာ ကျင့်ကြံမည်ဖြစ်၍ အသင့်၏ပစ္စည်းကို ပြန်ယူသွားပါတော့'





ထိုသို့ ဆရာတော်မှ မိန့်ကြားလိုက်သောအခါ မိကျောင်းကြီးမှာ နားလည်သည့်အလား သူ၏အမြီးကို ယမ်းကာယမ်းကာနှင့် မြစ်အတွင်းဘက်သို့ တဖြည်းဖြည်းကူးသွားပါတော့သည်။

ထိုမိကျောင်းနှင့်တကွ ရတနာစီချယ်ထားသည့် သေတ္တာကလေးကို မြင်ရသောအခါ မုဆိုးတစ်သိုက်မှာ အလွန်ပင် လိုချင်ရမ္မက်တပ်မက်ခဲ့ကြပါသည်။ ထို့ကြောင့် ဆရာတော် ကျောင်းပေါ်သို့ ပြန်အကြွတွင် မိကျောင်းနောက်သို့ နောက်ယောင်ခံ၍ လိုက်သွားပါတော့သည်။ မိကျောင်းကြီးမှာ အန္တရာယ်ကို မသိသဖြင့် ထိုသေတ္တာကြီးနှင့်အတူ မြစ်ရိုးတစ်လျှောက်တွင် နေးကွေးစွာ ကူးခပ်နေသည်ကို တွေ့လိုက်ရပါသည်။

မုဆိုးတစ်သိုက်အကြိုက်တွေ့လေပြီ။ မိကျောင်းရော ရတနာသေတ္တာပါ ရပေမည်ဖြစ်၍ သန္တတ်ကို သေသေချာချာ ကိုင်ရင်း မိကျောင်းနောက်သို့လိုက်သွားကြပါသည်။ မိကျောင်းနှင့် မုဆိုး မည်သူကံကောင်း၍ မည်သူကံဆိုးမည်မသိ။

ရေမုဆိုးဦးဖိုးထော် တပည့်ဖြစ်သူမောင်လှနှင့်အတူ သားဖိုးလုံး တို့နှင့်အတူ လှေကိုလှော်ခတ်ရင်း မိကျောင်းနောက်သို့ လိုက်ခဲ့ပါသည်။ ဦးဖိုးထော်က လှေဦးတွင်ထိုင်၍ ပဲ့ပိုင်းတွင် မောင်လှက ထိုင်ကာ လှော်တက်ခတ်ရင်း ရေသံမကြားအောင် ကျွမ်းကျင်စွာ လှော်ခတ်ခဲ့ပါသည်။ လှသားနှင့်မိကျောင်းတို့၏ ပြိုင်ပွဲကား စလေပြီ။ လှသားများက လှေကို ရေသံမကြားအောင်



www.burmeseclassic.com

မည်မျှကျွမ်းကျင်အောင် လှော်ခတ်စေကာမူ နားအလွန်ပါးပြီး လျှင်မြန်သည့်မိကျောင်းကြီးသည် ရေထဲသို့ ငုပ်လျှိုးသွားပါသည်။

'သား… ဖိုးလုံး မိကျောင်းကြီးကတော့ ငုပ်သွားပြီ၊ သန္တတ်ကို အသင့်ပြင်ထား'

'ဟုတ်ကဲ့ အဖေ'

ဖိုးလုံးသည် မိကျောင်းဖမ်းကရိယာဖြစ်သော သန္တတ်ကို အသင့် ပြင်ထားရင်း စောင့်ကြည့်ရာ မိကျောင်းသဏ္ဌာန်ကဲ့သို့ မဲမဲအရာကိုတွေ့မြင်ရသဖြင့် သန္တတ်နှင့်လှမ်းပစ်လိုက်ပါသည်။ ဖိုးလုံးပစ်လိုက်သော သန္တတ်သည် အမှန်တကယ်ပင် မိကျောင်းကြီးကို ထိသွားခဲ့ပါသည်။ မိကျောင်းသည် ထိသွားသောဒဏ်ရာ သက်သာစေရန် ရေအောက်ကြမ်းပြင်သို့ ငုပ်လျှိုးသွားခဲ့ပါသည်။ မိကျောင်းများသည် သန္တတ် (သို့မဟုတ်) လှံချက် ထိမှန်ပါက ဒဏ်ရာသက်သာစေရန် ရေအောက်ကြမ်းပြင်သို့ဆင်းကာ လူးလိမ့်တတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရေအောက်ကြမ်းပြင်သည် ရေနက်လေလေ ဂိုပြီး မာလေလေပင်။

'သား… ဖိုးလုံး မိကျောင်းကြီး သန္တတ်ထိသွားလို့ ရေအောက် ကြမ်းပြင်နဲ့ပွတ်တိုက်ဖို့ ငုပ်သွားပြီ၊ သန္တတ်ကြိုးကို လျှော့ထား'

'ဟုတ်ကဲ့ အဖေ'

'ရေအောက်ကြမ်းပြင်နဲ့ ပွတ်တိုက်လေလေ၊ သန္တတ်ဖျား





က သူ့ကိုယ်ထဲစောင့်ဝင်လေလေပဲ၊ ဒဏ်ရာပိုရလာလိမ့်မယ်၊ နောက်ပြီး အသက်ရှူဖို့အတွက် ရေပြင်ပေါ်ကို ပြန်တက်လာရဦးမယ်၊ ဒါကြောင့် ကြိုးကို အလျှော့အအတင်းသာ လုပ်ပေရော့'

ဦးဖိုးထော်ပြောသည့်အတိုင်း မှန်ချေပြီ။ မိကျောင်းကြီးမှာ သန္တတ်ထိထားသည့်အတွက် ရေအောက်သို့ငုပ်လျှိုးလိုက် ရေအောက်ကြမ်းပြင်နှင့် ပွတ်တိုက်လိုက်၊ ရေပြင်ပေါ်သို့ ပြန်တက်လာလိုက်နှင့် ပြေးတမ်းလိုက်တမ်းကစားနေသကဲ့သို့ပင် ရေထဲက မိကျောင်းကြီးမောပန်းစပြုလာချေပြီ။ ထို့အတူ လှေလှော်သမား သန္တတ်ကိုင်သမားများလည်း စိတ်မောလူမော ဖြစ်နေပါသည်။ မိကျောင်းဖမ်းရန်အတွက် ဖိုးသာကဲတို့ အုပ်စုကလည်း နောက်မှလှေတစ်စီးနှင့် လိုက်လာခဲ့ပါသည်။ အကူအညီ လိုလျှင်ပေးနိုင်ရန် လိုက်လာခဲ့ကြပါသည်။

မိကျောင်းကြီးကလည်း အလွန်ပါးနပ်လှပါသည်။ သည်တစ်ချီ ရေအပေါ်တွင် လှေနားမှကပ်ပေါ်လာပြီး လှေဝမ်းဘက်သို့ အမြီးဖြင့်ရိုက်ချလိုက်ပါသည်။ ဦးဖိုးထော်သည် အတွေ့အကြုံရင့်ကျက်သူပီပီ လှေနားကပ်၍ မိကျောင်းပေါ်လာကတည်းက လှေဝမ်းထဲ၌ ဝပ်ချလိုက်ပါသည်။ သို့သော် တပည့်ကျော်မောင်လှမှာ မိကျောင်း၏ အမြီးနှင့်ရိုက်ချက်ကြောင့်ရေထဲသို့ ထိုးကျသွားပါသည်။

'မောင်လှ… မောင်လှ'



www.burmeseclassic.com

'အစ်ကိုလှ… အစ်ကိုလှ'

ဖြန့်းခနဲ အမြီးနှင့်ရိုက်ပြီး ရေထဲသို့ ငုတ်လျှိုးသွားသော မိကျောင်းကြီးမှာ ၃ ကိုက်ခန့်အကွာတွင် ထပ်မံပေါ်လာသဖြင့် နောက်ထပ် သန္တတ်ကိုလွှတ်လိုက်ပြန်ရာ ထိချက်ပြင်းသော သန္တတ်ဒဏ်ကြောင့် မိကျောင်း ကြီးမှာ ရေထဲ၌ပင် တဝုန်းဝုန်း ရုန်းကန်သဖြင့် ရေပြင်တစ်ဝိုက်တွင် လှိုင်းများနှင့်ဝဲကတော့ သဏ္ဌာန် ဖြစ်နေပါသည်။

'ဒီကောင်ကြီးတော့ နောက်ထပ် သန္တတ်ထိပြန်ပြီ'

နောက်ထပ်သန္တတ်ထိထားသော်လည်း ဤမိကျောင်းကြီးမှာ ဖွဲကောင်းလှပါသည်။ ရေပြင်ပေါ်တွင် တရိပ်ရိပ်ပြေးသွားသောကြောင့် ဖော့ကြိုးများက သူသွားရာလမ်းကြောင်းအတိုင်း ပေါ်နေပါသည်။ ပြေးရင်း လိုက်ရင်း တစ်နာရီခန့် အချိန်ကြာညောင်းခဲ့ပါသည်။ ဦးဖိုးထော်တို့ လှေသိုက်မှာ သန္တတ်နှစ်ချောင်း ထိထားသည့်အတွက် မိကျောင်း၏ အောင်သေအောင်သားကို စားရတော့မည်ဟု အပိုင်တွက်ကာ ဝမ်းသာနေပါသည်။ ၎င်းအပြင် ရတနာသေတ္တာမှရတနာများပါ ပိုင်ဆိုင်ရတော့မည်ဖြစ်၍ ပျော်တပြုံးပြုံးဖြစ်နေပါသည်။

ထိုစဉ် မိကျောင်းကြီး၏ ထူးခြားသော ပြုလုပ်ချက်ကို တွေ့ရပါသည်။ မိကျောင်းကြီးသည် ရေပြင်ထက်မှ အမြီးကို ယမ်းလျှက် ၎င်း၏ကြီးမားလှသော ဦးခေါင်းကြီးအား သုံးကြိမ်





သုံးခါငုတ်လိုက်ဖော်လိုက်လုပ်ကာ ရေအောက်သို့ တရှိန်ထိုး ငုပ်လျှိုးသွားပါတော့သည်။ ရေမှုဆိုး ဦးဖိုးထော်သည် ထိုအပြုအမူကို မြင်ရုံမျှနှင့် ချက်ချင်းသဘောပေါက်လိုက်ပါသည်။

'ကြိုးစားသမျှတော့ အချည်းအနှီးဖြစ်ပါပြီ'

'အဖေ ဘာဖြစ်လို့လဲ'

'မိကျောင်းကြီး ရေကျောက်ချသွားပြီထင်ပါရဲ့'

ဖြစ်ရိုးဖြစ်စဉ်ထက် ဆန်းကျယ်သည့်ဖြစ်ရပ်ကို မြင်ရသည့်အတွက် အားလုံးက အံ့သြနေကြပါသည်။ ဦးဖိုးထော် ပြောသည့် ရေကျောက်ချသည်ဆိုသည်ကို ယုံရအခက် မယုံရအခက် ဝေခွဲမရအောင် ဖြစ်နေပါသည်။

'အဖေ… ရေကျောက်ချတယ်ဆိုတာ ကျွန်တော်မယုံဘူး၊ ခုနကပဲ သန္တတ်ထိထားလို့ သူ့တစ်ကိုယ်လုံး တုတ်ချည်ပြီးသားဖြစ်နေပြီပဲ၊ ကျွန်တော်တော့ ရေအောက်ကို ငုပ်ကြည့်မယ်'

'မသွားနဲ့သား၊ မသွားနဲ့'

ဦးဖိုးထော်၏စကားမဆုံးမီ ဖိုးလုံးမှ ရေအောက်သို့ငုပ်လျှိုးသွားပါတော့သည်။ သားဖြစ်သူရေထဲသို့ ငုပ်လျှိုးသွားသည့်အတွက် ဦးဖိုးထော်လည်း ရေထဲသို့ လိုက်၍ငုပ်လျှိုးခဲ့ပါသည်။ လရောင်၏ထိန်ထိန်သာမှုကြောင့် ရေအောက်တွင်ရှိသည့် ရွှံ့နွံတော၌ အပြီးတိုင် သူ၏ဦးခေါင်းကို ထိုးစိုက်နေသော မိကျောင်းကြီးကို မသဲမကွဲ မြင်ရပါသည်။ ဖိုးလုံးသည် ခါးတွင်



www.burmeseclassic.com

ထိုးထားသည့် ဒုတ်မီးနှင့်ထိုးကြည့်ရာ ရတနာစီချယ်ထားသည့် သေတ္တာကလေးကို တွေ့လိုက်ရပါသည်။

'အဖေ… ရတနာသေတ္တာတွေ့ပြီ၊ ဒါးမြှောင်နဲ့ သံကြိုးတွေကို ဖြတ်လိုက်မယ်'

'မလုပ်နဲ့သား၊ မလုပ်နဲ့၊ အနားမကပ်နဲ့၊ အန္တရာယ်ရှိတယ်'

ဖိုးလုံးမှာ မည်သို့မျှပြောမရတော့ပေ။ လောဘရမ္မက်ဇောကြောင့် အန္တရာယ်ကိုမမြင်တော့ဘဲ မိကျောင်းကြီး၏ အနားသို့ကပ်၍သံကြိုးကို ကိုင်လိုက်စဉ်တွင် မိကျောင်း၏အမြီးမှာလှုပ်ယမ်းလာပြီး အရှိန်ပြင်းစွာ ဖိုးလုံးကို ရိုက်လိုက်ပါတော့သည်။ ဤသို့ဖြစ်မည်ကို ကြိုတင်သိနေသော ဦးဖိုးထော်သည် သားဖြစ်သူအား မလုပ်နဲ့ဟူသောစကားနဲ့အတူ တွန်းပစ်လိုက်ရာ မိကျောင်းကြီး၏ အမြီးနှင့်ရိုက်ချက်ကို ပြင်းပြစွာ ခံလိုက်ရတော့သည်။

'ဘုန်း'

ရေပြင်တစ်ခုလုံး သွေးချင်းချင်းနီသွားခဲ့ပြီ။ လွန်ခဲ့သော မိနစ်ပိုင်းကပင် သန်မာဖျတ်လတ်သည့် မိကျောင်းဖမ်းမုဆိုး ဦးဖိုးထော်မှာ ယခု အချိန်တွင် အသက်ဝိညာဉ်ကင်းမဲ့သွားခဲ့လေပြီ။

'မိကျောင်းတစ်ကောင်ရဲ့ အင်မတန်ရက်စက် ကြမ်းကြုတ်ပြီး ကြောက်စရာအကောင်းဆုံးအချိန်ဟာ ရေကျောက်ချတဲ့အချိန်ပဲ'





'အချို့မိကျောင်းတွေဟာ အသက်ကိုအသေခံပြီး ရွှံ့နွံထဲမှာ ခေါင်းစိုက်ပြီး အပြီးပိုင်ရေကျောက်ချသွားတယ်၊ သူ့ရဲ့ခန္ဓာကိုယ်ကို ဘယ်ရေမုဆိုးလက်မှမအပ်ဘူး'

ဖခင်ဦးဖိုးထော်၏ ပြောစကားများကို ပြန်လည်ကြားယောင်ခဲ့ပါသည်။ သို့သော်လည်း မြွေလမွယ်ဆရာသည် မြွေကိုက်၍ အသက်ဆုံးရှုံးသကဲ့သို့ ရေမုဆိုးဖြစ်သူ ဦးဖိုးထော်မှာလည်း မိကျောင်း၏လက်ချက်ဖြင့် အသက်စွန့်သွားရရှာပါသည်။

သွေးအလိမ်းလိမ်းဖြင့် အသက်ဝိညာဉ်ကင်းမဲ့နေသော ဦးဖိုးထော်၏ခန္ဓာကိုယ်ကြီးကို ထမ်းပိုးကာ ကမ်းခြေသို့ ယူဆောင်လာခဲ့ပါသည်။ ဦးဖိုးထော်၏တပည့်တပန်းများလည်း ရောက်ရှိကာ အဖြစ်ဆိုးရှာသည့် ဆရာ၏အလောင်းကို စိတ်မကောင်းကြီးစွာ ငေးစိုက်ကြည့်နေကြပါသည်။ ဖိုးလုံးမှာ ယူကြုံးမရ တသသဖြစ်နေရပါသည်။

'အဖေ… အဖေသေတာ ကျွန်တော့်ကြောင့်၊ အဖေမသွားပါနဲ့လို့ အတန်တန်တားတဲ့ကြားထဲက အန္တရာယ်တောတိုးတာ ကျွန်တော်၊ တကယ် သေသင့်တာ ကျွန်တော်ပါ အဖေ'

'ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်ဘူး'

'အဖေ… အဖေ'

စိတ်ရှိလက်ရှိ အသံကုန်အော်ဟစ်မိပါသည်။ ဖိုးလုံးကို



www.burmeseclassic.com

အားလုံးက ဖျောင်းဖျကာ ဝိုင်းဝန်းပြောဆိုခဲ့ရပါသည်။ ရင်နင့်စဖွယ်အဖြစ်အပျက်များသည် ဤလတာပြင်တွင် အမှန်ပင်ဖြစ်ခဲ့ဖူးပါသည်။ ရတနာသေတ္တာနှင့် သိဒ္ဓိပေါက်ကျမ်းအား ကျောပေါ်တွင်လွယ်ခဲ့သော မိကျောင်းကြီးမှာလည်း ရတနာသေတ္တာသိဒ္ဓိပေါက်ကျမ်းနှင့်အတူ ဇာတ်သိမ်းသွားခဲ့ပါသည်။ မကြုံစဖူးထူးကဲ့သော အဖြစ်ဆိုးများကြောင့် ရေမှုဆိုးတစ်သိုက်လည်း ဤအလုပ်ကို စွန့်လွှတ်ခဲ့ကြပါသည်။

'ရသေ့ကြီးပြောပြတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးက အတော် ဆန်းကြယ်တာပဲ၊ ဒါပေမဲ့ ဘရသေ့ကြီးဟာ ဘာကြောင့် မိကျောင်းတွေကို မေတ္တာပို့တယ်ဆိုတဲ့အကြောင်း မပါသေးဘူး'

'ပြောရတာပေါ့ ဒကာမလေးရယ်၊ မိဘစကားနားမထောင်လို့ ဖခင်ဆုံးရှုံးခဲ့ရတဲ့ သားမိုက်ဟာ ကျုပ် ရသေ့ကြီးပါပဲ၊ ကျုပ်လည်း အဖေဟာ ကျုပ်ကြောင့်သေရတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် ကြံစည်ခဲ့ပါတယ်။ ဒါပေမဲ့ ဆရာတော်တစ်ပါးနဲ့တွေ့လို့ ဆုံးမတဲ့အတွက် ရသေ့ဝတ်ပြီး အဖေ့အတွက် ရည်စူးကာ သာသနာပြုလုပ်ငန်းတွေ ပြုလုပ်ခဲ့တယ်ပေါ့'

'တင်ပါ့ဘုရား'

'နောက်မိကျောင်းကြီးဟာလည်း သူ့အကြောင်းနဲ့သူ





သက်ဆိုင်ရာပုဂ္ဂိုလ်ကို ရတနာသေတ္တာနဲ့သိဒ္ဓိပေါက်ကျမ်းကို လာပေးတာ ကျုပ်တို့လို လောဘသားတွေနဲ့မတိုက်လို့ သူ့နေရာသူပြန်တဲ့ကိစ္စမှာ ကျုပ်တို့က ဒီရတနာတွေနဲ့ သိဒ္ဓိပေါက်ကျမ်းကို မက်မောပြီး တိုက်ခိုက်လို့ မိကျောင်းကြီးလည်း သေရတယ်၊ ကျုပ်ကြောင့်အားလုံးပျက်စီးခဲ့ရတဲ့အတွက် ကျုပ်မှာ အရမ်းအပြစ်ကြီးပါတယ်၊ ဒါကြောင့် မိကျောင်းကြီးအပေါ်မှာ တင်ရှိတဲ့ကြွေးအတွက် အားလုံးသောမိကျောင်းများကို မေတ္တာပို့ပေးခဲ့တာပဲ'

'သြော်... အဖြစ်အပျက်က ဒီလိုကိုး'

'တပည့်တော်မတို့ကို ပြန်ခွင့်ပြုပါဘုရား'

ထိုသို့ဖြင့် ထူးဆန်းသောမိကျောင်းကြီးတစ်ကောင်ကြောင့် လူဝတ်ကြောင်ကိုစွန့်ကာ ရသေ့အဖြစ် သာသနာပြုနေသူတစ်ဦးကို ထူးခြားစွာ တွေ့ဆုံခဲ့ရကြောင်းကို ပြန်လည်သတိရအောက်မေ့ခဲ့ရပါတော့သည်။

ရှိရှိမြွေး



www.burmeseclassic.com

# ကျွန်ုပ်နှင့်ဇော်ဂျီဖိုဝင်

လူတစ်ယောက်၏ ဘဝတွင် ကံကောင်းသော အချိန်များ ရှိသကဲ့သို့ ထူးခြားဆန်းကြယ်သော အကြောင်းအရာများနှင့်လည်း ကြုံကြိုက်ရသည့်အချိန်မျိုးရှိတတ်ပါသည်။ မမျှော်လင့်သော နေ့တစ်နေ့တွင် ကျွန်ုပ်၏ဘဝအတွက် လွန်စွာထူးခြားသော 'ဖြစ်ရပ်' တစ်ခုနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံခဲ့ရပါသည်။ ထိုသို့တွေ့ကြုံရပြီးနောက် ကျွန်ုပ်အမြတ်ထွက်ခဲ့သည်မှာ ထူးခြားသော အသိတရားတစ်ခုကို သိခွင့်ရလိုက်ခြင်းပင်ဖြစ်ပါသည်။

ထိုအသိတရားကလေး၏ ဖြစ်စဉ်ကို 'ကျွန်ုပ်နှင့် ဇော်ဂျီဖိုဝင်' ဟူ၍ မှတ်တမ်းတင်ခဲ့ပါသည်။

ဤအဖြစ်ကား လွန်ခဲ့သောနှစ်ပေါင်းဆယ့်တစ်နှစ်ကျော်မှ ဖြစ်ရပ်တစ်ခု။

ကျွန်ုပ်၏အမည်မှာ ဦးကျော်မောင်ဖြစ်ပြီး ဌာနဆိုင်ရာ တစ်ခုမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်ကား လူအများနှင့် ရောရောနှောနှောမနေတတ်။ ခပ်တည်တည် ခပ်ပြတ်ပြတ်နေတတ်သည့်အတွက် ကျွန်ုပ်အား မာနကြီးသူဟူ၍





ပြောဆိုခြင်းခံခဲ့ပါသည်။

ကျွန်ုပ်၏အကျင့်မှာလည်း ကောင်းသည်ပြောရမလား၊ ဆိုးသည် ဟုပြောရမလား မဆိုတတ်အောင်ပင်။ သူများကတာ၏ အပြောကြောင့် မာနကြီးသူဟု အထင်ခံရသည့်အတွက် အရွဲ့တိုက်ကာ တမင်နေပြခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်ကလည်း မည်သူ့ကိုမျှ အကူအညီမတောင်းခဲ့သလို သူတစ်ပါးကိုလည်း အကူအညီ မပေးခဲ့ချေ။ ပတ်ဝန်းကျင်နှင့်ကင်းအောင်နေနိုင်ခဲ့ခြင်းကိုပင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကျေနပ်ခဲ့ပါသည်။

ထို့အပြင် မိရိုးဖလာ ဗုဒ္ဓဘာသာကိုးကွယ်၍သာ ကိုးကွယ်ရသော်လည်း ဘာသာရေးကို များစွာကိုင်းရှိုင်းတတ်သူမဟုတ်ပေ။ အလုပ်တစ်ခုကို လုပ်လျှင်လည်း ကိုယ့်အကျိုးမရှိဟုထင်လျှင် ထိုအလုပ်ကို မလုပ်တော့ပေ။

ဤသည်မှာလည်း ကိုယ့်အကြောင်းနှင့်ကိုယ်ပင် ဖြစ်ချေသည်။ ကျွန်ုပ်သည် ညွှန်ကြားရေးမှူး တစ်ယောက် ဖြစ်သည်နှင့်အညီ မိမိအဆင့်အတန်းနှင့်အညီ နေထိုင်ရသည့် အတွက် ငွေကြေးကုန်ကျမှုများပါသည်။ ဇနီးသည်နှင့်သမီးများ အတွက် လူတန်းစေ့ဝတ်နိုင်စားနိုင်ရန်အတွက်လည်း ကျွန်ုပ်မှာ ပူပင်ရသည့်အတွက် ငွေကြေးမရသည့်အလုပ်ကို စိတ်မဝင်စားပါ။ ငွေရမှပျော်မှာပါဟူသော လူတန်းစားမျိုးဖြစ်၍ ကျွန်ုပ်အား



www.burmeseclassic.com

နောက်ကွယ်တွင် ဦးငွေခင်ဟု ခေါ်သူက ခေါ်ကြပါသည်။ ဒါကိုလည်း ကျွန်ုပ်မမှုပါ။ ကျွန်ုပ်မိသားစုအတွက် စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်ထားခဲ့ပါသည်။

သမီးကြီးက တက္ကသိုလ်ဝင်တန်းအောင်၍ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရသဖြင့် ဆေးကျောင်းသူဖြစ်နေသဖြင့် အကုန်အကျများရသည့်အထဲ ကားနှင့်ကျောင်းတက်ချင်သည်ဆို၍ **ကားတစ်စီး**ဝယ်ပေးခဲ့ရပါသည်။ ကျန် သမီးငယ်ကလည်း **တက္ကသိုလ်ဝင်**တန်းရောက်နေသဖြင့် ဘော်ဒါထားရသည့်အတွက် **ငွေ**ကုန်ကြေးကျပိုများပါသည်။

သည်ကြားထဲတွင် ဇနီးသည်က စိန်နားကပ်ပူဆာပြန်သည့်အတွက် ကိုယ့်အဆင့်အတန်းနှင့်လိုက်ဖက်စေရန် ဝယ်ပေးရပြန်ပါသည်။ မိသားစုတစ်စု၏ လိုချင်သောအရာများမှာ တန်ဖိုးကြီးလွန်းသည့်ပစ္စည်းများဖြစ်နေသဖြင့် အနိုင်နိုင်ဝယ်ပေးရသည့်အတွက် မည်သည့် အလှူအတန်းမျှပင် မလုပ်နိုင်ခဲ့ပေ။ သို့သော်လည်း ကျွန်ုပ်ကိုယ်တိုင်ကား ပျော်ပွဲရွှင်ပွဲများကို ဝါသနာပါသဖြင့် အားလပ်ချိန်များတွင် ထိုနေရာများသို့ အချိန်ပေးသွားရသည့်အတွက် ဥပုပ်စောင့်ရန် ဝေလာဝေး။ ဘုန်းကြီးကျောင်းသို့ပင် မသွားဖြစ်ခဲ့ပေ။

သည်လိုနှင့်ပင် လူ့ဘဝဇာတ်ခုံတွင် ဇနီးမယား၊ သမီး





သားဟူသော သံယောဇဉ်အပိုင်းအဝန်းတွင် ကျင်လည်ရင်း တဖြည်းဖြည်းအသက်အရွယ် ကြီးရင့်လာကာ ပင်စင်ယူခဲ့ရပါသည်။ အလုပ်တာဝန်များ မရှိတော့သည့် အတွက် အချိန်အားများ ရရှိလာခဲ့ပါသည်။ ထိုအချိန်အားများကို မည်သို့ အသုံးချမည်နည်းဟု တွေးတောမိသောအခါ လူရှိသေ ရှင်ရှိသေလည်းဖြစ်အောင်. . .

'မိန်းမရေ... ငါလည်းအသက်ကြီးပြီ၊ ပင်စင်ယူလိုက်တော့ အချိန်ကလည်း အားနေတယ်၊ ဒါကြောင့် ဘုရားတရားကိစ္စ လုပ်မလားလို့'

'အဲဒါကောင်းတာပေါ့၊ ရှင် ဘယ်ကစပြီးလုပ်မယ်လို့ မှန်းထားလဲ'

'ငါကတော့ ပုတီးအရင်စစိတ်ချင်တယ်ကွာ၊ ဒါပေမဲ့ ဘယ်လို စိတ်ရင်ကောင်းမလဲဆိုတာ သိချင်လို့ ဘုန်းတော်ကြီး ဦးပညာဇောတဆီသွားမေးမယ်လို့ စိတ်ကူးထားတယ်'

'ကောင်းတာပေါ့ရှင်၊ ကျွန်မလည်း လိုက်ခဲ့မယ်'

ထိုသို့ဖြင့် ဦးပညာဇောတဆီသို့ သွားရောက်ခဲ့ပါသည်။ ဆရာတော်၏ ညွှန်ပြမှုကြောင့် ပုတီးစိတ်ဖြစ်ခဲ့ပါသည်။ နေ့စဉ် ဘုရားသို့လည်းကောင်း၊ ဘုန်းကြီးကျောင်းသို့လည်းကောင်း သွားရောက်ကာ ပုတီးစိတ်ခဲ့ပါသည်။



www.burmeseclassic.com

တစ်နေ့သော် ကျွန်ုပ်တို့ လင်မယားနှစ်ယောက်သည် ရှမ်းပြည် ၏ဘက်သို့ ခရီးထွက်ခဲ့ပါသည်။ ထိုမြို့တွင် ကျွန်ုပ်၏ မိတ်ဆွေရှိသဖြင့် ထိုအိမ်၌တည်းခိုရင်း အနီးတစ်ဝိုက်ရှိ စေတီပုထိုး အတော်များများတွင် လှည့်လည်၍ ပုတီးစိတ်ဖြစ်ခဲ့ပါသည်။ ကျွန်ုပ် ၏ မိတ်ဆွေမှာလည်း ပုတီးစိတ်ခြင်းကို ဝါသနာပါသူဖြစ်ရကား လွန်စွာအဆင်ပြေခဲ့ပါသည်။

ထိုမြို့၌ တစ်ပတ်ခန့်နေပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သူမှ

'သူငယ်ချင်း… ဒီမြို့နဲ့ငါးမိုင်ကျော်ကျော်ဝေးတဲ့နေရာမှာ တောင်တစ်တောင်ရှိတယ်၊ အဲဒီတောင်ကို ကျောက်နဖားတောင်လို့ ခေါ်ကြတယ်၊ အဲဒီမှာ ဘုရားတစ်ဆူရှိတယ်၊ ဘုန်းကြီးကျောင်းလည်း ရှိတယ်။ ပုတီးစိတ် တရားထိုင်ဖို့ ဇရပ်ကလေးတစ်ဆောင်လည်းရှိတယ်၊ အဲဒီကျောင်းက ဆရာ တော်က ငါ့ကို လာခဲ့ဖို့မှာလို့ ငါသွားမလို့ လိုက်မလား'

'ဘယ်နှစ်ရက်ကြာမှာလဲ'

'နှစ်ညအိပ်တော့ကြာမှာပေါ့၊ အဲဒီဇရပ်မှာ ညဘက်ပုတီးစိတ်ရင် အလွန်ကောင်းတယ်'

'အေးလေ၊ သွားတာပေါ့၊ လိုက်ခဲ့ပါမယ်'

ထိုသို့ဖြင့် နောက်တစ်နေ့နံနက်တွင် ဇနီးဖြစ်သူကို





ဦးမြင့်သူ၏ ဇနီးနှင့်ထားခဲ့ခါ ကျွန်ုပ်သည် ဦးမြင့်သူနှင့်အတူ ကျောက်နဖားတောင်သို့ ခရီးထွက်ခဲ့ကြပါသည်။

နံနက်(၁၀)နာရီကျော်ခန့်တွင် ကျောက်နဖားတောင်သို့ ရောက်ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် တောင်ခြေမှလမ်းကလေးအတိုင်း တက်လာရာ တောင်ကုန်းထိပ်တွင် စေတီတော်တစ်ဆူကို ဖူးတွေ့ရပါသည်။ ထိုစေတီတော်မှ ခပ်ပြေပြေလမ်းအတိုင်း သွားရာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိသွားပါသည်။ ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်းတွင် ဇရပ်တစ်ဆောင်ကို လှမ်းတွေ့ရပါသည်။

ကျွန်ုပ်တို့လည်း ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ပါသည်။ ကျွန်ုပ်နှင့်ဦးမြင့်သူတို့ ရောက်ရှိလာသဖြင့် ဘုန်းတော်ကြီးမှ…

'ဒကာကြီး ဦးမြင့်သူကို ဘုန်းကြီးက တွေ့ချင်လို့ အကြောင်းကြားလိုက်တာ'

'တင်ပါ့ဘုရား'

'ဒီစေတီတော်ရဲ့ နဘေးမှာ အရံစေတီတော်တွေထပ်ပြီး တည်ဖို့ကိစ္စ တော်တော်အကောင်အထည်ပေါ်နေပြီ'

'တင့်ပါဘုရား၊ တပည့်တော် ဘာလုပ်ပေးရမလဲ ဘုရား'

ထိုသို့ဖြင့် စေတီတော်အသစ်များ ထပ်မံတည်မည့်ကိစ္စကို



www.burmeseclassic.com

ဦးမြင့်သူနှင့် ဆရာတော်တို့ဆွေးနွေးနေပါသည်။ ကျွန်ုပ်လည်း ကျွန်ုပ်နှင့်မဆို သည့်ကိစ္စဖြစ်သဖြင့် မည်သည့်စကားမျှ မပြောဘဲ ထိုင်နေခဲ့ပါသည်။

အတန်ကြာသည့်တိုင်အောင် မပြီးသေးသည့်အတွက် ထိုစေတီတော်သို့သွားရောက်ကာ ဘုရားရှိခိုးခဲ့ပါသည်။ ထို့နောက် ဇရပ်ကလေးဆီသို့သွားကာ တောင်တောင်အီအီ ကြည့်စဉ် အခြားတောင်တစ်လုံးကို တွေ့မြင်ခဲ့ပါသည်။

များမကြာမီ ဦးမြင့်သူလည်း ကျွန်ုပ်ဆီ ရောက်လာပြီး ထမင်းစားရန်ခေါ်သဖြင့် ကျောင်းပေါ်သို့ လိုက်လာခဲ့ပါသည်။ ထမင်းစားပြီးနောက် ဘုန်းတော်ကြီးမှ အခြားစားဖွယ်များ ချကျွေးသဖြင့် ဘုန်းတော်ကြီးနှင့် စကားစမြီ ပြောဖြစ်ခဲ့ပါသည်။

'အရှင်ဘုရား… ဒီတောင်နောက်မှာ နောက်ထပ်တောင် တစ်လုံးရှိသေးတယ်နော်'

'ဟုတ်တယ် ဒကာကြီး၊ အဲဒီတောင်မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေ လာရောက်ဆောက်တည်ကြတယ်လို့ ရှေးလူကြီးတွေက ပြောတယ်၊ အဲဒီတောင်မှာ ဆေးကြိတ်တဲ့ကျောက်ပျဉ်ကြီးတွေ လည်းရှိတယ်၊ ကျောက်လိုဏ်ခေါင်းကြီးလည်းရှိတယ်၊ ရှေးက ထွက်ရပ်ပေါက်ဆရာကြီးတစ်ဦး တည်ထားတဲ့ စေတီလေး တစ်ဆူရှိကယ်။ ညဘက်မှာ သူတော်စင်တွေ လာပြီး တရားထိုင်





တာတွေ့ရတယ်၊ နောက်ပြီး ဒီစေတီတော်ဟာ အလွန် ဆုတောင်းပြည့်တယ်'

'တင်ပါ့ဘုရား'

'တကာကြီး ဦးမြင့်သူ မနက်ဖြန်ကျရင် ဒီတကာကြီးကို ရှင်မ တောင်လိုက်ပို့လိုက်ပါဦး'

'တင်ပါ့ဘုရား'

နောက်တစ်နေ့ နံနက်တွင် ရှင်မတောင်သို့ ရောက်ခဲ့ပါသည်။

စေတီတော်ကလေးမှာ တောင်ထိပ်တွင် တည်ထားသည့်အတွက် အဝေးမှရှုမျှော်ခင်းများကို လှမ်း၍မြင်ရရုံသာမက လေနုအေးကလေး တိုက်ခတ်သည့်အတွက် ဘဝင်နှလုံး အေးချမ်းသွားပါသည်။ ထိုစေတီ၏ရှေ့ရှိ တန်ဆောင်းထဲတွင် ရှေးဟောင်းရုပ်ပွားတော်မှာလည်း ကြည်ညိုဖွယ်ရာ သပ္ပာယ်လှန်းလှပါသည်။

ကျွန်ုပ်သည် စေတီတော်အား ဖူးမျှော်ပြီးနောက် ထိုတောင်ပေါ်သို့ လှည့်လည်ကြည့်ရှုရာ အချင်း(၈)ပေခန့်ရှိသည့် စက်ဝိုင်းချောမွတ်နေသော ကျောက်ပြားတစ်ခုကို တွေ့ရှိရပါသည်။ ၄င်းကျောက်ပြားပေါ်တွင် ခပ်ရှည်ရှည်လုံးလုံး ကျောက်အရှည်တုံးတစ်လုံးကို တွေ့ရှိရပါသည်။ ဤနေရာသို့ မကြာခဏ ရောက်ဖူး၍ ဤဇာတ်လမ်းသိသူ ဦးမြင့်သူက…



www.burmeseclassic.com

'ဒါက ဝိဇ္ဇာ၊ ဇော်ဂျီတွေ ဆေးကြိတ်တဲ့ ကျောက်ပျဉ်ကြီးပေါ့၊ ဒါက ဆေးကြိတ်ရာမှာ အသုံးပြုတဲ့ ကျောက်ရှည်တုံးပေါ့'

'သြော်'

'ဒီဆေးကျောက်ပျဉ်ဟာ ထူးဆန်းတယ်၊ တစ်နေရာမှာ အရာသာ တစ်မျိုးရှိတယ်၊ ဒီဘက်ကို တို့ကြည့်စမ်းပါဦး'

ထိုသို့ပြောသည့်အတွက် ကျွန်ုပ်နှင့်အနီးဆုံးနေရာသို့ လက်နှင့်တို့ပြီးလျှာပေါ်တင်ကြည့်ရာ...

'ဘယ်လိုအရသာရှိလဲ ဦးကျော်မောင်'

ဦးမြင့်သူက မေးလိုက်ပါသည်။

'အင်း... ချဉ်ပြုံးပြုံးပဲ'

ကျွန်ုပ်က ဤသို့ပြန်ဖြေလိုက်ပါသည်။

'ဒီဘက်ကို တို့ကြည့်ပါဦး'

ဦးမြင့်သူပြသည့်နေရာကို တို့ပြီးလျှာပေါ်တင်ကြည့်ရာ...

'အင်း... ခါးသက်သက်ပဲ'

ထိုသို့ဖြင့် နေရာလေးနေရာသို့ တို့ကြည့်သောအခါ ချို၊ ချဉ်၊ ဖန်၊ ခါးစသည့် အရသာလေးမျိုးရှိသည်ကို သိရှိရပါသည်။

'ဒီကျောက်ပျဉ်ဟာ လပြည့်နေ့ဆိုရင် ပိုပြီးထူးခြားတယ်၊





တစ်ခါတလေ သနပ်ခါးသွေးထားလသို ဆေးတွေ အကြွင်းအကျန် ကျန်နေတာ တွေ့ရတယ်၊ အဲဒီဆေးကို ယက်ရင် အသက်ရှည်တယ် ရောဂါကင်းတယ်လို့ အဆိုရှိတယ်'

'သြော်... လောကကြီးမှာ ကိုယ်မသိတဲ့အကြောင်းတွေ အများကြီးပဲ'

ထိုသို့ပြောရင်းဆက်လျှောက်ခဲ့ရာ ဦးမြင့်သူမှ...

'ဦးကျော်မောင် ဟိုဘက်ကို ဆက်သွားရင် လိုဏ်ဂူကြီးတစ်ခုရှိတယ်၊ အဲဒီထဲမှာ ဘုရားဆင်းတုတွေလည်း ရှိတယ်၊ ရုပ်ထု တွေလည်း ရှိတယ်'

'ရောက်မှတော့ သွားကြည့်ကြတာပေါ့'

ကျွန်ုပ်တို့နှစ်ဦးသား ထိုကျောက်လိုဏ်ဂူအထဲသို့ ဝင်ကြည့်ခဲ့ကြပါသည်။ ထိုကျောက်လိုဏ်ဂူအတွင်းတွင် ကျောက်ဆင်းတုအရွယ်မျိုးစုံတွင် ကျောက်နံရံများအား ထွင်းဖောက်ပြီး ပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ ကျွန်ုပ်လည်း ထိုကျောက်ဆင်းတုများကို လက်စုံမိုး၍ ရှိခိုးပြီးနောက် အတွင်းပိုင်းသို့ ဆက်၍ ဝင်သွားရာ ကျောက်လိုဏ်ဂူ၏ နံရံဘေးတွင် ဂူအသေးလေး တစ်ခုကို ထပ်၍တွေ့ရပါသည်။ အနည်းငယ်မှောင်နေသဖြင့် ဖယောင်းတိုင်ထွန်းလိုက်ရာ ဂူပေါက်အသေးလေး၏ အဝထိပ်ပေါ်တွင် 'ဇော်ဂျီဂူ' ဟု ရေးသားထားသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

'ဦးမြင့်သူ ··· ဇော်ဂျီဂူဆိုပါလား'

'ဟုတ်တယ်၊ **အထဲမှာ** ဇော်ဂျီကျောက်ရုပ်ရှိတယ်၊ ဝင်ကြည့်ပါ**လား**'

'**အေးဗျာ၊ ကြည့်တာပေါ့**'

**ထိုသို့**ပြောပြီး ဂူအသေးလေးထဲသို့ **ဝင်ကြည့်ရာ ဇော်ဂျီ အဝတ်အစား**၊ ဇော်ဂျီဦးထုပ်၊ ဇော်ဂျီတောင်ဝှေး**အစရှိသည့်** ဇော်ဂျီအသုံးအဆောင်များနှင့်တကွ ဇော်ဂျီကျောက်ရုပ်တစ်ရုပ်မှာ ပက်လက်အနေအထား လဲလျောင်းနေသည်ကို တွေ့ရှိရပါသည်။ ကျွန်ုပ်၏စိတ်ကူးမှာ ဇော်ဂျီကျောက်ရုပ်ရှိသည်ဟုဆိုသဖြင့် ထိုရုပ်ထုမှာ ဘုရားများတွင် တွေ့ရသကဲ့သို့ မတ်တပ်ရပ်ပြီး တောင်ဝှေးကို ပခုံး၌ထမ်းထားကာ လက်နှစ်ဖက်ဖြင့်ကိုင်နေသည့် သဏ္ဌာန်လား၊ သို့တည်းမဟုတ် ထိုင်နေသည့် ရုပ်တုဖြစ်မည်လောဟု တွေးမိသော်လည်း ဤကဲ့သို့ လဲလျောင်းနေသော ဇော်ဂျီကို တွေ့ရသည့်အတွက် အထူးအဆန်းဖြစ်နေပါသည်။

'ဟင် ··· ဒီဇော်ဂျီကလည်း ပုံသဏ္ဌာန်တစ်မျိုးပါလား၊ ဘာဖြစ်လို့ ပက်လက်အိပ်နေတာကို ထုထားသလဲ မသိဘူးနော်'

ကျွန်ုပ်ကလည်း စိတ်ထဲရှိသလို ဦးမြင့်သူအား မေးလိုက်ပါသည်။ ထိုအခါ ဦးမြင့်သူမှ ···

'ရှေးလူကြီးတွေပြောလို့ သိရတာကတော့ ဒီဇော်ဂျီဟာ





ဖိုဝင်နေတာတဲ့'

'ဟင် ··· **ဟုတ်လား**'

'**အစကတော့** ဒီနေရာဟာ လူသူမရောက်ပေါက်တဲ့ **တောကြီးတောင်**ကြီးပေါ့၊ အခုမှသာ ဘုန်းကြီးကျောင်းတွေ **ဘာတွေဖြစ်**လာတာ၊ ဒီတော့ ဒီတောင်ဟာလည်း ဇော်ဂျီတွေ **ဆေးကြိတ်**တဲ့တောင်ဆိုတော့ ဇော်ဂျီတွေနေတဲ့တောင်ပေါ့ဗျာ၊ **ရှေး**လူကြီးသူမစကား မှတ်သားရတာကို ပြောပြပါမယ်၊ **ယုံ**ရင်လည်း ယုံပေါ့၊ မယုံရင်လည်း ဒဏ္ဍာရီလို့မှတ်လိုက်ပေါ့'

'ကဲပါဗျာ၊ အစချီမနေပါနဲ့ ပြောပါ'

'အဲဒီလို ရှေးလူကြီးတွေရဲ့ နှုတ်ရာဇဝင်အရပြောရမယ်ဆိုရင် ဇော်ဂျီတစ်ဦးဟာ အဲဒီဂူထဲမှာ ဖိုဝင်နေစဉ် အနှောင့်အယှက်တစ်ခုကြောင့် မအောင်မြင်ဘဲ သေဆုံးသွားခဲ့တယ်'

'အင်း ··· ဆက်ပြောပါဦး'

'အဲဒီလိုသေဆုံးသွားပြီး နှစ်ပေါင်းများစွာကြာတဲ့အခါမှာ ကျောက်ဖြစ်သွားတယ်လို့ အဆိုရှိတယ်'

'ဒါဆို ဒီရုပ်ထုဟာ ဇော်ဂျီဖိုဝင်သားပေါ့'

'အဲဒီလိုလည်း ပြောလို့ရပါတယ်'

'ကျုပ်ကြားဖူးတာကတော့ ဇော်ဂျီဖိုဝင်သားရဲ့ အနံ့ဟာ **မွှေး**ပြီး အလွန်စားချင်တဲ့စိတ်ကို ဖြစ်ပေါ်လာစေတယ်တဲ့၊ နောက်



www.burmeseclassic.com

ပြီး ခန္ဓာကိုယ်ဟာပျော့ပြောင်းတယ်လို့လည်း ပြောသံကြားဖူးတယ်'

'အေးလေ ဇော်ဂျီဖိုဝင်သားဟာ ပျော့သလား၊ မာသလားဆိုတာ ခင်ဗျားလည်း မတွေ့ဖူးဘူး၊ ကျုပ်လည်း မမြင်ဖူးဘူး၊ ဒီကျောက်ရုပ်ဟာလည်း ဇော်ဂျီဖိုဝင်သားဟုတ်မဟုတ် ကျုပ်လည်း အပ်ကျမတ်ကျ မသိဘူး၊ ရှေးလူကြီးတွေပြောတာ ပြန်ပြောရတာ၊ ဒါကြောင့် ခင်ဗျားကို နဂိုကတည်းက စကားခံသားဘဲ၊ ယုံချင်ယုံ မယုံချင်လည်းနေပေါ့ဗျာ'

'ကျုပ်ကလည်း လူတစ်မျိုးပဲ၊ ဘယ်အရာဖြစ်ဖြစ် စမ်းသပ်ကြည့်ချင်တယ်ဗျာ'

'ဘယ်လိုစမ်းသပ်မှာတုံး'

'ဘယ်လိုစမ်းသပ်မလဲဆိုတာ ခင်ဗျားကြည့်ပါ'

ကျွန်ုပ်က ထိုသို့ပြောပြီးနောက် ဇော်ဂျီရုပ်ထုရှေ့၌ထိုင်ပြီး လက်အုပ်ချီကာ…

'ဖေဇော်ဂျီခင်ဗျား… ဒီရုပ်ထုမှာ ဖေဇော်ဂျီ နာမ်ကိန်း မကိန်း သိသာအောင် ပြပါခင်ဗျား'

ဟု ခပ်ကျယ်ကျယ်အော်ပြောလိုက်သဖြင့် လိုဏ်ဂူသံများ ဟိန်းထွက်လာပါသည်။ ဤတွင် ဦးမြင့်သူမှ ကျွန်ုပ်အား…

'ဟေ့လူ… ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'





'ရှင်းရှင်းလေးပဲဗျာ၊ ဇော်ဂျီဟာ ဖိုဝင်ရင်းသေသွားရင် သူ့ရဲ့ဝိညာဉ် ဒါမှမဟုတ် နာမ်ကတော့ ဒီအနီးတစ်ဝိုက်မှာ ရှိမှာပေါ့၊ ဒီတော့ နာမ်ကိန်းမကိန်းသိသာအောင် ပြပါလို့ပြောတာ၊ ဘာမှားလို့လဲ'

'အဲဒါခက်တာပါပဲဗျာ'

'မခက်ပါနဲ့ဗျာ၊ ကျုပ်က အဲဒီလိုစမ်းသပ်ရမှ ကြိုက်တာ'

'ဒါကြောင့် ခင်ဗျားကို လူတွေက 'ဘုကလန့်' လို့ ပြောတာ၊ ဝိဇ္ဇာပညာရပ်ဟာ အခြားပညာရပ်တွေနဲ့မတူဘူး၊ ထူးခြားတယ်၊ လူတွေ လိုက်မမီအောင် ဆန်းပြားတယ်'

'အေးပါကွာ၊ ငါ့စိတ်တွေ ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဒီနေ့ည ဒီတောင်မှာ ပုတီးစိတ်ချင်တယ်၊ မင်းလိုက်ခဲ့မလား'

'ပုတီးစိတ်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲ၊ လိုက်ခဲ့မှာပေါ့၊ အခု ပြန်ကြရအောင်၊ ဘုန်းကြီးမျှော်နေလိမ့်မယ်'

ထိုသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက် ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ပါသည်။ ထို့နောက် ဘုန်းတော်ကြီးအား ဤသို့လျှောက်ထားခဲ့ရာ…

'တပည့်တော်တို့နှစ်ယောက် ဒီနေ့ညမှာ ရှင်မတောင်မှာ ပုတီးစိတ်ချင်လို့ပါဘုရား'

'နှစ်ယောက်ဆိုတော့ အဖော်ရတာပေါ့၊ ဒါပေမဲ့ အဲဒီ



www.burmeseclassic.com

[illegible]က အမှားမခံဘူး၊ သတိထားပါ၊ လိုအပ်ရင် ကပ္ပိယကြီးကို ခေါ်သွားပါ'

'ကောင်းပါပြီ ဘုရား'

ဘုန်းတော်ကြီးမှ ခွင့်ပြုသဖြင့် ကျွန်ုပ် **ဦးမြင့်သူနှင့်** [illegible]ကြီး ဦးသူရှော့်တို့ သုံးဦးသား ညနေ နေဝင်**ရီတရော** အချိန်လောက်တွင် ရှင်မ တောင်သို့သွားရောက်ခဲ့ပါသည်။

ည(၈)နာရီခန့်အချိန်လောက်မှစ၍ စေတီတော်အား မီးပူဇော်ပြီး တစ်ဦးနှင့်တစ်ဦး ပေ(၂၀)ခန့်အကွာအဝေးရှိသော [illegible]ရင်ပြင်တော်၌ ထိုင်ကာ ဘုရားရှိခိုးပြီး စတင်ပုတီးစိတ် ခဲ့ကြလေသည်။ တစ်ညလုံး ပုတီးစိတ်ရန် ရည်ရွယ်ထားသည့် အတွက် ဝါဆိုဖယောင်းတိုင်အကြီးစားဖြင့် မီးပူဇော်ခဲ့ပါသည်။

ထိုနေ့ညက လေငြိမ်နေသဖြင့် ဝါဆိုဖယောင်းတိုင်မှာ အထွန်းခံလှပါသည်။ ဤသို့ပုတီးစိတ်ရန် (၁၂)နာရီခန့်အချိန်တွင် ကျွန်ုပ်တို့၏ နောက်မှ ဘုရားဆီသို့ လျှောက်လာသည့်ခြေသံကို ကြားရပါသည်။

ကျွန်ုပ်လည်း အာရုံပျက်မည်စိုး၍ လှည့်မကြည့်ဘဲ ပုတီးကို ဆက်စိတ်နေပါသည်။ ထိုစဉ်ခြေသံမှာ ကျွန်ုပ်၏ ရှေ့တည့်တည့်တွင် ရပ်တန့်သွားပါသည်။ ကျွန်ုပ်လည်း အရှေ့တွင် တစ်စုံတစ်ယောက် ရောက်နေမှန်းသိသဖြင့် မျက်လုံးဖွင့်၍ ကြည့်





လိုက်ချင်ပါသည်။ **သို့သော် စိတ်လက်**စ ပုတီးမှာ မပြီးသေး **သဖြင့် ပုတီးကို ဆက်၍စိတ်**နေပါသည်။

**ဤ**တွင်…

'ဖောင်း' ဟူသော ပေါက်ကွဲသံနှင့်အတူ မိုးခိုး၏အငွေ့ **အ**သက်များရသဖြင့် လွန်စွာအသက်ရှူကျပ်လာပြီး အိပ်ချင်မူးတူး ဖြစ်သွားပါသည်။ ထို့နောက် အိပ်မက်ဟုပြောရမလား၊ အမှန် **တ**ကယ်ဟုပြောရမလားဟူ၍ မဝေခွဲနိုင်အောင် ဆန်းကြယ်သော **အ**ဖြစ်တို့နှင့် တိုးခဲ့ပါသည်။

ဤသည်မှာ မီးခိုးငွေ့များဖြင့် မွန်းကျပ်လာသည့်အတွက် ကျွန်ုပ် မျက်စေ့နှစ်လုံးအား ဖွင့်လိုက်ရာ မီးခိုးများကြားတွင် **ဇာ**တ်ပွဲထဲမှတွေ့ရသည့် ဇော်ဂျီအဝတ်အစားဝတ်ဆင်ထားသူ **တ**စ်ဦးကို တွေ့လိုက်ရပါသည်။ ထိုသူသည် တဖြည်းဖြည်း ကျွန်ုပ်၏အနီးသို့ရောက်လာခါ…

'ဩော်… မင်းရောက်လာပြီကိုး' ဟု ပြောလိုက်ပါသည်။

'အသင်က ကျွန်ုပ်ကို သိသလား'

ကျွန်ုပ်ကလည်း ဤသို့ပြန်မေးလိုက်ပါသည်။

'သိပ်သိတာပေါ့ကွာ၊ မင်းဟာ အရင်ဘဝက **ငါ့ရဲ့သား**ပဲ၊ **ပ**ဋ္ဌာန်းဆက်ရှိသူမို့ တို့ပြန်ဆုံတွေ့ရတာပေါ့**ကွာ**'

'ဒါဆို အသင်က **ဟိုးအရင်ဘဝက ကျုပ်**ရဲ့ဖခင်ပေါ့ **ဟု**တ်လား'



www.burmeseclassic.com

'ဟုတ်ပါတယ်၊ မင်းနဲ့ကျုပ်နဲ့ဟာ ဟိုးအတိတ်ဘဝကတည်းက ရေစက်ရှိခဲ့တယ်၊ ဒါကြောင့် မင်းကို ငါအကူအညီတစ်ခုလောက် တောင်းချင်တယ်'

'ပြောပါ'

'ကျုပ်ဟာ ဒီဂူထဲမှာ လွန်ခဲ့တဲ့နှစ်ပေါင်းရာပေါင်း များစွာကတည်းက ဖိုဝင်ခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ရဲ့ဖိုဝင်ခြင်း ကျင့်စဉ်ဟာ တစ်ပိုင်းတစ်စမှာ ပျက်စီးသွားတဲ့အတွက် ဖိုဝင်ခြင်းဟာ အပြီးတိုင်မအောင်မြင်လို့ အခုလို ဘဝမျိုးမှာ ရောက်နေခဲ့တယ်၊ ကျုပ်ဟာ ပြန်လည်ပြီး ဖိုဝင်ခြင်းကျင့်စဉ်ကို ပြန်ကျင့်ချင်တယ်၊ ဒါပေမဲ့ ကျုပ်ဖိုဝင်စဉ်မှာ တစ်ဦးတစ်ယောက်က လာမယ့်အဖျက်အစီးတွေကို စောင့်ပေးရမှာဖြစ်လို့ လူလိုနေတယ်၊ အဲဒါ မင်းကျုပ်ကို ကူညီပါ၊ ကျုပ်ရဲ့ဖိုဝင်ခြင်းအောင်မြင်သွားရင် ကျုပ်ဘဝလည်း အခ ှင့်တက်သွားပြီ၊ လုပ်ငန်းစဉ်ပြီးဆုံးသွားမယ်၊ အဲဒီအခါ မင်းကို ကျု ် မေ့မယ်'

ဖေဖော်ဂျီမှ ၎င်းအားကူညီပေးရန် တောင်းတောင်းပန်ပန်ပြောခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏ နဂိုစိတ်ဓာတ်အရင်းခံမှာ မည်သူ့ကိုမျှမကူညီချင်သကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ကလည်း မည်သူ၏ အကူအညီကိုမတောင်းခံခဲ့ပေ။

ရှေးဘဝက ပဋ္ဌာန်းဆက်ရှိသည်ဟုပြောသော်လည်း ထိုဘဝကို ကျွန်ုပ်မသိပါ။ ယခုမှတွေ့ရသည့်သူတစ်ဦး၏ ပြော





စကားဟုသာ မှတ်ယူရင်း…

'စိတ်မရှိပါနဲ့၊ ကျုပ်ဟာ ဒီနေ့မနက်မိုးလင်းရင် မြို့ကို ပြန်ရမယ်၊ ဒါကြောင့် ကျုပ် ဘယ်သူ့ကိုမှ စောင့်မပေးနိုင်ဘူး'

'မဟုတ်ပါဘူး၊ မနက်ဖြန်တစ်ရက်ပဲ၊ ဒီဂူရှေ့မှာ စောင့်ပေးပါ၊ ကျုပ်တောင်းပန်ပါတယ်'

'မဖြစ်ပါဘူးဗျာ၊ ခင်ဗျားဖိုဝင်နေတုန်း အဖျက်အဆီးတွေက လာပြီး ကျုပ်ကိုအန္တရာယ်ပေးရင် ကျုပ် ဒုက္ခရောက်မှာပေါ့၊ မဖြစ်ပါဘူးဗျာ'

'ကိုယ်ချင်းစာပြီး ကျုပ်ရဲ့ဒုက္ခကို ကူညီပါ'

'ကျုပ် မကူညီနိုင်ဘူးလို့ ပြောပြီးပြီပဲ'

'ဒါဆိုရင် မင်း ကိုယ်ချင်းစာတတ်အောင် မင်းရဲ့မြေးအဖြစ်နဲ့ လူ့ဘဝကိုကျုပ်လာခဲ့မယ်၊ မင်းဟာ အဲဒီမြေးအတွက် လူတကာကို တောင်းပန်ရမယ်၊ နောက်ပြီး လူ့ဘဝမှာ တစ်နှစ်ပဲနေမယ်'

'ဒါကတော့ ခင်ဗျားသဘောပဲ'

'ဒါဆို ကျုပ်သွားပြီ'

ပြောပြောဆိုဆို မီးခိုးလုံးများကြားမှ ရုတ်တရက်ပျောက်သွားပါသည်။ ကျွန်ုပ်လည်း အိပ်ငိုက်ရာမှ လန့်နိုးလာပါသည်။ ဘေးဘီကြည့်လိုက်သောအခါ ဦးမြင့်သူရော ကပ္ပိယကြီးဦးသူတော်ပါ စိတ်ပုတီးကိုင်ရင်း အိပ်ငိုက်နေသည်ကို တွေ့



www.burmeseclassic.com

သဖြင့်…

'ကိုမြင့်သူ… ကိုမြင့်သူ'

'ဦးသူတော်… ဦးသူတော်'

'ဟင်'

'ဟင်'

သူတို့နှစ်ဦး အိပ်ငိုက်ရာမှ လန့်နိုးလာပါသည်။

'ခင်ဗျားတို့ကလည်း ပုတီးစိတ်ပါဆိုမှ ဘယ်လိုကြောင့် အိပ်ငိုက် **နေ**ရတာတုံး'

'**အေး**ဗျာ၊ မီးခိုးလုံးလိုလိုတွေ့ပြီး အိပ်ငိုက်သွားတာပဲ'

'**ပုတီး**စိတ်မရတဲ့အတူတူ ပြန်ကြရင်ကောင်းမယ်'

'**ခင်ဗျား**မနေချင်ရင်လည်း ပြန်ကြတာပေါ့'

**ထို**သို့ဖြင့် ကျွန်ုပ်တို့သုံးဦးသား ဘုန်းတော်ကြီးကျောင်းသို့ **ပြန်လာခဲ့**ပါသည်။ ထိုနေ့ညက ကျွန်ုပ်အိပ်မရပါ။ အိပ်မက်လိုလို၊ **တကယ်**လိုလို၊ ဖေဖော်ဂျီ၏ ပြောစကားကို သတိရနေမိပါသည်။

'မင်းရဲ့မြေးအဖြစ်နဲ့ လူ့ဘဝကိုလာခဲ့မယ်တဲ့'

'မင်းဟာ အဲဒီမြေးအတွက် လူတကာကို တောင်းပန်ရမယ်တဲ့'

'လူ့ဘဝမှာတစ်နှစ်ပဲ နေမယ်တဲ့'

'ဒါဟာ တကယ်လား၊ အိပ်မက်လား'

ကျွန်ုပ်၏ရင်တွေ 'တဆတ်ဆတ်ခုန်နေပါသည်။ အမှန်





တကယ်တော့ ကျွန်ုပ်သည် **မည်သူ့ကိုမျှ** မတောင်း**ပန်**ချင်ပါ။

သည်လိုနှင့်ပင် **နံနက်မိုး**သောက် အလင်းရောက်လာခဲ့ပါသည်။ ထို့နောက် **ဆရာတော်**အား ဦးချနှုတ်ဆက်ကာ တည်းခိုရာ **အိမ်**သို့ ပြန်လာခဲ့ပါ**သည်။** ကျွန်ုပ်၏ ဇနီးသည်က ကျွန်ုပ်အား ပြုံးပြုံးရွှင်ရွှင် ဆီး**ကြိုသော်**လည်း ဖေဖော်ဂျီ၏ ပြောစကားကို သတိရမိသည့်အတွက် **ကျွန်**ုပ် မပြုံးရွှင်နိုင်ပေ။

များမကြာမီ **ကျွန်ုပ်**တို့ အလည်အပတ်ခရီးမှ ပြန်လာခဲ့ပါသည်။ ကျွန်ုပ်လည်း **ကိုယ့်**အိမ်ကိုယ့်ယာကို ပြန်ရောက်ပြီးနောက် ဖေဖော်ဂျီကို မေ့ထားခဲ့ပါသည်။

သုံးလကျော်မျှ ကြာသောအခါ ကျွန်ုပ်၏ ဒုတိယသမီး မစန္ဒာတွင် ကိုယ်ဝန်ရှိခဲ့ပါသည်။ သမီးလေးမစန္ဒာ၌ ကိုယ်ဝန်ရှိသည်ဟု ကြားရသောအချိန်တွင် ဖေဖော်ဂျီ၏စကားကို သတိမရချင်သော်လည်း သတိရလာပါသည်။

'ဖေဖော်ဂျီပြောသလို မဖြစ်ပါစေနှင့်'

ကျွန်ုပ် စိုးရိမ်ထိတ်လန့်စွာ ဆုတောင်းနေမိပါသည်။ **ထိုသို့**ဆုတောင်းခဲ့သည်မှာ ကလေးမွေးဖွားချိန်အထိဖြစ်ပါသည်။ **များ**မကြာမီ မစန္ဒာ၌ သားဦးလေး မွေးဖွားခဲ့ပါသည်။

'ကလေးမှာ ခြေလက်အင်္ဂါ အစုံအလင်မှ ပါရဲ့လား'

**ဟူသော** အတွေးဖြင့် ထိုမြေးကလေးကို ပြေးကြည့်ခဲ့ရပါသည်။ **အင်္ဂါအစုံ**အလင်ပါသဖြင့် ကျွန်ုပ်ဝမ်းသာသွားပါသည်။ သို့သော်



www.burmeseclassic.com

ကျွန်ုပ်၏ မြေးကလေးမှာ ဖေဖော်ဂျီပြောစကားအရ မှန်ခဲ့သော် လူ့ဘဝ၌ တစ်နှစ်သာအသက်ရှင်ခွင့်ရပေတော့မည်။ ဤတွင် ကျွန်ုပ်၏စိတ်များ နောက်ကျိလာပါတော့သည်။ ကျွန်ုပ်၏ မျက်နှာမှာလည်း ညှိုးနွမ်းလာခဲ့ပါသည်။

တစ်ပတ်ပြည့်သောအခါ မစန္ဒာမှာ မြေးကလေးကို ပိုက်ကာ ဆေးရုံမှဆင်းလာခဲ့ပါသည်။ ၎င်းတို့ဇနီးမောင်နှံမှာ သားဦးယောကျ်ားလေးရသဖြင့် လွန်စွာဝမ်းသာနေပါသည်။ သမီးမစန္ဒာတို့ လင်မယားမှာ ကျွန်ုပ်တို့နှင့်အတူနေဖြစ်သဖြင့် မြေးကလေးကို နေ့စဉ်နေ့တိုင်း တွေ့နေရပါသည်။

မြေးကလေး၏မျက်နှာမှာ ဝိုင်းစက်နေပြီး အသားအလွန် ဖြူပါသည်။ လွန်စွာချစ်စဖွယ်ကောင်းသဖြင့် မြေးကလေးကို လက်ထဲမှ မချနိုင်အောင်ဖြစ်ခဲ့ပါသည်။

တစ်လ၊ နှစ်လ၊ သုံးလ၊ မြေးကလေး ကျန်းမာဝဖြိုးနေ၍ ဖေဖော်ဂျီ၏ စကားကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်လာပါသည်။ သို့သော်လည်း သုံးလကျော်ပြီးနောက် တစ်နေ့တွင် ကျွန်ုပ်တို့အတွက် ကံကြမ္မာ အပြောင်းအလွဲ စတင်ခဲ့ပါသည်။ ထိုနေ့ညက ကျွန်ုပ်၏မြေးကလေးမှာ ဖျားနေသဖြင့် ဆေးတိုက်ပြီး သိပ်ထားစဉ်...

'အဖေ... ကလေးဘာဖြစ်မှန်းမသိဘူး၊ မျက်လုံးကြီး လန်နေတယ်'





'ဟေ... ကလေးတက်နေတာ၊ စောင်တွေဖယ်စမ်း'

မြေးကလေးမှာ မျက်ဖြူလန်ပြီး တက်နေသဖြင့် ကလေးဆေးရုံသို့ကားဖြင့် အမြန်ဆုံး မောင်းပို့ရပါသည်။ ထို ဆေးရုံရောက်မှ ကလေးအတက်ကျသွားပါသည်။

ဤအချိန်တွင် ဖေဖော်ဂျီကို ကျွန်ုပ် သတိရလာပါသည်။

'ဒါဟာ တိုက်ဆိုင်မှုလား၊ တကယ်လား'

ဆေးရုံသို့ သုံးရက်ခန့်နေပြီး နေကောင်းသဖြင့် ဆေးရုံမှ ဆင်းလာခဲ့ပါသည်။ ထိုသို့ဖြင့် ကလေးမှာ မကြာခဏ ဖျားပြီး ဖျားတိုင်းတက်တတ်သဖြင့် ကျွန်ုပ်တို့မိသားစုမှာ စိတ်ညစ်ရပါသည်။ အိမ်ထောင်ကျ၍ အိမ်ခွဲနေသော သမီးကြီးဆရာဝန် လင်မယားလည်း ကျွန်ုပ်တို့ထံသို့ မကြာခဏလာကာ မြေးကလေးကိုကြည့်ပေးခဲ့ကြပါသည်။ ၎င်းတို့ဇနီးမောင်နှံတွင် ကလေးမရှိသည့်အတွက် အငယ်မမှ မွေးသော မောင်ဇော်ထက်အောင်အပေါ် သားအရင်းကဲ့သို့ ချစ်ခင်နေပါသည်။ ထိုကလေးအတွက် မကြာခဏ လာရောက်ကူညီပြုစုပေးခဲ့ရပါသည်။

ဇော်ထက်အောင်ကလေးမှာ ကျန်းမာရေးမကောင်းဘဲ ချူချာနေသဖြင့် လမ်းထဲမှ တိုင်းရင်းဆေးဆရာများနှင့်လည်း ကုသရပါသည်။ နားလည်သိတတ်သူများကလည်း မြေးကလေး အတက်ပျောက်အောင် မိရိုးဖလာ အယူအဆအရ ဓားရှပ်ကို

www.burmeseclassic.com

ပြောင်းပြန်ဆွဲပေးခဲ့ကြပါသည်။ သည် မြေးကလေးနှင့် ပတ်သက်ပြီး အတက်ပျောက်ရန် လူအတော်များများကို အကူအညီတောင်းခဲ့ရပါသည်။ ထိုလူများကလည်း ကျွန်ုပ်တို့အား လိုလိုလားလား တက်တက်ကြွကြွ ကူညီခဲ့ပါသည်။ သည်တော့မှ လူသားတို့၏ ဖေးမကူညီတတ်သော မေတ္တာစေတနာကို သဘောပေါက်လာခဲ့ပါသည်။

သည်လိုနှင့်ပင် မြေးကလေးတစ်နှစ်ပြည့်ရန် တစ်လခန့်သာလိုပါတော့သည်။ သည်တစ်ခါ မြေးကလေး အပြင်းဖျားပါသည်။ မကြာခဏ တက်နေသည့်အတွက် ကလေးဆေးရုံ၌ တင်ထားရပြန်ပါသည်။ ကျွန်ုပ်၏စိတ်တွင် ဆောက်တည်ရာမရဖြစ်နေပါသည်။ ပြုံးပြုံးရွှင်ရွှင်နှင့်ချစ်စဖွယ် မြေးကလေးများ တစ်ခုခုဖြစ်သွားရင်ဆိုသည့် အတွေးဖြင့် ယောက်ယက် ခတ်နေပါတော့သည်။ ကလေး၏ရောဂါမှာ ပြင်းထန်နေသဖြင့် ဆရာဝန်များကလည်း အထူးကြိုးစားကာ ကုသပေးနေပါသည်။

ထိုနေ့ညက ကျွန်ုပ်အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် မြေးကလေးက

'ဘိုးဘိုး… သားတစ်နှစ်ပြည့်ရင် သားတို့နေရပ်ကို ပြန်ရတော့မယ်'

'မြေးကလေးရဲ့နေရပ်က ဘယ်မှာတုံး'

'ရှင်မတောင်လေ အဘိုးရဲ့၊ သားက အဲဒီက ဖေဖော်ဂျီလေ'





'ဟေ… မြေးလေးမပြန်ပါနဲ့ မြေးလေးရယ်'

ကျွန်ုပ်မှာ ဤကဲ့သို့ တုန်တုန်ရီရီနှင့်တားရင်း လန့်နိုးလာပါသည်။

ထိုအိပ်မက်မက်ပြီးနောက် ကျွန်ုပ်များစွာ တုန်လှုပ်ခဲ့ပါသည်။

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါဆရာတော်ဆီသွားလျှောက်မှပဲ'

ထိုသို့စိတ်ကူးဖြင့် ကျွဲနဖားတောင်ဆရာတော်ကြီးဆီသို့ သွားရောက်ကာ အကြောင်းစုံရှင်းပြလျှောက်ထားခဲ့ပါသည်။ ဤတွင် ဆရာတော်ကြီးမှ…

'ဒကာကြီးက ပုတီးသာစိတ်ပေမယ့် မေတ္တာတရားက ခေါင်းပါးတော့ အခုလိုအကြောင်းတရားတွေ ဖြစ်လာတာပါ၊ ဘာမှမပူပါနဲ့၊ ကံကိုသာ ပြင်လိုက်စမ်း'

'ဘယ်လိုပြင်ရမလဲဘုရား'

'လူတွေဟာ ဘယ်လောက်ပဲ ကံဆိုးဆိုး ကုသိုလ်(၅)မျိုးနဲ့ ပြုပြင်ပါ၊ ကုသိုလ်ငါးမျိုးဆိုတာကတော့ ဒါနရယ်၊ သီလရယ်၊ ဂုဏ်တော်ရယ်၊ မေတ္တာရယ်၊ ဝိပဿနာရယ်ပါ၊ ဒါနကုသိုလ်ဆိုတာ ဘုရားကိုရေချမ်းကပ်မယ်၊ ကိုယ်ထမင်းချက်မယ့်ဆန်ထဲက လက်တစ်ဆုပ်စာနှိုက်ပြီး ငှက်ကလေးတွေ အစာကျွေးမယ် စတဲ့ ကိုယ်တတ်နိုင်တဲ့ဒါနပြုပါ'

'တင်ပါ့ဘုရား'



www.burmeseclassic.com

'ဒုတိယကတော့ သီလပါ၊ အနည်းဆုံး ငါးပါးသီလ ဆောက်တည်ပါ၊ နောက်ဂုဏ်တော်ကိုးပါးထဲက တစ်ပါးပါးကို ပွားများပါ၊ အနည်းဆုံး ပုတီးတစ်ပတ်စိတ်ပါ၊ စတုတ္ထကတော့ မေတ္တာတရားပွားများပါ၊ ပဉ္စမကတော့ ဝိပဿနာ ပွားများပါ'

'တင်ပါ့ဘုရား'

အဲဒီလို ကုသိုလ်(၅)မျိုးကို ပြုပြီးရင် နေ့စဉ်အမျှအတန်းဝေပြီး နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ပြီး သစ္စာဆိုပါ။ နေ့စဉ် သေချာစွာ ပြုလုပ်ရင် ကံကောင်းလာပါလိမ့်မယ်'

'တင်ပါ့ဘုရား'

ထိုအချိန်မှစ၍ မေတ္တာတရားခေါင်းပါးသော ကျွန်ုပ်၏စိတ်ကို အရင်ဆုံးပြုပြင်လိုက်ပါသည်။ မည်သူ့အပေါ်မဆို မေတ္တာတရားထားကာ ကိုယ်ချင်းစာစိတ်ရှိရန် ကျွန်ုပ်ကြိုးစားခဲ့ပါသည်။ ထို့နောက် ဆရာတော်၏ ကျောင်းမှာနေပြီး ကုသိုလ် (၅)မျိုးကို နေ့စဉ်ပြုလုပ်ခဲ့ပါသည်။ ထို့နောက် မြေးကလေး ကျန်းမာစေရန် ကျွန်ုပ်နေ့စဉ်ဆုတောင်းခဲ့ပါသည်။

ထိုသို့ဖြင့် မြေးကလေးတစ်နှစ်ပြည့်ချိန်တွင် နေကောင်းသွားကာ ဆေးရုံမှဆင်းရကြောင်း သမီးမှတယ်လီဖုန်းနှင့် အကြောင်းကြားခဲ့ပါသည်။ ထိုသတင်းကို ကြားရသောအခါ ကျွန်ုပ်၏စိတ်နှလုံးတွင် လွန်စွာ ဝမ်းသာပီတိဖြစ်ရပါသည်။ များမကြာမီ ကျွန်ုပ်လည်း အိမ်သို့ပြန်လာခဲ့ပါသည်။ သို့သော်





လည်း ဆရာတော်ချီးမြှင့်လိုက်သည့် ကုသိုလ်(၅)မျိုးကို နေ့စဉ် ဝတ္တရားမပျက် ဆောင်ရွက်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပါပြီ။ မြေးကလေးပင် အသက်ဆယ်နှစ်ကျော်အရွယ်သို့ရောက်ရှိပြီး ကျန်းမာပကတိ ရှိနေပါသည်။

ဖေဇော်ဂျီ ပေးလိုက်သော သင်ခန်းစာကြောင့် လူတစ်ထူးကို ကူညီတတ်သော ကိုယ်ချင်းစာတတ်သော မေတ္တာတရားရှိသူအဖြစ် ကျွန်ုပ်၏စိတ်ကို ပြောင်းလဲခဲ့ပါသည်။ နေ့စဉ်ပြုလုပ်ရသော ကုသိုလ်(၅)မျိုး ကြောင့် ယခုဘဝတွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာသကဲ့သို့ နောင်ဘဝတွင်လည်း ထိုကုသိုလ်၏ အကျိုးကို ခံစားရပေမည်။ ထိုအကြောင်းကိုတွေးမိတိုင်း ဖေဇော်ဂျီကို ကျွန်ုပ်ကျေးဇူးအထူးတင်မိပါသည်။ အချို့သူများ ပြောသကဲ့သို့ ဇော်ဂျီဖိုဝင်သားစား၍ ရှိန်းဆာယာကိုယ်ပျောက်တတ်သည်ဟု ဆိုသော်လည်း ကျွန်ုပ်မှာ ဖေဇော်ဂျီနှင့်တွေ့ဆုံခြင်းဖြင့် ဇော်ဂျီဖိုဝင်ကို မည်သည့်အခါမျှ မမေ့နိုင်သည့်အတွက် ကျွန်ုပ်နှင့် ဇော်ဂျီဖိုဝင်ဟူသည့် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်ကို ရေးသားတင်ပြလိုက်ရပါသည်။

ရီရီမြွေး



www.burmeseclassic.com

# ဇော်ကန့်လန့်

စာရေးသူသည် ငယ်စဉ်ကတည်းကပင် ထူးခြားဆန်းကြယ်သည့် အကြောင်းများစွာကို များစွာစိတ်ဝင်စားပါသည်။ စိတ်ဝင်စားသည့်အလျောက် လူကြီးသူမများ စကားပြောနေလျှင်လည်း မသိမသာ နားထောင်ခဲ့ပါသည်။ ထိုစကားဝိုင်းတွင် ထူးခြားသောစကားရပ်များပါလျှင် မှတ်သားတန်သည်ကို မှတ်သားထားပါသည်။

ထိုအကြောင်းအရာများအနက် ဂမ္ဘီရနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပို၍ စိတ်ဝင်စားရခြင်းမှာ အကြောင်းတစ်ရပ်ရှိပါသည်။ ဤသည်ကား စာရေးသူ၏မိခင်ကြီး၏ အစ်ကိုဖြစ်သူသည် ဆေးဆရာကြီးတစ်ဦးဖြစ်ပြီး အင်္ဂရပ်ပညာရပ်၊ ဂမ္ဘီရပညာရပ်များကို လွန်စွာလိုက်စားသူ တစ်ဦးဖြစ်ပါသည်။ စာရေးသူ၏မိခင်ထံသို့ လာလည်သည့်အခါတိုင်း ညအချိန်သို့ရောက်လျှင် မောင်နှမနှစ်ဦး အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ကာ ဆေးပညာနှင့် ဆက်နွယ်သောစကားများ၊ ဂမ္ဘီရနှင့်ဆက်နွယ်သော





စကားများကို တိုင်ပင်နှီးနှောပြောလေ့ရှိပါသည်။ ဘကြီးဖြစ်သူ၏ စကားများမှာ အထူးအဆန်းများပါသဖြင့် စာရေးသူသည် ထိုငယ်စဉ်ကပင် စိတ်ဝင်စားသည့်အလျောက် ကြားဖူးနားဝ ဖြစ်ခဲ့ပါသည်။

စာရေးသူသည် မိခင်ကြီးတို့မောင်နှမစကားဝိုင်းတွင် လက်ဖက်သုပ်ပေးခြင်း၊ ရေနွေးထည့်ပေးခြင်း ပြုလုပ်ရသဖြင့် ထို စကားဝိုင်းအနီးတွင် ရှိနေသည့်အတွက် အထူးအဆန်းများကို ကြားသိခဲ့ရပါသည်။ ဘကြီး၏ ဆေးပညာမှာ ထက်မြက်သကဲ့သို့ လူနာကိုဆေးကုရာတွင်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့်အပြင် မှတ်သားစရာများစွာ ပါဝင်ပါသည်။ ဘကြီးထံ ဆေးလာကုသည့် ဝေဒနာရှင်များအား မေးတတ်သည့်လက်သုံးစကားမှာ···

'ဘယ်လမှာမွေးသတုံး'

ဟူသည့်စကားကိုမေးတတ်ပါသည်။ လူနာလာတိုင်း ဤသို့မေးသဖြင့် စာရေးသူ၏စိတ်တွင်···

'လူနာရောဂါဖြစ်တာနဲ့ ဘယ်လမှာမွေးတာနဲ့ ဘာဆိုင်လို့လဲ'

ဟူသည့် အတွေးမျိုးဝင်လာပါသည်။ ပထမတွင် မမေးရဲ၍ ကြိတ်မှိတ်နေရသော်လည်း ဘကြီး လူနာကြည့်၍ ဤမေးခွန်းမေးသည့် အခါတိုင်း စာရေးသူ၏စိတ်ကို နိုးလှိုးခုလု



www.burmeseclassic.com

ဖြစ်ရပါသည်။

ထိုသို့ စိတ်ဝယ်ခိုးလိုးခုလုပေဒနာကို ကြိတ်မှိတ်ခံစားရင်း တစ်နှစ်ခန့်ကြာသောအခါ စာရေးသူမှာ မည်သို့မျှ စိတ်ကိုထိန်း၍ မရပါ။ ထို့ ကြောင့် ဘကြီးအား စကားခေါ်မိပါသည်။

'ဘကြီးလှက ဆေးကုတာ သိပ်တော်တာပဲနော်၊ ဘကြီးလှဆီ ရောက်တဲ့လူနာတွေဟာ ရောဂါပျောက်သွားတာပဲနော်'

'သမီးက အဘကို လာမြှောက်နေပြန်ပြီ၊ ဘာစားချင်လို့တုံး'

ရှေးလူကြီးများ၏ စကားအဆုံးတွင် 'တုံး' ဟူသော စကားကလေး ပါရှိတတ်ပါသည်။ ဤ 'တုံး' ဟူသော စကားကလေးကပင် ကရုဏာပါသည့်အသွင်ကို ဆောင်သဖြင့် စာရေးသူ မေးခွန်းမေးရန်အတွက် အားဆေးတစ်ခွက် ဖြစ်လာပါသည်။

'ဘကြီးလှရယ် သမီးက ဘာမှမစားချင်ပါဘူး၊ သိချင်တာလေးတစ်ခု ရှိလို့ပါ'

'ဘာသိချင်လို့တုံး၊ သမီးသိချင်တာဆို မေးလေ၊ အဘဖြေမှာပေါ့'

ဘကြီးလှက ဤသို့လမ်းဖွင့်ပေးလိုက်သဖြင့် စာရေးသူ





မေးရန် လွယ်ကူသွားပါသည်။ စာရေးသူတို့ငယ်စဉ်က လူကြီးမိဘများအား လွန်စွာ ရိုသေလေးစားရသည့်အတွက် တန်းတူမေးရန် မဝံ့ရဲပေ။ မိမိ၏မေးခွန်းသည် လူကြီးသူမများ၏ စိတ်တွင် မသင့်လျော်၊ ရိုင်းသည့်မေးခွန်းများ ဖြစ်သွားမည်ကို လွန်စွာ စိုးရိမ်ရပါသည်။ အထူးသဖြင့် မိခင်ကြီး၏အစ်ကို ဖြစ်နေသည့်အတွက် ပို၍ ဂရုစိုက်ရပါသည်။

'ဘကြီးလှ သမီးသိချင်လို့ မေးမယ်နော်၊ သမီးရဲ့ မေးခွန်းမှာ မယဉ်ကျေးတာပါရင် ခွင့်လွှတ်ပါနော်'

'မေးပါ သမီးရယ်၊ အဘခွင့်ပြုပါတယ်'

ထိုသို့ မိရိုးဖလာထုံးတမ်းစဉ်လာအရ တောင်းပန်ပြီးမှ ခွင့်ပြုသဖြင့် ဤမေးခွန်းကို မေးလိုက်ပါသည်။

'ဘကြီးလှဟာ လူနာတွေရောက်လာရင် ဘယ်လမှာ မွေးသလဲလို့ အရင်မေးတတ်တာတွေ့ရပါတယ်၊ လူနာတွေရဲ့ ရောဂါနဲ့ မွေးတဲ့လဟာ သက်ဆိုင်မှုရှိပါသလားဆိုတာ သမီး သိချင်လို့ပါ'

'ဆေးဆရာဆိုတာ လူနာတစ်ယောက်လာရင် လူနာရဲ့ ဇစ်မြစ်ကိုသိအောင် မေးရတယ်၊ ဒါမှ လူနာကို မှန်ကန်တဲ့ဆေး ပေးနိုင်မယ်၊ ဆေးဆရာတွေအတွက် စကားပုံတောင်ရှိသေးတယ်'

'ဘယ်လိုစကားပုံလဲ ဘကြီးလှရဲ့'



www.burmeseclassic.com

'လူနာနဲ့ဆေး တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါတဲ့'

'ဟုတ်ကဲ့ပါ၊ သမီးမှတ်သားထားပါ့မယ်'

'သမီး ခုနကမေးတဲ့မေးခွန်းကို အဘဖြေပါ့မယ်၊ အဘတို့ရဲ့ ရှေးမြန်မာရိုးရာ ဆေးကျမ်းမှာ အဆိုရှိတယ်၊ အဲဒီအဆိုကို အဘတို့ဆေး ဆရာတွေဟာ မှတ်သားထားရတယ်၊ အဲဒါကတော့ နွေလယ် မိုးလယ် ဆောင်းလယ် ဝေမှ့ ကဆုန်၊ တော်သလင်း၊ ပြာသိုတွင်းဝယ် ဆေးကုမလို ခက်တဲ့'

'အဲဒီအဓိပ္ပာယ်လေး ရှင်းပြပါဦး'

'ရှင်းပြတာပေါ့ သမီးရယ်၊ နွေလယ်ဆိုတာက နွေရဲ့အလယ်လဖြစ်တဲ့ ကဆုန်လ၊ မိုးလယ်ဆိုတာက မိုးရဲ့အလယ်လဖြစ်တဲ့ တော်သလင်းလ၊ ဆောင်းလယ်ဆိုတာက ဆောင်းရဲ့အလယ်လဖြစ်တဲ့ ပြာသိုလမှာ ရောဂါဖြစ်ရင် ကုသရန်ခက်သလို၊ အဲဒီလမှာ မွေးဖွားသူများဟာလည်း ရောဂါကပ်ရောက်ခဲ့သော် အခြားလများမှာ မွေးဖွားသူများထက် ဆေးကုသရန် ခက်ခဲတယ်လို့ ရှေးပညာရှင်ကြီးများ ရေးမှတ်ထားခဲ့တယ်'

'သြော်… သြော်'

'ဒါကြောင့်မို့ အဲဒီလမှာ မွေးတဲ့လူနာဆိုရင် ပိုပြီး ဂရုစိုက်ကုသရမှာဖြစ်တဲ့အတွက် ဘယ်လမှာမွေးသလဲလို့ အဘက မေးတာပါ'





'သြော်… ရှေးကဆေးပညာရှင်ကြီးများရဲ့ ဆိုစကားဆိုတော့ သမီးလည်း မှတ်သားထားပါမယ်'

'ကောင်းပါတယ် သမီးရယ်၊ အဘတို့ဆေးပညာသင်စဉ်က သင်ပေးတဲ့ဆရာကြီးများဟာ ဘယ်လောက်တော်သလဲဆိုရင် အပင်ကိုမြင်ရင် ရောဂါကို မြင်နိုင်ရမယ်တဲ့၊ ရောဂါကိုမြင်ရင်လည်း အပင်ကိုမြင်နိုင်ရမယ်တဲ့၊ အဓိပ္ပာယ်ကတော့ ဆေးပင်ကိုမြင်တာနဲ့ ဒီဆေးပင်ဟာ ဘယ်ရောဂါကို ပျောက်တယ်ဆိုတာ သိရမယ့်အပြင် ရောဂါကို ဆန်းစစ်ပြီးတာနဲ့ ဘယ်ဆေးပင်ကို အသုံးပြုရမယ်ဆိုတာ သိရမယ်လို့ ဆိုလိုတာပဲ'

'သြော်… သြော်'

'အဘတို့ကို ဆေးပညာသင်ပေးတဲ့ ဆရာကြီးက သိပ်ပြီး စနစ်ကျတာပဲ၊ စည်းကမ်းလည်း အင်မတန်ကြီးတယ်၊ သူ စာသင်ကြားပြီဆိုတာနဲ့ သေချာစွာမှတ်သားရတယ်၊ ပေါ့ပေါ့တန်တန် မှတ်တဲ့တပည့်တွေကို 'ဇော်ကန့်လန့်' လို့ အမည်ပေးခဲ့တယ်၊ တပည့်တွေကလည်း 'ဇော်ကန့်လန့်' လို့ အခေါ်ခံရရင် အလွန်စိတ်မကောင်းဖြစ်ကြတာပေါ့'

'ဇော်ကန့်လန့်၊ ဟုတ်လား ဘကြီးလှ'

'ဇော်ကန့်လန့်ဆိုလို့ သမီးရဲ့နားထဲမှာ အဆန်းဖြစ်နေလား'



www.burmeseclassic.com

'ဟုတ်ပါတယ် ဘကြီးလှ၊ ဇော်ကန့်လန့်ဆိုတာ သမီး တစ်ခါမှ မကြားဖူးလို့ပါ'

'အေး… အဘပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ တုံးက အဘတို့ဆေးပညာသင်တဲ့အချိန်မှာ ပုပ္ပားမှာတကယ်ပဲ 'ဇော်ကန့်လန့်' ပေါ်ပေါက်ခဲ့ဖူးတယ်'

'ဇော်ကန့်လန့်အကြောင်း သမီးသိပ်ပြီးသိချင်တာပဲ၊ ဘကြီးလှ ပြောပြပါနော်'

'ပြောပြမှာပေါ့ သမီးရယ်၊ ဒါမှလည်း နောက်လူ နောက်သားတွေ သိကြရမှာပေါ့'

ထိုသို့အစချီကာ ပုပ္ပားဘက်၌ ပေါ်ပေါက်ခဲ့ဖူးသော 'ဇော်ကန့်လန့်'အကြောင်းကို စီကာပတ်ကုံး ပြောပြခဲ့ပါသည်။ စာရေးသူငယ်စဉ်က ကြားသိရသော အကြောင်းများအနက် ယနေ့ထက်တိုင် အမှတ်တရဖြစ်နေဆဲ 'ဇော်ကန့်လန့်' အကြောင်းကို ပြန်ပြောင်းသတိရမိပါသည်။

* * * * *

ပုပ္ပားတောင်မြတ်တောင်ကလပ်…

ပုပ္ပားတောင်ကြီးသည် ယခင်ကတည်းက တည်ရှိခဲ့ သည်မဟုတ်။ သာသနာသက္ကရာဇ်(၁၀)ခုနှစ်၌ ကြီးစွာသော





မြေငလျင်ကြီးလှုပ်ရာမှ ရေပြင်အောက်ရှိ မြေစိုင်မြေခဲထုကြီးသည် စုံစုံပေါ်ထွက်လာခဲ့ချေပြီ။ ထိုမြေကြီးသည် ရေအောက်မှ ပေါ်ထွက်လာသည့်အတွက် သယံဇာတပေါကြွယ်ဝကာ မြေခံ ရေခံအလွန်ကောင်းသဖြင့် ဆေးဘက်ဝင်သစ်ပင်များ၊ ပန်းပေါင်းစုံ အပင်များ၊ ဂမုန်းပေါင်းအစုံစုံတို့ ပေါက်ရောက်ရာ နေရာဌာန ကြီးတစ်ခုဖြစ်ပါသည်။

ပုပ္ပားအရပ်ကား ရေထဲမှ စုံစုံပေါ်လာသည့်အတွက် မြွေဆိုးများ များပြားစွာ ပါလာသဖြင့် မြွေအလွန်ပေါသည့် အရပ်ဖြစ်ပါသည်။ ထိုနေရာသို့ သာမန်လူများ မသွားဝံ့သဖြင့် ထိုတောင်ကြီးအနီးသို့ မည်သူမျှမသွားရဲဘဲ လူသွားလူလာ ကျဲလှပါသည်။ သို့သော် လူသူမနီး တောကြီးမျက်မဲသဖွယ် ဖြစ်နေသော ပုပ္ပားတောင်သို့ ဘုန်းတော်ကြီးတစ်ပါး ရောက်ရှိလာ ခဲ့ပါသည်။

ဘုန်းတော်ကြီးသည် ထိုတောင်ကြီး၌ တရားကျင့်လို လှသည့်အတွက် ကျောင်းသခ်န်းဆောက်ကာ တရားဘာဝနာ များပွားများနေပါသည်။ သတ္တဝါများအပေါ် မေတ္တာထားကာ မေတ္တာသုတ်ရွတ်ဆိုခြင်း ဘာဝနာပွားများခြင်းတို့ကြောင့် ၄င်း ကျောင်း၏အနီးတဝိုက်တွင် မြွေဆိုးများ ကင်းခဲ့ ပါသည်။

တစ်နေ့သောအခါတွင် ထိုဘုန်းတော်ကြီးသည် မိမိ



www.burmeseclassic.com

ကျောင်းသင်္ခန်း၏ ပြူတင်းပေါက်မှအနီးအနားရှိ အခြား တောင်ထိပ်တစ်ခုသို့ အမှတ်တမဲ့ လှမ်း၍ကြည့်မိပါသည်။ ကြည့်ရင်း ကြည့်ရင်း အနီရောင်အဝတ်အစား ဝတ်ဆင်ထားသည့် လူတစ်ဦးကို တွေ့လိုက်ပါသည်။

'ဟင်... ဒီတောင်ထိပ်က ကျဉ်းကျဉ်းကလေးပဲ၊ အဲဒီ နေရာမှာ အနီရောင်ဝတ်ထားတဲ့လူက ဘာများလုပ်နေပါလိမ့်'

ဟူသောအတွေးဝင်သွားကာ ထိုနေရာမှ ဆက်၍ လှမ်းကြည့်လိုက် ပါသည်။

'ဒီအနီရောင် အဝတ်အစားကလည်း လူတွေဝတ်တဲ့ အဝတ်နဲ့မတူဘူး၊ ဓာတ်ထဲမှာ ဇော်ဂျီအဝတ်အစားနဲ့ တူသလိုလိုပဲ'

၄င်းတောင်နှင့် မလှမ်းမကမ်းဖြစ်နေသည့်အတွက် အနီရောင်အဝတ်အစားဝတ်ထားသူကို သဲကွဲစွာတွေ့လိုက် ရပါသည်။ ထိုတောင်ထိပ်လည်း ဘုန်းတော်ကြီး မကြာခဏ သွားရောက်ရာနေရာဖြစ်သဖြင့် ထိုတောင်ထိပ်၏ အခြေအနေကို ကောင်းစွာသိပါသည်။

ထိုတောင်ထိပ်၌ကား ညီညာပြန့်ပြူးသော ကျောက်ဖျာ ရှိသကဲ့သို့ အခြားတစ်ဖက်တွင် ကျောက်ပြင်သဖွယ် ဖြစ်နေသော ကျောက်ပြားဝိုင်းကြီး ရှိမှန်းလည်း သိပါသည်။ ထိုသို့အတွေးဖြင့် တွေးရင်း ကျောင်းသင်္ခန်းဘက်သို့ လှည့်ကာ အခြားသော အလုပ်





ကိစ္စများကို တစ်ခဏတာအချိန်မျှ ဆောင်ရွက်ခဲ့ပါသည်။ ထိုကိစ္စများဆောင်ရွက်ပြီးနောက် ထိုတောင်ထိပ်သို့ လှမ်းကြည့်ရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိဘဲ ဖြစ်နေပါသည်။

'ခုနကတွေ့တဲ့လူ ဘယ်ရောက်သွားပါလိမ့်၊ ငါ ဒီဘက် လှည့်ပြီး အလုပ်လုပ်တာလည်း တစ်ခဏလေးပါ'

ဘုန်းတော်ကြီးလည်း ဤသို့တွေးမိပါသည်။ နောက်နေ့ များ၌လည်း အဝတ်နီဝတ်လူကို မကြာခဏတွေ့မြင်ရပါသည်။ ၄င်းအမှတ်တမဲ့ ရှိချိန်တွင် ပျောက်ပျောက်သွားသည့်အတွက် မကျေနပ်ဖြစ်ရပါသည်။

ထို့ကြောင့် ထိုတောင်ပေါ်သို့ သွားရန် စိတ်ကူးခဲ့ ပါသည်။

'အင်း... ငါကိုယ်တိုင် ဒီတောင်ပေါ်ကို သွားကြည့် ဦးမှပဲ'

ထိုသို့စိတ်ကူးဖြင့် ထိုတောင်ပေါ်သို့သွားရာ တောင် အောက်တွင် နွားကျောင်းသားမောင်နီနှင့် တွေ့ရှိခဲ့ပါသည်။

'အရှင်ဘုရား... ဘယ်ကြွမလို့လဲ ဘုရား'

'ငါ ဒီတောင်ပေါ် ကြွမလို့'

'အရှင်ဘုရား ... ဒီတောင်ပေါ်ကို ကြွမလို့ဆိုရင် ဒီတောင်ရဲ့ထူးဆန်းတဲ့ အကြောင်းတစ်ခုကို လျှောက်ထားလို



www.burmeseclassic.com

ပါတယ် ဘုရား'

'လျှောက်ထားခွင့်ပြုပါတယ်'

'တပည့်တော်ဟာ နွားကျောင်းရင်း ဒီတောင်အနီးမှာ ရှိနေတာ ကြာပါပြီ၊ တစ်နေ့မှာ အနီရောင်အဝတ်အစားဝတ်ပြီး တောင်ငှေးထမ်းလာတဲ့လူတစ်ယောက်ဟာ ကောင်းကင်ခရီးနဲ့ ကောင်းကင်ကနေပြီး အဲဒီတောင်ပေါ်ကို ဆင်းလာတာ တွေ့ရပါတယ်၊ ညနေစောင်းအချိန်လောက်မှာတော့ တောင်ငှေးကိုထမ်းပြီး အဲဒီတောင်ကနေ အနောက်ဘက်ကို ပျံတက်သွားတာ နှစ်ကြိမ်လောက်မြင်ဖူးပါတယ်၊ အဲဒါဘယ်လိုအဖြစ်အပျက်မျိုးဆိုတာ တပည့်တော် သိချင်ပါတယ်ဘုရား'

'အင်း... ရှေးဆရာကြီးတွေရဲ့ ပြောစကားကတော့ ဒီတောင်မှာ ဆေးဘက်ဝင်အပင်တွေရှိလို့ ဝိဇ္ဇာ၊ ဇော်ဂျီ ၊ တပသီတွေ ဆေးကြိတ်တယ်လို့ အဆိုရှိတာပဲ၊ ဘုန်းကြီးကိုယ်တိုင်လည်း ဇော်ဂျီလိုလို ပုဂ္ဂိုလ်တစ်ယောက်ကို ဒီတောင်မှာ တွေ့လိုက်ရတယ်၊ လူလား ဇော်ဂျီလားဆိုတာ သေသေချာချာ သိချင်လို့ ဒီတောင်မှာ ခေတ္တနေမလားလို့'

'ဒါဆို တပည့်တော်လည်း လိုက်ခဲ့မယ် ဘုရား'

'ဒါကတော့ ဒကာရဲ့သဘောပေါ့၊ လိုက်မယ်ဆိုလည်း လိုက်ခဲ့ပါ'





'တင့်ပါဘုရား'

ဤသို့ဖြင့် ဘုန်းတော်ကြီးနှင့် နွားကျောင်းသားတို့ နှစ်ယောက်သည် ထိုတောင်ပေါ်၌ ခေတ္တနေထိုင်ခဲ့ကြပါသည်။ ထိုတောင်ထိပ်တွင် ကျောက်ဖျာကြီးရှိသည့်အတွက် ဘုန်းတော်ကြီးသည် ထိုကျောက်ဖျာပေါ်တွင် တရားကျင့်ကြံအားထုတ်နေပါသည်။

နွားကျောင်းသားကား ထိုတောင်ပေါ်သို့ လျှောက်ကြည့်ရာ ကျောက်ပျဉ်ကဲ့သို့ ညီညာပြန့်ပြူးနေသော ကျောက်ချပ်ကြီးကိုလည်းကောင်း၊ ဆေးကြိတ်သည့် ရှည်မျောမျော ကျောက်တုံးကြီးကိုလည်းကောင်း တွေ့ရှိရပါသည်။

'အင်း... ဒီကျောက်ချပ်ကြီးဟာ ဇော်ဂျီတွေ ဆေးကြိတ်တဲ့ကျောက်ပြင်လား မသိဘူး၊ ဒီရှည်ရှည်အတုံးကတော့ အပေါ်မှာ ဆေးကြိတ်တဲ့ကျောက်တုံးဖြစ်မလား'

ဟူသော အတွေးစိတ်ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုနေရာမှ မနီးမဝေးရှိနေသော နေရာသို့ လျှောက်ကြည့်စဉ် မျောက်အုပ်တစ်အုပ်ရောက်လာခဲ့ပါသည်။ ထိုမျောက်အုပ်သည် ကျောက်ပျဉ်ရှိရာသို့ အပြေးအလွှား ပြေးသွားသဖြင့် နွားကျောင်းသားလည်း သစ်ပင်အကွယ်တွင် ချောင်းကြည့်ခဲ့ပါသည်။

'အင်း... မျောက်တွေဘာကြောင့် ကျောက်ပျဉ်ရှိရာကို



www.burmeseclassic.com

ပြေးသွား ပါလိမ့်'

ထိုသို့တွေးရင်းကြည့်နေစဉ် မျောက်အုပ်မှာ 'ကွိကွိကွကွ' အော်ကာ ကျောက်ပျဉ်ပေါ်ရှိ စိမ်းဖန့်ဖန့် အဖတ်အဖတ်ကလေး များကို လက်ဖြင့်ကောက်စားနေပါသည်။ တစ်ခဏအကြာတွင် ထိုစိမ်းဖန့်ဖန့် အဖတ်ကလေးများကုန်သွားပါသည်။ ထို့နောက် မျောက်အုပ်တစ်သိုက်မှာ အလာတုံးကထက် ပိုမိုသွက်လက်သော အဟုန်ဖြင့် နွယ်ကြိုးများကိုဆွဲကာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ကူးရင်း ပျောက်ကွယ်သွားပါတော့သည်။

'ဟင်… မျောက်တွေကလည်း သစ်ပင်တစ်ပင်နဲ့တစ်ပင် ခုန်ကူးသွားတာများ ကောင်ကင်မှာ ပျံနေသလိုပဲ'

မျောက်အုပ်တစ်သိုက်၏ လျင်မြန်ဖြတ်လတ်ပုံကို ကြည့်ရင်း သစ်ပင်အကွယ်မှ ထွက်လာစဉ် ကောင်းကင်ယံမှ တစ်စုံတစ်ဦး ဆင်းလာသည် ကိုတွေ့လိုက်ရပါသည်။ ထိုသူမှာ အနီရောင်ခေါင်းပေါင်းကို ဆောင်းထားပြီး အနီရောင်အဝတ်အစား ကို ဝတ်ဆင်ထားပါသည်။

'ဒါဟာ ဘုန်းကြီးပြောတဲ့ ဇော်ဂျီများဖြစ်နေမလား မသိဘူး၊ ငါ့ကိုတွေ့ရင် ကိုယ်ပျောက်ရင်ပျောက်သွားမှာ၊ ဒီတော့ ငါ့ကိုမတွေ့အောင် ပုန်းပြီးကြည့်နေမှဖြစ်မယ်'

ဤသို့တွေးကာ သစ်ပင်အကွယ်တွင် ပုန်းအောင်းရင်း





ဖေဇော်ဂျီ၏လှုပ်ရှားမှုကို ကြည့်နေပါသည်။

ဤတွင် ဖေဇော်ဂျီမှာ လက်ထဲတွင်ကိုင်ဆောင်လာသည့် သစ်ဥသစ်ဖုများကို ကျောက်ပျဉ်ပေါ်သို့ တင်လိုက်ပါသည်။

သစ်သီးသစ်ဥများမှာ အချို့က စိမ်းဖန့်ဖန့်အရောင်၊ အချို့က ကျီးအာသီးကဲ့သို့ နီတျာတျာသစ်သီးများ၊ အချို့ကမူ ရွှေရောင်တောက်ပနေသော သစ်ဥများ။

ထိုအရာများနှင့်အတူ သစ်ရွက်မျိုးစုံကိုလည်း ကျောက်ပျဉ်ပေါ်သို့ တင်လိုက်ပါသည်။ ထို့နောက် ကျောက်ပျဉ်ကြီး၏အနီးရှိ ရှည်မျောမျောကျောက်တုံးအရှည်ကြီးကို ယူကာ ဆေးကြိတ်ပါတော့သည်။

ဆေးကြိတ်ပုံမှာလည်း ဟန်ပါလှပါသည်။ ဇာတ်ပွဲတွင် တွေ့ရှိရသည့် ဇော်ဂျီများ ဆေးကြိတ်သည့်နှယ် စီးချက်ကျကျ ကြိတ်နေသဖြင့် နွားကျောင်းသားကလေး မောင်နီသည်…

'ဇော်ယောင်… ဂျီယောင်… ဆေးကြိတ်တဲ့မောင်'

ဟူ၍ အချက်ကျကျ တီးတိုးရွတ်ဆိုမိပါသည်။

များမကြာမီ ဆေးကြိတ်၍ပြီးစီးသွားပါသည်။ ၎င်း ဆေးဖတ်ကလေးများမှာ နေရောင်ခြည်၌ စိမ်းဖန့်သောအရောင်တွင် ရွှေရောင် တောက်ပနေသည်ကို တွေ့လိုက်ရပါသည်။

ဖေဇော်ဂျီသည် ထိုအစိမ်းရောင် ရွှေရောင်ရောယှက်



www.burmeseclassic.com

နေသော အဖတ်များကို စုစည်းကာ အလုံးများလုံးနေပါသည်။ ဖေဖော်ဂျီ၏ လှုပ်ရှားပုံများမှာ အလွန်မြန်ဆန်လှပါသည်။ ထို ဆေးလုံးများကို တစ်လုံးပြီးတစ်လုံး ပါးစပ်ထဲသို့ ပစ်ထည့်နေစဉ် နွားကျောင်းသားကလေးမောင်နီမှာ ကုန်းကြည့်ရာမှ အရှိန်လွန်ကာ ဟပ်ထိုးလဲကျသွားပါတော့သည်။

'ဘုန်း'

ကျယ်လောင်သောအသံကြောင့်' ဖေဖော်ဂျီသည် တောင်ဝှေးကို ကောက်ကိုင်ကာ လျှင်မြန်သော အဟုန်ဖြင့် ကောင်းကင်သို့ ထိုးပျံတက် သွားပါတော့သည်။ မောင်နီလည်း လဲရာမှကုန်းထကာ ဖေဖော်ဂျီကို လိုက်ကြည့်ရာ မိုးကောင်းကင် သက်ဝယ် အနီရောင်အစက်ကလေးတစ်စက် အဖြစ်သာ တွေ့ရှိရပါတော့သည်။

'ငါ့နှယ်… ကြည့်ကောင်းမှပဲ ချော်လဲရတယ်လို့၊ ဖေဖော်ဂျီတောင် လန့်ပြေးသွားပြီ၊ နို့မဟုတ်ရင် ဘုန်းတော်ကြီးကို ပြလိုက်ပါရဲ့'

ထိုသို့တီးတိုးပြောရင်း ဆေးကျောက်ပျဉ်ရှိရာသို့ လာခဲ့ပါသည်။ ဆေးကျောက်ပျဉ်ပေါ်၌မူကား…

ဖေဖော်ဂျီမှာ လန့်ဖြန့်ကာ အလျှင်အမြန် ပျံပြေးသွား ရသဖြင့် ထိုကျောက်ပျဉ်၌ ဆေးဖတ်အချို့ [illegible]ကျန်ရစ်ခဲ့





ပါသည်။ ဤတွင် နွား ကျောင်းသားမောင်နီ၏ စိတ်ထဲတွင်…

'အင်း… ဖေဖော်ဂျီတော့ ဒီဆေးတွေစားပြီး ကောင်းကင် ကိုပျံ တက်သွားတာ၊ ငါကိုယ်တိုင်မြင်ရတယ်၊ ဒီဆေးတွေဟာ ကောင်းကင်ကိုပျံနိုင်တဲ့ ဆေးတွေဖြစ်ရမယ်၊ ဒီတော့ ဒီဆေးတွေ ကို ငါစားလိုက်ရင် ငါလည်း ဖေဖော်ဂျီလို ပျံနိုင်မှာပဲ'

'ငါစားတာက အရေးမကြီးဘူး၊ ဘုန်းကြီးသိရင် ငါ့ကိုဆူမလား မသိဘူး၊ ဒီတော့ ဘုန်းကြီးမသိအောင် ဒီဆေးတွေ စားပြီး ကောင်းကင်ကို စမ်းပျံကြည့်မှပဲ၊ ငါသာ ကောင်းကင်ကို ပျံသန်းနိုင်ရင် ဘုန်းကြီးလည်း အံ့သြမှာပဲ'

မောင်နီလည်း ကိုယ့်အတွေးဖြင့်ကိုယ် ပျော်ရွှင်စွာ ခံစားရင်း ကျောက်ပျဉ်ထက်၌ရှိသော ဆေးအချို့ကို ကောက်ယူ ကာစားလိုက်ပါတော့သည်။ ထိုဆေးများပါးစပ်ထဲဝင်သည်နှင့် မောင်နီ၏တစ်ကိုယ်လုံးမှာ ဖိန်းခနဲ ရှိန်းခနဲ ဖြစ်သွားပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရီလာပါသည်။

ထိုဆေး၏အရသာမှာလည်း ချိုသလိုလို၊ ချဉ်သလိုလို၊ ခါးသလိုလို၊ ဖန်သလိုလို ချိုချဉ်ဖန်ခါးသောအရသာ…။

ထိုထူးကဲသော အရသာနှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသကဲ့သို့ ခံစားလိုက်ရပါသည်။

'အင်း… ငါ့တစ်ကိုယ်လုံး ပေါ့ပါးသွားပြီ၊ ခုန်ချင်



www.burmeseclassic.com

သလိုလို၊ ပျံချင်သလိုလို ဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် ငါပျံသန်းနိုင်တဲ့အစွမ်းရှိမရှိ သိရအောင် အပေါ်ကို ခုန်ကြည့်မှပဲ'

ပြောပြောဆိုဆို အပေါ်သို့ ခုန်လိုက်ရာ ခန္ဓာကိုယ်မှာ ပေါ့ပါးသွားပြီး ဝါးတစ်ရိုက်ခန့် မြင့်တက်သွားပါတော့သည်။ မောင်နီလည်း မမျှော်လင့်ဘဲ မြင့်တက်သွားသည့်အတွက် လွန်စွာသဘောကျသွားကာ ကောင်းကင်သို့ ပျံသန်းရန် ထပ်မံခုန်လိုက်ပါသည်။

ဤတွင် မှန်းချက်နှင့်နှမ်းထွက်မကိုက်တော့ပေ။ အကြိမ်ကြိမ် ကြိုးစား၍ ပျံသန်းကြည့်ပါသော်လည်း ဆေးမှာအနည်းငယ်သာစားရသည့်အတွက် ဆေးအစွမ်းမှာ ဤမျှနှင့်သာ အစွမ်းကုန်သွားသဖြင့် ဆက်လက်ပျံသန်း၍မရတော့ဘဲ ဝါးတစ်ရိုက်ခန့် အကွာအဝေး၌သာ ရပ်တန့်နေပါတော့သည်။ မောင်နီမှာ အထက်သို့ ပျံသန်းမရတော့သဖြင့် အောက်သို့ ငုံ့ကြည့်ရာ မြေပြင်နှင့်အမြင့်ကြီးဖြစ်နေသဖြင့် လွန်စွာကြောက်လန့်သွားကာ...

'ဘုန်းဘုန်းရေ... လုပ်ပါဦး'

'ဘုန်းဘုန်းရေ... လုပ်ပါဦး'

ဟူ၍ အသံကုန်ဟစ်အော်လိုက်ပါသည်။

ထိုအခါ ကျောက်ဖျာထက်၌ တရားထိုင်နေသော





ဘုန်းတော်ကြီးမှာလည်း မောင်နီ၏ အလန့်တကြား အော်ဟစ်သံကိုကြားရသောအခါ တရားဖြုတ်ပြီး အသံကြားရာဆီသို့ လာခဲ့ပါသည်။

ဤတွင်အသံကြားရာနေရာသို့ မော့ကြည့်လိုက်သောအခါ ဝါးတစ်ရိုက်ခန့်အမြင့်တွင် ရောက်ရှိနေသော မောင်နီအား မြင်ရသည့်အခါ လွန်စွာအံ့သြကာ...

'ဒကာ မောင်နီ... ဘယ်လိုဖြစ်ရတာတုံး'

ဘုန်းကြီး၏ မေးခွန်းကို အကျဉ်းချုံးဖြေကာ...

'ဘုန်းဘုန်းရေ... တပည့်တော်ကို ကယ်ပါဦး'

ဟု လျှောက်တင်လိုက်ပါသည်။ ဤတွင်ဘုန်းတော်ကြီးမှာ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ အခြားသူ၏အလုပ်ကို မစူးမစမ်းဘဲလုပ်သည်ကို မကြိုက်သဖြင့် လွန်စွာစိတ်ဆိုးကာ...

'သူများယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိဆိုတာမျိုးလို ငါ့ကိုမပြောဘဲ လုပ်ချင်တာလုပ်တဲ့အကောင် အခုတော့ 'ဇော်ကန့်လန့်'ဖြစ်ပြီမဟုတ်လား'

ဤသို့ပြောရင်း အနီးရှိ ဝါးလုံးတစ်ချောင်းကို လှမ်းပေးလိုက်ပါသည်။

'ဟဲ့... ဇော်ကန့်လန့် ဝါးလုံးတွယ်ပြီး ဆင်းခဲ့'

'တင်ပါ့ဘုရား'



www.burmeseclassic.com

နွားကျောင်းသားမောင်နီလည်း ဝါးလုံးကို တွယ်ကာ အောက်သို့ ဆင်းခဲ့ရပါသည်။ ထိုအချိန်မှစ၍ မောင်နီကို ဇော်ကန့်လန့်ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ မောင်နီနှင့် ဖေဇော်ဂျီ အကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားသို့ကြားကာ အလုပ် ကောင်းစွာမလုပ်ဘဲ ယောင်ခြောက်ဆယ်သမားများကို ဇော်ကန့်လန့်ဟု ခေါ်ဆိုခဲ့ကြပါသည်။ ဤသည်မှာ ပုပ္ပါးတောင်၌ ဖြစ်ပွားခဲ့သော ထူးဆန်းသည့် ဖေဇော်ဂျီနှင့်မောင်နီတို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးကို ယနေ့ထက်တိုင်အောင် ပြောစမှတ် ပြုခဲ့ကြပါတော့သည်။

ရီရီငွေး





# ရသေ့ကြယ်စင်

လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော် အချိန်ကာလ တစ်ခု…။

မျက်လွှာအသာချ၍ အာနာပါနကမ္မဋ္ဌာန်း ဆီးဖျန်းနေသော ရသေ့ကြီးတစ်ပါး။ သူ၏အမည်မှာ 'အဂတ္တိ'။ ဤနယ်မြေမှ လူများအတွက် မေတ္တာဘာဝနာပွားများကာ ဆုတောင်းပေးသဖြင့် ထိုလူအများကလည်း ရသေ့ကြီးအား ချစ်ခင်လေးစား အားထား ကြပါသည်။ ရသေ့ကြီး၏ စေတနာမေတ္တာကြောင့် ဆွမ်းခဲဘွယ် ဘောဇဉ်ပစ္စည်းများ လှူဒါန်းသူပေါများလှပါသည်။ ထိုလှူဒါန်းသူ များသည် အကြံအစီအောင်မြင်ခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း၊ ရာထူးဌာနန္တရများ တိုးတက်ခြင်းကြောင့် ရသေ့ကြီး ဆွမ်းခံထွက်မည့်အချိန်ကို လှူဒါန်းရန် မျှော်လင့်စောင့်စားနေ ကြပါသည်။ ရသေ့ကြီးသည် တောင်ပေါ်စခန်း ကျောင်းသခ်န်း ငယ်လေးတစ်ခုဆောက်ကာ ဧကစာရီတစ်ပါးတည်း ကျင့်ကြံ နေထိုင်တော်မူပါသည်။ တစ်ပတ်လျှင် အဖိတ်နေ့တစ်နေ့သာ



www.burmeseclassic.com

မြို့ရွာများအတွင်း အလှူခံလေ့ရှိပါသည်။

အလှူခံထွက်သည့်အခါတိုင်း မေတ္တာဘာဝနာမေတ္တာ ပို့ဆုတောင်းကလေးကိုရွတ်ဆို ပူဇော်ကာ မြို့ရွာအတွင်းသို့ ကြွရောက်တော်မူပါသည်။

'အဟံ… အဝေရာ ဟောမိ၊ အဗျာပဇ္ဇောဟောမိ၊ အနီဃောဟောမိ၊ သုခိအတ္တာနံ၊ ပရိဟရာမ…။'

'သဗ္ဗေ… သတ္တာ အနီဃာဟောန္တု။'

'သဗ္ဗေ… သတ္တာ ဒုက္ခာတိ။'

'သဗ္ဗေ… ဓမ္မာ အနတ္တာတိ။'

ထိုမှတစ်ဖန် မြတ်စွာဘုရားရှင် နောက်ဆုံးဟောတော်မူသည့် အပဒ်ကလေးကို အမြဲရွတ်ဆိုပွားများတော်မူပါသည်။

'ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာဟိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ'

ရသေ့ကြီးဆွမ်းခံကြွလာသည်နှင့် မြို့သူမြို့သားများ လှုပ်လှုပ်ရွရွ ဖြစ်လာကြပါသည်။

'မေတ္တာရှင် ဘရသေ့ကြီး ကြွလာတော်မူပြီ၊ လောင်းလှူစရာဝတ္ထုများ အသင့်ပြင်ကြပါ'

ရွာဆော်များ ဤသို့နှိုးဆော်ကြပါသည်။ ထိုအဂတ္တိ ရသေ့ကြီးအား လောင်းလှူပူဇော်သူများအနက် စေတနာ သဒ္ဓါ





တရားထက်သန်လှသော ဆေးဆရာကြီး ဦးဝဏ္ဏလည်း အပါအဝင်ဖြစ်ပါသည်။ ဦးဝဏ္ဏသည် ရသေ့ကြီးအပေါ် သဒ္ဓါတရားထက်သန်ရုံမက လပြည့်လကွယ်နေ့ကြီး ရက်ကြီးများတွင် ရသေ့ကြီးနေထိုင်ရာ တောင်ပေါ်ကျောင်းသင်္ခမ်းသို့ပါ သွားရောက်လှူဒါန်းလေ့ရှိပါသည်။ မည်သို့သောအကြောင်းဆက်ရှိသည်မသိ။ တစ်ပတ်တစ်ခါ ရသေ့ကြီးဆွမ်းခံမကြွလျှင် ဆရာကြီးဝဏ္ဏစိတ်တွင်တထင့်ထင့်ဖြစ်နေရှာပါသည်။ ရသေ့ကြီးမှာမူ အနီးနယ်နယ် အရပ်ရပ်သို့ အလှူခံထွက်ရသဖြင့် ဦးဝဏ္ဏတို့မြို့သို့ ရောက်သည့်အခါရောက်ပြီး အခြားနေရာများသို့လည်း ရောက်သွားတတ်ပါသည်။ ထို့ကြောင့် ရသေ့ကြီးသည် အပတ်တိုင်း ဆွမ်းအလှူခံထွက်သည်ဟုဆိုသော်လည်း အပတ်တိုင်းရောက်ချင်သည့်အခါမှ ရောက်လာတတ်ပါသည်။ သို့သော်လည်း မြို့နယ်သူမြို့နယ်သားတို့မှာ ရသေ့ကြီးအလာကို မျှော်လင့်စောင့်စားနေကြပါသည်။ ရှင်ရသေ့ကြီးသည် သီလစင်ကြယ်သူဖြစ်ခြင်း၊ ကျင့်ကြံအားထုတ်မှုကောင်းခြင်း၊ မေတ္တာစာတ်လွှမ်းခြုံရစ်ပတ်ခြင်း တည်းဟူသော ဂုဏ်သတင်းကောင်းရှိသည့်အတွက် ရသေ့ကြီးအား ဆွမ်းလောင်းလှူသူ ပေါများလှပါသည်။

ထိုသို့ဖြင့် ရာသီအလီလီပြောင်းခဲ့လေပြီ။ တစ်ခါတစ်ရံ ရာသီဥတုဆိုးဝါးပါက ရှင်ရသေ့ကြီးသည် ဆွမ်းခံမထွက်တော့ဘဲ



www.burmeseclassic.com

သောက်ရေကိုသာ ရေဆွမ်းအဖြစ် ဘုန်းပေးတော်မူရှာပါသည်။

ဆေးဆရာကြီးဦးဝဏ္ဏသည် ဆေးကုရာတွင် ထက်မြက်သကဲ့သို့ ကောင်းကင်နက္ခတ်ကိုလည်း ကျွမ်းကျင်စွာ တွက်ချက်နိုင်ပါသည်။ တစ်နေ့သ၌ ဆေးဆရာကြီးဦးဝဏ္ဏ ကောင်းကင်နက္ခတ်ကိုကြည့်၍ တွက်ချက်ရာ ထူးခြားဆန်းကြယ်သည့်အကြောင်းတစ်ရပ်ကို တွေ့ရှိခဲ့ပါသည်။ ဤသည်မှာ မကြာမတင်သောအချိန်ကာလတစ်ခုတွင် မိုးသည်းထန်စွာရွာသွန်းအံ့။ ထိုမိုးရေသည် လူသားတို့နှင့်မလျော်ကန်ဘဲ အကျိုးပျက်စီးအံ့။ အသက်အန္တရာယ် သေစေနိုင်သည့်အထိ ဖြစ်စေအံ့ဟူသောအကြောင်းကိုတွေ့ရှိခဲ့ပါသည်။ ထိုသို့ အန္တရာယ်ရှိသော မိုးကြီးရွာသွန်းမည့်အကြောင်းကို မြို့နယ်အသီးသီး၌ရှိသော သူများနှင့်ရွာနီးချုပ်စပ်ရှိ လူအများအား ကြိုတင်သတိပေးခဲ့ပါသည်။

'မြို့နယ်သူ မြို့နယ်သားအပေါင်းတို့ မကြာမီ မိုးကြီးလေကြီးရွာလိမ့်မည်၊ ဤမိုးရေသည် 'သရဒဥတု'သို့ မရောက်မီရွာမယ့်မိုးဖြစ်သည့်အတွက် အခါမတိုင်မီရွာသောမိုးဖြစ်သည်။ ဤမိုးမရွာမီ လေထဲ၌ရှိသော မြူမှုန်များ မီးလောင်ပြာများရောဂါဖြစ်စေသည့် ပိုးမွှားများသည် ကောင်းကင်သို့ လွင့်တက်ကာ တိမ်တိုက်ထဲ၌ ပိုးကောင်ပေါက်ခြင်း၊ မသန့်ရှင်းခြင်းစသည်တို့ကြောင့် လူသားတို့အား အန္တရာယ်ပေးမည့် အရာဝတ္ထု





တို့ ကောင်းကင်၌စုဝေးနေကြသည်။ မိုးအဖြစ်ရွာချသောအခါထိုအန္တရာယ် ပိုးမွှားများနှင့် ညစ်ညမ်းသည့် ပြာမှုန်များသည်မိုးခါးရေအဖြစ်သို့ ရောက်ရှိသွားပေမည်၊ ထိုမိုးခါးရေအားသောက်သုံးမိပါက အနာရောဂါထူပြောကာ အသက်ဆုံးရှုံးခြင်းကိုဖြစ်စေလိမ့်မည်၊ ထို့ကြောင့် ဤမိုးရေကို လုံးဝ မသောက်သုံးကြပါနှင့်'

'ဆရာကြီး မသောက်ကောင်းတဲ့ မိုးခါးရေအကြောင်းပြောပြပါ'

'အိမ်း... မသောက်ကောင်းတဲ့ မိုးခါးရေအကြောင်းပြောရတာပေါ့၊ သာမန်လူတွေရဲ့ အသိမှာ တစ်နှစ်၌သုံးရာသီရှိတယ်၊ ဆရာကြီးတို့ ဆေးပညာလောကမှာ ရာသီဥတု(၆)ခုရှိတယ်၊ အဲဒါကတော့ ဝဿနဥတု၊ သရဒဥတု၊ ဟေမန္တဥတု၊သိသိရဥတု၊ ဝသန္တဥတု၊ ဂိမ္ဟဥတု'တို့ ဖြစ်သည်။ ပြာသိုလအစရှိတဲ့ မိုးမရွာသင့်တဲ့လေးလမှာ ရွာတဲ့မိုးဟာ မသန့်ရှင်းတဲ့အတွက် မသောက်ကောင်းပေဘူး၊ ဒေါသသုံးပါးကိုလည်းပျက်စေတတ်တယ်၊ အစာကိုပွစေတတ်တယ်၊ သလိပ်ကိုပျက်စေတတ်တယ်၊ လျှင်မြန်စွာ ပျံ့နှံ့တတ်တယ်၊ အစာကိုကြေခဲတတ်တယ်၊ အထူးသဖြင့် သရဒဥတုသို့မရောက်မီ အခုလို နက္ခတ်နဲ့ကြုံတဲ့အခါ ရွာတဲ့မိုးဟာ မိုးခါးရေအဖြစ် ရောက်သွားတတ်တယ်၊



www.burmeseclassic.com

ဒီမိုးရေမျိုးဟာ လုံးဝမသောက်ကောင်းတဲ့မိုးရေဖြစ်လို့ သတိဝီရိယပြည့်စုံစွာထားပြီး ရှောင်ရှားရမယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ထိုသို့ ဆရာကြီးဦးဝဏ္ဏပြောဆိုပြီး မကြာမီတွင် မိုးကြီးလေကြီး သည်းထန်စွာ ရွာသွန်းခဲ့ပါသည်။ ဆရာကြီးပြောထားသည့်အတွက် မသောက်ကောင်းသည့် မိုးခါးရေမှန်းသိသဖြင့် မည်သူမျှ မသောက်ကြပေ။

'အိုးတွေခွက်တွေထဲမှာ မိုးခါးရေမဝင်စေနဲ့ မှောက်ထားကြ'

'ရာဝင်အိုးတွေကိုလည်း သေသေချာချာပိတ်ထားကြ'

'ဒီမိုးရေကိုသောက်ဖို့မဆိုထားနဲ့ ရေတောင်ထွက်မချိုးကြနဲ့'

ထိုမြို့တစ်မြို့လုံးနှင့် ကျေးရွာများပါမကျန် မိုးခါးရေကို မသောက်သုံးရန် အချင်းချင်း သတိပေးခဲ့ကြပါသည်။ ထိုသို့ဖြင့် မိုးခါးရေရွာသည့် မိုးလည်းစဲခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်မှ မသောက်သုံးသည့်အတွက် ဘေးအန္တရာယ်ဆိုးများ မကျရောက်ခဲ့ပေ။ အားလုံးသော သူများသည် မိုးခါးရေကပ်ဆိုးမှ လွတ်မြောက်ခဲ့သည့်အတွက် ဆရာကြီးဦးဝဏ္ဏကို ကျေးဇူးတင်မဆုံးအောင် ဖြစ်ခဲ့ကြပါသည်။





'ဆရာကြီးဦးဝဏ္ဏဟာ တို့ရဲ့ ကျေးဇူးရှင်ပဲ၊ သူဟာ မအိပ်မနေဘဲ ကောင်းကင်နက္ခတ်တွေကိုကြည့်ပြီး တွက်ချက်လို့ မိုးခါးရေရွာမယ်ဆိုတာ ကြိုသိခဲ့တယ်၊ သူသာသတိမပေးရင် တို့တတွေ ဒီမိုးခါးရေကို သောက်မိပြီး တစ်မြို့လုံးတစ်ရွာလုံး ပျက်စီးကြတော့မှာပဲ'

မြို့သူမြို့သား နယ်သူနယ်သားများက အားရဝမ်းသာစွာ ကျေးဇူးတင်သောအားဖြင့် မိမိတို့စိုက်ပျိုးထားသည့် စပါးများ၊ ခဲဘွယ်ချိုချဉ်စသည့် စားသောက်ဖွယ်ရာများဖြင့် လာရောက်ကန်တော့ခဲ့ကြပါသည်။ ဤသို့ဖြင့် တစ်ပတ်ကျော်မျှ လူမစဲဘဲ ကန်တော့ခံနေရသဖြင့် ဆရာကြီးမှာမအားနိုင်အောင် ရှိနေပါသည်။

ထိုသို့ကန်တော့ခံပစ္စည်းအမြောက်အများ စုပုံနေသည်ကို တွေ့ရသောအခါ ရှင်ရသေ့ကြီးကို သတိရလာခဲ့ပါသည်။

'ရှင်ရသေ့ကြီးကြွလာရင် သိပ်ကောင်းမှာပဲ၊ ဒီတစ်ခါ အလှူပါယ် လှူရမယ်'

'ငါသာရှင်ရသေ့ကြီးကို တမ်းတနေတာ၊ ရှင်ရသေ့ကြီး ကြွမလာတာတောင် အတော်ကြာပြီ'

'ဒီမိုးခါးရေမရွာခင်ကတည်းက ရှင်ရသေ့ကြီး ကြွမလာတာ၊ ဘာကြောင့် ဒီလောက်ကြာနေပါလိမ့်၊ မိုးခါးရေရွာမယ့်



www.burmeseclassic.com

အကြောင်းကိုလည်း ရှင်ရသေ့ကြီးကို မလျှောက်မိဘူး၊ ဘုရား… ဘုရား… ရှင်ရသေ့ကြီး အဓိဋ္ဌာန်ဝင်ရင်း ရေဆွမ်းဘုန်းပေးတဲ့ အခါ ဒီမိုးခါးရေကိုများ ဘုန်းပေးမိသလား'

'ရှင်ရသေ့ကြီး ကြွမလာတာ အကြောင်းထူးရှိမယ်၊ တပည့်တွေခေါ်ပြီး တောင်ပေါ်သွားကြည့်ဦးမှ'

ဆရာကြီးဦးဝဏ္ဏသည် ရသေ့ကြီးကြွရောက်မလာသည့် အတွက် အမျိုးမျိုးတွေးတောကာ ပူပင်နေမိသည်။ တစ်ရက် နှစ်ရက်စောင့်ကြည့်သော်လည်း ရသေ့ကြီးပေါ်မလာသည့်အတွက် တပည့်နှစ်ဦးနှင့်အတူ တောင်ပေါ်ရှိ ကျောင်းသခ်န်းသို့ သွားရောက်ခဲ့ပါသည်။

ကျောင်းသခ်န်းသို့ရောက်သောအခါ ရှင်ရသေ့ကြီးမှာ **အရှေ့**အရပ်သို့ ခေါင်းပြုကာ လဲလျောင်းနေသည်ကို တွေ့လိုက်ရ **သဖြင့်** ဆရာကြီး ဦးဝဏ္ဏရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပါ **တော့သည်**။ ထို့ကြောင့် အပြေးကလေး ကျောင်းသခ်န်းပေါ်သို့ **တက်ကာ** ရှင်ရသေ့ကြီးအား ကြည့်လိုက်စဉ် ပြင်းပြသော ဝေဒ**နာခံစား**နေသည်ကို တွေ့လိုက်ရပါသည်။

'ရှင်ရသေ့ကြီးဘုရား… ဘယ်လိုဖြစ်တာလဲ'

'ဒကာကြီး… ဝေဒနာဆိုးနှိပ်စက်တဲ့အတွက် ကျုပ်ရင်မှာ တုန်ရီ မောဟိုက်လွန်းလှပါတယ်'





ဆရာကြီးသည် ရသေ့ကြီး၏လက်ကောက်ဝတ်ကို ကိုင်ကာ သွေးစမ်းလိုက်ပါသည်။ သွေးခုံနှုန်းတို့ မမှန် ဖောက်လွဲဖောက်ပြန် ဖြစ်နေချေပြီ။ လူကိုသေစေတတ်သည့် ပိုးမွှားအန္တရာယ်နှင့် ရင်ဆိုင်တွေ့နေမှန်း သိလိုက်ရပါပြီ။

'ရှင်ရသေ့ကြီးဘုရား… ဘာမှားစားမိပါသလဲ'

'ဟိုတလောက မိုးကြီးလေကြီးကျတဲ့အတွက် ကျုပ် ဘယ်အရပ်ကိုမှ မကြွနိုင်ဘူး၊ ဒါကြောင့် အဲဒီမိုးရေကိုခံပြီး ရေဆွမ်းဘုန်းပေးမိတယ်'

'မှားကုန်ပြီ ရှင်ရသေ့ကြီး၊ အဲဒီရေဟာ ရိုးရိုးရေ မဟုတ်ပါဘူး ဘုရား၊ သရဒဥတု အခါမတိုင်မီရွာသွန်းတဲ့ မိုးခါး ရေများဖြစ်ပါတယ် ဘုရား၊ ဒီရေကိုသောက်သုံးမိပါက သည် ရေထဲမှာပါတဲ့ ဖုန်မှုန့်၊ မီးလောင်ပြာ၊ ပိုးမွှားဥများကြောင့် သောက်သုံးသူ၏ ခန္ဓာကိုယ်တွင် ရောဂါဖြစ်ပွားစေပါတယ် ဘုရား၊ မိုးရေကိုသောက်သုံးမယ်ဆိုရင် သရဒဥတုရောက်မှ သောက်ရပါတယ် ဘုရား'

'အိမ်း… တကာကြီး ကျုပ်သောက်မိလို့ လူ့ပြည်မှာ ကြာကြာ မနေရတော့ဘူး'

'ရှင်ရသေ့ကြီး စိတ်မလျှော့ပါနဲ့ ဘုရား၊ တပည့်တော် ကုသပေးပါမယ် ဘုရား'



www.burmeseclassic.com

'တကာကြီး ကျုပ်ရောဂါဟာ လွန်နေပြီ၊ အသက်ကိုတောင် အနိုင်နိုင် ရှူနေတယ်၊ မကုပါနဲ့တော့၊ ကံတရားအတိုင်းသာ ထားလိုက်ပါတော့'

'ရှင်ရသေ့ကြီးဘုရား တပည့်တော်ကို ကုခွင့်ပေးပါဘုရား'

'တကာကြီးရဲ့ စေတနာကို ကျုပ်သိပါတယ်၊ ဒါပေမဲ့ ကျုပ်ကိုယ်ကျုပ် သိပါပြီ၊ ဒီတောင်က ကျော်နိုင်တော့မယ် မထင်ဘူး၊ ကျုပ် တစ်ခုပြောမယ် နားထောင်ပါ၊ ကျုပ်မှာ အချိန် သိပ်မရှိတော့ဘူး'

'ပြောပါ ရှင်ရသေ့ကြီး၊ နားထောင်ပါမယ်'

'ကျုပ်ဟာ မိုးရေဆိုရင် ဘယ်အချိန်ရှာရှာ သောက်ကောင်းတယ်လို့ ထင်မိတယ်၊ သရဒဥတုရောက်မှ သောက်ရမယ်ဆိုတာမသိလို့ သောက်ခဲ့မိတယ်၊ နောင်လာနောင်သားတွေ ကျုပ်လို မဖြစ်ရအောင် ကျုပ်တောင်းဆုတစ်ခု ပြုမယ်၊ နားထောင်ပါ'

'တင်ပါ့ဘုရား'

'ကျွန်ုပ်သည် လူသစ္စများအား ရင်ဝယ်သားကဲ့သို့ မေတ္တာထားသည့်အလျောက် ကျွန်ုပ်ကဲ့သို့ မိုးရေသောက်သုံးခြင်း မမှားရလေအောင် လူသားတွေကို သတိပေးနိုင်တဲ့ 'ကြယ်စင်'





တစ်ခုဖြစ်ပါစေ၊ ထိုကြယ်စင်သည်လည်း သရဒဥတုရောက်မှ ကောင်းကင်၌ ပေါ်ပါစေ၊ ကျွန်ုပ် ကြယ်စင်ထွန်းလင်းပြီးနောက် ရွာသွန်းတဲ့မိုးရေကို သောက်သုံးပါက အသက်ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာချမ်းသာကြပါစေ'

ရှင်ရသေ့ကြီးအသံမှာ တဖြည်းဖြည်း တိမ်ဝင်လာပါသည်။ ရှင်ရသေ့ကြီးသည် လက်နှစ်ဖက်ကို လက်အုပ်ချီကာ ဘုရားကို အာရုံပြုရင်း အသက်ဝိညာဉ်လွင့်ကြွေ သွားခဲ့ရပါတော့သည်။

'ဖြစ်မှဖြစ်ရလေ ရှင်ရသေ့ကြီးရယ်၊ မိုးခါးရေ သောက်မိလို့ အသက်ဆုံးရှုံးကာနီးမှာတောင် တိုင်းသူပြည်သားတွေအတွက် အန္တရာယ်ကင်းစေဖို့ ကြယ်စင်တစ်ပွင့်ဖြစ်ရစေဆိုတဲ့ ဆုကိုတောင်းရှာတယ်၊ တကယ့် မေတ္တာရှင်အစစ်ပါပဲ'

ဆရာကြီးဦးဝဏ္ဏတို့အုပ်စုသည် ရှင်ရသေ့ကြီး၏ ဖြစ်အင်ကိုကြည့်ကာ လွန်စွာယူကျုံးမရဖြစ်ရတော့သည်။ တကယ့် စာနည်တစ်ပါးပေပဲ။ တိုင်းသူပြည်သားများ၏ အသက် အန္တရာယ်လုံခြုံစေရန် လမ်းပြကြယ်စင်အဖြစ် ဆုချွေရစ်ခဲ့လေပြီ။ ၎င်းသောနှလုံးကို ရင်မှာပိုက်ကာ ရှင်ရသေ့ကြီး၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပါသည်။ တိုင်းသူပြည်သားများကလည်း ရှင်ရသေ့ကြီး၏ဖြစ်အင်နှင့် မေတ္တာတရားတို့



www.burmeseclassic.com

လွှမ်းခြုံသော တောင်းဆုတစ်ခုကို ပြုခဲ့သည့် ရှင်ရသေ့ကြီးကို အထူးအောက်မေ့သတိရ လျက်ရှိပါသည်။

'မေတ္တာရှင် ရှင်ရသေ့ကြီးရဲ့ ဆုတောင်းပြည့်မှာပါ'

'ညတိုင်း ညတိုင်း တို့ကောင်းကင်ကို မျှော်ကြည့်ကြမယ်'

'ရသေ့ကြယ်စင် ထွက်မယ့်အချိန်ကို တို့ကြိုဆိုကြရအောင်'

တိုင်းသူပြည်သားများသည် ရှင်ရသေ့ကြီးအား ချစ်ခင်လေးစားသည့်အလျောက် တစ်ယောက်တစ်မျိုး ပြောဆိုခဲ့ကြပါသည်။ ဆရာကြီး ဦးဝဏ္ဏ၏စိတ်အစဉ်တွင် ရှင်ရသေ့ကြီး၏ တောင်းဆုကို ကြားယောင်မိရင်း ညစဉ်ညတိုင်း မိုးကောင်းကင်သို့ မျှော်၍ကြည့်ခဲ့မိပါသည်။ ဆရာကြီး ဦးဝဏ္ဏနှင့်အတူ တိုင်းသူပြည်သားများကလည်း ရသေ့ကြယ်စင်ပေါ်လာမည့်အချိန်ကို မျှော်လင့်စောင့်စားကာ ညစဉ်ညတိုင်း ကောင်းကင်သို့ မျှော်၍ကြည့်နေကြပါသည်။

ကာလစနှင့်ရက်မှလသို့ ကူးပြောင်းကာ သရဒဥတုသို့ ဝင်ရောက်ခဲ့လေပြီ။ ထိုနေ့ညတွင် ဆရာကြီးနှင့်တကွ မြို့သူမြို့သားကျေးရွာသူ ကျေးရွာသားများသည် မိုးကောင်းကင်ကြီးအား မျှော်ကြည့်နေစဉ် သန်းခေါင်အကျော် ညဉ့်တစ်ချက်တီးကျော်ခန့်တွင် မိုးကောင်းကင်ကြီး၌ ဝင်းလက်တောက်ပြောင်သော





ကြယ်စင်တစ်လုံး ပေါ်ထွက်လာခဲ့လေပြီ။

'ဟော... မိုးကောင်းကင်မှာ ရသေ့ကြယ်စင်ပေါ်ထွက်လာပြီ'

'ရှင်ရသေ့ကြီးရဲ့ ဆုတောင်းပြည့်ပြီ၊ ကြယ်စင်တစ်လုံးထွန်းလင်းပြီ'

'ရှင်ရသေ့ကြီးရဲ့အမည်ကို မှည့်ခေါ်ရအောင်၊ သည်ကြယ်စင်ကို 'အဂတ္တိကြယ်'လို့ အမည်ပေးရမယ်'

'ဒါကိုအာဂါတိတာရာလို့ခေါ်တယ်'

'ဒီကြယ်ကလေးကို ဖျောက်ဆိပ်ကြယ်လို့ခေါ်တယ်'

ထိုသို့တစ်ယောက်တစ်ပေါက်ပြောဆိုနေစဉ် မိုးကောင်းကင်မှ မိုးသည်းထန်စွာ ရွာသွန်းလိုက်ပါတော့သည်။ ထိုစဉ် ဆရာကြီးဦးဝဏ္ဏက...

'အဂတ္တိကြယ်မိုးရွာပြီဟော့၊ အဂတ္တိကြယ်မိုးရွာပြီ'

အဂတ္တိကြယ်ကိုကြည့်လိုက်သောအခါ မေထုန်ရာသီနောက်ဆုံး အသာဖြစ်သော 'ဗာဟိရဝိထိပြင်စွန်း'မှ တောင်ဘက်သုံးဆယ့်သုံး အံသာတွင် တည်နေပါသည်။ ထိုကြယ်သည် ကန်ရာသီသို့ တနင်္ဂနွေဂြိုဟ် ရောက်ကာနီးသုံးအံသာဖြစ်သည့် သိဟ်ရာသီအဆုံး နှစ်ဆယ့်ခုနစ်အံသာသို့ တနင်္ဂနွေရောက်သောရက်၏ ညဉ့်သန်းခေါင်ကျော်အချိန့်တွင် အရှေ့ လောကဓာတ်မှစ၍ ထွက်ပေါ်လာခဲ့လေပြီ။ ထိုမိုးသည် မေတ္တာဓာတ် အပြည့်လွှမ်းခြုံထားသည့်မိုးဖြစ်သည့်အတွက် အားလုံးကို ကောင်းကျိုး ချမ်းသာ



www.burmeseclassic.com

ဖြစ်စေပါသည်။

(မျတ်ချက်။ ။ ထိုကြယ်စင်နှင့်ပတ်သက်၍ 'ဒမ္မဂုဏပကာသ' ဆေးကျမ်းတွင် အောက်ပါဂါထာတော် အကြောင်း ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်)

**'အဂတ္တိကြယ်မိုးဂါထာတော်'**

**အပဌွေ ဘာကရေ ကညံ၊**

**သတိဘာဂေ တိဘိဒိနေ။**

**အဂ္ဃံ ဒစ္စာ အဂတ္တိဿ၊**

**ယေ ဝဿန္တိ အဟောဒယေ။**

**အနက်**

ဘာကရေ၊ တနင်္ဂနွေဂြိုဟ်သည်၊ ကညံကန်ရာသီသို့ အပဌွေ မရောမီ၊ သတိဘာဂေ သုံးအံသာ၌၊ တိဘိဒိနေ သုံးရက်၌ ဥဒယေ၊ အဂတ္တိကြယ်ထွက်သည်ရှိသော် အဂတ္တိဿ၊ အဂတ္တိရသေ့အား အဂ္ဃံ ပူဇော် ဘွယ်ကို ဒစ္စာ ပေးအပ်ကုန်၏။ မဟာကြီးစွာသော၊ ယေ အကြင်မိုးယံ တို့သည်၊ ဝဿန္တိ ရွာကုန်၏။ တေထိုမိုးယံတို့သည် သုခံ ချမ်းသာကို ဒေန္တိ ပေးတတ်ကုန်၏။

ထို့အပြင် ရာဇမတ္တဏ်ကျမ်း၌ အဂတ္တိကြယ် ထွက်သော နေ့၌ အဂတ္တိရသေ့ကိုပူဇော်လျှင် ချမ်းသာခြင်းကို ပေးတတ်၏။ အဂတ္တိကြယ် ထွက်သောအခါ ရွားသည့်မိုးသည် လေငြိမ်သက်စွာ ရွာသွန်းသဖြင့် လောကဓာတ်တစ်ခုလုံးကို ပျံ့နှံ့စွာရွာစေတတ်၏။





ကောင်းကင်၌ မြူမှုန်စသည့် အညစ်အကြေးများ ကင်းရှင်း သောကြောင့် ဤမိုးရေသည် သန့်ရှင်းစင်ကြယ်၏။ ထိုမိုးရွာလျှင် မြတ်စွာဘုရားရှင်သည် ရေချိုးတော်မူတတ်ကြောင်း ဖတ်ရှုလေ့လာ ရပါသည်။

အဂတ္တိကြယ်ထွက်သောရက်ကို မြန်မာတို့က 'ဖျောက်ဆိပ်မွန်းတည့်ရက်' ဟု ခေါ်ကြပါသည်။ ဖျောက်ဆိပ်ကြယ်ကို ကြတ္တိကာနက္ခတ် ဟူ၍လည်း ခေါ်ကြပါသည်။ ထို့ကြောင့် အဂတ္တိကြယ်ကို အာဏာတာရာဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤကြယ်စင်ကိုတောင်အရပ်၌ တွေ့နိုင်ပါသည်။ ထိုအချိန်မှစ၍ ဤရသေ့ကြယ်စင်သည် ယနေ့ထက်တိုင် သရဒဥတုတွင် ထွက်သည်ကို မြင်တွေ့ရပေမည်။

ဤရသေ့ကြယ်စင်ကလေးသည် အဂတ္တိမည်သော ရှင်ရသေ့ကြီး၏ မေတ္တာတရား မည်မျှကြီးမားကြောင်းကို ပြသသည့်ပြယုဂ်တစ်ခုအဖြစ် နောင်လာနောင်သား နှောင်းလူတို့အတွက် ကောင်းကင်အဇာဋ္ဌာပြင်တွင် ကမ္ပည်းတင်၍ ထင်ကျန်ရစ်ခဲ့လေပြီ။ မိမိကဲ့သို့သော အဖြစ်ဆိုးနှင့်မကြုံတွေ့ရလေအောင် လမ်းပြကြယ်အဖြစ် ထွန်းလင်းခဲ့ပါသည်။

ဤရသေ့ကြယ်စင်ကလေးကို မြင်တွေ့ရသောအချိန်၏ နောက်ပိုင်းတွင် ရွာသွန်းသောမိုးရေတို့ကို သောက်သုံးပါက အန္တရာယ်ကင်းကြောင်း ကျေးဇူးတုံ့ပြန်သည့်အနေနှင့် ပူဇော်သူများကိုလည်း ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ



www.burmeseclassic.com

ပို့ခဲ့ပါသည်။

ရှင်ရသေ့ကြီး၏ အထူးထူးသော ကျေးဇူးကိုနှောင်းလူတို့ သိစေခြင်းမှာ 'ရသေ့ကြယ်စင်' ကလေးသည် ရွှန်းပစွာ လင်းလက် လျက်ရှိပါသည်။ အဂတ္တိကြယ်စင်ဟူ၍လည်းကောင်း၊ အာဏီတာရာ ဟူ၍လည်းကောင်း၊ ကြိတ္တိကာနက္ခတ်ဟူ၍ လည်းကောင်း အမည်နာမ အမျိုးမျိုးကွဲပြားသော်လည်း မေတ္တာတရားတို့ဖြင့် ကောင်းကင်ထက်မှ ဖြန့်ဝေနေသော 'ရသေ့ကြယ်စင်' ကလေးမှာမူ ဤကမ္ဘာကြီးတည်ရှိသည့်တိုင် လမ်းပြကြယ်အဖြစ် လင်းလက်နေပေဦးမည်။ ကျွန်ုပ်တို့၏ ကျေးဇူးရှင် အဂတ္တိကြယ်စင် (သို့မဟုတ်) ရသေ့ကြယ်စင်၏ ရောင်ခြည်နှင့်အတူ အေးမြရွှင်လန်းစေသည့် မေတ္တာတရားများကို ခံယူရင်းကြည်နူးရသောပီတိများဖြင့် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်က အဖြစ်အပျက်တစ်ခုကို တင်ပြလိုက်ရပါသည်။

ရီရီငွေး

ကျမ်းကိုး - ဥတုဘောဇနကျမ်း
- ဒဗ္ဗဂုဏပကာသဆေးကျမ်း
- ရာဇမတ္တဏ်ကျမ်း





# ထူးဆန်းသော ရွှေတောက်တဲ့ကြီး

လောကကြီးတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မျိုးမျိုးစုံရောပြွန်းနေသည်ကို ကျွန်တော်တို့ ကနဦးကမသိပါ။ သိရန်လည်းအကြောင်း ကံဖန်လာခဲ့ခြင်းမရှိချေ။ ကျွန်တော်တို့အုပ်စုသည် တက္ကသိုလ်ဝင်တန်း အောင်ပြီးနောက် သန်လျင်မြို့ရှိ ဂျီတီစီဟုခေါ်သည့် နည်းပညာကောလိပ်တွင် အင်ဂျင်နီယာ(မြို့ပြ) ဘာသာရပ်ဖြင့် တက်ရောက်သင်ကြားခဲ့ပါသည်။

ဤတွင် သန်လျင်သားကျော်စိုးနှင့် မောင်ခိုင်၊ ကံဘဲ့သားသူရကျော်၊ အင်းစိန်သား သက်လွင်ဦး၊ တိုက်ကြီးသားမြင့်မိုးအောင်၊ စမ်းချောင်းသား ကျွန်တော် ရန်မျိုးအောင်နှင့် ရှားရှားပါးပါး ရှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်မြို့မှ ကျောင်းလာတက်သည့် ရှမ်းတိုင်းရင်းသား စိုင်းဆန်တစ်လည်း ကျွန်တော်တို့အုပ်စုတွင် ပါဝင်ပါသည်။ ထူးထူးခြားခြားပါလာသည့် ရှမ်းတိုင်းရင်းသား စိုင်းဆန်တစ်သည် တောင်ကြီးနည်းပညာကော်လိပ်တွင် ပထမနှစ်အောင်မြင်ပြီးနောက် ဦးလေးတော်သူရှိရာ



www.burmeseclassic.com

သန်လျင်သို့ ပြောင်းလာသဖြင့် သန်လျင်တွင် ဒုတိယနှစ်မှ စတင်တက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အုပ်စုသည် ဒုတိယနှစ်အောင်မြင်ပြီးနောက် နောက်ဆုံးနှစ်စာမေးပွဲအတွက် အပြင်းအထန်ကြိုးစားခဲ့ရပါသည်။ သည့်အတွက် မည်သည့်အရာကိုမျှ စိတ်မဝင်စားနိုင်ပါ။ ထိုသို့ ကြိုးစားရင်း နောက်ဆုံးနှစ်စာမေးပွဲကို ကောင်းစွာအောင်မြင်ခဲ့ပါသည်။

စာမေးပွဲပြီးမှ တစ်ဒုက္ခ။ အလုပ်ရရန်အရေး ဟိုပြေးသည်ပြေးလျှောက်လွှာတင်ကြသည်။ ကျွန်တော်တို့အုပ်စုကလည်း ခုနစ်ယောက်စလုံး အလုပ်တစ်နေရာတည်း၌ လုပ်လိုကြသည်။ သည့်အတွက် အဆင်မပြေပါ။

ဤတွင် စိုင်းဆန်တစ်မှ သတင်းတစ်ခုယူဆောင်လာခဲ့သည်။

'ရှမ်းပြည်အရှေ့ဘက်ပိုင်း လမ်းတံတားစီမံကိန်းအတွက် အင်ဂျင်နီယာ၊ အတော်များများ လိုနေတယ်လို့ သတင်းရတယ်၊ တို့တစ်တွေ လျှောက်ကြမလား'

စိုင်းဆန်တစ်က အားတက်သရောပြောလိုက်သည်။ ဤတွင် မြင့် မိုးအောင်မှ…

'ရှမ်းပြည်အရှေ့ပိုင်းဆိုရင် အဝေးကြီးပဲ၊ မြန်မာပြည်





မြေပုံရဲ့ အစွန်းကလေးနားရောက်နေပြီ' ဟု ပြောလိုက်ပါသည်။

သူ့ရကျော်မှ စဉ်းစားပြီး…

'သူငယ်ချင်းတို့ လမ်းတံတားစီမံကိန်းမှာ အင်ဂျင်နီယာ အတော်များများလိုရင် တို့အုပ်စုအားလုံး အတူတူအလုပ်ရနိုင်တယ်၊ နောက်ပြီး ရှမ်းအရှေ့ဆိုတော့ ရောက်ဖို့ခဲယဉ်းတယ်၊ ဗဟုသုတလည်း ရတာပေါ့၊ လျှောက်ကြည့်ရင် မကောင်းဘူးလား' ဟု ပြန်ပြောလိုက်ပါသည်။ စိုင်းဆန်တစ်ကလည်း…

'သူငယ်ချင်းတို့ ဒီနေရာဟာ ငါ့ရဲ့မွေးဌာနေဆိုတော့ အစစတာဝန်ယူနိုင်ပါတယ်ကွာ'

'အေး… ဒါလည်း ဟုတ်တာပဲ'

ထိုအခါ ကျွန်တော်မှ

'မင်းတို့က ငြင်းခုံနေကြသေးတယ်၊ အလုပ်ကပဲ ရပါစေဦး'

'အေးကွာ၊ ဒါဆို ဘာမှပြောမနေနဲ့၊ လျှောက်ကြစို့'

ကျွန်တော်တို့အုပ်စုသည် မိဘများနှင့်တိုင်ပင်ပြီး ရှမ်းပြည့်အရှေ့ ပိုင်း၌ လစ်လပ်သော အင်ဂျင်နီယာရာထူးအတွက် လျှောက်ထားခဲ့ပါသည်။ အလုပ်စောင့်ရင်း တစ်လကျော်ကြာသည့်တိုင် မည်သည့်အကြောင်းကြားစာမျှ မရောက်သေး။

သည်နေ့ တနင်္ဂနွေနေ့တွင် စမ်းချောင်းရှိ ကျွန်တော့်အိမ်သို့ သူငယ်ချင်းခြောက်ယောက် ရောက်လာကြသည်။



www.burmeseclassic.com

ရောက်လာသည့်အကြောင်းရင်းမှာ အလုပ်အတွက် ပြန်ကြားစာအား ကျွန်တော့်လိပ်စာဖြင့် ပေးထားသဖြင့် လာရောက်မေးရင်းအလည်လာခဲ့ခြင်းဖြစ်ပါသည်။

ထုံးစံအတိုင်း ကျွန်တော့်သူငယ်ချင်းများကို အမေကထမင်းကျွေးပြီး ကော်ဖီတိုက်သည်။ အမေသည် ဘုရားတ[illegible]လွန်စွာကြည်ညိုသူပီပီ

'သားတို့ ဒီအတိုင်းနေမယ့်အစား ရွှေတိဂုံဘုရားသွားပြီး အလုပ်အတွက် ဆုတောင်းကြပါလား'

ဟုပြောရာ အားလုံးကလည်း အပြင်ထွက်ချင်နေသူများဖြစ်၍

'အန်တီပြောတာ ကောင်းတယ်၊ တို့ဘုရားသွားပြီး ဆုတောင်းကြစို့'

'အေး··· ကောင်းတယ်'

အားလုံး၏ သဘောတူညီချက်အရ ရွှေတိဂုံဘုရားသို့ သွားခဲ့ကြပါသည်။ ရွှေတိဂုံစေတီတော်သည် စမ်းချောင်းနှင့် မဝေးလှသဖြင့် ကားစီးသွားရာ ဆယ်မိနစ်ခန့်အကြာတွင် စေတီတော်သို့ ရောက်ရှိခဲ့ပါသည်။

စေတီတော်၏ ရင်ပြင်ထက်၌ ရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုစိတ်အပြည့်ဖြင့် ဖူးမျှော်ပြီး အလုပ်ရရန် ဆုတောင်းခဲ့ပါသည်။ ထို့နောက် ရွှေတိဂုံဘုရားကြီးအား တစ်ပတ်ပတ်





ဖူးမျှော်ပြီးနောက် ရာဟုဒေါင့်ရှိ တန်ဆောင်းတွင် ခေတ္တအပန်းဖြေရင်း ထိုင်နေခဲ့ပါသည်။

ထိုစဉ် ယောဂီဝတ်စုံဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ဦးလည်း ရင်ပြင်ဆီမှ တန်ဆောင်းရှိရာသို့ လာရောက်ခဲ့ပါသည်။ ထိုအဘိုးကြီးသည် ဘုရားရှိခိုးပြီးနောက် ပုတီးစိတ်နေပါသည်။ ကျွန်တော်တို့အုပ်စုလည်း အလုပ်အကြောင်း ရုပ်ရှင်အကြောင်းစသည်ဖြင့် ရောက်တတ်ရာရာပြောနေကြပါသည်။

အတန်ကြာသောအခါ ထိုယောဂီအဘိုးကြီးသည် စိတ်ပုတီးစိတ်ခြင်းပြီးဆုံးပြီးနောက် ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်ကာ စကားစတင် ပြောခဲ့ပါသည်။

'သားတို့က ဘုရားလာဖူးတာလား'

'ဟုတ်ပါတယ်၊ ဘုရားလည်းဖူးရင်း အလုပ်အတွက်လည်း ဆုတောင်းရင်းပါ အဘိုး'

ထိုသို့ အစချီကာ ရှမ်းအရှေ့တွင် အလုပ်လျှောက်ထားသည့်အကြောင်းကိုပါ ပြောပြခဲ့ပါသည်။

'ရွှေတိဂုံစေတီတော်ဟာ အလွန်တန်ခိုးကြီးတဲ့ စေတီတော်ဖြစ်တယ်၊ သားတို့စေတီတော်ကို ရှိခိုးပြီးပြီလား'

'ရှိခိုးပြီးပါပြီ အဘိုး'

'အေး··· ဒါဆို အခုရာဟုထောင့်မှာရှိတဲ့ အောင်မြေကိုနင်းပြီး ဆုတောင်းကြ၊ လာ··· လာ··· အဘိုးလိုက်ပို့မယ်'



www.burmeseclassic.com

ယောဂီဝတ် အဘိုး၏ဦးဆောင်မှုဖြင့် ရာဟုထောင့်ရှိ အောင်မြေကို နင်းပြီးနောက် ထိုနေရာတွင် ထိုင်ခိုင်းသည့်အတွက် ထိုင်လိုက်ပါသည်။

'သားတို့ ရွှေတိဂုံစေတီတော်ရဲ့ ဖောင်းရစ်အောက်မှာရှိတဲ့ နေရာမှာ အချွန်းပုံသဏ္ဌာန်တွေ့လား'

'တွေ့ပါတယ် ဘုရား'

'အဲဒီပုံသဏ္ဌာန်ထဲမှာ အခုရာဟုထောင့်မှာရှိတဲ့ အချွန်းဟာ ပိုပြီး ရှည်တယ်၊ သေသေချာချာကြည့်ရင် အဲဒီအချွန်းရဲ့အောက်မှာ လေးထောင့် အကွက်ငယ်ရှိတယ်၊ အဲဒီထဲမှာ စ.ခ.ဗ.ဝ ဆိုတဲ့ အက္ခရာရေးထားတယ်၊ အဲဒါကို မှန်းပြီး ရှိခိုးပါ၊ လိုရာဆု တောင်းပါ၊ ဆုတောင်းပြည့်တယ်'

'ဟုတ်ကဲ့ အဘိုး'

ကျွန်တော်တို့မှာ အလုပ်ရချင်ဇောကပ်နေသူပီပီ အဘိုးပြ သော နေရာအား မှန်း၍ကန်တော့ပြီးနောက်...

'အလုပ်ခန့်စာ အမြန်ဆုံးရရှိပါစေ'

အားလုံးသည်လိုတောင်းခဲ့ကြပါသည်။

'က`... ပတ္တမြားမျက်ရှင်ဘုရားကို လိုက်ပို့မယ်'

ထိုသို့ပြောပြီး တာဝန်ရှိသူများအား ကျွန်တော်တို့အတွက် ပြောပေးပြီး ပတ္တမြားမျက်ရှင်ရှိရာ အထက်ပစ္စယံ အရှေ့ဘက်သို့ သွားရောက်ခဲ့ပါသည်။





အလွန်သယ္ပာယ်လှသည့် ပတ္တမြားမျက်ရှင်ဘုရားကို ဖူးမျှော်ပြီး အလုပ်အမြန်ရရှိရေး ဆုတောင်းခဲ့ပါသည်။

'ဒီ ဘုရားကို အမျိုးသားများသာ တက်ခွင့်ရှိတယ်၊ အမျိုးသမီးတွေ မတက်ရဘူး၊ ဒီဘုရားဟာ အလွန်ဆုတောင်းပြည့် တယ်၊ ရှေးကမင်းသားများဟာ ဘုရင်ဖြစ်ချင်လို့ ဒီဘုရားမှာ လာပြီး ဆုတောင်းကြသည်၊ သစ္စာအဓိဋ္ဌာန်ပြုကြတယ်၊ ပြုလုပ်တဲ့ အတိုင်း အောင်မြင်ကြတယ်၊ အချင်းချင်း သတ်ဖြတ်ပြီး နန်းရပ် ထီးဖြူကို လုယူကြတဲ့အထိ ဖြစ်လာတယ်၊ အဲဒီအခါမှာ မင်းညီ မင်းသားအချင်းချင်း မသတ်ဖြတ်ရေး ကြီးစဉ်ငယ်လိုက် မင်းလုပ် စေရေးအတွက် ရွှေနန်းရှင်က မင်းညီမင်းသားများ ဒီဘုရားကို မဖူးမျှော်ရဆိုပြီး အမိန့်စာချွန်ထုတ်ပြန်ခဲ့ရတယ်'

ထိုမှ အထက်ပစ္စယံ စနေထောင့်အနောက်ယွန်းယွန်းသို့ သွားခဲ့ပါသည်။

'ဒီမှာ တောက်တဲ့ပုံတွေ့လား'

ရွှေချထားသဖြင့် ရုပ်လုံးမပီပြင်သော်လည်း တောက်တဲ့ ပုံသဏ္ဌာန်မှန်း သိသာသည့် ရွှေတောက်တဲ့ ရုပ်လုံးကိုတွေ့ရှိ ရပါသည်။

'ဒီနေရာမှာ ရွှေတောက်တဲ့ရှိတာ လူသိနည်းပါတယ်၊ ဒါပေမဲ့ ဒီရွှေတောက်တဲ့ဟာ ဖြစ်ရပ်ဆန်းတစ်ခုဖြစ်လို့ သားတို့ သိအောင် ပြောပြမယ်'



www.burmeseclassic.com

'ဟုတ်ကဲ့ပါ အဘိုး'

'လောကီပညာလိုက်စားကြတဲ့ ရှေးလူကြီးများရဲ့ စကားအရ ရွှေတိဂုံဘုရားမှာနေတဲ့ တောက်တဲ့တစ်ကောင်ဟာ အသက်ဇီဝိန်ချုပ်ကာနီးမှာ အခြားနာမ်တစ်ခုက ဝင်ပူးကပ်ပြီး ဘုရားကြီးရဲ့ ထီးတော်ပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့သကွဲ့၊ ဒီလိုဘုရားဖူးပြီးနောက် တောက်တဲ့ပူးကပ်နေတဲ့ နာမ်ဓာတ်ဟာ ပြန်ဆင်းလာပြီး ဒီနားအရောက်မှာ တောက်တဲ့ဟာ ဇီဝိန်ချုပ်ငြိမ်းသွားတယ်၊ နာမ်ဓာတ်ကလည်း ထွက်ခွာသွားတော့ ဘုရားကြီးမှာ အခုလို တောက်တဲ့ကပ်ကျန်ရစ်ခဲ့တယ်၊ အဲဒီခါမှာ အနားမှာရှိတဲ့လူတွေက သစ်စေးသုတ်ပြီး ရွှေချထားလိုက်တာ အခုလိုပုံသဏ္ဌာန်ဖြစ်သွားတယ်လို့ မှတ်သားရပါတယ်။

(မှတ်ချက်။ ။ ရွှေတိဂုံအောင်မြေမှ အုံဖွယ်ကိုးပါး၌ ဤဖြစ်ရပ် ပါရှိပါသည်။)

'ဟုတ်ကဲ့ အဘိုး'

ယောဂီအဘိုးနှင့်အတူ ရင်ပြင်တော်သို့ ပြန်ဆင်းလာခဲ့ပါသည်။ ကျွန်တော်တို့လည်း အချိန်ကြာသွားပြီဖြစ်၍ ပြန်ရန် အဘိုးကို နှုတ်ဆက်လိုက်ပါသည်။

'အဘိုး အခုလိုလိုက်ပြတာ ကျေးဇူးတင်ပါတယ်၊ သားတို့လည်း ဘုရားသာရောက်တာ၊ အထက်ပစ္စယံကို မရောက်ဖူးဘူး၊ ဒါကြောင့် ထူးခြားတဲ့အကြောင်းတွေကို အရင်က မသိဘူး၊ အခုမှသိရတယ်'





'အေး… အေး… ထူးထူးခြားခြား ဖြစ်စဉ်ဆိုတာ သားစဉ် မြေးဆက်သိမှ လက်ဆင့်ကမ်းလို့ရတာ'

'ဟုတ်ကဲ့ အဘိုး'

'နောက်လက်ဆင့်ကမ်းချင်တာ တစ်ခုပြောရဦးမယ်'

'ပြောပါ အဘိုး'

'အဲဒါကတော့ မြန်မာတွေရဲ့ ပညာရပ်ဟု အခုခေတ်သိပ္ပံပညာရှင်တွေလိုက်မမီအောင် ထူးချွန်လှတဲ့ ဝိဇ္ဇာပညာရပ်ထဲက ဆံသေခေါင်းလောင်းအကြောင်းပဲ'

'သံသေခေါင်းလောင်း ဟုတ်လား အဘိုး'

'ဟုတ်တယ်၊ အဂ္ဂိရတ်ပညာရပ်မှာ သံကိုသေအောင်ထိုးလို့ရတယ်၊ 'ပြဒါးသေလျှင် တဆွေပသတဲ့၊ သံသေရင် တပြည်ဝ'တယ် ဟိုအးရင် ပုဂံခေတ်မှာ ရှင်အန္တဂေါဏဆိုတဲ့ ရှင်ရသေ့တစ်ပါးဟာ အဂ္ဂိရတ်ပညာပိုင်းမှာ အလွန်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ပါးဖြစ်တယ်၊ ဓာတ်လုံးထိုးတာ မအောင်မြင်လို့ စိတ်ဓာတ်ကျပြီး ချေးတွင်းထဲကို ပစ်လိုက်တယ်။ အဲဒီအခါကျမှ ဓာတ်လုံးကအောင်မြင်သွားတယ်၊ အဲဒီမှာတင် ပုဂံပြည်သူပြည်သားတွေကို ကြေးတွေကြိုနိုင်းပြီး ဓာတ်လုံးနဲ့တို့လိုက်တာနဲ့ ကြေးတွေဟာ ရွှေတွေဖြစ်သွားတယ်၊ ပုဂံတစ်ပြည်လုံး ချမ်းသာသွားတဲ့အတွက် မုဆိုးမကအစ ဘုရားတည်နိုင်ခဲ့တယ်၊ အဲဒါကြောင့် ပုဂံမှာ ဘုရားတွေဟာ လက်ညှိုးထိုးမလွဲအောင်



www.burmeseclassic.com

များပြားခဲ့တယ်'

'သြော်… ဟုတ်လား၊ အဘိုး သားတို့က ကျောင်းစာပဲ ဖတ်နေရတော့ ဒီအကြောင်းတွေ မသိဘူး အဘိုး'

'အေး… သံသေခေါင်းလောင်းဆိုတာက သံကို အဂ္ဂိရတ်ပညာနဲ့ ထိုးတဲ့အတွက် ပေါက်မြောက်အောင်မြင်သွားတဲ့ သံသေကို ခေါင်းလောင်းအဖြစ်လှူဒါန်းထားတာ၊ ဘိုးဘိုးအောင်ရဲ့ သံသေခေါင်းလောင်းဟာ ထီးတော်မှာ လှူထားတယ်'

'သံသေခေါင်းလောင်းက ဘာအတွက်ကောင်းသလဲ အဘိုး'

'သံသေခေါင်းလောင်းရေကိုသောက်ရင် ဘေးအန္တရာယ် ကင်းပြီး ရောဂါတွေပျောက်ကင်းတယ်ကွဲ့'

'သြော်… ဟုတ်လား အဘိုး၊ ဒီနေ့ အဘိုးပြောပြတဲ့ အကြောင်းအရာတွေဟာ သားတို့အတွက် ဗဟုသုတ အများကြီး ရတယ်'

'အေး… အေး'

'အခုတော့ အချိန်ကြာသွားပြီ၊ သားတို့ပြန်လိုက်ပါဦး မယ် အဘိုး'

'အေး… အေး'

ယောဂီအဘိုးအား နှုတ်ဆက်ပြီး ပြန်ခဲ့ရပါသည်။ ကျွန်တော်တို့အုပ်စုသည် ယခင်က မသိခဲ့သော ထူးခြားသည့်





အကြောင်းကို သိခွင့်ရသဖြင့် စိတ်နှလုံးရွှင်လန်းဝမ်းမြောက်ကာ အိမ်သို့ပြန်လာခဲ့ပါသည်။

အိမ်သို့ပြန်ရောက်သောအခါ ထိုအကြောင်းများကို ပြောပြရာ အမေပင် တောက်တဲ့ကြီးအကြောင်းကို မသိသဖြင့် အံ့ဩစွာ နားထောင်ခဲ့ပါသည်။ မကြာမီ၌ ကျွန်တော်တို့လျှောက်ထားသည့်အလုပ်မှ ခန့်စာ ရောက်ခဲ့ပါသည်။ ကျွန်တော်တို့ခုနစ်ယောက်စလုံး ရှမ်းအရှေ့တွင် တာဝန်ထမ်းဆောင်ရန် အလုပ်ခန့်ခဲ့ပါသည်။ ရွှေတိဂုံဘုရား၌ပြုခဲ့သော တောင်းဆုမှာ အမှန်ပင် ပြည့်ဝခဲ့ပါသည်။

ကျွန်တော်လည်း သူငယ်ချင်းများထံသို့ ဖုန်းဆက် အကြောင်းကြားရာ သူတို့အားလုံး ကျွန်တော့်အိမ်သို့ ရောက်ရှိလာခဲ့ပါသည်။

'အန်တီရေ… သားတို့မျှော်လင့်တောင့်တနေတဲ့ အလုပ်ရပြီ'

'အေးပေါ့သားတို့ရယ်၊ သူငယ်ချင်းတွေတစ်ဌာနထဲမှာ အတူတူ အလုပ်ရတာ ဘုရားရဲ့တန်ခိုးတော်ပဲ၊ နယ်မသွားခင် ဘုရားသွားပြီး ရှိခိုးကန်တော့ကြဦး'

'ဟုတ်ကဲ့ အန်တီ'

ကျွန်တော်တို့အဖွဲ့သားများသည် လေးဆူဓာတ်ပုံ ရွှေတိဂုံသို့သွားကာ ပန်းဆီမီးအမွှေးတိုင်အလင်းတိုင်တို့ဖြင့် ပူဇော်



www.burmeseclassic.com

ကာ…

'တပည့်တော်တို့ အလုပ်လုပ်ရာဌာနၥ္ဖ ဘေးရန်ကင်းရှင်းပါစေ'

ဟုဆုတောင်းခဲ့ပါသည်။ အထက်ပစ္စယံရှိ ဆုတောင်းပြည့်တဝဂူပတ္တမြားမျက်ရှင်ဘုရားအား ဖူးမျှော်ကာ အထက်ပါတောင်းဆုကို တစ်ထပ်တည်းတောင်းခဲ့ပါသည်။ ထို့အပြင်ထူးခြားသော တောက်တဲ့ရုပ်ကြီးသို့သွားကာ…

'ကဲ… ရွှေတောက်တဲ့ကြီးရေ လုပ်ငန်းတာဝန်နဲ့မို့ မဟာရန်ကုန်ကို ခေတ္တခွဲရဦးမယ်၊ ရွှေတောက်တဲ့ကြီးကို နှုတ်ဆက်ခဲ့ပါတယ်'

ဤသို့နှုတ်ဆက်ကာ ရွှေတိဂုံစေတီမှ ပြန်ခဲ့ပါသည်။ သို့သော်လည်း ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ရှိသည့် ရွှေတောက်တဲ့ကြီးအား မမေ့နိုင်အောင် ရှိခဲ့လေပြီတကား။

ရီရီငွေ





# ခန္ဓာအိမ်

သက်ရှိလူသတ္တဝါအားလုံး မရှိမဖြစ်တည်ဆောက်ထားသည့် အိမ်ကလေးတစ်လုံး။ ဤအိမ်ကို ခန္ဓာအိမ်ဟု ခေါ်ပါသည်။ ကျွန်မတို့ လူသားများသည် ဤခန္ဓာအိမ်ကလေးကို ကာလာလရှေးကြည်က စတင်သန္ဓေတည်ခဲ့ပြီး အရိုးအသွေးအသားများနှင့် တဖြည်းဖြည်းတည်ဆောက်ခဲ့ပါသည်။ ထို့နောက်ကိုယ်တွင်းကိုယ်ပအင်္ဂါရုပ်များ ပြည့်စုံလာပြီး ခန္ဓာအိမ် တစ်ခုအဖြစ် ပီပြင်စွာ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုခန္ဓာအိမ်နှင့်အတူဖြစ်ပေါ်လာသည်မှာ နာမ်ရုပ်ဟုခေါ်သော အသက်ဇီဝိန်ပင်ဖြစ်ပါသည်။

ခန္ဓာအိမ်နှင့်တည်ဆောက်ထားသည့် ဘဝကလေးတစ်ခုတွင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာနှင့် မလွတ်ကင်းနိုင်ပေ။ ဘဝတစ်ခုဆိုသည်မှာ တည်ရှိခြင်းတည်းဟူသော ပဋိသန္ဓေနှင့်အဆုံးတည်းဟူသော စုတိ အကြား၌ ဖြစ်ပေါ်ခြင်း၊ တည်ရှိခြင်း၊ ပျက်စီးခြင်းဖြစ်သည့် ဖြစ်တည်ပျက်ခန္ဓာသုံးပါးတို့ပင်တည်း။ အမှန်တော့ လူ့ဘဝက တိုတောင်းလှ၏။ သံသရာကား ရှည်လ

www.burmeseclassic.com

သည်။ ထိုသဘောတရားကို မြတ်စွာဘုရားရှင်၏ ‘အနမတဂ္ဂ သုတ်တော်’ ၌…

‘ချစ်သားတို့ ဤသံသရာ၏ အစမရှိ၊ ရှေးအစွန်း၌ မထင်မှုကို ပြဆိုခြင်းဖြစ်လေသည်’ဟု ဟောကြားတော်မူခဲ့ပါသည်။ ဤသည်ကို စာပေစကားနှင့် ဆိုထားသည်မှာ…

‘အစမရှိ ဇာတိရှည်စွာ၊ သံသရာ’ဟု ရေးဖွဲ့ထားသည်ကို ဖတ်ရှုခဲ့ဖူးပါသည်။

ကျွန်မတို့ ပုထုဇဉ်လူသားများသည် လူရယ်လို့ ဖြစ်လာကတည်းက ခံစားမှု၊ သိမှုအာရုံပါလာသည့်အတွက် ချစ်စရာရှိလျှင် ချစ်ခင်တတ်သလို မုန်းစရာတွေ့လျှင်လည်း မုန်းတတ်ကြပါသည်။ သည့်အပြင် ဘဝတစ်ခု အသက်ရှင်ရပ်တည်ရေး စားဝတ်နေရေးစသည့်အကြောင်းများနှင့် ဘဝကို ကျင်လည်ရင်း လောဘ၊ ဒေါသ၊ မောဟဆိုသည့် စိတ်ရိုင်းများ ဝင်လာတတ်ပါသည်။

ပုထုဇဉ်လူသားများအနေဖြင့် သာမန်လောဘနှင့် စီးပွားရှာသကဲ့သို့ ဝိသမလောဘနှင့်လည်း စီးပွားရှာခဲ့ပါသည်။ လူ့ဘဝဆိုသည့် ဘဝဇာတ်ခုံတွင် ကျင်လည်ရင်း ဒေါသအဖွဲ့ဝင်လေးပါးဖြစ်သည့်‘ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ’ကြမ်းတမ်းသောဒေါသတရားတို့လည်း ဖြစ်တတ်ကြပါသည်။





သည့်အပြင် မောဟလေးပါးဖြစ်သော ‘မောဟ တွေဝေခြင်း၊ အဟိရိက ဖုံးလွှမ်းခြင်း၊ အနောတ္တပ္ပ မကောင်းမှုပြုလုပ်ရမည်ကို မရှက်ခြင်း၊ ဥဒ္ဒိစ္စ ပျံ့လွင့်ဆောက်တည်မှုမရခြင်း’ တို့နှင့်လည်း ကြုံကြိုက်တတ်ပါသည်။ အကုသိုလ်စိတ်များနှင့် စေတသိတ်စိတ်များရှိသကဲ့သို့ ကုသိုလ်စိတ်များလည်းကိန်းအောင်း တည်ရှိခဲ့ပါသည်။

ကျွန်မတို့ပုထုဇဉ်လူသားများသည် ထိုကုသိုလ်စိတ်၊ အကုသိုလ်စိတ်များနှင့်အတူ မိသားစုဘဝကလေးကို တည်ဆောက်ကြပါသည်။ မိသားစုဆိုသည့် အသိုက်အမြုံကလေးသည် လူ့ဘဝ၏ သာယာချမ်းမြေ့ခြင်းကို ပေးစွမ်းသည်ဟု ယုံကြည်ခဲ့မိပါသည်။ ထိုအခါ အနိစ္စကို နိစ္စ ထင်မိပါသည်။ ဒုက္ခကို သုခဟု စားကာ မိသားစုဒုက္ခမှန်သမျှကို ရှေ့မှ ခါးစည်းခံကာ ဘဝကို မျှော်ရှင်စွာ ဖြတ်သန်းလာခဲ့ပါသည်။ အနတ္တကိုလည်းမမြင်။ နတ္တဟုထင်ကာ ကိုယ့်ကိုယ်ကိုယ် အစိုးရသည်ဟု ထင်ခဲ့မိပါသည်။

အထူးသဖြင့် လူ့ဘဝ၌ ဥစ္စာစည်းစိမ်ချမ်းသာကို ခံစားရသောအခါ သေမည်ကိုကြောက်ရွံ့လာပါသည်။ လူ့ဘဝစည်းစိမ်ကို တာရှည်ခံစားချင်သည်မှာ ပုထုဇဉ်တို့၏ သဘောသာတည်း။

ထိုအကြောင်းတရားနှင့် ပတ်သက်၍ ရှေးအခါက နိုင်ငံရပ်ခြားမှ ဘုရင်အချို့သည် မင်းတို့၏စည်းစိမ်၊ အခြွေအရံ



www.burmeseclassic.com

သင်းပင်း၊ မိဖုရားများစွာနှင့် ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ရသောအခါ သေမည်ကို လွန်စွာစိုးရိမ် ကြောက်ရွံ့ကြပါသည်။ သို့သော် သေခြင်းတရားကား မည်သူ့ကိုမျှ မျက်နှာသာမပေးပေ။ အချိန်တန်လျှင် သေခြင်းတရားနှင့် ရင်ဆိုင်ကြရပေမည်။

ထိုဘုရင်များသည် မိမိသေခြင်းနှင့် ရင်ဆိုင်ရချိန်တွင် တစ်ဦးတည်းမသွားလိုသည့်အတွက် ၎င်းတို့ကွယ်လွန်ပါက ၎င်းတို့၏ မိဖုရားများ၊ ကျေးကျွန်များကိုပါ ၎င်းနှင့်အတူ မီးသင်္ဂြိုဟ်သည့်ဓလေ့တစ်ရပ် ချမှတ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်လျှင် နောင်ဘဝ၌လည်း ၎င်းတို့သည် မိမိ၏မိဖုရား၊ အခြွေအရံများအဖြစ် ပါလာမည်ဟု ယူဆခဲ့ပါသည်။ အမှန်မှာမူ သေခြင်းတရားကို မိမိတစ်ဦးတည်း ရင်မဆိုင်ဝံ့သဖြင့် အဖော်ခေါ်ခြင်းဖြစ်ပေသည်။ ဤသည်မှာ ပုထုဇဉ်တို့၏ အတ္တပင်ဖြစ်ပါသည်။ နောင်သောအခါ ဤဓလေ့သည် သေသူအပြင် အခြားသူများပါ အသက်ရှင်ခွင့်မရှိတော့သည်မှာ ဆိုးဝါးသော အယူအဆမှန်း သိလာသောအခါ ထိုဓလေ့ဆိုးကြီးလည်း ကွယ်ပျောက်ခဲ့ပါသည်။

ခန္ဓာအိမ်ကြီးကား ဓာတ်ကြောင့် ဖြစ်ပေါ်လာသည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရတရားတို့ဖြင့် ပြည့်နှက်နေပြီး ဘဝအဖန်ဖန် ဖြစ်မှုကြောင့် သံသရာကို ဆွဲဆန့်သည်နှင့်တူပေသည်။ ရုပ်သက် နာမ်သက်သည် မျက်စိတစ်မှိတ် လက်ဖျစ်





တစ်ကွက် နှားနို့တစ်ညစ် အချိန်အတွင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နေပါသည်။ ဤသို့ဖြစ်ပျက်ရင်း ခန္ဓာအိမ်ကြီးမှာ တစတစ ပြိုပျက်လာကာ ရောဂါအမျိုးမျိုး ခံစားရပါသည်။ အချို့ကလည်း ထိုသို့သော ကိုးဆယ့်ခြောက်ပါးသော ရောဂါဖြင့် သေဆုံးကြပါသည်။ အချို့မှာမူကား မတော်တဆဖြစ်မှုကြောင့် သေဆုံးကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာအိမ်ကလေး ပျက်စီးသွားတတ်ပါသည်။

အသက်ရှင်ခြင်းနှင့် သေခြင်းတရားသည် အသက်ရှူခြင်းနှင့် အသက်ရှူရပ်ခြင်းတည်းဟူသော နံရံတစ်ချပ်သာ ခြားပါသည်။ အချို့ကလည်း သက်တန်းမေ့ နေကြရပါသည်။ အချို့မှာမူ အသက်ငယ်ငယ်နှင့် သေဆုံးကြပါသည်။ ဘဝဟူသည်ကား ရထားစီး ခရီးသွားများနှင့် သဏ္ဌာန်တူပါသည်။ အချို့သော ခရီးသည်များမှာ မှတ်တိုင်တိုတို၌ ဆင်းကြပါသည်။ အချို့ကား မှတ်တိုင်အဆုံးအထိ စီးကြပါသည်။ ကျွန်မတို့ ပုထုဇဉ်များမှာ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည့် စွမ်းအားမရှိပါ။ ဘယ်ခရီး ဘယ်မှတ်တိုင်မှာ ဆင်းရမည်မသိ။ သူတို့ဆင်းခိုင်းသည့် နေရာတွင် ကျွန်မတို့ ဆင်းကြရပေမည်။ ငြင်းပါယ်ပိုင်ခွင့်မရှိသော အကြောင်းတရားသာဟည်း။ ဘဝရထားပေါ်သို့ တက်ကတည်းက ကျွန်မတို့ ဘူတာတစ်ခုခုမှာ ဆင်းရမည်မှာ အမှန်ပင်။



www.burmeseclassic.com

အချိန်တစ်ခုသာ အတိုင်းအတာရှိပေသည်။ ဘယ်အချိန်မှာ ကျွန်မတို့ကို လက်မှတ်စစ်က လက်တို့ကာ ဆင်းခိုင်းမည်မသိ။ သို့သော် ကျွန်မတို့သည် သည်ရထားပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းများကို မွေးဖွားခဲ့ကြပါသည်။ ဤရထားကို မိမိအိမ်ဟု မှတ်ထင်ရင်း ဒေါသ မောဟ မာန်မာန ထောင်လွှားခဲ့ကြပါသည်။ ကျွန်မတို့ ဆင်းရမည့် ဘူတာတစ်ခုကို မေ့နေခဲ့မိပါသည်။

ထိုသို့သော ပုထုဇဉ်ထဲက ကျွန်မသည် ဘဝရထားပေါ်တွင် စီးနင်းလိုက်ပါရာ ခန္ဓာအိမ်ကလေးတစ်ခုကို ရှင်သန်စေခဲ့ပါသည်။

မိဘဆွေမျိုးများအလယ်တွင် ကြီးပြင်းခဲ့ပြီး အချိန်တန်သောအခါ ဘဝလက်တွဲဖော်နှင့်အတူ မိသားစုဟူသည့် အသိုက်အမြုံကလေးတစ်ခုကို ဖွဲ့ခဲ့ပါသည်။ ခင်ပွန်းသည်၏ ဦးဆောင်မှုဖြင့် မိသားစု၏ အခက်အခဲများကို စိတ်တူကိုယ်တူ ရုံးကန်ခဲ့ကြပါသည်။ သာယာပျော်ရွှင်ဖွယ် အကြောင်းကလေးများနှင့် တိုက်ဆိုင်သောအခါ ပျော်ရွှင်ကြည်နူးခြင်းလည်း ဖြစ်ခဲ့ပါသည်။ ပျော်ရွှင်ကြည်နူးစရာများနှင့် တွေ့ကြုံရသကဲ့သို့ စိတ်ဆိုး စိတ်ညစ်စရာ ပြဿနာအမျိုးမျိုးနှင့်လည်း တွေ့ကြုံခဲ့ရပါသည်။ လောကဓံရှစ်ပါးနှင့် တွေ့ကြုံရသည့် လူသားများအနက် ကျွန်မတို့လည်း ကောင်းသည့် လေးပါးနှင့် တွေ့ကြုံရချိန်တွင်





စိတ်ချမ်းသာ ပျော်မွေ့သကဲ့သို့ မကောင်းသည့် လေးပါးနှင့် တွေ့ကြုံရသောအခါ စိတ်ဆင်းရဲစရာများနှင့် ကြုံတွေ့ခဲ့ရပါသည်။

ထိုသို့သော လောကဓံကို ရင်ဆိုင်ရင်း ဘူတာစဉ်များကို ကျွန်မတို့ ဖြတ်သန်းခဲ့ကြပါသည်။ ခန္ဓာရှိလျှင် ဝေဒနာရှိသည် ဆိုသည့် စကားအတိုင်း ကျွန်မ၏ခင်ပွန်းသည် နှလုံးရောဂါ၊ လေငန်းရောဂါဖြစ်ခဲ့ပါသည်။ ထိုဘူတာစဉ်များကို ခင်ပွန်းသည်နှင့်အတူ နှစ်ပေါင်းသုံးဆယ်ကျော်မျှ ဖြတ်သန်းလာရင်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလ(၃)ရက်နေ့တွင် ခင်ပွန်းသည် တစ်သက်တာအတွက် လက်တွဲဖြုတ်ကာ ကျွန်မတို့မိသားစုကို ထာဝရ ခွဲခွာသွားခဲ့ပါသည်။ နှစ်ပေါင်းသုံးဆယ်ကျော်မျှ ဦးဆောင်ဦးရွက်ပြုခဲ့သည့် ခင်ပွန်းကောင်းတစ်ယောက် ဆုံးရှုံးသွားသည့်အတွက် ရင်ထဲတွင် ပူဆွေးသောက ပရိဒေဝမီး လောင်မြိုက်ခဲ့ပါသည်။ စိတ်တို့လည်း မတည်ငြိမ်၊ အရာရာကို ကြည့်သော်လည်း အဓိပ္ပာယ်မဲ့သည်ဟု ထင်လာမိသည်။ ထို့ကြောင့် မိမိစိတ်ကို တည်ငြိမ်အောင် ထိန်းခဲ့ရပါသည်။

ဤတွင် မိတ်ဆွေတစ်ဦး ရောက်လာပြီး ခန္ဓာအိမ်နှင့် ပတ်သက်သော မိုးကုတ်ဆရာတော်ဘုရား၏ ဟောပြောညွှန်ပြသည့် စကားကို သတိပေးပြောကြားခဲ့ပါသည်။

www.burmeseclassic.com

'အဝိဇ္ဇာနှင့်တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင် အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် ရုပ်နာမ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်ဆိုတဲ့ မိုးကုတ်ဆရာတော်ကြီးရဲ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို သတိရပါ ဆရာမရယ်'

'ဟုတ်ကဲ့ပါ'

'မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း'တဲ့။

'ဟုတ်ကဲ့ပါ'

'တကယ်တော့ သစ္စာလေးပါးအနက် သမုဒယကြောင့် ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်း၊ အမှန်တရားကို ပိုင်းခြားသိရမယ်၊ သမုဒယသစ္စာဆိုတဲ့ ဒုက္ခဖြစ်ကြောင်း အမှန်တရားကို ပါယ်ရမယ်၊ ဒုက္ခကို မသိခြင်း၊ ဒုက္ခဖြစ်ကြောင်းကို မသိခြင်း၊ ဒုက္ခချုပ်ရာကို မသိခြင်း၊ ဒုက္ခချုပ်ကြောင်း အကျင့်ကိုမသိခြင်းဟာ သစ္စာ(၄)ပါးကို မသိခြင်းဘဲ၊ ဒါကြောင့် လူအပေါင်းတို့ဟာ ဒုက္ခသံသရာမှာ လည်ချင်တိုင်းလည်နေတာပေါ့'

'ဟုတ်ပါတယ်'





'ကျွန်တော် သိထားတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြပါ မယ်'

'ဟုတ်ကဲ့ ပြောပါ'

'တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါးမှာ သားတော်နှစ်ပါး ရှိတယ်၊ သားတော်ကြီးကို အိမ်ရှေ့မင်းရာထူးပေးခဲ့တယ်၊ သားတော်ငယ်ကို စစ်သူကြီးရာထူးပေးခဲ့တယ်'

ထိုသို့အစချီကာ ခန္ဓာအိမ်အကြောင်းကလေးကို ပြောပြခဲ့ပါသည်။

* * * * *

သားတော်ကြီးကုမ္မာရသည် အိမ်ရှေ့မင်းစည်းစိမ်နှင့် စားရသော်လည်း မပျော်ပိုက်ချေ။ ဘဝပေါင်းများစွာ ဆည်းပူးသော ပါရမီထူးကြောင့် လူဝတ်ကြောင်ကို စွန့်ကာ ရသေ့ရဟန်း ပြုလုပ်လိုစိတ်များ ဖြစ်ပေါ်လာပါသည်။ တစ်နေ့သောအခါ နန်းရင်ပြင်၌ ညီလာခံသဘင်ကျင်းပနေစဉ် ခမည်းတော်ဘုရင်ကြီးအား ဤသို့ပန်ကြားခဲ့ပါသည်။

'ခမည်းတော်ဘုရား သားတော်သည် အိမ်ရှေ့မင်း စည်းစိမ်လည်း မခံစားလိုပါ၊ ထို့ကြောင့် ရသေ့ရဟန်းပြုခွင့်ပေးပါ ဘုရား'



www.burmeseclassic.com

'သားတော်ကြီးသည် ငါ၏ယာလက်ရုံးဖြစ်၍ သားတော် ငယ်ကား ငါ၏ ဘယ်လက်ရုံးဖြစ်ချေပြီ၊ သားတော် ရသေ့ရဟန်း ပြုသွားပါက ငါ၏ ယာလက်ရုံး ပျက်ချေပြီ'

ထိုသို့မိန့်တော်မူသည့်အတွက် ရှေ့ဆက်မလျှောက်ဝံ့ဘဲ ခပ်မဆိတ်သာ နေလိုက်ပါသည်။ ထိုအချိန်တွင် ၄င်း၏ညီတော် စစ်သူကြီးကလည်း အနားတွင်ရှိသည့်အတွက် နောင်တော်၏ လျှောက်တင်ချက်ကို သေချာစွာ နားစိုက်ထောင်ခဲ့ပါသည်။

ညီလာခံသိမ်း၍ မိမိအဆောင်တော်သို့ ပြန်ရာလမ်းခရီး တွင် ညီအစ်ကိုနှစ်ယောက် တွေ့ဆုံခဲ့ပါသည်။ ဤတွင် ညီတော် စစ်သူကြီး ဗန္ဓုကမှ နောင်တော်အား လျှောက်တင်လိုက်ပါသည်

'နောင်တော်ဘုရား… ညီလာခံသဘင်၌ ရသေ့ရဟန်းပြု ချင်ကြောင်း ခမည်းတော်အား လျှောက်ထားသည်ကို ကြားရပါ သည်၊ အဘယ်ကြောင့် ရသေ့ရဟန်းပြုချင်ပါသနည်း ညီတော် အား ပြောပြပါလော့'

'ညီတော်… နောင်တော်ဟာ အိမ်ရှေ့မင်းတစ်ပါးဖြစ်၍ အတွက် တစ်ချိန်ချိန်မှာ မင်းအဖြစ်သို့ ရောက်ရှိပေမည် နောင်တော်သည် သံသရာစက်ဝိုင်းကို သိထားသူဖြစ်၍ အဖန်ဖန် လည်နေသော သံသရာမှ ပြတ်လိုသည်၊ သည်ဘဝ၌ပင် သံသရာမှ ရုန်းထွက်သည့်အကျင့်ကိုကျင့်ရင်း ပြီးမြောက်လိုသည်





မှာ နောင်တော်၏ ဆန္ဒပင်တည်း၊ သည့်အတွက် ခမည်းတော်အား လျှောက်ထားခြင်းဖြစ်ပေသည်'

'နောင်တော်… သံသရာမှ ရုန်းထွက်မည့် အကျင့်ကား မည်သို့နည်း'

'နောင်တော်၏ ဆရာတော်များ ဟောပြသည့် သံသရာမှ ရုန်းထွက်မည့်အကျင့်ကား ဤသို့တည်း'

ထိုသို့ဆိုကာ အဝိဇ္ဇာနှင့်တဏှာအရင်းခံကြောင့် ကံနှင့် ရုပ်နာမ်ပေါ်ကြောင်း၊ ခန္ဓာငါးပါးတို့အကြောင်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟူသော သစ္စာလေးပါး အကြောင်း ပြန်ပြောပြပါသည်။

မဂ္ဂသစ္စာသည် ဒုက္ခသစ္စာကိုချုပ်ကြောင်း၊ သမုဒယသစ္စာ ကိုပါယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း ရှင်းပြခဲ့ပါသည်။ ထိုမှအကျင့်မှန်တရား (မဂ္ဂင်(၈)ပါး) ပွားများ ရမည့်တရားကို ဆရာတော်ကြီး ဟောကြားသည့်အတိုင်း ပြောပြခဲ့ပါသည်။

ညီတော် ဗန္ဓုကသည်လည်း ဘဝအဆက်ဆက်က ပြုခဲ့ဖူးသည့်ပါရမီကြောင့် နောင်တော်၏ စကားကိုကြားရသော အခါ လွန်စွာချမ်းမြေ့ခြင်းဖြစ်ရပါသည်။ ထို့ကြောင့်…

'နောင်တော်ဘုရား… ယခုပင် ဆရာတော်ကြီးထံသို့



www.burmeseclassic.com

ပို့ဆောင်ပေးတော်မူပါဘုရား'

'အိမ်း… ကောင်းလှပြီ'

ထိုသို့ဆိုကာ ညီနောင်နှစ်ဦးသည် ဆရာတော်ကြီးထံသို့ သွားရောက်ခဲ့ပါသည်။ ဆရာတော်ကြီးသည် မင်းသားနှစ်ပါးကား ပါရမီရင့်သန်သူများဖြစ်မှန်း သိလိုက်ပါသည်။ ထို့နောက် သံသရာမှလွတ်ကြောင်း အမှန်ဖြစ်တဲ့ အကျင့်မှန်တရား(၈)ပါးကို ဟောကြားလိုက်ပါသည်။

'ပွားများရမယ့် အကျင့်မှန်တရား (၈)ပါးရှိတယ်၊ လောကုတ္တရာ မဂ္ဂင်(၈)ပါးမှ သမ္မာဒိဋ္ဌိ၊ သမာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာဝါယမ၊ သမ္မာဒိဋ္ဌိ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်(၃)ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝဆိုတဲ့ သီလမဂ္ဂင်(၃)ပါး ပေါင်းတော့ မဂ္ဂင်(၈)ပါးဖြစ်တယ်'

'မှန်ပါ ဘုရား'

ထို့နောက် စိတ္တာနုပဿနာရှုပွားနည်း၊ ဝေဒနာနုပဿနာရှုပွားနည်းအလုံးစုံကို ရှင်းပြတော်မူပါသည်။

ထိုအခါ ညီတော်သည် ထိုတရားကိုနာပြီးနောက် များစွာနှစ်ထောင်းအားရဖြစ်ကာ ဆရာတော်အား ဦးခိုက်ရှိခိုးပြီးနောက်…

'နောင်တော် ညီတော်လည်း နောင်တော်နှင့်အတူ ရသေ ရဟန်းပြုချင်ပါတယ်၊ ဒါကြောင့် ဒီတစ်ခါ ညီလာခံတွင်





ခမည်းတော်အား ညီတော်ပါ ရဟန်းပြုခွင့်ရအောင် လျှောက်တင်ပါမည်'

ထိုသို့သော ခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် ညီနောင်နှစ်ပါးသည် ရဟန်းဝတ်ခွင့်ကို အကြိမ်ကြိမ်လျှောက်ထားကြပါသည်။ မင်းကြီးသည် သားတော်နှစ်ပါးအား ခွင့်မပြုချင်သော်လည်း နောက်ဆုံးတွင် လက်လျှော့ကာ သားတော်နှစ်ပါးအား ရဟန်းဝတ်ခွင့်ပြုလိုက်ပါသည်။

ညီနောင်နှစ်ပါးလည်း ရဟန်းဝတ်၍ ဆရာတော်ကြီး၏ ရှုပွားနည်းကို နာခံကာ ကျင့်ကြံခဲ့ပါသည်။ ဆရာတော်ကြီး ဟောကြားသည့် ရှုပွားပုံနည်းစနစ်ဖြစ်သော အိမ်သည်စိတ် (၂)ခုကို အရင်းခံထား၍မည်သည့် စိတ်ပေါ်ပေါ် ဖြစ်ပျက်ကိုသာ မလွတ်အောင် ရှုရမည်ဟု မှတ်သားခဲ့ကြပါသည်။

ဆရာတော်ကြီးထံ၌ တစ်နှစ်ခန့် အားထုတ်ခဲ့ပါသည်။ ထို့နောက် ညီနောင်နှစ်ပါးသည် ဖြစ်ပျက်ရှုပွားနည်းကို ကောင်းစွာကျင့်ကြံအားထုတ်နိုင်ခဲ့ပါသည်။ ထိုသို့ဖြင့် ရှုပွားနည်းကို ကောင်းစွာခံယူပြီးနောက် နောင်တော်ရဟန်းမှ ညီတော်ရဟန်းအား…

'ရဟန်းတို့ အလုပ်ကို ကောင်းစွာကျင့်ကြံနိုင်ပြီဖြစ်လို့ ဆရာတော်ကျောင်းမှ အဝေးသို့ ထွက်ခွာကြမည်၊ ကျုပ်သည်



www.burmeseclassic.com

ဟောဟိုကတောင်၌ တစ်ဦးတည်းကျင့်ကြံမည်'

'ကျုပ်လည်း ဒီဘက်ကတောင်၌ တစ်ဦးတည်းကျင့်မည်၊ မာကြောင်းသာကြောင်းသိရန် နေ့စဉ် မီးဖို၍ မီးခိုးဖြင့် သိစေအပ်ပါမည်'

'ကောင်းလင့်တည်း'

ဤသို့ဖြင့် ရဟန်းနှစ်ပါးသည် တောင်တစ်တောင်စီ၌ တရားကျင့်ခဲ့ကြပါသည်။ ထိုသို့ဖြင့်နှစ်ပေါင်းများစွာ ကျင့်ကြံသောအခါ တစ်ဆင့်ပြီးတစ်ဆင့် တရားထူးကို ရရှိခဲ့ပါသည်။ နောင်တော်ရဟန်းပြုသည့် တောင်ခြေရှိ ရွာသူရွာသားများက တရားနှင့်ပြည့်စုံသည့် နောင်တော်ရဟန်းအား ဆွမ်း၊ ရေချမ်း၊ စားဖွယ်သောက်ဖွယ်ရာများနှင့် လာရောက်လှူဒါန်းကာ နောင်တော်ရဟန်း၏ ဟောပြောညွှန်ပြသောတရားကို နာခဲ့ကြပါသည်။

ထို့အတူပင် ညီတော်ရဟန်းပြုသည့် တောင်ခြေရှိ ရွာကြီးရွာငယ် အသွယ်သွယ်မှ ရွာသူရွာသားများကလည်း ညီတော်ညွှန်ပြဟောကြားသည့် တရား[illegible]ကို နာကြပါသည်။ ထိုသို့ဖြင့် ညီတော် နောင်တော် ရဟန်းနှစ်ပါး၏ တရားတော်ကို နာယူရင်း အချို့ကလည်း ရဟန်းများဝတ်ကုန်ကြပါသည်။

တဖြည်းဖြည်း နှစ်ပေါင်းများစွာ ကြာလတ်သော်





နောင်တော်ရဟန်းရော ညီတော်ရဟန်းပါ ရဟန်းကိစ္စပြီးစီးခဲ့ပါသည်။ ၎င်းတို့၏ အသက်အရွယ်များလည်း တဖြည်းဖြည်း ရင့်မင်းလာချေပြီ။

တစ်နေ့သော် နောင်တော်ရဟန်းသည် မိမိ၏သက်တမ်း မည်မျှရှည်ကြာစွာနေရမည်ကို ဉာဏ်ဖြင့်ရှုကြည့်သော် တစ်ပတ်နေ့သာနေရတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ၎င်း၏ဒါယကာတချို့အား ခေါ်ယူပြီးနောက်...

'ဒကာကြီးဦးသုန်... ကျုပ်အား အခေါင်းနှစ်ခုကို တစ်ပတ်အတွင်း ပြုလုပ်ပေးပါလော့၊ မည်သည့်အကြောင်းနှင့်မှ ဒကာမမေးပါနှင့်'

'မှန်ပါဘုရား'

တကာဦးသုန်နှင့် မိတ်ဆွေတစ်စုမှာ ဘုန်းတော်ကြီး၏ စကားကိုကြားရသောအခါ အထူးအဆန်းဖြစ်နေ၍ အံ့သြမိပါသည်။ ထို့ကြောင့် အချင်းချင်းပြောဆိုမိပါသည်။

'ဦးသုန်... ဘုန်းကြီးရဲ့မိန့်ကြားပုံက ထူးပါဘိ၊ အခေါင်းလုပ်ပေးပါဆိုတာ ဘုန်းကြီးများပျံတော်မူမလား မသိဘူး'

'ဘုန်းကြီးပျံတော်မူရင်လည်း အခေါင်းတစ်လုံးပဲ လုပ်နိုင်းရမှာပေါ့၊ ဘာကြောင့်အခေါင်းနှစ်လုံး လုပ်ခိုင်းတာလဲ'

'အင်း... ဘုန်းကြီးက ဘာအကြောင်းမှ မမေးနဲ့ဆိုတော့ ကွည်၊ ခက်သားလား'



www.burmeseclassic.com

ထိုသို့တစ်ယောက်တစ်ပေါက်ပြောရင်း ဒကာများမှာ တစ်ပတ်အတွင်း အခေါင်းနှစ်လုံး ပြုလုပ်ပေးခဲ့ပါသည်။ အခေါင်း နှစ်လုံးလာပို့သောအခါ…

'ဩော်… အခေါင်းတွေတောင် ရောက်လာပြီပဲ၊ အိမ်း… ဘုရားခန်းရှေ့ အခန်းကျယ်ကြီးမှာ ထားလိုက်ပါ'

'တင်ပါ့ဘုရား'

ဒကာများသည် နောင်တော်ရဟန်း ထားခိုင်းသည့်နေရာ တွင်ထားကာ ထိုကျောင်းမှ ပြန်ခဲ့ကြပါသည်။

နောက်တစ်နေ့တွင် ရွာသူရွာသားများသည်ဘုန်းတော်ကြီး ထံ ဆွမ်းပို့ရောက်လာခဲ့ပါသည်။ ကျောင်းပေါ်တွင် ဘုန်းတော်ကြီး ကို မတွေ့သဖြင့်…

'ဆရာတော် ဘယ်များသွားနေသလဲ မသိဘူး၊ ရှာကြ ရှာကြ'

'ဆရာတော် ဘုရားခန်းထဲများ ရောက်နေသလား၊ သွားကြည့်ပါဦး'

ဒကာ၊ ဒကာမများသည် ဘုန်းတော်ကြီးအား ရှာကြည့် သောအခါ ဘုရားခန်းရှေ့ရှိ ပထမအခေါင်းထဲတွင် ပျံလွန်တော်မူ နေသည်ကို တွေ့ရှိရပါသည်။

'ဟင်… ဆရာတော်ကြီး ဒီအခေါင်းထဲမှာ ပျံလွန်တော် မူနေပြီ'





'တွေ့ပြီ… တွေ့ပြီ'

ထိုအခါမှ ဒကာ၊ ဒကာမများသည် ဆရာတော်ကြီး ပျံလွန်တော်မူမှန်း သိခဲ့ရပါသည်။

'အိမ်း… ဆရာတော်ကြီးတော့ ပျံလွန်သွားပြီ၊ အန္တိမစျာပန ပြုလုပ်ပေးရမယ်'

'ဒါဆိုရင် ဆရာတော်ကြီးရဲ့ ညီတော်ဆရာတော်ကို ဝိတ်မန္တက ပြုဦးမှပေါ့'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်တို့သွားဖိတ်ကြတာပေါ့'

နောင်တော်ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ပြင်ဆင် ပြီးနောက် ညီတော်ဆရာတော်အား သွားလျှောက်ကာ နောင်တော် ဆရာတော်ကြီး ပျံလွန်ကြောင်း လျှောက်ထားခဲ့ပါသည်။

ညီတော် ဆရာတော်ကြီးလည်း လျှောက်ထားသူ ဒကာ ဒကာမတို့နှင့်အတူ နောင်တော်ကြီး၏ကျောင်းသို့ လိုက်လာခဲ့ ပါသည်။

ကျောင်းသို့ရောက်သောအခါ နောင်တော်၏ရုပ်ကလာပ် ကို ရိုသေစွာရှိခိုးစဉ် နောင်တော်ကြီး၏ ဘေးဘက်၌ အခေါင်း တစ်လုံး ဗလာဖြစ်လျက်ရှိသည်ကို တွေ့လိုက်ရပါသည်။ ထို့ကြောင့် ညီတော်က ဒကာများအား မေးလိုက်ပါသည်။

'ဒီဆရာတော်ကြီးရဲ့ဘေးမှာ ဒီအခေါင်းအလွတ်က ဘာကြောင့်ထားတာလဲ'



www.burmeseclassic.com

'တပည့်တော်တို့ကို ဆရာတော်ကြီးက အခေါင်းနှစ်လုံး တစ်ပတ်အတွင်း လုပ်ပေးဖို့ မိန့်ခဲ့ပါတယ်ဘုရား၊ ဒါ့အပြင် မည်သည့်အကြောင်းမျှ မမေးရန် မိန့်ပါသေးသည်ဘုရား'

'အိမ်း… ဒီလိုအမိန့်ရှိခဲ့သလား'

ထိုသို့ဆိုကာ အခေါင်းလွတ်ကြီးအား စိုက်ကြည့်နေပါသည်။ ၄င်းသည် ပါရမီဉာဏ်ရင့်သန်သူပီပီ အလိုလို သဘောပေါက်သွားပါသည်။

ဒကာ၊ ဒကာမများလည်း ပြုဖွယ်ကိစ္စများကို မအားမလပ်အောင် လုပ်ဆောင်နေကြသည်။ ဤသို့ဖြင့် တစ်ညတည်းဟူသော အချိန်ကျော်လွန်ခဲ့ပါသည်။

နံနက်မိုးသောက် အလင်းရောက်၍ ညီတော်ဆရာတော်အား အာရုံဆွမ်းကပ်ရန် လိုက်ရှာသောအခါ ညီတော်ဆရာတော်အားမတွေ့ရတော့ပေ။

'အာဂန္တုဆရာတော် ဘယ်ရောက်သွားပြီလဲ၊ လိုက်ရှာကြပါဦး'

ညီတော်ဆရာတော် ပျောက်သွားသဖြင့် လိုက်ရှာရာလွတ်နေသော အခေါင်းထဲတွင် တွေ့လိုက်ရပါသည်။

'ဒီဘက်က အခေါင်းလွတ်ထဲမှာ'

'အသက်ရှိမရှိ ကြည့်ကြပါဦး'

ဒကာ ဒကာမများကပြောသဖြင့် သေချာစွာကြည့်လိုက်





သောအခါ ပျံလွန်တော်မူနေကြောင်း တွေ့ရှိရပါသည်။

'ဧည့်သည်ဆရာတော် ပျံလွန်သွားပြီ'

'ဟင်… မနေ့ညကပဲ အကောင်းပကတိပဲ၊ အခေါင်းကိုတောင် စိုက်ကြည့်နေသေးတယ်'

'ဟုတ်ပါရဲ့'

ညီတော်ဆရာတော်ကား ခန္ဓာဝန်ကို အမှန်ပင် ချသွားခဲ့လေပြီ။ ထိုအခါမှ ဒကာ ဒကာမများ သဘောပေါက်သွားခဲ့လေပြီ။ နောင်တော်ဆရာတော်ကြီးသည် ပျံလွန်တော်မူမည်ကို သိသကဲ့သို့ ညီတော် ခန္ဓာဝန် စွန့်မည့်အချိန်ကိုလည်း သိတော်မူခဲ့ပါသည်။ သို့သော် နောင်တော်ဆရာတော်သည် ကြိုတင်ပြောဆိုခြင်းမရှိချေ။ ထို့ကြောင့် ဒကာ ဒကာမများလည်း မသိပေ။ သို့သော် ညီတော်ဆရာတော်သည် နောင်တော်ဆရာတော်ကြီးမည်သည်ကိုဆိုလိုမှန်း ပညာမျက်စိဖြင့် ကြည့်ခြင်းနှင့်သိခဲ့လေပြီ။

ထိုအချိန်ကား ညီတော်ဆရာတော်၏ ခန္ဓာအိမ်ကို စွန့်ရန်အချိန်တည်း။ ထို့ကြောင့် အသင့်ရှိနေသော အခေါင်းလွတ်တစ်လုံးသည် ၄င်းခန္ဓာဝန်ချရန်အတွက် စီစဉ်ထားမှန်း သိပါသည်။ သူတော်ကောင်းတရား ပွားများထားသည့်အတွက် မှုထုဇဉ်များကဲ့သို့ သေခြင်းတရားကို မကြောက်ရွံ့ဘဲ ရဲဝံ့စွာ ရင်ဆိုင်ရင်း ခန္ဓာအိမ်ကို စွန့်သွားခဲ့ပါသည်။ ခန္ဓာအိမ်ရှိသူတိုင်း ဤလမ်းကို မလွဲမသွေ လိုက်ရပေမည်။ ညီတော်ဆရာတော်သည်



www.burmeseclassic.com

ဒကာ ဒကာမများအား ဤတရားကို ကိုယ်တွေ့ပြသခဲ့လေပြီ။

ဤအကြောင်းတရားကိုကြည့်ခြင်းဖြင့် ခန္ဓာအိမ်တစ်ခု၏ မတည်မြဲသော သဘောကို သိရှိခဲ့ကြပါသည်။ အထက်ပါ အကြောင်းကား ကျွန်မ၏မိတ်ဆွေ ပြောပြသည့် တရားစကားပင် ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် မိရိုးဖလာယုံကြည်မှု နှင့်အတူ ဘုရား၏အဆုံးအမအောက်၌ တည်ရှိပါသည်။ သံသရာမှ ထွက်စေသောတရားများကို ဟောပြောညွှန်ပြမည့် ပုဂ္ဂိုလ်များလည်း ရှိနေသေးပါသည်။

ဘဝအိုးအိမ် အကြိမ်ကြိမ် ဆိုသည့်စကားအတိုင်း သံသရာလည်မည်ကို ကျွန်မလည်း တွေးကြောက်လာမိပါသည်။ ထို့ကြောက်ရွံ့ခြင်းကား ထွက်ပေါက်ရှိပါသည်။

ဤသည်ကား ရုပ်နာမ်သဘောကို ဆင်ခြင်ကျင့်ကြံသည့် ဝိပဿနာကမ္မဋ္ဌာန်းတရားများသာတည်း။ ထို့ကြောင့် အကုသိုလ်တရားများကို ရှောင်ရှားကာ ခန္ဓာအိမ်တစ်ခု ဘဝပြတ်စေသည့် လမ်းမှန်သို့ လျှောက်ရမည်ကို နားလည်သဘောပေါက်ခဲ့ပါတော့သည်။

ရီရီဌေး





# သက်မင်းငတုံနှင့်ဂမ္ဘီရပိတောက်စည်

ဂမ္ဘီရဆန်သည့် မင်းများအနက် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များနှင့် မင်းဖြစ်ခဲ့သူမှာ စူဋဓစန္ဒြာမင်း၏ သားတော် သက်မင်းငတုံပင်။

ခမည်းတော်ကျောက်လှေကားမင်း စူဋဓစန္ဒြာမင်းသည် နဂါးတို့လက်ချက်ဖြင့် သမုဒ္ဒရာပြင်၌ နတ်ရွာစံတော်မူသည့်အတွက် ကျောက်လှေကားမြို့တော်ကြီး ပျက်စီးခဲ့ရပါသည်။ ဤတွင် စူဋဓစန္ဒြာမင်း၏ မိဖုရားကြီးမှာ ထွက်ပြေးပုန်းရှောင်ရင်း သက်တို့ဆီသို့ ရောက်ရှိသွားခဲ့သည်။ သက်တို့သည် သားတော်လေးအားမွေးမြူထားပြီး အရွယ်ရောက်သောအခါ 'သက်မင်းငတုံ' ဟူသော ဘွဲ့အမည်ဖြင့် စမ္ဗာဝက်တိုင်းပြည်ကို တည်ထောင်အုပ်ချုပ်ခဲ့ပါသည်။

သက်မင်းငတုံသည် ဘုန်းကံကြီးမားသူဖြစ်ရကား ၎င်း၏ စမ္ဗာဝက်ပြည်အား စောင့်ရှောက်ရန်အတွက် နဂါးမင်းကြီးက နဂါးတစ်ဦးကိုခေါ်ပြီး ဤသို့မိန့်၏။



www.burmeseclassic.com

'အသင်နဂါး သင်ဟာ စမ္ဗဝက်ပြည်ကြီးကို စည်ပင်ဝပြောအောင် စောင့်ရှောက်ရမည်၊ သင်၏နဂါးတန်ခိုးဖြင့် မိုးလေမှန်ကန်ပြီး အေးချမ်းအောင် သင်ဆောင်ရွက်လော့'

'မှန်ပါ့ဘုရား'

ဤသို့ဖြင့် နဂါးလည်း နဂါးမင်းကြီး၏ အမိန့်အရ လူပြည်သို့ တက်လာပြီး စမ္ဗဝက်ပြည်ကြီးနှင့်မနီးမဝေးရှိ မိုးကြိုးကန်၌နေထိုင်ပြီး ထိုနဂါးသည် စမ္ဗဝက်ပြည်ကြီးတည်ရာအရပ်၌ မိုးလေဝသကောင်းမွန်အောင် ပြုလုပ်ကာ နေခဲ့ပါသည်။

တစ်နေ့သော်...။

သက်မင်းတော့သည် တောတွင်းမှ ထူးဆန်းသောဂမ္ဘီရ ပိတောက်စည်ကြီးတစ်လုံး ရရှိခဲ့ပါသည်။

'အရှင်မင်းကြီး ထိုပိတောက်စည်ကြီးကို တီးလိုက်ပါက ရန်သူများ ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ပါလိမ့်မည်ဘုရား'

'ကောင်းစံတည်း၊ ဒါဆိုနေ့စဉ်ပိတောက်စည်ကြီးကို တီးလော့'

'မှန်ပါ့ဘုရား'

ထိုသို့ အမတ်ကြီးများမှ လျှောက်ထားပြီးနောက် စည်ကြီးကို တီးလိုက်ပါတော့သည်။

'ဒုံး'





'ဒုံး'

ပိတောက်စည်ကြီးကို ထိုသို့တီးလိုက်စဉ် စမ္ဗဝက်ပြည်၏ အရှေ့ဘက် ပုဂံပြည်ကြီးမှာ တစ်ပြည်လုံး တုန်ဟီးကာ မင်းကြီးနှင့်တကွ ပြည်သူပြည်သားများ လန့်ဖြန့်ကုန်ပါတော့သည်။

'ဟာ... ဘာသံကြီးပါလိမ့်'

'တစ်ပြည်လုံး သိမ့်သိမ့်တုန်မျှပါတကား'

ပိတောက်စည်တီးတိုင်း ပုဂံပြည်ကြီး၌ တုန်လှုပ်ခြောက်ခြားဖန်များလတ်သော် ပုဂံပြည့်ရှင်မင်းကြီးစောခင်နှစ်သည် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အားခေါ်၍ မေးလေသည်။

'ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ ယနေ့ပုဂံပြည်ကြီးကို သိမ့်သိမ့်တုန်မျှ ချောက်ချားအောင်ဖြစ်ပေါ်နေသည်ကား အဘယ်သို့သော အကြောင်းများနည်း၊ သင်တို့တွက်ချက်ကြည့်ပြီး အမြန်ဆုံး လျှောက်တင်စမ်း'

'မှန်ပါ့ဘုရား'

ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့သည် ၎င်းတို့တတ်အပ်သော ပညာဖြင့် တွက်ချက်ကြည့်ရာ သက်မင်းတော့၏ ပိတောက်စည်သံကြောင့်မှန်း သိခဲ့ရပါသည်။

'အရှင်မင်းကြီး ဤသို့ဖြစ်ခြင်းမှာ အခြားမဟုတ်ပါ၊ အနောက်အရပ်ရှိ ဂမ္ဘီရပိတောက်စည်ကြီးတီးသံကြောင့်



www.burmeseclassic.com

ပုဂံပြည်ကြီးမှာ ချောက်ချား နေရပါသည်ဘုရား'

'ငါတို့တိုင်းပြည်ကို တုန်ဟီးအောင်ပြုသော ဂမ္ဘီရ ပိတောက်စည်ကြီးအား မမြည်နိုင်အောင် အသင်တို့ကြံဆောင် ကြလော့၊ ငါ့ရဲ့တိုင်းသူပြည်သားများ ဒီလိုတုန်လှုပ်ချောက်ချား နေတာမျိုး မဖြစ်စေလိုပြီ၊ ဤကိစ္စကို အမြန်ဆုံးဆောင်ရွက်လော့'

'မှန်ပါ့ဘုရား၊ ကျွန်တော်မျိုးတို့ အမြန်ဆုံး ဆောင်ရွက် ပါမည်ဘုရား'

ထိုသို့လျှောက်တင်ကာ ဂမ္ဘီရပိတောက်စည်ကြီးအား ဖျက်စီးရန် အကြံထုတ်လေ၏။ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့သည် အချင်းချင်းတိုင်ပင်ကာ

'ပိတောက်စည်ကို ဖျက်စီးဖို့ရာ မလွယ်လှဘူး၊ ဘယ်လို ကြံရပါ့မလဲ'

'ရိုးရိုးတန်းတန်းပြုလုပ်မယ်ဆိုရင် ပိတောက်စည်နားသို့ ရောက်ဖို့ဝေးစွ၊ အစောင့်အကြပ်များစွာချထားတဲ့အတွက် ဖျက်စီးရန် ခက်ချေမည်'

'သို့ဆိုသော် ဥပါယ်တံမျဉ်း ပြုမှသင့်မည်'

ထိုသို့စဉ်းစားပြီးနောက် သူလျှိုများအား မင်းနှင့်ပြည်သူ တို့ ယုံကြည်မှုရရှိအောင် ရသေ့ယောင်ဆောင်ကာ မြို့တွင်းသို့ ဝင်လေ၏။





ရသေ့ယောင်ကား အိန္ဒြေကြီးပေစွ...။

၎င်းနှင့်ပါလာသည့် သူလျှိုတို့သည် ဤရသေ့ကား ရှေ့ဖြစ်နောက်ဖြစ်မှန်ကြောင်း သတင်းဖြန့်ရာ ဗေဒင်လာကြည့်သူ များနှင့် စည်ကားနေပါသည်။ ဗေဒင်လာကြည့်သူတစ်ဦးအား...

'အသင်သည် ရှေးဘဝက လွန်စွာချမ်းသာသော သူဌေး တစ်ဦးဖြစ်သည်၊ သင်တို့မြို့ပြင်ရှိ ညောင်ပင်ကြီးအောက်၌ ရွှေမန်ကျည်းတောင့်များကို မြှုပ်ထား၏၊ အသင်တိတ်တဆိတ် သွားယူပါလော့'

ဟူ၍ ဤသို့ဟောလိုက်၏။ ၎င်းတို့မလာမီ ရသေ့ယောင် ၏လူများက ပုဂံနေပြည်တော်ဘဏ္ဍာတိုက်မှ ထုတ်ယူလာသော ရွှေမန်ကျည်းတောင့်များကို တိတ်တဆိတ် မြှုပ်နှံထားလိုက်၏။

ဗေဒင်မေးသူများက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ထိုနေရာအားတူးရာ...

'ဟာ... ရွှေမန်ကျည်းတောင့်တွေပါလား၊ ရသေ့ကြီး ဟောတာ သိပ်မှန်တာပဲ'

ဤသို့ဖြင့် ဗေဒင်လာမေးသူများအား ရွှေမန်ကျည်း တောင့်များဖြင့် ဖြားယောင်းလေသော် တစ်နေ့တခြား ဗေဒင် မေးသူများ များပြားကာ ပြည်သူတို့၏ယုံကြည်မှုကို ရရှိလေသည်။

တစ်စတစ်စဖြင့် ထိုသတင်းကို မင်းချင်းတို့ကြားသော်



www.burmeseclassic.com

သက်မင်းငတုံမင်းကြီးအား လျှောက်တင်လေ၏။

'အရှင်မင်းကြီး… အရှင်မင်းကြီးရဲ့ ဘုန်းတော်ကြောင့် ထူးခြားတဲ့ ရသေ့တစ်ပါးသည် မြို့၌ ရောက်ရှိနေကြောင်းပါဘုရား'

'ရှေ့ဖြစ်နောက်ဖြစ်ဟောသည်မှာ အလွန်မှန်ကြောင်းပါဘုရား'

'ဒါဆိုရင် အဲဒီရသေ့ကို ငါ့ထံသို့ ဆောင်ယူခဲ့လော့'

ဤသို့ဖြင့် ရသေ့ယောင်သည် သက်မင်းငတုံထံ ရောက်ရှိလာခဲ့သည်။ ၎င်းသည် ရသေ့ယောင်ဆောင်ထားသည့် သူလျှိုပီပီ မင်းကြီးအား အလိုလိုက်အကြိုက်ပေးကာ ချဉ်းကပ်လေသော် မင်းကြီးလည်း ရသေ့ယောင်ကို လွန်စွာလေးစားလာပါသည်။

ရသေ့ယောင်သည် ဤတိုင်းပြည် စည်ပင်ဝပြောမှု ဖြစ်ခြင်းကို စုံစမ်းရာ…

'မင်းကြီးဟာ ဂမ္ဘီရပိတောက်စည်ရှိရုံသာမက နဂါးမင်းကြီးက စေလွှတ်လိုက်တဲ့ နဂါးလည်းရှိသေးတယ်၊ အဲဒီနဂါးက မိုးလေဝသကောင်း အောင်ပြုလုပ်ပေးတယ်'

'ဒါဆို နဂါးက ဘယ်မှာနေတာလဲ'

'မိုးကြိုးကန်မှာ နေပါတယ်'

'အိမ်း… ကောင်းလှပြီ'





ရသေ့ယောင်လည်း မိုးကြိုးကန်အတွင်းမှ နဂါးကိုဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်လိုက်ပါသည်။

ထို့ကြောင့် မင်းကြီးထံပါးသို့ ရောက်သောအခါ…

'ဒီတိုင်းပြည်ဟာ မကြာမီ နဂါးတို့ကြောင့် ရေတွင်မြုပ်လတ္တံ့။ ယခုလည်း ဤတိုင်းပြည်က မိုးကြိုးကန်၌ နဂါးတစ်ကောင်နေထိုင်ကြောင်း သိရသည်။ ထိုနဂါးကား မင်းကြီးနှင့်တကွ တိုင်းသူပြည်သားများအား အန္တရာယ်ပေးလတ္တံ့။ အသင်မင်းကြီး၏ ခမည်းတော်သည်လည်း နဂါးတို့ အန္တရာယ်ပေးသည့်အတွက် အသက်ဆုံးရှုံးခဲ့သည်မဟုတ်တုံလော့။

အကြံသမား သူလျှိုသည် အစစအရာရာ စုံစမ်းထားသည့်အတွက် အားလုံးကိုသိနေသူပီပီ ဤသို့နဂါးများနှင့် ရန်တိုက်ပေးခဲ့ပါသည်။ မင်းကြီးလည်း ၎င်း၏ဖခမည်းတော်မှာ နဂါးများဆွဲခေါ်မှုကြောင့် နတ်ရွာစံခဲ့သည့်ဖြစ်ရပ်မှာ မှန်ကန်နေသည့်အတွက် မိုးကြိုးကန်ရှိ နဂါး၏အန္တရာယ်ကိုတွေး၍ ကြောက်မိသည်။

'အင်း… ဒီရသေ့ဟာ ရှေ့ဖြစ်ဟောတာ တော်တော်မှန်တယ်၊ အခုသူပြောတာဖြစ်နိုင်တယ်၊ နဂါးတို့မျက်စောင်းအကြောင်းမရွေးတဲ့၊ ဒီတော့ ဒီရသေ့ဟောတာမှန်ရင် ငါတို့ရဲ့တိုင်းပြည်ကြီး ပျက်စီးသွားနိုင်တယ်'



www.burmeseclassic.com

ဤသို့တွေးတောမိသည့်အတွက်...

'ရှင်ရသေ့ကြီး ကောင်းသလိုသာ ဆောင်ရွက်ပါလော့၊ ဤနဂါးနှင့် ပတ်သက်တဲ့ကိစ္စမှန်သမျှ အရှင်၏ပညာစွမ်းဖြင့်သာ ပြုမူဆောင်ရွက်ပါလော့'

ဟုမင်းကြီးမှ ရသေ့ကြီးအားလျှောက်တင်လိုက်ပါသည်။

ဤကဲ့ သို့သော ခွင့် ပြုချက် ရသည့် တစ်ပြိုင်နက် အကြံသမား ရသေ့ယောင်မှာ အပေါင်းအသင်းများနှင့် တိုင်ပင်ပြီးနောက် တိုင်းသူပြည်သားများခေါ်ကာ...

'ဒီနဂါးဟာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီတိုင်းပြည်ကို အန္တရာယ်ပေးလိမ့်မယ်၊ ဒီတော့ နဂါးဟာ မိုးကြိုးကန်မှာ မနေနိုင်အောင် ကျုပ်တို့ပြုလုပ်ကြရမယ်၊ မင်းကြီးကလည်း သဘောတူခွင့်ပြုတယ်'

'မှန်ပါ့ရှင်ရသေ့ကြီး၊ ဒါဆို ကျွန်ုပ်တို့ အဘယ်သို့ပြုအံ့နည်း'

'နဂါးကြီးမနေနိုင်အောင် ဤသို့လုပ်အံ့'

ဟုမိန့်တော်မူပြီးနောက်...

'အသင်တို့ သဲများ၊ ကျောက်ခဲများ ရသလောက် စုဆောင်းလော့'

ဟုမိန့်လိုက်ပါသည်။





တိုင်းသူပြည်သားများလည်း ရသမျှသံပြားများ သံခဲများ ကျောက်ခဲများကို ယူဆောင်၍ ဤမိုးကြိုးကန်အနီး၌ စုပုံထားကြ၏။

'အသင်တို့ ကြီးစွာသော မီးပုံကြီးဖိုလော့'

ရှင်ရသေ့ကြီးမှာ ဤသို့မိန့်ရာ တိုင်းသူပြည်သားများလည်း ကြီးစွာသောမီးပုံကြီး ဖိုခဲ့ပါသည်။

'အသင်တို့ သံခဲများ ကျောက်ခဲများသံပြားများကို ဤမီးပုံကြီးအတွင်း၌ ထည့်၍ဖုတ်လော့၊ အလျှံငြီးငြီးဖြစ်ပါက ဤသံပြား၊ ဤကျောက်ခဲများကို မိုးကြိုးကန်အတွင်းသို့ ပစ်ချလော့'

တိုင်းသူပြည်သားများလည်း ရသေ့ကြီးမိန့်တော်မူသည့်အတိုင်း မီးရဲရဲဖုတ်ထားသည့် သံခဲများ ကျောက်ခဲများ သံပြားများကို ရေထဲသို့ အဖန်တလဲလဲပစ်ချလေသော် ကန်ရေမှာ ကျွတ်ကျွတ်ဆူသွားပါတော့သည်။

ဤသို့ပြုလုပ်သဖြင့် ရေများပွက်ပွက်ဆူလာသောအခါ နဂါးသည် ဤသို့တွေး၏။

'ငါသည် ဤတိုင်းပြည်ကြီးအား မိုးလေဝသကောင်းအောင် စည်ပင်ဝပြောအောင် ငါစောင့်ရှောက်၏၊ သို့တမူ တိုင်းသူပြည်သားများသည် ငါ့နေရာဘုံဗိမာန်ကို ပျက်စီးအောင်



www.burmeseclassic.com

ပြုချေသည်၊ သည်တော့ သည်ကန်တွင် ငါမနေနိုင်ပြီ'

နဂါးသည် ဤသို့တွေးကာ မိုးကြိုးကန်မှ ထွက်ကာ အဋ္ဌနနဒီ (လေးမြို့မြစ်)ထဲသို့ သက်ဆင်းကာ မြစ်များကို ဆန်တက်လျှင် မြစ်ဖျားရှိ အိုင်ကြီးတစ်အိုင်၌နေ၏။

ရသေ့ယောင်လည်း နဂါးသွားသည့်လမ်းကြောင်းကို လိုက်ကြည့်သောအခါ လေးမြို့မြစ်ဖျားရှိ အိုင်ကြီးတစ်အိုင်၌နေမှန်း သိခဲ့ပါသည်။

ရသေ့ယောင်လည်း မင်းကြီးအား ဤသို့လျှောက်တင်၏။

'မိုးကြိုးကန်ထဲသို့ သံပူများ၊ ကျောက်ခဲများပစ်ချတဲ့ အတွက် နဂါးမနေနိုင်တော့ပါ'

'သင့်ပေတယ် ရှင်ရသေ့ကြီး'

'နဂါးသည် ဝေးဝေးသို့မသွားပါ၊ လေးမြို့မြစ်ဖျား ရေအိုင်၌ ပြောင်းရွှေ့နေပါတယ် မင်းကြီး'

'ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ ရှင်ရသေ့ကြီး'

'ရေအိုင်အတွင်းမှာရှိတဲ့ နဂါးကို ပိုက်ကွန်များအသုံးပြုပြီး ဖမ်းပြမယ်၊ တိုင်းသူပြည်သားများကိုတော့ ငါးတန်ဖမ်းပွဲသဘင် ကျင်းပတယ်လို့ ကြေငြာပေးပါမင်းကြီး'

'ရှင်ရသေ့သင့်သလို စီစဉ်ပါ၊ ငါးတန်ဖမ်းပွဲသဘင်





ကျင်းပတယ်လို့ ကြေငြာပေးပါ့မယ်'

မင်းကြီးလည်း တိုင်းပြည်၌ ငါးတန်ဖမ်းပွဲသဘင် ရှိကြောင်း မောင်းခတ်ကာ ကြေငြာလေသည်။

ရသေ့ယောင်၏ သူလျှိုများနှင့်အတူ တိုင်းသူပြည်သားများ သည် ထိုရေအိုင်သို့သွားကာ ပိုက်များဖြင့် အကြိမ်ကြိမ်ဆွဲကာ ငါးတန်ဖမ်းပွဲသဘင် ကျင်းပခဲ့ပါသည်။ ဤတွင် နဂါးလည်း မိမိကို မနေနိုင်အောင် ကြံစည်မှန်းသိ၍ လွန်စွာစိတ်ဆိုးကာ···

'ဒီနေရာဟာ မနေသင့် မနေထိုက်တဲ့ အရပ်ဖြစ်တယ်၊ ငါဟာ ဒီမြို့ကို မည်မျှစောင့်ရှောက်သော်လည်း ငါ၏စေတနာကို နားမလည်ရုံသာမက ငါ၏ပျက်စီးခြင်းကို ဒင်းတို့ပြုတဲ့အတွက် ဒီအိုင်တွင် ငါမနေတော့ပြီ'

ဤသို့ပြောပြီး နဂါး၏တန်ခိုးဖြင့် မာန်အောင်ကျွန်းအနီးရှိ ရေပြင် သို့ ပြောင်းရွှေ့သွားပါသည်။ နဂါးမရှိတော့သည့်အတွက် ဓညဝက်တိုင်းပြည်မှာ မိုးလေဝသမမှန်မကန်ဖြစ်လာပါတော့သည်။

သည်အခါတွင် ရသေ့ယောင်က ဤသို့လျှောက်၏။

'ဂမ္ဘီရပိတောက်စည်ကြီးမှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်၍ အစွမ်းသတ္တိတို့ လျော့နည်းလာချေပြီ'

'အစွမ်းသတ္တိများ ပိုမိုတိုးတက်အောင် မည်သို့ပြုမည် နည်း ရှင်ရသေ့'



www.burmeseclassic.com

'ဤစည်တော်၏မျက်နှာကျက်ကို အသစ်တဖန်ပြန်လည်ပြုပြင်ကာ အောင်ဇေရတု ငွေခရာသွန်းပြုရန် လိုပါတယ် မင်းကြီး'

'ရှင်ရသေ့၏ အစီအမံအတိုင်း ဆောင်ရွက်ပါလော့'

မင်းကြီးထံမှ ဤသို့အခွင့်အမိန့်ရလျှင်ရခြင်း ဂမ္ဘီရဖိတောက်စည်ကြီးအားဖျက်စီးကာ အခြားသစ်သားဖြင့် စည်ကြီးပြုလုပ်ပြီး ရရာသားရေဖြင့် စည်မျက်နှာပြင်ကို ကျက်ခဲ့ပါသည်။

စည်ကြီးကို လှပစွာ ပြုလုပ်ထားသဖြင့် မင်းကြီး၏အမြင်တွင် စည်ဟောင်းကြီးထက် ပိုမိုလှပနေသဖြင့် လွန်စွာသဘောကျခဲ့ပါသည်။ ထိုစည်ကြီးကိုချိတ်ဆွဲ၍ တီးခတ်လေသော်အသံကျယ်စွာမြည်ဟီးတတ်လည်း သာမာန်စည်ဖြစ်၍ ပုဂံပြည်တွင် တုန်လှုပ်မှုမဖြစ်တော့ပေ။ ဤသို့စမ်းသပ်ပြီးနောက်စည်ကြီးကို မင်းကြီးထံအပ်လေသည်။

စည်တော်အသစ်တင်သည့်နေ့တွင် ရသေ့ယောင်တို့အုပ်စုသည် အလျှိုလျှိုပျောက်သွားကာ ပုဂံပြည်သို့ ပြန်သွားခဲ့ပါသည်။

မင်းကြီးလည်း ထိုစည်ကြီးအားတီးသော် ယခင်ကကဲ့သို့ပုဂံပြည်တွင် တုန်လှုပ်ခြင်းမဖြစ်တော့သည့်အတွက် မိမိမှာလှည့်ဖျားခြင်းခံရကြောင်း သိတော့သည်။ ဂမ္ဘီရပိတောက်စည်နှင့်





နဂါးမရှိတော့သည့်အတွက် စမ္ဘာဝက်တိုင်းပြည်ကြီးမှာ စည်ပင်ဝပြောမှု တစ်စတစ်စ နည်းပါးခဲ့ပါသည်။ ထိုစည်တော်မရှိတော့သဖြင့် ပုဂံစစ်သည်တော်များ အလွယ်တကူ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် စမ္ဘာဝက်ပြည်ကြီး ပျက်ခဲ့ရပါတော့သည်။

ရီရီမြွေး



www.burmeseclassic.com

## လောကပါလသစ္စာ

ညီညီနိုင်သေဆုံးသွားပြီတဲ့။

ရတနာဆပ်ကပ်အဖွဲ့သားအားလုံး အံ့သြသွားပါသည်။

ညီညီနိုင်သည် ဆပ်ကပ်အဖွဲ့၏ လက်ထောက်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဆင်လိမ္မာတိုးအောင်နှင့် ဆင်လိုက်သည့်ပြကွက်မှာ သူ၏ကျော်ကြားလှသော ပြကွက်တစ်ခုပင် ဖြစ်ပါသည်။

ရတနာဆပ်ကပ်အဖွဲ့ကြီး၏ ပိုင်ရှင် ဦးမာဒင်ပြီးလျှင် ညီညီနိုင်မှာ လက်ထောက်ခေါင်းဆောင်တစ်ဦးဖြစ်၍ ဆပ်ကပ်အဖွဲ့တွင် သူ့လက်သူ့ခြေ ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။ ယခု ညီညီနိုင် သေဆုံးမှုမှာ ဆန်းကြယ်သည်ဟု ဆိုရပေမည်။

ရတနာဆပ်ကပ်အဖွဲ့ကြီးသည် ဧရာဝတီတိုင်း၊ ... မြို့သို့ ကပွဲကရန် ထိုနေ့နံနက်ကရောက်ရှိလာခဲ့ပါသည်။ ရတနာဆပ်ကပ်အဖွဲ့တွင် ဆင်လိမ္မာတိုးအောင်၊ မျောက်ဝံကြီးဂူဂူး၊ မျောက်လိမ္မာအာနန်နှင့် ခွေးလိမ္မာများ စသည်ဖြင့် တိရစ္ဆာန်များကို





မြို့တွင်းသို့ လှည့်လည်ပြသခဲ့ပါသည်။ ထိုသို့လှည့်လည်ပြသရာတွင် ညီညီနိုင်တစ်ယောက် ဦးစီးဦးဆောင်ပြုကာ တိရစ္ဆာန်များကို ထိန်းကျောင်းခဲ့ပါသည်။

ဆင်လိမ္မာတိုးအောင်ကား ဆင်ထိန်းညီညီနိုင်အပေါ် များစွာ သံယောဇဉ်ရှိပါသည်။ ညီညီနိုင်ကလည်း တိုးအောင်အပေါ် ချစ်ခင်ယုယသည်။

ကျီခနဲ အသံမြည်လိုက်သည်နှင့် ကြံများကို ကျွေးပြီးသားဖြစ်နေသည်။ ယနေ့ဤမြစ်ဝကျွန်းပေါ်ရှိ မြို့၌ လှည့်လည်ပွဲတွင် ဆင်လိမ္မာ တိုးအောင်ကို ဘော်ကြယ်များဖြင့် စီချယ်ထားသည့် နဖူးစီးကိုတပ်ပေးထားပြီး ညီညီနိုင်မှာ ဆင်ထိန်းအင်္ကျီ ပြိုးပြိုးပျက်ပျက်ကို ဝတ်ဆင်ကာ တိုးအောင်၏ ဘေးမှလိုက်လာခဲ့သည်။

မြို့အတွင်း တစ်လမ်းဝင်တစ်လမ်းထွက်နှင့် ခြေလျှင် လှည့်လည်သောအခါ ညီညီနိုင်တို့အုပ်စုခြေထောက်ညောင်းလာပါသည်။ ဤသည်ကို တိုးအောင်က သိပါသည်။ ကျီခနဲ တစ်ချက်အော်ပြီး သူ့ကိုယ်ပေါ်တက်ရန် ဒူးထောက်ပေးလိုက်ပါသည်။ ညီညီနိုင်က တိုးအောင်ကိုယ်ကလေးကို ပွတ်သပ်ပေးရင် သူ့ကိုယ်ပေါ်သို့ မတက်လိုသည့်အတွက် မတ်တပ်ရပ်ရန် အမိန့်ပေးသည်။

သို့သော် တိုးအောင်ကား မတ်တပ်မရပ်၊ ဒူးထောက်မြဲ။



www.burmeseclassic.com

ညီညီနိုင်ကို သူ၏ကျောကုန်းပေါ်သို့ တက်စေလိုမှန်း ညီညီနိုင် ကောင်းစွာသဘောပေါက်ပါသည်။ တိုးအောင် ဒူးတုတ်နေသဖြင့် ကျန်သောတိရစ္ဆာန်များပါ ရပ်နေရသည့်အတွက် ညီညီနိုင်သည် တိုးအောင်၏ ကိုယ်ပေါ်သို့ တက်လိုက်ပါသည်။

သည်တော့မှ တိုးအောင်သည် ဒူးထောက်ရာမှထ၍ ညီညီနိုင်ကို ကျောပေါ်၌တင်ကာ ခြေလှမ်းမှန်မှန်နှင့်မြို့ကို ပတ်ပါတော့သည်။ ညီညီနိုင်ကို ကြည့်မရသူတစ်ဦးရှိပါသည်။ ထိုသူကား မျိုးမြင့်အောင်ပင် ဖြစ်ပါသည်။

မျိုးမြင့်အောင်သည် ဤဆပ်ကပ်ထဲသို့ ဝင်သည်မှာ ညီညီနိုင်ထက် တစ်နှစ်နောက်ကျပါသည်။ သို့သော် ညီညီနိုင် ဆင်ထိန်းရာတွင် တော်သကဲ့သို့ သူက ခွေးလိမ္မာများ ထိန်းရာတွင် တော်ပါသည်။ သူ့နေရာနှင့်သူ အသီးသီးတော်သဖြင့် ဆပ်ကပ်ပိုင်ရှင်ဦးမာဒင်က အရေးပေးဆက်ဆံပါသည်။ သူသည်လည်း ညီညီနိုင်နည်းတူ လက်ထောက်ခေါင်းဆောင် တစ်ဦးဖြစ်ပြီး လစာလည်း ညီညီနိုင်နှင့်တန်းတူရပါသည်။

ညီညီနိုင်နှင့်တန်းမတူသည့်အချက်မှာ ညီညီနိုင်သည် မျက်နှာချိုပြီး ဆက်ဆံရေးကောင်းသဖြင့် အဖွဲ့သားအားလုံးနှင့် တည့်ကာ ချစ်ခင်မှုကို ခံရသူဖြစ်သည်။ မျိုးမြင့်အောင်ကား





ဤသို့မဟုတ်။ ခပ်တည်တည်နေပြီး ခပ်ပြတ်ပြတ်ပြောတတ်သူဖြစ်၍ အဖွဲ့သားများက ရှံ့ကြောက်ဖြစ်နေပါသည်။

ယခု ညီညီနိုင်သေဆုံးပုံမှာ ထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။

ထိုနေ့က ဆပ်ကပ်အဖွဲ့မြို့တွင်းသို့ လှည့်လည်ပြသသည်။ စရောက်ရောက်ချင်းနေ့ဖြစ်၍ ထိုနေ့ညတစ်ညနားကာ နောက်တစ်နေ့ညတွင် ရတနာဆပ်ကပ်အဖွဲ့စတင်ကပြပေမည်။ ယနေ့ညအဖို့ ပြုဖွယ်ပြင်ဆင်ဖွယ်ကိစ္စများပြုလုပ်ပြီးနောက် ဓာတ်ခုံအတွင်းတွင် အိပ်ကြပါသည်။ အခြားသူများက ဓာတ်ခုံအတွင်း၌ အိပ်သော်လည်း ညီညီနိုင်သည် ဓာတ်ခုံအပြင်ဘက်တွင် ရွက်ထည်တဲထိုးကာ အိပ်ခဲ့ပါသည်။

နံနက်လင်းသော်လည်း ညီညီနိုင်ထမလာသဖြင့် မနိုးသေးဟုယူဆကာ လူရွှင်တော်သန်းမောင်ကို ဦးမာဒင်က သွားနှိုးခိုင်းရာ…

'ကိုညီ… ထတော့လေဗျာ၊ ဘယ်အချိန်ရှိပြီလဲ'

ပြောပြောဆိုဆို လှုပ်နှိုးလိုက်ရာ ညီညီနိုင်၏ တစ်ကိုယ်လုံးမှာမည်းနေပြီး ပါးစပ်မှသွေးစအနည်းငယ်ထွက်နေကြောင်း တွေ့လိုက်ရသဖြင့် လူရွှင်တော်သန်းမောင်လည်း လန့်သွားပြီ…

'ကိုညီ… ကိုညီ'



www.burmeseclassic.com

ဟု ထပ်မံလှုပ်နှိုးသော်လည်း မည်သို့မျှ မနိုးသဖြင့်…

'ကိုညီ… သေနေသလား မသိဘူး'

ထိုသို့ထင်ကာ ရွက်ထည်တဲအတွင်းမှ ပြေးသွားပြီး…

'ကိုညီ သေပြီလား မသိဘူး၊ နှိုးလို့မရတော့ဘူး'

ထိုသို့အော်ပြောရင်း ပြေးလွှားနေပါသည်။

လူရှင်တော်သန်းမောင်၏ အလန့်တကြားအော်သံကြောင့် အဖွဲ့သားများ ပြေးလာကြည့်ကြပါသည်။ ညီညီနိုင်မှာ ရုပ်ပျက်ဆင်းပျက် မည်းနက်စွာ သေဆုံးနေသည့်အတွက်…

'ညီညီနိုင်ကို အဆိပ်ရှိတဲ့အကောင်တစ်ကောင် ကိုက်သွားသလားမသိဘူး'

'ဒါဟာသေမှုသေခင်းဆိုတော့ ရဲကိုအကြောင်းကြားမှ'

ဦးမာဒင်သည် ညီညီနိုင်သေဆုံးမှုအတွက် ရဲကို အကြောင်းကြား ဆေးစစ်ချက်ပေါ်ထွက်လာသောအခါ ညီညီနိုင်ကို မြွေကိုက်သွားသည်တဲ့။ ခြေမျက်စေ့တွင် အစွယ်ရာနှစ်ရာကို စစ်ဆေးတွေ့ရှိရသည်တဲ့။ အဖွဲ့သားအားလုံးကို စစ်ဆေးသော်လည်း အိပ်ချိန်ဖြစ်၍ မည်သူမျှမသိလိုက်ကြောင်း ထွက်ဆိုကြပါသည်။

မြွေကိုက်သည်မှာ ဖြစ်နိုင်ပါသည်။ ၄င်းတို့ဓာတ်ရုံသည် ထိုမြို့၏ ဘောလုံးကွင်းတွင် အသစ်ဆောက်ထားပါသည်။





အချို့နေရာများတွင် မြက်ပင်များစွာပေါက်ရောက်နေသည်။ ပူအိုက်သည့်လဖြစ်၍ ညအခါ မြွေဆိုးများထွက်တတ်ပါသည်။ ထိုဆပ်ကပ်အဖွဲ့သားများမှာ နေ့ခင်းတွင် ရဲထံ စစ်ဆေးချက်ယူ၍ ညဘက်တွင် ဆပ်ကပ်ကကြပါသည်။ စုံစမ်းဆဲကာလဖြစ်သော်လည်း အဖြေကား ရှင်းနေပါသည်။

ညီညီနိုင်တစ်ယောက် ညအိပ်စဉ် မြက်တောများသော ဘောလုံးကွင်းရှိ မြွေဆိုးတစ်ကောင်ကောင်၏ ကိုက်ခဲခြင်းခံရကာ သေဆုံးသွားသည်ဟု မှတ်ချက်ချခဲ့ကြသည်။ ညီညီနိုင်သေဆုံးသွားသည့်အတွက် ရတနာဆပ်ကပ်အဖွဲ့သားများစွာ စိတ်မချမ်းသာဖြစ်ခဲ့ကြပါသည်။

အားလုံးသော အဖွဲ့သားများအနက် ဝမ်းနည်းကြေကွဲနေသူမှာ ဘာဂျမ်းမယ် မြတ်နိုးခင်။ ညီညီနိုင်မှာ မြတ်နိုးခင်၏ ချစ်သူဖြစ်သလို ဦးမာဒင်ကိုယ်တိုင် လက်ထပ်ပေးရန် သဘောတူခဲ့သည်။

ညီညီနိုင်နှင့် မြတ်နိုးခင်တို့ ချစ်သူဖြစ်ရန်အကြောင်း ဖန်လာခဲ့ပုံမှာလည်း ထူးခြားလှပါသည်။ မြတ်နိုးခင်သည် ရတနာဆပ်ကပ်အဖွဲ့ကြီး၏ ပိုင်ရှင်ဦးမာဒင်၏ တစ်ဦးတည်းသောသမီးဖြစ်ပြီး ရုပ်ရည်ချောမောလှသကဲ့သို့ ဂျမ်းဘားကစားနေသူဖြစ်၍ ကိုယ်လုံးကိုယ်ပေါက်လည်း လှပကျော့ရှင်းသူဖြစ်သည်။



www.burmeseclassic.com

မြတ်နိုးခင်၏ အလှအပကွန်ယက်တွင် ညီညီနိုင်ရော မျိုးမြင့်အောင်ပါ ငြိတွယ်ခဲ့သည်။ ၄င်းတို့နှစ်ဦးစလုံးက မြတ်နိုးခင်၏အချစ်ပန်းကို လိုချင်မက်မောလှပါသည်။ မြတ်နိုးခင်ကလည်း ထိုသူနှစ်ဦးကို မည်သူ့အားရွေးရမှန်းမသိ။ ထို့ကြောင့် ၄င်းတို့နှစ်ဦးအား အဖြေမပေးသေးဘဲ အခြေအနေကို စောင့်ကြည့်နေခဲ့ပါသည်။

ညီညီနိုင်က အလုပ်ကိုကြိုးစားသလို မျိုးမြင့်အောင်ကလည်း အလုပ်ကို တက်တက်ကြွကြွ လုပ်ကိုင်ခဲ့ပါသည်။ ညီညီနိုင်သည် ဆင်ကြီးတိုးအောင်ကို လိမ္မာအောင် သင်ကြားနိုင်သကဲ့သို့ မျိုးမြင့်အောင်ကလည်း ခွေးလိမ္မာများကို မီးကွင်းခုန်နည်း စက်ဘီးနောက်မှ စီးခြင်းအစရှိသည့် နည်းအမျိုးမျိုးကို လိမ္မာအောင် သင်ကြားပေးနိုင်သူတစ်ဦးဖြစ်ပါသည်။

အရည်အချင်းချင်း တူနေသဖြင့် ၄င်းတို့နှစ်ဦးကို မြတ်နိုးခင်စောင့် ကြည့်နေဆဲအချိန်တွင် ကံကြမ္မာဖန်လာသည့် ညတစ်ညဌ် မြတ်နိုးခင် မျိုးမြင့်အောင်နှင့်ညီညီနိုင်တို့ သုံးဦးကောင်းကင်ဘားတန်းကစားကွက်ကို တင်ဆက်ခဲ့ပါသည်။

၄င်းတို့သုံးဦးသားမှာ ကောင်းကင်ဘားတန်းကို တစ်တန်းပြီးတစ်တန်း ကျွမ်းကျင်စွာ ခုန်ကူးကစားနေပါသည်။ ထိုသို့ လှပစွာကစားနေသည့်အတွက် ပရိသတ်များက လက်ခုပ်ဩဘာ





ပေးခဲ့ကြပါသည်။

ထိုစဉ် ဘားကျွမ်းမယ် မြတ်နိုးခင်မှာ ညီညီနိုင်၏ ဘားတန်းဘက်သို့ခုန်အကူးတွင် ထိုသို့မရောက်ဘဲ အောက်သို့ ပြုတ်ကျသွားရာ…

'ဟင်'

'ဟာ'

ပရိသတ်ကြီးမှာ ဟင်ခနဲ ဟာခနဲ ဖြစ်သွားခိုက်တွင် ညီညီနိုင်မှာ လေထဲရှိမြတ်နိုးခင်၏ ခါးကိုဖမ်းဆွဲကာ အောက်ဘက်ရှိ ဌုန်းဘားတန်းကို လက်တစ်ဖက်ဖြင့် လှမ်းကိုင်ရင်း လှလှပပ အသက်ကို ကယ်တင်လိုက်နိုင်ခဲ့ပါသည်။

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

ပရိသတ်ကြီးမှာ ဤပြကွက်သည် သည်းထိတ်ရင်ဖို ပြကွက်ဟုထင်ကာ လက်ခုပ်သံတဖြောင်းဖြောင်းနှင့် ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။

ဤတွင်မြတ်နိုးခင်မှာ ၄င်း၏အသက်သခင် ကျေးဇူးရှင်ဟု မှတ်ယူကာ ညီညီနိုင်၏အချစ်ကို လက်ခံခဲ့ပါသည်။ ဦးမာဒင်ကိုယ်တိုင်ကလည်း သမီး၏အသက်ကိုကယ်တင်ခဲ့သူ ညီညီနိုင်ကို



www.burmeseclassic.com

မြတ်နိုးခင်နှင့်သဘောတူခဲ့ပါသည်။

မြတ်နိုးခင်နှင့်ညီညီနိုင်တို့ ချစ်လမ်းခရီးကား ဖြောင့်ဖြူးခဲ့ပါသည်။ သို့သော် မျိုးမြင့်အောင်တစ်ယောက်မှာ လွန်စွာဝမ်းနည်းခဲ့ပါသည်။ အပူရုပ်ကိုဟန်လုပ်ကာ ခပ်တည်တည် နေခဲ့ရသော်လည်း မျိုးမြင့်အောင်၏စိတ်ထဲတွင် လုံးဝမကျေနပ်ချေ။

ဤတွင်မြတ်နိုးခင်တို့မင်္ဂလာပွဲမှာ တဖြည်းဖြည်းနီးကပ်လာချေပြီ။ ဤမြို့မှ ဆပ်ကပ်ပွဲအပြီးတွင် ရန်ကုန်မြို့တွင် မြတ်နိုးခင်တို့မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပေတော့မည်။

ဤသို့သောအခြေအနေမျိုးတွင် ညီညီနိုင်တစ်ယောက်သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ မြတ်နိုးခင်သည် ငိုကြွေးရင်း…

'ကိုညီရယ်… ကျွန်မအသက်ကို ရှင်ကယ်ခဲ့ပေမယ့် ရှင့်အသက်ကိုတော့ ကျွန်မ မကယ်နိုင်ခဲ့တဲ့အတွက် ကျွန်မအရမ်းစိတ်ထိခိုက်ရပါတယ်၊ ရှင်ဟာတကယ်ပဲ သွေးရိုးသားရိုး မြွေဆိုးခဲလို့သေခဲ့တာလား၊ ဒါမှမဟုတ်ရင် သူတစ်ပါးလက်ချက်ကြောင့် သေဆုံးခဲ့တာလား၊ ကျွန်မ ရှင်းရှင်းလင်းလင်းသိအောင် ပြောပါ ကိုညီရယ်'

သူမ၏စိတ်ထဲတွင် များစွာမကျေမနပ်ဖြစ်မိသည်။ သံသယစိတ်ဖြင့် အခြားသူတစ်ဦးဦး၏ လုပ်ကြံမှုလေလားဟု တွေးမိသည်။ ထို့ကြောင့် ချစ်သူညီညီနိုင်ကို သူမ ဤသို့ငိုငိုယိုယို





ပြောခဲ့ပါသည်။

ယနေ့ ညီညီနိုင်ကို ထိုမြို့တွင် သင်္ဂြိုဟ်ခဲ့ရပါသည်။ ဆပ်ကပ်အဖွဲ့သားများနှင့်ပင် ခပ်ကျဉ်းကျဉ်းသင်္ဂြိုဟ်ခဲ့ရပါသည်။ မြတ်နိုးခင်တစ်ယောက် လွန်စွာဝမ်းနည်းကြေကွဲကာ ဤသို့တိုင်တည်ခဲ့ပါသည်။

'ကိုညီရယ်… ကျွန်မတို့ ရန်ကုန်ပြန်ရောက်ရင် လက်ထပ်ကြမယ်လို့ ရည်ရွယ်ထားပေမယ့် မမျှော်လင့်ဘဲ လက်တွဲဖြုတ်ခဲ့ရပြီ၊ ကိုညီ့ကို ဒီမြို့မှာတစ်ယောက်တည်းထားခဲ့ရပြီ၊ ကျွန်မရင်မှာ မချိတော့ဘူး ကိုညီရယ်၊ ရှင်နဲ့ကျွန်မကို ခွဲခဲ့တဲ့ရန်သူဟာ ဘယ်သူလဲ၊ ကျွန်မကို တိတိကျကျပြစမ်းပါ ကိုညီရယ်'

ဤသို့ငိုကြွေးပြီးပြန်လာခဲ့ရပါသည်။ ပွဲထုံးစံအတိုင်း ယနေ့တွင် ပွဲငှားထားပြီးသားဖြစ်၍ လွမ်းသည်ဆွေးသည်ကိုထားသို့ခဏဖယ်ကာ ထိုနေ့အတွက် ကပြဖျော်ဖြေခဲ့ရပါသည်။

ထိုနေ့တွင် ပွဲအစဉ်အလာအတိုင်း အမျိုးသမီးကလေးများစက်ဘီးစီးခြင်းဖြင့် စတင်ဖွင့်ခဲ့ပါသည်။ ထို့နောက် မျောက်လိမ္မာအဖွဲ့၊ ခွေးလိမ္မာအဖွဲ့၊ လူဝံလိမ္မာအဖွဲ့အပြင် မြတ်နိုးခင်၏ ကောင်းကင်ဘားကစားခြင်းတို့ဖြင့် ကပြဖျော်ဖြေနေပါသည်။

နောက်ဆုံးအခန်းကား…



www.burmeseclassic.com

ဆင်လိမ္မာတိုးအောင်၏ ကကွက်ဆန်းများပင်ဖြစ်ပါသည်။

ရှေးယခင်က သည်အခန်းကို ကပြရာတွင် ဆင်လိမ္မာတိုးအောင်နှင့်ညီညီနိုင်တို့အတွဲက ကျွမ်းကျင်စွာ ကပြခဲ့ပါသည်။ ထိုကကွက်တွင်။

ညီညီနိုင်သည် တောက်ပသော ဆင်ထိန်းဝတ်စုံကို ဝတ်ကာ ဆင်ကြီးကို ရှေ့တိုးနောက်ဆုတ် ဒူးထောက်ခြင်း နှာမောင်းဖြင့်ပွေ့ကာ ဦးကင်းပေါ်သို့ တင်ပေးခြင်း အမျိုးမျိုး အမိန့်ပေးခဲ့ပါသည်။

ဆင်လိမ္မာကြီးကလည်း ညီညီနိုင်ကို အမျိုးမျိုးပွေ့ပိုက်ကာ ကစားသောအခန်းဖြစ်ပါသည်။ ထိုစဉ် ညီညီနိုင်မှာ ဆင်ပေါ်က လိမ့်ကျဟန် ဆင်နှာမောင်းပေါ်မှ ကြောက်လန့်ဟန် အမျိုးမျိုး ကပြရာ ရွှေပွဲလာပရိသတ်များမှာ တဝါးဝါး တဟားဟားပွဲကျသည့် ဇာတ်ကွက်ဖြစ်ပါသည်။

ယခုမူ ညီညီနိုင်တစ်ယောက် မရှိတော့ပြီ၊ သို့သော်လည်း ဆပ်ကပ်ပွဲမှာ စရံယူထားသည့်အတွက် မကမနေကပြရပေတော့မည်။ ညီညီနိုင်၏နေရာတွင် မျိုးမြင့်အောင်ကို အစားထိုးရပေမည်။ တကယ်တော့ ဤဇာတ်လမ်းတွင်သာမက မြတ်နိုးခင်၏ တစ်ဘဝလုံးအတွက် လက်တွဲဖော်အဖြစ်ပါ မျိုးမြင့်အောင်





အစားထိုးကပြရပေမည်ဟု မျိုးမြင့်အောင် မျှော်လင့်ထားပါသည်။ ဆင်လိမ္မာတိုးအောင်တို့ ပြကွက်စတင်ကပြရန် အကျီလဲခဲ့ပါသည်။

ဆင်ထိန်းအဖြစ် မျိုးမြင့်အောင်မှာ ညီညီနိုင်ဝတ်ဆင်သည့် ဆင်ထိန်းအကျီပြောင်ပြောင်လက်လက်ကို စတင်ဝတ်ဆင်ခဲ့ပါသည်။ ထိုအကျီဝတ်လိုက်စဉ်တွင် ထူးခြားမှုတစ်ခုနှင့် ကြုံတွေ့ခဲ့ရပါသည်။

ဤသည်ကား ပုပ်အဲ့အဲ့အနံ့ဆိုးတစ်ခု တဖြည်းဖြည်းနှင့် အနီးသို့ ရောက်ရှိလာသကဲ့သို့ ခံစားရပါသည်။ မျိုးမြင့်အောင်၏ စိတ်ထဲတွင် ညီညီနိုင်ကို ချက်ချင်းသတိရလိုက်မိသည်။

'ညီညီ... ငါ့ကိုမစပါနဲ့ကွာ၊ ငါဟာ ဆင်ထိန်းမလုပ်ချင်ပေမယ့် ဒီကကွက်ကို မကမဖြစ်ကရမှာမို့ မင်းရဲ့အကျီကို ဏာဝတ်မယ်နော်'

မျိုးမြင့်အောင်မှာ စိတ်စွဲလန်းနေ၍လားမသိ၊ အကျီဝတ်ရသည်ပင်အဆင်မပြေ။ အကျီမှာ ကျပ်သလိုလို အသက်ရှုကျပ်သလိုလို ခံစားရပါသည်။

ဆင်လိမ္မာတိုးအောင်ကြီးအား အလှဆင်ကြိုးများ တပ်ဆင်ပေးပြီး ဘော်ကြယ်များထိုးထားသည့် ပြောင်ပြောင်လက်လက်ရှိသော နဖူးစည်းကို နဖူး၌ချည်ပေးခဲ့ပါသည်။



www.burmeseclassic.com

မကြာမီ လိုက်ကာဖွင့်လိုက်သဖြင့် မျိုးမြင့်အောင်သည် ဆင်လိမ္မာ တိုးအောင်ကိုဆွဲကာ ပရိသတ်ရှေ့သို့ ထွက်လာခဲ့ပါသည်။

ပရိသတ်အား နှုတ်ဆက်ပြီးနောက် ပြပွဲစတင်ခဲ့ပါသည်။ မျိုးမြင့်အောင်သည် ညီညီနိုင်လုပ်လေ့လုပ်ထရှိသကဲ့သို့ ရွမ်း နှစ်ပတ်သုံးပတ်ထိုးကာ တိုးအောင်ရှေ့သို့ ရောက်လာပါသည်။

ထို့နောက် ဆင်ကြီးအား…

'ရှေ့တိုး… ရှေ့တိုး'

ဟုအမိန့်ပေးလိုက်ရာ ဆင်ကြီးမှာ ၄င်းကိုကြောက်လန့် နေသည့်အလား နောက်သို့တစ်လှမ်းချင်း နောက်ဆုတ်သွား ပါသည်။

ပရိသတ်များက ဟာသလုပ်သည်ထင်ကာ တဝါးဝါး ရယ်ရင်း လက်ခုပ်တီးကြပါသည်။

ထို့နောက် ဆင်ကြီးအား…

'နောက်ဆုတ်… နောက်ဆုတ်'

ဟုအမိန့်ပေးလိုက်ရာ ဆင်ကြီးမှာ နောက်ဆုတ်ရန် နေရာ မရှိသဖြင့် ရှေ့သို့တိုးလာခဲ့ပါသည်။ မျိုးမြင့်အောင်မှာ ဆင်ကြီးကို အမိန့်ပေး၍ မရသဖြင့် စိတ်ပျက်လာပါသည်။ သို့သော် မျိုးမြင့်အောင်သည် ဟာသဉာဏ်ထည့်ကာ…





'ပရိသတ်များခင်ဗျား ဆင်ကြီးတိုးအောင်ဟာ သခင်ရဲ့ အမိန့်ကို ဒီလိုနာခံတာပါခင်ဗျား'

ဟု အော်ပြောလိုက်ရာ ပရိသတ်များမှာ သောသောညံ အောင်ရယ်ကြပါတော့သည်။

နောက်ပြကွက်တစ်ကွက်ကား ဆင်ကျောကုန်းပေါ်သို့ တက်သည့် အခန်းပင်ဖြစ်ပါသည်။

ဆင်ကြီးအား ဒူးထောက်ခိုင်းပြီး ဆင်ကျောကုန်းပေါ်သို့ တက်ရာ ဆင်ကြီးမှာကိုယ်လုံးကြီးကို ဟိုဘက်သည်ဘက်စောင်း ကာ အတက်မခံသဖြင့် မျိုးမြင့်အောင်မှာ အောက်သို့လျော၍ကျ သွားပါသည်။

ဤဖြစ်ရပ်မှာ ဟန်ဆောင်နေခြင်းမဟုတ်ဘဲ တိုးအောင် က အတက်မခံ၍ ပြုတ်ကျခြင်းဖြစ်ပါသည်။ ပရိသတ်များကား မသိရှာပေ။ ရယ်စရာသဘောလုပ်ခြင်းဟု ယူဆကာ ရယ်မောနေ ပါသည်။

မျိုးမြင့်အောင်မှာ ဤဆင်လိမ္မာမဟုတ်ဘဲ မုန်ယိုချင်သလို ဖြစ်နေသော တိုးအောင်နှင့်ကပြအသုံးတော်ခံလိုစိတ်မရှိတော့ပေ။ မြန်မြန်ပွဲပြီးချင်လှပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် ဆင်ကြီးမှ သခင်အား နှာမောင်းနှင့်ပွေ့ယူကာ လေဟုန်စီးခြင်း ကျောပေါ်သို့တင်ခြင်း



www.burmeseclassic.com

အခန်းကပြရပေမည်။ ဆင်ကြီးမှာ ကပ်တီးကပ်ဖဲ့ဖြစ်နေသဖြင့် ချွန်းဖြင့် တစ်ချက်ပေါက်လိုက်ရာ ဆင်ကြီး၏အမူအယာမှာ သိသိသာသာပြောင်းလဲသွားပါသည်။

နှာမောင်းနှင့်ပွေ့ခေါ်သည့်အခန်းအတွက်…။

'ကဲ… သားကြီးတိုးအောင်ရေ အဖေ့ကို နှာမောင်းနဲ့ လာပွေ့ပါကွယ်'

ဟုမျိုးမြင့်အောင်က ပြောလိုက်ရာ တိုးအောင်မှာ နှာမောင်းနှင့်ပွေ့ပြီး တအားကုန်မြှောက်ယမ်းလိုက်ပါသည်။ ချွန်းဖြင့်ပေါက်လိုက်သဖြင့် စိတ်ဆိုးကာ တအားကုန်မြှောက်ယမ်းသည်ဟု ထင်ကာ အောက်သို့ချရန် အမိန့်ပေးလိုက်ပါသည်။

'သားကြီး အောက်ကိုချပေးပါ'

တိုးအောင်မှာ တော်တော်နှင့်မချဘဲ မြှောက်ယမ်းနေသဖြင့် ကိုးလိုးကန့်လန့်ပါသွားရာ ပရိသတ်များပွဲကျနေပါသည်။ မျိုးမြင့်အောင်မှာ အကြာကြီးမြှောက်ယမ်းနေသည့်အတွက် လွန်စွာ ခေါင်းမူးနေပါသည်။

ထို့နောက် ၎င်းအားအောက်သို့ချလိုက်ရာ အမြင့်မှကျသည့်အရှိန်ကြောင့်လည်းကောင်း၊ ခေါင်းမူးနေသည့်အတွက်လည်းကောင်း ပက်လက်အနေအထားဖြင့် ကျသွားပါသည်။

ဆင်ကြီးသည် ၎င်းအား ထပ်ပြီးနှာမောင်းနှင့်ထပ်ပွေ့ရန်





နှာမောင်းကိုမြှောက်ပြီး မျိုးမြင့်အောင်ထံသို့ တဖြည်းဖြည်း လာနေပါသည်။

မျိုးမြင့်အောင်၏မျက်စေ့ထဲတွင် မူးနေသည့်အရှိန်ကြောင့် ဆင်ကြီးမျက်နှာမှာ ညီညီနိုင်၏မျက်နှာအသွင်သို့ ပြောင်းလဲသွားသည်ဟုမြင်တွေ့ရပါသည်။ မြှောက်ထားသည့်နှာမောင်းမှာလည်း မြွေကြီးတစ်ကောင်ကို ညီညီနိုင်မြှောက်ကိုင်ထားသည်ဟု ထင်မြင်လာပါသည်။ ညီညီနိုင်၏မျက်နှာကိုမြင်လိုက်ကတည်းက ဇောချွေးများပြန်လာပြီး အသားများ တဆတ်ဆတ်တုန်နေပါသည်။

'ညီညီ… ငါ့ကိုမသတ်ပါနဲ့ ခွင့်လွှတ်ပါကွာ'

ကယောင်ချောက်ချားဖြင့် လှမ်းအော်ပြောသော်လည်း ဆင်ကြီးမှာ တစ်လှမ်းချင်းလျှောက်လာနေဆဲ…

'မင်းကို ငါသတ်ချင်လို့ သတ်တာမဟုတ်ပါဘူး၊ မင်းမြတ်နိုးခင်နဲ့မယူစေချင်လို့ပါ၊ ငါမှားပါတယ် သူငယ်ချင်း၊ မင်း… မင်း… ငါမင်းကို မြွေနဲ့တိုက်သတ်သလို မင်းကလည်း ငါ့ကို မြွေကြီးနဲ့ ပြန်ကိုက်သတ်မလို့မဟုတ်လား'

'မသတ်ပါနဲ့၊ မသတ်ပါနဲ့'

ထိုသို့အော်ပြောနေသည့်အတွက် ဆက်ကပ်အဖွဲ့သားများရော ပရိသတ်များပါ အပ်ကျသံပင် ကြားနိုင်လောက်အောင် ငြိမ်သက်စွာငေးကြည့်နေပါသည်။



www.burmeseclassic.com

ဤတွင် တိုးအောင်မှာ မျိုးမြင့်အောင်၏ရှေ့သို့ ရောက်လာပြီး ပက်လက်လှန်လဲကျနေသော မျိုးမြင့်အောင်၏ မျက်နှာပေါ်သို့ တည့်တည့်နင်းလိုက်ရာ…

'ဖောင်း'

ဟူသောမြည်သံနှင့်အတူ ဦးခေါင်းတစ်ခုလုံး ကြေမွကာ ချပ်ချပ်ကြီးဖြစ်သွားပါသည်။ ပရိသတ်များမှာလည်း ထိုမြင်ကွင်းကိုတွေ့လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားကာ ထိုင်ခုံမှထပြေးကြပါသည်။

ဆပ်ကပ်အဖွဲ့ခေါင်းဆောင် ဦးမာဒင်လည်း ဇာတ်ခုံပေါ်သို့အပြေးသွားကာ တိုးအောင်ကြီးကို ဇာတ်စင်အောက်သို့ ခေါ်ဆောင်သွားပါတော့သည်။

ဤသို့ တုန်လှုပ်ချောက်ချားဖွယ် အဖြစ်ဆိုးကြောင့် ဆပ်ကပ်တစ်ဖွဲ့လုံး လန့်ဖြန့်သွားကာ ကပွဲကို ချက်ချင်းရပ်တန့်လိုက်ရပါသည်။

ထိုစဉ် ဦးမာဒင်ဆီသို့ မြွေလမ္ဘာယ်ဆရာကြီး ဦးခင်မောင်ဆိုသူရောက်ရှိလာပြီး ၄င်းထံမှ မျိုးမြင့်အောင်သည် မြွေဟောက်တစ်ကောင်ဝယ်သွားကြောင်းပြောပြပါသည်။ ထိုနေ့ညနေက ညီညီနိုင်ကို အရက်မူးအောင်တိုက်ပြီး ပြန်သွားခဲ့သည်ကို တွေ့သည်ဟုဆိုပါသည်။ ညီညီနိုင်အရက်မူးပြီး အိပ်ပျော်နေစဉ်





မျိုးမြင့်အောင်က မြွေဟောက်ဖြင့် ကိုက်သတ်ခဲ့ခြင်းဖြစ်ကြောင်း ၄င်း၏စကားအရပေါ်လွင်နေကြောင်း ပြောပြပါသည်။

'အင်း… မြတ်နိုးခင်က သွေးရိုးသားရိုးသေတာလား၊ သူတစ်ပါး လက်ချက်နဲ့သေတာလားဆိုတာ ရှင်းရှင်းလင်းလင်း ပြပါပြောလို့ ညီညီနိုင်က ရှင်းရှင်းလင်းလင်း ပြလိုက်တာနေမှာ'

'ဟုတ်မယ်၊ ဟုတ်မယ်၊ ညီညီနိုင်ကိုသတ်လိုက်လို့ သူ့ဝိညာဉ်က ပြန်ပြီးလက်စားချေတာနေမှာ'

'မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ရက်ရက်စက်စက် သတ်မိတော့ ချက်ချင်းဝဋ်လည်တာပဲ'

အားလုံးက အမျိုးမျိုးဝေဖန်ပြောဆိုလျက်ရှိပါသည်။ မြတ်နိုးခင်ကိုယ်တိုင်ကလည်း သူမ၏ဆုတောင်းကြောင့် ညီညီနိုင်၏ ဝိညာဉ်မှပြန်လည် ကလဲ့စားချေသည်ဟု ထင်ခဲ့ပါသည်။

မြွေလမ္ဘာယ်ဆရာကြီး ဦးခင်မောင်၏ အဆိုကတော့ ကား…

'သတ္တဝါတွေဟာ လူတွေထက်အနံ့ခံတဲ့နေရာမှာ ပိုပြီး တော်တယ်၊ မျိုးမြင့်အောင်ဟာ မြွေဟောက်ကိုကိုင်ပြီး ညီညီနိုင်ရဲ့ခြေထောက်ကို အကိုက်ခံခိုင်းလိုက်ပုံရတယ်၊ အရက်မူးပြီး အိပ်ပျော်နေတော့ အဆိပ်တက် မှန်းမသိဘဲ အသက်ထွက်သွားတာ၊



www.burmeseclassic.com

မနက်မှသိကြရတယ်၊ လူတွေကမသိပေမယ့် မြွေဟောက်ရဲ့အနံ့ မျိုးမြင့်အောင်မှာ ကပ်ကျန်နေတာကို တိုးအောင်ကသိတယ်၊ သူ့သခင်ကို သတ်သူမှန်းသိတော့ ဓာတ်ခုံပေါ်မှာတင် သူ့ကို မွေ့ယမ်းပြီး နင်းသတ်လိုက်တာပဲ'

'တကယ်တော့ လောကကြီးမှာ လောကပါလသစ္စာ တရားဆိုတာရှိတယ်၊ မကောင်းမှုမှာ ဆိတ်ကွယ်ရာမရှိပါ၊ အရိုးတွန်တယ်ပဲပြောပြော ဝိညာဉ်တစ်ခုရဲ့စိန်ခေါ်သံလို့ပဲဆိုဆို နောက်ဆုံးမှာတော့ အမှန်တရားဟာ ပေါ်ပေါက်လာစမြဲပါပဲ'

ရီရီငွေး





# သေလာယက္ခသွေးသောက်မား

မြန်မာ့ရာဇဝင်တွင် သူရဲကောင်းများကို အမြတ်တနိုး တန်ဖိုးထားသကဲ့သို့ သူရဲကောင်းနှင့်အတူ ထပ်ချပ်မကွာ အမြတ်တနိုးတန်ဖိုးထားသည့်အရာကား 'မြန်မာ့ဓား' များပင် ဖြစ်ပါသည်။

ထိုဓားများအနက် ကျော်ကြားသောဓားများကား

မင်းကြီးရန်အောင်၏ ယိမ်းနွဲ့ပါးဓား…။

ထိုဓားသည် အထုတစ်ထောင်မျှရှိသည့် အရာဝတ္ထုကိုပင် တိခနဲ ခုတ်ပိုင်းနိုင်သည်ဟု အဆိုရှိပါသည်။

ထို့အပြင် အကျော်ကြားဆုံးသော ဓားမှာ 'ကိုးသန်းချိုင်းဓား' ပင်ဖြစ်ပါသည်။ ကိုးသန်းချိုင်းဓားကား ဝန်းသိုစော်ဘွားကြီးကို ဂမ္ဘီရပညာရှင်တစ်ဦးမှ ခက်ခက်ခဲခဲ စီရင်ပေးခဲ့သည့်ဓား ဖြစ်ပါသည်။ ကိုးသန်းချိုင်းဓား၏အစွမ်းကား…။

မည်သည့်သံကိုမဆို ပိုင်းဖြတ်နိုင်ခြင်း၊ ကာယသိဒ္ဓိပြီး သူများကိုပင် ခုတ်ပိုင်းနိုင်ခြင်း၊ ဓားအိမ်ထဲမှဓားကိုမထုတ်ဘဲ ဓားအိမ်နှင့်ခုတ်ရုံမျှဖြင့် လူကိုဒဏ်ရာရခြင်း သေစေနိုင်ခြင်း၊



www.burmeseclassic.com

ရာသီဥတုအလိုက်အပြာရောင်၊ အနက်ရောင်၊ အနီရောင်များသို့ ပြောင်းလဲစေနိုင်ခြင်း၊ ပြင်းထန်သော တိုက်ပွဲများတွင် စားသွားမှာ အရောင်လင်းလက်လာခြင်း စသည့်အစွမ်းသတ္တိများရှိသည်ဟု အဆိုရှိပါသည်။

ထိုဓားများကဲ့သို့ပင် အစွမ်းရှိစေရန် စီရင်ထားသော ဓားတစ်ချောင်း၏ အမည်ကား...။

'သေလာယက္ခသွေးသောက်ဓား' ပင်ဖြစ်ပါသည်။

ဤဓားသည် မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့သည့် နယ်ချဲ့များစွာတို့၏ အသက်ပေါင်းများစွာကို ဇီဝိန်ချွေခဲ့သည့် ဓားကောင်းတစ်လက်ဖြစ်ပါသည်။ ဤဓားအကြောင်းကို နယ်ချဲ့တို့ကိုတော်လှန်ခဲ့သည့် တော်လှန်ရေးတပ်သား တော်တော်များများ သိပါသည်။

ထိုအချိန်ကား...။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ထားပြီး အထက်မြန်မာနိုင်ငံတွင်လည်း နန်းတွင်းရေးရှုပ်ထွေးနေပါသည်။ ဤတွင် တိုင်းရေးပြည်ရာ ရှုပ်ထွေးမှုများပေါ်ပေါက်လာခဲ့ပါသည်။

ကောဇာနှစ် (၁၂၂၈)ခုနှစ်တွင် အိမ်ရှေ့မင်း ကနောင်မင်းသားကြီးကို မင်းတုန်းမင်းကြီး၏ သားတော်နှစ်ပါးဖြစ်သော





မြင်ကွန်းမင်းသားကြီးနှင့် မြင်းခုံတိုင်မင်းသားနှစ်ပါးတို့က လုပ်ကြံသဖြင့် ကနောင်မင်းသားကြီး ကျဆုံးခဲ့ရပါသည်။ မင်းတုန်းမင်းကြီး၏ ညာလက်ရုံးတစ်ဆူဖြစ်သည့် ကနောင်မင်းသားကြီး ကျဆုံးသွားသည့်အတွက် တိုင်းပြည်တွင် အင်အားချိနဲ့လျက် အခြေအနေဆိုးဖြင့် ရင်ဆိုင်နေရပါသည်။

နယ်ချဲ့များကလည်း မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူရန် အစီအစဉ် ရေးဆွဲစောင့်ဆိုင်းကာ အချိန်ကောင်းကိုစောင့်နေချိန်ဖြစ်ပါသည်။

ကောဇာနှစ် ၁၂၄၀ ပြည့်နှစ်တွင် သီပေါမင်းနန်းတက်လာခဲ့ပါသည်။ ထိုအချိန်တွင် နန်းတွင်းအရေးမှာ ရှုပ်ထွေးလာကာ မင်းညီမင်းသားများကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့ပါသည်။ အိမ်ကြက်ချင်း အိုးမည်းသုတ်ကာ တိုက်ခိုက်နေသည့်အတွက် မြန်မာနိုင်ငံအရေးမှာ စိတ်မအေးဖွယ် အခြေအနေဖြစ်ပါသည်။

ဤဖြစ်ရပ်တွင် မက္ခရာမင်းသားကြီး သုံးဆယ်မင်းသားကြီးအပါအဝင် မဟာဆီ မဟာသွေးများစွာ အသတ်ခံခဲ့ရပါသည်။ ဤတွင်မက္ခရာမင်းသားကြီး၏ ကျွန်တော်ရင်းဖြစ်သော တပ်မှူးကြီးနန္ဒဝေယျမှာ များစွာမခံမရပ်နိုင်ဖြစ်ကာ ၎င်း၏ တပ်သားတစ်ရာကျော်နှင့်အတူ နန်းတော်မှ တိတ်တဆိတ် ထွက်ခွာ



www.burmeseclassic.com

သွားခဲ့ပါသည်။

ငှင်းတို့သည် သီပေါဘုရင်အား လက်စားချေရန် အခွင့်အရေးကို စောင့်နေပါသည်။ နန္ဒဇေယျတို့အုပ်စုသည် အလယ်ရိုးမတောကြီးအတွင်း၌ စခန်းချကာ နေထိုင်ရင်း လက်နက်လူသူအင်အားစုဆောင်းခဲ့ပါသည်။

ထိုသို့ လူသူအင်အားစုဆောင်းခဲ့ရာ လေးငါးနှစ်အတွင်း လူအင်အား တစ်သောင်းကျော်ရရှိခဲ့ပါသည်။ တပ်မှူးကြီးနန္ဒဇေယျမှာ လူအင်အားများစွာ ရရှိလာသဖြင့် လွန်စွာကျေနပ်နေပါသည်။

တပ်မှူးကြီးနန္ဒဇေယျကား ဥပဓိရုပ်လွန်စွာကောင်းမွန်ပြီး အရပ်အမောင်းမြင့်မားကာ ထွားကျိုင်းသော ကိုယ်လုံးကိုယ်ထည်ရှိသည်။ မျက်နှာအချိုးအစားမှာ မျက်နှာသွယ်၍ နှုတ်ခမ်းမွေးစစရှိသည်။ စကားပြောလျှင် ခပ်ပြတ်ပြတ်ပြောတတ်သကဲ့သို့ အသံသြဇာနှင့်ပြည့်ဝသည့်အတွက် ငယ်သားများက လွန်စွာကြောက်ရွံ့ကြပါသည်။

ထိုသို့တပ်သားများစုဆောင်းရင်း တပ်သားများစွာတိုးပွားလာသဖြင့် လက်နက်များကို ထပ်မံစုဆောင်းရပါသည်။ လက်နက်များကား ရှေးအခါကတည်းက သုံးနေကျ မြန်မာဓားများပင်ဖြစ်ပါသည်။ အလယ်ရိုးမ တပ်စခန်း၌ကား…။





တပ်မှူးကြီးနန္ဒဇေယျသည် ငယ်သားများထဲမှ သတ္တိဗျတ္တိရှိသူ ငါးဦးကိုခေါ်၍…

'ငါတို့မှာ လူသူအင်အားအတော်ပင်စုဆောင်းရချေပြီ၊ ထိုလူများအတွက် ဓားလက်နက်လိုအပ်သည်။ ဓားတစ်သောင်းအပ်ရန်အရေးမှာ နေပြည်တော်က သတင်းပေါက်ကြားသွားသော် ငါတို့တော်လှန်ရေးအတွက် ခက်ချေမည်၊ ဤကိစ္စကို အမြန်ဆုံးအလျှို့ဝှက်ဆုံးဆောင်ရွက်မှဖြစ်မည်'

'မှန်ပါ့တပ်မှူးကြီး၊ ဤကိစ္စကို ကျွန်တော်မျိုးတို့တွေးထားပါသည်၊ ရွာဆယ်ရွာမှာ ပန်းဘဲဖိုဆယ်ခုကိုရှာပြီး တစ်ဖိုလျှင် ဓားအချောင်းတစ်ရာစီ လုပ်ဆောင်နိုင်းပါမည်'

'အိမ်း… ပန်းပဲဖိုတစ်ဖိုမှာ တစ်ရာဆိုတာကတော့ သူတို့အတွက် ဝန်မလေးလောက်ဘူး၊ ဒါပေမဲ့ ဒီအစီအစဉ်ကို အလွန်လျှို့ဝှက်ရမည်'

'မှန်ပါ့တပ်မှူးကြီးဘုရား'

တပ်မှူးကြီးနန္ဒဇေယျ၏ တပ်သား(၅)ဦးသည် ရွာဆယ်ရွာတွင် တိတ်တဆိတ်လှည့်လည်ကာ ဓားများကို အပ်ခဲ့ပါသည်။

တချို့သောပန်းပဲဖိုများလုပ်သည့် ဓားများသည် လွန်စွာညံ့ဖျင်းရကား အချင်းချင်းအား အနည်းငယ်ထည့်၍



www.burmeseclassic.com

ခုတ်ရုံနှင့် ဓားများအပိုင်းပိုင်းကျိုးသွားပါသည်။ တချို့သောဓားများကား သာမန်အဆင့်မျှသာ ရှိပါသည်။

သို့သော် တောင်သာရွာ၌ရှိသော ပန်းပဲဖိုမှလုပ်သည့် ဓားများကား သံအလွန်ကောင်းလွန်းလှသည့်အတွက် ဓားရေးပြသည့်အခါ တချွင်ချွင်ဖြင့် ဓားရေးအလွန်ကောင်းလှပါသည်။ ထို့ကြောင့် တပ်မှူးကြီးနန္ဒဗေယျသည် ငယ်သား(၅)ဦးကို ခေါ်ကာ...

'ငယ်ကျွန်ကြီးများ ဓားအလက်ပေါင်းတစ်သောင်းမှာ သံကောင်းတဲ့ဓားကောင်းတစ်ရာသာပါတယ်၊ ဒီတစ်ရာဟာ ဘယ်ပန်းပဲဖိုကလုပ်တဲ့ ဓားတွေလဲ'

'ဤဓားတစ်ရာမှာ တောင်သာရွာမှ ပြုလုပ်တဲ့ဓားများ ဖြစ်ပါတယ်ဘုရား'

'ဒါဆိုရင်တောင်သာရွာက ပန်းဘဲဖိုပိုင်ရှင်ကို ငါ့ထံ ဆောင်ကြဉ်းစေ'

ငယ်သားငါးယောက်မှာ တောင်သာရွာသို့ ညဦးအချိန်တွင် ပုန်းကွယ်ကာ သွားရောက်ပြီးပန်းပဲဖိုပိုင်ရှင် ဦးဒေဝကို ဖမ်းဆီးခေါ်လာခဲ့ပါသည်။

ပန်းပဲဖိုပိုင်ရှင်ကား တပ်မှူးကြီးနန္ဒဗေယျအား တွေ့သောအခါ ကြောက်ဒူးတုန်စွာဖြင့်





'အရှင်... ကျွန်တော်မျိုး၌ အမှားအယွင်းတစ်စုံတစ်ရာ ရှိပါသလော'

ဟုမေးမြန်းရာ တပ်မှူးကြီးမှာ...

'အသင်ပန်းပဲဖိုမှူး အသင့်၌ အမှားအယွင်းတစ်စုံတစ်ရာ မရှိပါ၊ အသင့်၏ဓားများက အလွန်ကောင်းတဲ့အတွက် အသင့်အား ဆုတော်လာဘ်တော်ချီးမြှင့်ရန် ခေါ်ဆောင်ခိုင်းခြင်းဖြစ်ပါတယ်'

'အရှင်... ဤဓားများက သာမန်မျှသာတည်း၊ အရှင်ကဲ့သို့သော လက်ရုံးရည်ထက်မြက်သူအတွက် ဓားကောင်းတစ်လက်ဆက်သပါမည်၊ ဤဓားသည် ဘီလူးနက္ခတ်အဝင်အထွက်၌ စီရင်ရမည့်ဓားဖြစ်သဖြင့် ချက်ချင်းမရနိုင်ပါ၊ အဝင်အထွက်နက္ခတ်ကိုက်ရန် အချိန်တစ်ခုကို စောင့်စားရပါမည်ဘုရား'

'ကောင်းလှင့်တည်း'

ထိုအချိန်မှစ၍ ဓားလုပ်ရန် စတင်အစီအစဉ်ပြုလုပ်ခဲ့ပါသည်။ ဓားလုပ်ငန်းစရာ၌ သေလာတောင်ကြီးမှ သံကိုတူးဖော်ကာ မီးဖြင့်သံများကို စင်ကြယ်အောင်ပြုရသည်။ နက္ခတ်အဝင်တွင် ဤဓားကို စတင်ပြုလုပ်ကာ အစွမ်းထက်စေမည့် ဂါထာမန္တာန်များကို ရွတ်ဆိုကာ ထုလုပ်ခဲ့သည်။

တပ်မှူးကြီးသည် ၄င်းကိုင်ဆောင်မည့်ဓားဖြစ်၍ ရွှေချိန်



www.burmeseclassic.com

တစ်ပိဿာနှင့် ရတနာခုနစ်ပါးကိုပေးကာ ရွှေဓားအနှောင့်နှ
ဓားအိမ်တွင် ရတနာခုနစ်ပါး စီချယ်စေပါသည်။

ဓားကြီးပြီးစီးသွားခဲ့လေပြီ။ အနှောင့်နှင့်ဓားအိမ်တွ
ရွှေနှင့်ရတနာ ခုနစ်ပါးစီချယ်ပြုလုပ်ထားသဖြင့် ပန်းပဲဖို
မီးအရောင်ဖြင့် တလက်လက်တောက်ပနေချေပြီ။

ထိုဓားကြီးကို တပ်မှူးကြီး နန္ဒဓေယျထံ ဆက်သရာ
တပ်မှူးကြီးသည် ရွှေရောင်ကျောက်ရောင်တို့ဖြင့် တပြောင်ပြော
ဖြစ်နေပြီး အနီးရှိတိုင်ကို ခုတ်လိုက်ရာ

'ရှပ်'

ရှပ်ခနဲ အသံဖြင့် တိတိရိရိပိုင်းပြတ်သွားပါသည်။

'အိမ်း… တယ်ကောင်းတဲ့ ဓားကိုး၊ ဓားဆို ဒီလိုပြတ်မှ
ကြိုက်တာ'

'မှန်ပါ့ဘုရား၊ ဒီဓားဟာ ဓားကောင်းတစ်လက်
အမှန်ပါဘုရား'

'သူ့ရဲကောင်းမှာ ရာဇဝင်တွင်မယ့်နာမည်ရှိသလို
ဓားမှာလည်း နာမည်ရှိသင့်သကွဲ့'

'အမှန်ပင်ရှိသင့်ပါတယ်ဘုရား၊ ဒီဓားဟာ သေလာ
တောင်ကသံနဲ့ပြုလုပ်ပြီးဘီလူးနက္ခတ် အဝင်အထွက်၌ စီရင်သော
ဓားဖြစ်တဲ့အပြင် နယ်ချဲ့မိစ္ဆာစတဲ့ မကောင်းသောရန်သူများရဲ့





သွေးကိုမြေခစေမယ့်ဓား ဖြစ်ပါတယ်'

'အိမ်း… ဒီတော့ ဒီဓားရဲ့အမည်ကို ကျွန်ုပ်တပ်မှူးကြီး
နန္ဒဓေယျကိုယ်တိုင် အမည်ပေးလိုက်မယ်'

'သေလာယက္ခသွေးသောက်ဓားတဲ့ဟေ့'

တပ်မှူးကြီးနန္ဒဓေယျသည် ဤကဲ့သို့ပြောဆိုပြီး ထိုဓား
ကို လက်ျာဘက်လက်ဖြင့်ကိုင်၍ ဖြောင့်တန်းစွာဓားကို မတ်မတ်
ထားစဉ် လျှပ်စီးများတလက်လက်ဝင်းထိန်ကာ…

'ဂျိမ်းတလိမ့်တိမ်းဂျိမ်း'

ဟူသော လျှပ်စစ်မိုးကြိုးသံကြီး ဖြစ်ပေါ်လာပြီး
ကောင်းကင်မှ လျှပ်စစ်ဓာတ်များ ထိုဓားအတွင်းသို့ စီးဝင်သွားပါ
သည်။ လျှပ်စစ်ဓာတ်စီးဝင်သွားသည့်အတွက် ထိုဓားမှာအရောင်
များ လင်းလက်သွားသကဲ့သို့ တပ်မှူးကြီးနန္ဒဓေယျ၏ တစ်ကိုယ်
လုံးမှာလည်း အရောင်များ လင်းထိန်သွားပါတော့သည်။
တပ်မှူးကြီးနန္ဒဓေယျ၏ ကိုယ်တွင်းသို့ လျှပ်စစ်ဓာတ်များ စီးဝင်
များသည့်အတွက် အင်အားများ ခွန်အားများ အတိုင်းမသိ ပြည့်ဝ
များသလို ခံစားရပါသည်။

ထိုဓားရပြီး တစ်နှစ် နှစ်နှစ်ခန့်အကြာတွင် သီပေါဘုရင်
ပါတော်မူခဲ့ချေပြီ။ နယ်ချဲ့အင်္ဂလိပ်များသည် မြန်မာပြည်တစ်
ပြည်လုံးကို သိမ်းပိုက်ခဲ့ပါသည်။ မြန်မာပြည်ကို အစမှသိမ်းပိုက်ခဲ့



www.burmeseclassic.com

သော နယ်ချဲ့မိစ္ဆာတို့အား ပျောက်ကျားစနစ်ဖြင့် တပ်မှူးကြီး နန္ဒဖေယျတို့အဖွဲ့မှ တိုက်ခိုက်ခဲ့ပါသည်။

အင်္ဂလိပ်တပ်များမှာ အမှတ်မထင်ပေါ်လာသည့် ပျောက်ကျားတပ်၏ လျှင်မြန်သော တိုက်ပွဲများကြားတွင် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရပါသည်။ တိုက်ပွဲတိုင်းတွင် ထိုဓားကြီးကို တဝင့်ဝင့်ကိုင်ကာ တိုက်ပွဲဝင်နေသော တပ်မှူးကြီးနန္ဒဖေယျကို မြင်နိုင်ပါသည်။

တိုက်ပွဲတိုင်းတွင်…

'သေလာယက္ခသွေးသောက်ဓား' မှာ နာမည်ကျော်ကြားလာပြီး ထိုဓားကိုမြင်ရုံဖြင့် ကြောက်လန့်ကာ ထွက်ပြေးကြပါသည်။

အထူးသဖြင့် ထိုဓား၏ စွမ်းရည်မှာ အထူးတိုက်ရသော တိုက်ပွဲများတွင် ထိုဓားမှာအရောင်များလင်းလက်လာသည် သာမက ဓားကိုင်ထားသည့် တပ်မှူးကြီး၏ မျက်နှာတစ်ပြင်လုံး နီရဲကာ ရန်သူမှန်သမျှကို အသေချေမှုန်းသည်ဟု ကျော်ကြားပါသည်။

ထို့အပြင် သွေးသောက်ဓားတို့ထုံးစံအတိုင်း ဓားအိမ်မှ ဓားထုတ်လိုက်သောအခါ တစ်ဦးတစ်ယောက်၏သွေးနှင့်မထိဘဲ ဓားအိမ်ထဲသို့ သွင်းချ၍မရဟုဆိုပါသည်။ တိုက်ပွဲတွင်သုံးသည့်မ





ဖြစ်၍ ဓားထုတ်ပြီးသည်နှင့်တစ်ပြိုင်နက် နယ်ချဲ့မိစ္ဆာလေးငါးဦး၏ အသက်ဇီဝိန်ကို ချွေယူပြီးခဲ့လေပြီ။

ထို့ကြောင့် နယ်ချဲ့တော်လှန်ရေးတစ်လျှောက်လုံးတွင် သေလာယက္ခသွေးသောက်ဓားမှာ နာမည်ကြီးသော ဓားတစ်လက်ဖြစ်ပါသည်။ ဤသို့နာမည်ကျော်လာသည်နှင့်အမျှ အင်္ဂလိပ်များက တပ်မှူးကြီးတို့ ပုန်းအောင်းရာနယ်တစ်ဝိုက်ကို ထိုးစစ်ဆင်ကာ တိုက်ခိုက်ခဲ့ပါသည်။

နယ်ချဲ့ရန်သူများသည် တပ်မှူးကြီးတို့စခန်းချရာ တောကြီးအတွင်းသို့ ချောင်းမြောင်းချီတက်လာရာ ၎င်းတို့စခန်းချသည့်ကျောက်ဂူကြီးဆီသို့ ရောက်ရှိလာခဲ့ပါသည်။

ရန်သူများချီတက်လာမှန်းသိသောအခါ တပ်မှူးကြီးနန္ဒဖေယျမှာ သေလာယက္ခသွေးသောက်ဓားကြီးကိုကိုင်ကာ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်နေသော ရန်သူတောထဲသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ထိုဓားဖြင့် ရန်သူဆယ်ဦးခန့်ကို သုတ်သင်နိုင်ခဲ့ပါသည်။

သို့သော် လက်နက်အရာတွင် သာလွန်သည့် နယ်ချဲ့တို့လက်တွင်းသို့ သက်ဆင်းမိကာ တပ်မှူးကြီးနန္ဒဖေယျမှာ နယ်ချဲ့တို့သေနတ်ပြောင်းများကြားတွင် ဒဏ်ရာအကြီးအကျယ်ရကာ ကျောက်ဂူအတွင်းသို့ ပြန်လာခဲ့သည်။



www.burmeseclassic.com

ထိုဒဏ်ရာနှင့်ပင် တပ်မှူးကြီးနန္ဒဇေယျကျဆုံးခဲ့ပါသည်။ ၄င်း၏တပည့်များသည် ၄င်း၏အလောင်းနှင့်အတူ သေလာယက္ခသွေးသောက်ဓားကို အတူထည့်ကာ ထိုဂူကြီးအတွင်း၌ အုတ်ဂူပြုလုပ်၍ မြှုပ်နှံခဲ့ပါသည်။ ဤသို့ဖြင့် တော်လှန်ရေးကာလတွင် အကျော်ဒေးယျဖြစ်ခဲ့သည်။ သေလာယက္ခသွေးသောက်ဓားကြီးမှာ အလယ်ရိုးမတောင်ကြီးအတွင်း၌ အဆုံးသတ်ခဲ့ရပါတော့သည်။ ထိုအချိန်ကား (၁၈၉၀)ဝန်းကျင်ဖြစ်ပါသည်။ တပ်မှူးကြီးနန္ဒဇေယျမှာ ကွယ်လွန်ချိန်တွင် အသက်(၅၀)ခန့်ရှိချေပြီ။ ၄င်း၏တပ်သားတစ်ဦးဖြစ်သည့် ဦးဘနီမှာ အသက်လေးဆယ်ခန့်ရှိပါသည်။

* * * * *

တပ်သားဦးဘနီတို့မိသားစုမှာ သေလာယက္ခသွေးသောက်ဓားအကြောင်းကို ဦးဘနီက မကြာခဏပြောနေသဖြင့် အားလုံးသိခဲ့ကြပါသည်။ ဦးဘနီမြေးဖြစ်သူ ဦးဘိုးမောင်လက်ထက်သို့ရောက်သောအခါ ဦးဘနီက အသေးစိတ်ပြောပြသဖြင့် ထိုနေရာသို့သွားရန် စိတ်ကူးသော်လည်း မြန်မာနိုင်ငံမှာလွတ်လပ်ရေးမရသေးသဖြင့် သောင်းကျန်းသူများ၏ရန်ကို





ကြောက်ကာ ထိုနေရာသို့ မသွားရဲခဲ့ပေ။

ဦးဘိုးမောင်၏မြေးဖြစ်သူ 'ဘိုထိပ်'တစ်ယောက် အရွယ်ရောက်ချိန်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီဖြစ်သည်။ ဦးဘနီ၏တီဖြစ်သူ (သို့မဟုတ်) ဦးဘိုးမောင်၏မြေးဖြစ်သူ ဘိုထိပ်မှာ လောဘရမ္မက်ကြီးပြီး တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူတစ်ပါးပစ္စည်းကို လိုချင်မက်မောသလို မိုက်တိမိုက်ကန်းသူတစ်ယောက်…

သူ၏အဘိုး ဦးဘိုးမောင်ထံမှ သေလာယက္ခသွေးသောက်ဓားရှိသော ကျောက်ဂူကြီးအကြောင်းကို ကြားရသောအခါ ရွှေပိသာနှင့်ရတနာ မျိုးစုံကို မက်မောလှသဖြင့် ထိုနေရာသို့သွားရန်ဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်သည့်အတိုင်း မိတ်ဆွေ(၁၀)ဦးနှင့်အတူ ကျောက်ဂူကြီးဆီသို့ သွားခဲ့ရာ ဂူကြီးအနီးသို့ရောက်ရှိခဲ့ပါသည်။ ဘိုထိပ်သည် ထိုကျောက်ဂူကြီးအား လှမ်းမျှော်ကြည့်လိုက်ရာ ကျောက်ဂူကြီးအနီး၌ တရားကျင့်နေသော ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရပါသည်။ ထိုအခါ ဘိုထိပ်သည် ၄င်း၏အပေါင်းအသင်းများအား…

'အင်း… အဘိုးဦးဘိုးမောင်ပြောတဲ့ ကျောက်ဂူတော့တွေ့ပြီ၊ ဓားကိုတွေ့ဖို့ပဲလိုတော့တယ်၊ အဲဒီဓားက ရွှေစင်တစ်ပိသာရှိတယ်၊ အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ စီချယ်



www.burmeseclassic.com

ထားတဲ့ဓားဆိုတော့ အခုကာလတန်ဖိုးနဲ့ဆိုရင် မနည်းဘူး'

'ဓားကအဖိုးတန်တာဟုတ်ပါပြီ၊ ဟိုမှာရသေ့ကြီးရှိနေ တော့ ကျောက်ဂူထဲကို ဘယ်လိုဝင်မတုံး'

'ရသေ့ပဲကွာ မှုမနေပါနဲ့၊ ဒီဓားကိုလိုချင်လို့ ဒီလောက် အခက်အခဲကို ဖြတ်ကျော်ပြီးမှ ဒီရသေ့ကို ရှင်းလိုက်ရုံပေါ့'

ထိုသို့ပြောပြီးနောက် ရသေ့ကြီး၏အနောက်ဘက်မှ ချွတ်နင်းကာ ဓားကိုအသင့်ကိုင်ကာ လျှောက်လာခဲ့သည်။ မည်မျှ ပင်ခြေလုံအောင်လျှောက်ခဲ့ပါသော်လည်း ရသေ့ကြီး၏နောက်တွင် ကြွေကျနေသော သစ်ရွက်ခြောက်ကလေးများကို နင်းမိသည့် အသံကိုရသေ့ကြီး ကြားလိုက်ရပါသည်။

ရသေ့ကြီးသည် တရားထိုင်ရာမှ မိမိထံသို့လာနေသည့် ဘိုထိပ်တို့အုပ်စုဘက်သို့ မြန်းခနဲ လှည့်လိုက်ပါသည်။ ရသေ့ကြီး အားသတ်ရန် ကြံစည်ကာ ဓားကိုင်လာသော ဘိုထိပ်တို့အုပ်စု သည် ချက်ချင်းပြောင်းလဲသွားသောရသေ့ကြီး၏ အပြုအမူ ကြောင့် များစွာအံ့အားသင့်သွားပါသည်။

ရသေ့ကြီးသည် ဓားကိုင်လာသည့် လူတစ်စုကို တွေ့သောအခါ

'အသင်တို့အဘယ်ကိစ္စကြောင့် ငါ့ကိုသတ်ရန် ပြုသနည်း'





တည်ကြည်သော အသံဖြင့်မေးမြန်းလိုက်ရာ ဘိုထိပ်မှာ မလိမ်ဝံ့တော့ဘဲ မှန်ရာကို လျှောက်တင်လိုက်ပါသည်။

'တပည့်တော်တို့ ဒီဂူအတွင်းမှာရှိတဲ့ သေလာယက္ခ သွေးသောက်ဓားကို ယူချင်လို့ပါ၊ ဒါပေမဲ့ ရှင်ရသေ့ကြီးရှိနေတော့ အတားအဆီးလုပ်မှာစိုးလို့ ဒီလိုပြုလုပ်မိပါတယ်ဘုရား'

'ဒကာတို့နဲ့ထိုက်ရင်ယူပေါ့'

ရသေ့ကြီးသည် ထိုသို့ပြောပြီးနောက် ပြန်လှည့်ကာ မူလအတိုင်း တရားထိုင်နေခဲ့ပါသည်။ ဘိုထိပ်တို့အုပ်စုလည်း ရသေ့ကြီးမှာ ၎င်းတို့ကို အနှောင့်အယှက်မလုပ်မှန်းသိသဖြင့် ရသေ့ကြီးအား မည်သို့မျှမပြုတော့ဘဲ ဂူကြီးအတွင်းသို့ ဝင်သွားခဲ့ ပါသည်။

ထို့နောက် ဘိုထိပ်တို့အုပ်စုသည် တပ်မှူးကြီး၏ အထိမ်းအမှတ် ဂူကြီးအား ဖျက်ဆီးလိုက်ကြပါသည်။

'ဒုံး'

'ဒုံး'

'ခလွမ်း'

အုတ်ဂူကြီးကား တဖြည်းဖြည်း အုတ်များကျိုးပဲ့ပျက်စီး သွားကာ အုတ်ဂူပွင့်သွားခဲ့ပါသည်။ ထို့နောက် ၎င်းတို့အုပ်စု အလွန်မျှော်လင့်နေခဲ့သော သေလာယက္ခသွေးသောက်ဓားကြီးကို



www.burmeseclassic.com

တွေ့လိုက်ရပါတော့သည်။

'ဟာ… ဓားကြီး… ဓားကြီးတွေ့ပြီ'

ဘိုထိပ်သည် လွန်စွာတွေ့ချင်လှသော သေလာယက္ခ သွေးသောက်ဓားကြီးကိုတွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသည်။ ထို့နောက် ဓားကြီးကိုကောက်ကိုင်ပြီး အရူး တစ်ယောက်လို ဂူအပြင်သို့ ပြေးထွက်လာခဲ့ပါသည်။

ဂူအတွင်း၌ကား ပြိုကျနေသော တိုင်းပြည်ချစ်ပုဂ္ဂိုလ်ကြီး ၏ အုတ်ဂူကိုတွေ့မြင်နိုင်ပါသည်။ ဓားကြီးကိုင်လျက် ပြေးထွက် လာသည့် ဘိုထိပ်သည် ဂူအပြင်ဘက်တွင် မတ်တပ်ရပ်စောင့် နေသောရသေ့ကြီးကို တွေ့လိုက်ရပါသည်။

'ရှင်ရသေ့ကြီး… ဒီမှာသေလာယက္ခသွေးသောက်ဓားကို ရခဲ့ပြီ'

ဘိုထိပ်သည် ဓားကြီးကိုထောင်ပြကာ ပြောလိုက်ပါ သည်။ ဓားကြီးကား နေရောင်တွင် ရွှေရောင်ရတနာကျောက်မျိုးစုံ တို့၏အရောင်ဖြင့် ဝင်းခနဲ ဝင်းခနဲ လင်းလက်နေပါသည်။

ဘိုထိပ်သည် အားရဝမ်းသာဖြင့် ဓားကြီးကို ဓားအိမ်မှ ချွတ်လိုက်ရာ အနည်းငယ်ဟသွားစဉ် ရသေ့ကြီးမှာ…

'ဒကာ… ဒီဓားကို ဓားအိမ်မှ မချွတ်ပါနဲ့. ပြန်သွင်း လိုက်ပါ'





ဟုအလန့်တကြား အော်လိုက်ပါသည်။ ဘိုထိပ်သည် အနည်းငယ် ဓားအိမ်မှချွတ်ရုံဖြင့် ဝင်းလက်နေသော ဓားသွား၏ ကောင်းခြင်းလက္ခဏာကို မြင်တွေ့ရသောအခါ ဓားအိမ်မှ အပြီးအပိုင်ချွတ်လိုက်ရင်း…

'အရှင်ဘုရား ခွင့်လွှတ်တော်မူပါ၊ ဓားသွားကိုကြည့်ချင် လွန်းလို့ ဓားအိမ်က ချွတ်လိုက်မိပါတယ်'

ထိုသို့ပြောရင်း နေရောင်တွင်ထောင်ကာ လှည့်ကြည့်ရာ အရောင်တလက်လက် ထွက်လာပါသည်။ ထိုအရောင်များကား ဘိုထိပ်၏မျက်နှာပေါ်သို့ ကျရောက်သွားပြီးနောက် ဘိုထိပ်၏ မျက်နှာပြင်တစ်ခုလုံး အနီရောင်သန်းသွားတော့သည်။ ၎င်း၏ စိတ်နှင့်လူမှာမကပ်တော့ဘဲ အရာရာမှာ အနီရောင်သန်းပြီး ရန်သူများဟုသာ ထင်ပါတော့သည်။

ဘိုထိပ်တွင် စိတ်ရိုင်းများဝင်လာခဲ့သည်။ ၎င်းအား ရပ်ကြည့်နေသော အုပ်စုများကို ရန်သူဟုထင်မိသည်။

'ကျား'

ဟုဆိုကာ မည်းမည်းမြင်ရာ လိုက်ခုတ်ပါတော့သည်။

ရသေ့ကြီးမှလွဲ၍ ကျန်သူများမှာ ရပ်ကြည့်မနေတော့ဘဲ အပြေး အလွှားတိမ်းရှောင်ခဲ့ရပါသည်။ ဘိုထိပ်၏ မျက်နှာမှာ စက်ထန်သည့်အသွင်သို့ ပြောင်းသွားပါသည်။ ပြေးရင်းလွှားရင်း



www.burmeseclassic.com

တိုက်မိသူတိုက်မိ၊ လဲသူလဲနှင့် အခြေအနေမှာ ရုတ်ခြည်းပြောင်းလဲသွားပါသည်။

နောက်ဆုံးတွင် ဘိုထိပ်သည် ငှင်းခေါ်လာသည့်သူငယ်ချင်းအား ခုတ်လိုက်ရာ လက်မောင်းတစ်ခုလုံး ပြတ်လုတည်းတည်းဖြစ်သွားပါသည်။

'အား'

ဤတွင် ရသေ့ကြီးမှာ မနေသာတော့ဘဲ အနီးရှိနွယ်ကြိုးနှင့်ပစ်၍ဖမ်းလိုက်ရာ ထိုဓားမှာ ရသေ့ကြီးလက်ထဲသို့ လျှပ်တပြက်အတွင်း ရောက်ရှိလာခဲ့ပါသည်။ ထိုအခါကျမှ ဘိုထိပ်သည် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ သတိပြန်ရပါသည်။

'တပည့်တော် ဘာဖြစ်သွားတာလဲဘုရား'

'ဒီဓားဟာ မိစ္ဆာရန်သူတွေကို တွန်းလှန်ကာကွယ်ဖို့အတွက် ပြုလုပ်ထားတဲ့ဓားပဲ၊ မင်းတို့လို လူပြိန်းတွေအတွက် လောဘတက်ဖို့ လုပ်ထားတဲ့ဓားမဟုတ်ဘူး၊ မထိုက်ဘဲနဲ့ယူရင် ဒီလိုအကုသိုလ်ဂြိုဟ်ဆိုးဝင်မယ်၊ ငါဘယ်သူလဲဆိုတာသိလား၊ ငါဟာ တခြားသူမဟုတ်ဘူး၊ တပ်မှူးကြီးနန္ဒဖေယျပဲ'

'ဗျာ'

'သွားပေတော့၊ ဒီဓားက မင်းတို့ရဲ့သွေးကို သောက်ချင်လှပြီ'





ရသေ့ကြီး၏စကားသံအဆုံးတွင် လောဘရမ္မက်သားဘိုထိပ်တို့အုပ်စုမှာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါတော့သည်။ ဤတွင် လေနီကြမ်းများတိုက်ပြီး မိုးမှောင်ကြီးကျလာပါသည်။ ကြောက်ကြောက်နှင့်ပြေးရင်း လွှားရင်းနောက်သို့ လှည့်ကြည့်လိုက်ရာ ရသေ့ကြီးနှင့်တကွ ကျောက်ဂူကြီးအပါအဝင် ထိုဒေသတစ်ခုလုံး အမှောင်ဖုံးကာ မည်သည့်အရာမျှ မမြင်ရတော့ပေ။

ကြောက်လန့်တကြားပြေးခဲ့ရာ တောင်ခြေသို့ရောက်ချိန်တွင် စကားမပြောနိုင်အောင် အမောဆို့နေပါတော့သည်။ ထိုနေရာမှ အတန်ကြာအောင် အမောအပန်းဖြေပြီးမှ ဘိုထိပ်တို့ရွာသို့ ပြန်လာခဲ့ပါသည်။

ရွာသို့ရောက်သောအခါ ဤဖြစ်ပျက်သမျှ အလုံးစုံကို အဘိုးဖြစ်သူ ဦးဘိုးမောင်ကို ပြန်ပြောပြခဲ့ပါသည်။ ထိုအခါ ဦးဘိုးမောင်က တအံ့တသြဖြင့်···

'မင်း··· မင်း··· တပ်မှူးကြီးနန္ဒဖေယျနဲ့တွေ့ခဲ့တယ် ဟုတ်လား၊ မဖြစ်နိုင်တာ လူလေးရယ်၊ တပ်မှူးကြီးသေလို့ ငါတို့အဘိုးဦးဘနီကိုယ်တိုင် သဂြိုဟ်ခဲ့ရတာပဲ၊ ကဲ··· အဲဒီတုံးက တပ်မှူးကြီးရဲ့ အသက်မသေသေးဘူးထားပါတော့၊ အဲဒီတုံးက တပ်မှူးကြီးရဲ့ အသက်ဟာ ငါးဆယ်လောက်ဖြစ်နေပြီ၊ အခုအချိန်ဆိုရင် အသက်တစ်ရာကျော်နေပြီ၊ မဖြစ်နိုင်ဘူး'



www.burmeseclassic.com

ဤသို့ပြန်ပြောလိုက်ပါသည်။ သည်တော့မှ ဘိုထိပ်လည်း အသက်ကိုတွက်မိကာ တအံ့တသြဖြစ်မိပါသည်။

'အင်းနော်၊ အဘိုးတွက်ပြတော့လည်း ဟုတ်တာပဲ၊ ဒါပေမဲ့ ကျွန်တော်တွေ့ခဲ့တာလည်းအမှန်ပဲ၊ လေမုန်တိုင်းကျပြီးတော့ မိုးမှောင်ကြီးကျသွားပြီး အားလုံးအမှောင်ဖုံးသွားတာလည်းအမှန်ပဲ'

'တကယ်တော့ ကိုယ့်ပစ္စည်းမဟုတ်ဘဲ လောဘဇောတိုက်ပြီး ယူချင်ခဲ့မိတာကိုး၊ ပစ္စည်းဆိုတာ ထိုက်မှရတာ'

ဘိုထိပ်၏အဘိုးက နောင်တရစွာ လေးလေးတွဲတွဲပြောလိုက်ပါသည်။

'အဘိုးပြောတာ မှန်ပါတယ်၊ ဒီပစ္စည်းဟာ ကျွန်တော်နဲ့မထိုက်လို့မရတာပဲ၊ ဒါပေမဲ့ သေလာကျွေးသောက်စားနဲ့ သူ့ရဲ့အစွမ်းကိုမြင်ရတာ အမြတ်ပါပဲ'

တစ်ခါက တော်လှန်ရေးကာလတွင် နာမည်ကြီးခဲ့သောသေလာယက္ခသွေးသောက်စားကား အလယ်ရိုးမတောင်ကြီး၏ကျောက်ဂူကြီးတစ်ခုအတွင်း၌ ယခုတိုင်တည်ရှိနေဆဲ။ ဘိုထိပ်တစ်ယောက်တွေ့ခဲ့ရသော ရသေ့ကြီးမှာ တပ်မှူးကြီးနန္ဒဖေယျလေလား၊ (သို့တည်းမဟုတ်) တပ်မှူးကြီးနန္ဒဖေယျ၏ ဝိညာဉ်





ပုံရိပ်များလေလား။

ခွဲခြားမသိသော်လည်း သေလာယက္ခသွေးသောက်စားကား...။

ထိုက်သူပန်၍ မထိုက်သူ ကိုင်ခွင့်မရသောဓားအဖြစ်ယနေ့ထက်တိုင် ရှေးလူကြီးသူမများ၏ ပြောစမှတ်ပြုနေဆဲပင်။

ရီရီငွေး



www.burmeseclassic.com

# ပန်းဒါရူ၏ ချစ်သူ

ပန်းဒါရူ…။

အမည်ကလေးက ဆန်းသလို ဖြစ်ရပ်ကလည်း ဆန်းပေသည်။ သန်လျင်မြို့သူ ပန်းဒါရူကား သူမကိုမွေးဖွားသန့်စင်သည့်နေ့တွင် မြို့တွင်း၌ရှိကြကုန်သော ပန်းမာန်အားလုံး ဖူးပွင့်ကြသည့်အတွက် တင့်တယ်လှပသည့် ထိုသတို့သမီးကလေးအား 'ပန်းဒါရူ' ဟူသောအမည်ကို မှည့်ခေါ်ခဲ့ပါသည်။

ငယ်စဉ်ကပင် လှပကျော့ရှင်းသည့် ပန်းဒါရူကလေးသည် အရွယ်ရောက်သောအခါ ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည့် မိန်းမချော မိန်းမလှကလေး ဖြစ်လာပါသည်။

ပန်းဒါရူ၏ အလှအပဂုဏ်သတင်းကျော်ကြားမှုကြောင့် သန်လျင်မြို့သာမက ရွာနည်းချုပ်စပ်မှ ကာလသားများကပါ ပန်းဒါရူ၏အချစ်ကို ရယူလိုသဖြင့် သူမ၏အိမ်ရှေ့တွင် လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင်သူ အများအပြားပင်…။

ပန်းဒါရူ၏အချစ်ကို လိုချင်သူများထဲတွင် 'ပုဏ္ဏရလူလေး'





လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့လေသည်။

ပုဏ္ဏရလူလေး (သို့မဟုတ်) ပုဏ္ဏရသာရလူလေးမင်း…။

သူကားသာမန်မျိုးရိုးမှ ဆင်းသက်လာသူမဟုတ်ပေ။ ကမ္ဘာ့ပေါ်ရှိ လူသားအားလုံးအနက် တစ်ဦးတည်းသော သိကြားမင်းကြီး၏ မြေးတော်ပင်။ သာမန်ထက် ထူးခြားသော ပုဏ္ဏရလူလေး၏ ဖြစ်ရပ်မှာကား…။

ထိုအချိန်က ဒဂုံနေပြည်တော်(သို့မဟုတ်)တိဂုမ္ဘဥက္ကလာမင်းနေပြည်ကို ဥက္ကလာပမင်းကြီး အုပ်ချုပ်တော်မူပါသည်။ ဥက္ကလာပမင်းကြီးမှာ သိကြားမင်းကြီးနှင့်မယ်တော်မယ်လမုမှ ဖွားမြင်သည့် သားတော်ဖြစ်ပြီး ရွှေတိဂုံစေတီတော်ကြီးကို တည်တော်မူခဲ့သည့် ဘုရားဒါယကာမင်းကြီး ဖြစ်ပါသ်ည။

တစ်နေ့သောအခါ သန်လျင်မြို့သူ မမယ်မြ(ခေါ်) မြလေးရှင်သည် ဥက္ကလာပမြို့တော်သို့ ခေတ္တလာခိုက်တွင် ဥက္ကလာပမင်းကြီး တိုင်းခန်းလှည့်လည်ချိန်နှင့် မမျှော်လင့်ဘဲ တိုက်ဆိုင်စွာ ကြုံတွေ့ခဲ့ရပါသည်။

လူပရိသတ်အလယ်တွင် ထူးခြားစွာ လှပတင့်တယ်သည့် မြလေးရှင်ကို တွေ့ရသောအခါ ချစ်ခင်နှစ်သက်တော်မူသဖြင့် မိန်းရှင်ရှိမရှိ မေးမြန်းရာ ကာမပိုင်လင်မရှိသော အပျိုစင်မှန်းသိကာ တော်ကောက်ခဲ့ပါသည်။



www.burmeseclassic.com

နန်းတွင်းသို့အရောက်တွင် သန်လျင်သူမြလေးရှင်အား ဘိသိပ်သွန်းမင်္ဂလာပြုကာ မိဖုရားမြှောက်ခဲ့လေသည်။

လုပကျော့ရှင်းပြီး ချစ်စဖွယ်အပြောချိုသည့် မြလေးရှင်အား မင်းကြီးသည် လွန်စွာချစ်ခင်မြတ်နိုးတော်မူသဖြင့် အခြားမိဖုရားများထက် အချစ်ပိုကာ အရေးပေးဆက်ဆံခဲ့ပါသည်။

ဤတွင် အဆောင်ရမိဖုရားများမှာ မြလေးရှင်တစ်ယောက်ကိုသာ မင်းကြီးအချစ်ပိုမှန်းသိကာ မနာလိုမရှုစိမ့်အောင်ဖြစ်ခဲ့ပါသည်။ စိတ်ထားညံ့ဖျင်းသော မိဖုရားတစ်စုသည် မြလေးရှင်အား အကောက်ကြံခဲ့ကြသည်။

မိဖုရားများစုပြီး···

'ကဲ··· မြတ်လေးရှင်ကို မင်းကြီးမုန်းအောင်လုပ်မှဖြစ်မယ်၊ ဘယ်လိုကြံမတုံး စဉ်းစားကြပါဦး'

'မင်းကြီး အထင်လွဲအောင် မင်းမှုထမ်းတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်လို့ သတင်းလွှင့်မှပဲ'

ထိုသို့တိုင်ပင်ကာ မဟုတ်မမှန်သည့် သတင်းကို လွှင့်ခဲ့ကြသည်။ မင်းကြီးအား ထိုသတင်းကြားအောင် အမျိုးမျိုးကုံးချောတိုက်ခဲ့ကြသည်။ မင်းကြီးမှာ ဤစကားကို မည်သို့မျှ ယုံတော်မမူချေ။

မိဖုရားတစ်စုသည် မြလေးရှင်ထံ မင်းကြီးအဆောင်ကူး





ချိန်တွင် မင်းချင်းတစ်ယောက်အား စေလွှတ်၍ မြလေးရှင်နှင့် တိတ်တဆိတ် ချိန်းတွေ့သည့်သဏ္ဌာန် ဖန်တီးလိုက်ပါသည်။

မင်းချင်းတစ်ဦးနှင့် တီးတိုးစကားဆိုနေသည့် မြလေးရှင်အား တွေ့သောအခါ မင်းကြီးသည် လွန်စွာဒေါသ အမျက်ချောင်းချောင်းထွက်၍···

'မိဖုရားမြလေးရှင်··· ငါဟာ သူတစ်ပါးရဲ့တီးတိုးစကားကို ယုံကြည်တော်မမူခဲ့ဘူး၊ အခုတော့ ငါ့နောက်ကွယ်မှာ ဘာမဟုတ်တဲ့ မင်းချင်းတစ်ယောက်နဲ့ ဖောက်ပြန်မှန်း လက်ပူးလက်ကျပ် ငါတွေ့ခဲ့ရပြီ'

'ဤသို့မဟုတ်မှန်ကြောင်းပါဘုရား'

'သင်ဟာ မိဖုရားအရာနဲ့ မထိုက်တန်ပေ၊ မိဖုရားအဆောင်အယောင်သိမ်းကာ ပြည်နှင်ဒဏ်ပေးလိုက်သည် အမိန့်တော်'

'ရက်စက်လိုက်တာ မောင်တော်ဘုရား၊ မြလေးရှင်မှာ အပြစ်မရှိပါဘုရား'

မြလေးရှင်သည် လွန်စွာစိတ်မကောင်းဖြစ်ကာ ငိုယိုတောင်းပန်သော်လည်း ဒေါသအမျက်ထွက်နေသော မင်းကြီး၏ တစ်ချက်လွှတ်အမိန့်တော်အတိုင်း မိဖုရားအဖြစ်မှ စွန့်ပစ်ခြင်းခံတော်မူခဲ့ရပါသည်။



www.burmeseclassic.com

မြလေးရှင်လည်း နန်းတော်မှမထွက်မီ၊ ဥက္ကလာ မင်းကြီး၏ခမည်းတော် သိကြားမင်းကြီးပေးအပ်ခဲ့သော ပတ္တမြား ကျောက်စီဓားနှင့် လည်ဆွဲရတနာကိုယူဆောင်၍ မင်းနေပြည်မှ ထွက်ခွာလာခဲ့သည်။

မြလေးရှင်သည် မိမိဌာနေဖြစ်သည့် သန်လျင်သို့ပြန်လာ ရာ သံလျင်သို့မရောက်မီ သူဌေးကုန်းရွာသို့အရောက်တွင်…

'အင်း… ငါ့ရဲ့မွေးဌာနေ သန်လျင်ကိုတော့ မသွားတော့ ဘူး၊ မိဘများသိရင် စိတ်ဆင်းရဲကြလိမ့်မယ်၊ ဒီသူဌေးကုန်းရွာ မှာပဲ ဇာတ်မြုပ်နေမှသင့်မယ်'

မြလေးရှင်သည် ဤသို့စိတ်ကူးကာ သန်လျင်သို့ ဆက်မသွားတော့ဘဲ သူဌေးကုန်းရွာ၌ သူဆင်းရဲမအသွင်ဖြင့် ဇာတ်မြုပ်ကာနေခဲ့ပါသည်။ မြလေးရှင်သည် နန်းတော်မှ စွန့်ခွာလာစဉ်ကပင် ဥက္ကလာမင်းကြီးနှင့်ရသည့် သန္ဓေသား လွယ်လာခဲ့ရသည်။ ထိုရွာသို့ရောက်လာသောအခါ ထိုသန္ဓေ ကို ကောင်းစွာစောင့်ရှောက်ရင်း အချိန်စေ့သော် သားရတနာ တစ်ပါး မွေးဖွားသန့်စင်ခဲ့ပါသည်။ ထိုကလေးငယ်မှာ မွေးစကတည်း လွန်စွာချစ်ဖွယ်ကောင်းသည့် ရုပ်ဆင်းအင်္ဂါရှိသဖြင့် ချစ်လှစွာ ကား(ပုဏ္ဏသာရ)ခေါ် လူလေးမင်းဟု အမည်မှည့်ခေါ်ခဲ့ပါသည်။

ပုဏ္ဏလူလေးသည် အရွယ်ရောက်သောအခါ သန်





ပန်းဒါရူအား ချစ်ရေးဆိုရာ ရှေးဘဝအဆက်ဆက်မှ ဖူးစာရေစက် ကြောင့် ၄င်း၏ချစ်ခြင်းမေတ္တာကို လက်ခံခဲ့လေသည်။

'ဝမ်းသာလိုက်တာပန်းဒါရူရယ်၊ အမောင့်လို ဆင်းရဲသား တစ်ယောက်ရဲ့အချစ်ကို တုံ့ပြန်လိုက်တာ အမောင်တော့ အရမ်း ပျော်တာပဲ'

'ဟုတ်ပါတယ်အမောင်၊ ပန်းဒရူကို ချစ်သူဖြစ်ချင်တဲ့ သူတွေအနက်မှာ သူဌေးသူကြွယ်သား အများအပြားရှိပေမယ့် သူတို့ကို ပန်းဒါရူ မချစ်ခဲ့ဘူး၊ အမောင့်ကိုတွေ့တော့ ပန်းဒါရူရဲ့ အချစ်တွေကို ဘယ်လိုမှ မဖုံးကွယ်နိုင်ခဲ့ဘူး'

'အမောင်ဟာ ယောကျာ်းကောင်းတစ်ယောက်ပါ၊ ဆင်းရဲ ပေမယ့် ကိုယ့်ချစ်သူကို တင့်တောင်းတင့်တယ် ထားနိုင်အောင် ကြိုးစားပါမယ်'

'အမောင့်ကို ပန်းဒါရူ ယုံပါတယ် အမောင်ရယ်'

ချစ်သူနှစ်ဦး၏ ချစ်လမ်းခရီးမှာ သာယာဖြောင့်ဖြူးစွာ လက်ထပ်ခဲ့ပါသည်။

ထိုအချိန်တွင် ဥက္ကလာပမင်းကြီး နတ်ရွာလားခဲ့လေပြီ။ ထိုသတင်းကို ကြားရသောအခါ ချစ်လင်မင်းကြီးအတွက် တမ်းတ ပူဆွေးကာ မအိပ်နိုင်မစားနိုင်အောင် သောကဖိစီးခဲ့သည်။ ထိုသောကကြောင့် ဝေဒနာဖြစ်ကာ ရောဂါဖိစီးလာခဲ့ပါသည်။



www.burmeseclassic.com

ဤတွင် မြလေးရှင်မှာ သေအံ့မူးမူးအချိန်သို့ ရောက်ရှိလာသဖြင့် သူဌေးကုန်းသူကြီးအား မိမိ၏အိမ်သို့ပင့်ဖိတ်ကာ···

'သူကြီးမင်း ကျွန်မဟာ သာမာန်အမျိုးသမီးမဟုတ်ပါ၊ ဥက္ကလာပမင်းကြီးရဲ့မိဖုရား မြလေးရှင်ဖြစ်ပါတယ်၊ အခြားသော မိဖုရားများရဲ့ ဂုံးချောစကားကြောင့် နန်းတော်မှထွက်ခဲ့ရပါတယ်၊ ဒါကတော့ သိကြားမင်းပေးအပ်ခဲ့တဲ့ ပတ္တမြားကျောက်စီဓားနဲ့ လည်ဆွဲရတနာဖြစ်ပါတယ်၊ သူကြီးမင်းကို အပ်နှံပါတယ်၊ အကယ်၍ ကျွန်မသေလွန်ပါက ပုတ္တရလူလေးကို ဒီအကြောင်း ပြောပြပြီး ဒီဓားနဲ့လည်ဆွဲရတနာအား ပေးအပ်ပြီးဖြစ်ကြောင်း ကုန်စင်ပြောပြပေးပါသူကြီးမင်း'

'အင်း··· ထူးခြားတဲ့ဖြစ်စဉ်တွေပဲ၊ ပုတ္တရလူလေးလာရင် အားလုံးပြောပြပြီး ဒီပစ္စည်းတွေကို အပ်နှင်းပါမယ်'

မြတ်လေးရှင်သည် ထိုပစ္စည်းများပေးအပ်ပြီး မကြာမီ သေဆုံးသွားပါသည်။ ပုတ္တလူလေးပြန်လာသောအခါ သူဌေးကုန်း သူကြီးလည်း ၎င်း၏မိခင်ကြီးမှာခဲ့သည့်အတိုင်း ဖြစ်ရပ်မှန်ကို ပြောပြပြီး ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲကို ပေးအပ်ခဲ့ ပါသည်။

ပုတ္တရလူလေးသည် ၎င်း၏ဖြစ်ရပ်မှန်ကို ကြားသိရသော အခါ လွန်စွာစိတ်မကောင်းဖြစ်ကာ···





'ငါရဲ့ဖခမည်းတော်နဲ့ မယ်တော်တို့ ကွယ်လွန်ခဲ့ချေပြီ၊ ငါသည် ဥက္ကလာပမင်းကြီး၏သားတော်ဖြစ်၍ ခမည်းတော် မရှိတော့သည့်အတွက် ဤနေပြည်တော်ကို ငါသာစိုးစံထိုက် ပေသည်'

ဤသို့တွေးတောမိပါသည်။

ထိုအချိန်တွင် ဥက္ကလာပနေပြည်တော်တွင် နန်းညွန့် နန်းလျှာမဟုတ်သည့် ဈာန်ယဉ်မင်းက မင်းပြုကာ အုပ်ချုပ်နေ ပါသည်။

'အင်း··· နန်းညွန့်နန်းလျှာမဟုတ်တဲ့ ဈာန်ယဉ်မင်းကို တိုက်ထုတ်မှဖြစ်မယ်၊ ဒါကြောင့် ဒီနိုင်ငံကို ချီတက်သိမ်းပိုက် နိုင်အောင် လူစုပြီး ဓားခုတ်လှံထိုး စစ်ချီစစ်တက် လေ့ကျင့်မှ တော်မယ်'

ထိုသို့ဖြင့် ပုတ္တရလူလေးသည် ၎င်း၏ နယ်ပါယ်အတွင်း ရှိ ကျေးရွာများမှ လူများကိုစုရုံးကာ စစ်ချီစစ်တလဲ ဓားခုတ်၊ လှံထိုး စသည့်တိုက်ခိုက်ရေးပညာများကို သင်ကြားပေးခဲ့သည်။ ထိုသို့စစ်ရေးပညာများ လေ့ကျင့်နေချိန်တွင် ဘိုးတော်သိကြားမင်း သည် ပုတ္တရလူလေးအား အိပ်မက်ပေးတော်မူပါသည်။ ထို အိပ်မက်ထဲတွင် ပုတ္တရလူလေးအား ဥက္ကလာသို့စစ်ချီရန် အချိန် ရောက်ပြီ။ နေ့ကောင်းရက်မြတ်အခါပေးကာ ထိုနေ့၌ စစ်ချီရန်



www.burmeseclassic.com

မိန့်ကြားတော်မူခဲ့ပါသည်။

ပုတ္တရလူလေးလည်း သိကြားမင်းမိန့်ကြားသည့် နေ့ကောင်းရက်မြတ်အခါတွင် စစ်သည်ဗိုလ်ပါတို့ကို စုဝေးစေပြီး စစ်ချီတက်ခဲ့သည်။ မိခင်ကြီးပေးခဲ့သည့် ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲရတနာကို မိခင်၏ခြုံလွှာပဝါဖြင့် ထုတ်ကာ ယူဆောင်ခဲ့ပြီး 'ကုန္ဒဒေဝ' စစ်လှေကြီးစီးကာ ဥက္ကလာပနေပြည်တော်သို့ ရေကြောင်းခရီးဖြင့် စစ်ချီခဲ့ပါသည်။

ကုန္ဒဒေဝစစ်လှေကြီးတွင် စစ်သည်ဗိုလ်ပါ အပြည့်ဖြင့် စစ်ချီလာရာ မြစ်သုံးခွဆိုင်သို့အရောက်တွင်...

'လေပြင်းမုန်တိုင်းတိုက်ပြီး မိုးကြီးလေကြီး ရွာနေပါတယ် ဘုရား'

ပုတ္တရလူလေးတို့အုပ်စုမှာ လေပြင်းမုန်တိုင်းတိုက်ပြီး မိုးကြီးလေ ကြီးရွာသွန်းကာ လှိုင်းလေထန်သည့် မြစ်သုံးခွဆိုင်တွင် ရာသီဥတု ဖောက်ပြန်မှုဒဏ်နှင့် အလူးအလဲ ရင်ဆိုင်နေရပါသည်။

မုန်တိုင်းဒဏ်နှင့် လှိုင်းကြီးများရိုက်ခတ်မှုကြောင့် လှေကြီးမှာ အလူးလူးအလိမ့်လိမ့်ဖြစ်ပြီး နစ်မြုပ်လုလု ဖြစ်နေပါသည်။

ပုတ္တရလူလေးစစ်သည်တော်တို့မှာလည်း လှေကြီးအတွင်း၌ စကောထဲတွင်ထည့်ထားသည့် ဆီးဖြူသီးပမာ ဟိုဟို





သည်သည် လူးလိမ့်လျက်ရှိရာ ပုတ္တရလူလေးကိုင်ဆောင်ထားသည့် ပတ္တမြားကျောက်စီဓားနှင့် လည်ဆွဲရတနာမှာ ရေထဲသို့ ပြုန်းခနဲကျသွားပါသည်။

'ဟာ... ရတနာကျောက်စီဓားနဲ့ လည်ဆွဲရတနာ မြစ်ထဲကျသွားပြီ'

ပုတ္တရလူလေးမှာ မမျှော်လင့်ဘဲ လှေကြီးစောင်းသွားစဉ် ရေထဲသို့ကျသွားသည့် ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲရတနာအတွက် လွန်စွာစိတ်မကောင်း ဖြစ်သွားပါသည်။ သို့သော် စိတ်မကောင်းဖြစ်သည်ကို ဘေးဖယ်ကာ စိတ်ကိုပြန်တင်းပြီး မဆုတ်မနစ်သော ဇွဲလုံ့လကိုအရင်းတည်၍ လှေကြီးကိုထိန်းသိမ်းကာ ချီတက်ခဲ့ပါသည်။

လေမုန်တိုင်းကြီးလည်း ငြိမ်သက်သွားခဲ့လေပြီ။

မိုးကြီးလေကြီးတို့လည်း စဲခဲ့လေပြီ။

မြစ်ပြင်ရေသည်လည်း ငြိမ်သက်သွားခဲ့ပြီ။

ဥတ္တရလူလေးတို့အုပ်စုသည် ကုန္ဒဒေဝလှေကြီးအား ဆက်လက်ခဲ့ရာ မြစ်ကွေ့ချောင်းတစ်ခုကို တိုးမိလေသည်။ ထိုသို့တိုးမိသည့်အတွက် ထိုအရပ်ကို 'တိုးချောင်း' ဟုခေါ်ခဲ့ပါသည်။

(မှတ်ချက်။ ။ ယခုအခါ ဒဂုံမြို့သစ်မြောက်ပိုင်းရှင်



www.burmeseclassic.com

တိုးချောင်းကြီးရွာဖြစ်ပါသည်။)

ပုဏ္ဏရလူလေးက အမိန့်ပေးသဖြင့် စစ်သည်တို့သည် စိတ်အားထက်သန်စွာ လှော်ကြသောအခါ မကြာမီ ဥက္ကလာပနေပြည်တော်ကို လှမ်း၍မြင်ရလေသည်။

'ဟာ… ဟိုမှာ ဥက္ကလာပနေပြည်တော်ကို မြင်သာပြီ'

ကုန္ဒဒေဝလှေကြီးပေါ်မှ ဥက္ကလာပနေပြည်တော်ကြီး မြင်သာသည့်နေရာသို့ ရောက်ရှိလာပါသည်။ ထိုအရပ်ကို မြင်သာသည့်နေရာကို အစွဲပြု၍ 'မြင်သာ'ဟု အမည်မှည့်ခေါ် ခဲ့သည်။

(မှတ်ချက်။ ။ ယခုအခါ တောင်ဥက္ကလာပ မြင်သာ အရပ်ဖြစ်ပါသည်။)

ထိုမှဆက်၍ ဆက်လက်ချီတက်ခဲ့ရာ စစ်သည်အပေါင်းမှာ မောပန်းနွမ်းနယ်လာပါသည်။ အချိန်အခါမှာလည်း နေဝင်မိုးချုပ်နေပြီဖြစ်၍ ခရီးမဆက်နိုင်တော့ဘဲ ထိုနေရာ အရင်ဆုံးအိပ်ခဲ့ကြသည်။

ပုဏ္ဏရလူလေးအုပ်စု အရင်ဆုံးအိပ်ခဲ့သည်ကိုအစွဲပြု၍ 'အရင်အိပ်' ဟုအမည်မှည့်ခေါ်ခဲ့ပါသည်။ ကာလကြာမြင့်သော် ထိုနေရာတွင် ကရင်လူမျိုးများနေထိုင်သဖြင့် အရင်အိပ်မှ ကရင်ဆိပ်ရွာဟု ပြောင်းလဲခေါ်ဝေါ် ခဲ့ပါသည်။





(မှတ်ချက်။ ။ ဤနေရာမှာ ယခုအခါ ဒဂုံမြို့သစ် မြောက်ပိုင်း ၄၂ ရပ်ကွက် မေတ္တာချောင်းကူးနေရာဖြစ်ပါသည်)

ထိုနေရာတွင် ညအိပ်ပြီးနောက် ပုဏ္ဏရလူလေးသည် ရတနာသုံးပါး၊ မိဘဆရာနှင့် ဘိုးတော်သိကြားမင်းအား သစ္စာပြု၍ တိုင်တည်ခဲ့လေသည်။

'ကျွန်ုပ်သည် သိတတ်သည့်အချိန်မှစ၍ မမှန်မကန် တရားမမျှတသော အမှုကိုမပြုခဲ့ပါ။ ဤသစ္စာစကားမှန်ကန်ပါက ရေထဲသို့ကျသွားသည့် ပတ္တမြားကျောက်စီဓားနှင့် လည်ဆွဲရတနာတို့ ပြန်လည်ရရှိပြီး ဤစစ်ပွဲကြီးကို အောင်မြင်စွာပြီးမြောက်နိုင်ပါစေသား'

ထိုသို့သစ္စာပြု ဆုတောင်းပြီးနောက် ဥက္ကလာပနေပြည်တော်သို့ ဆက်လက်စစ်ချီခဲ့ရာ ချောင်းအကွေ့ရှိဝဲထဲတွင် အရာဝတ္ထုနှစ်ခု ဝဲလည်နေသည်ကို မြင်တွေ့ရသဖြင့် အနီးသို့ တိုးကြည့်သောအခါ အုံ့ဩဖွယ်အဖြစ်သနစ်ကို တွေ့ရှိရပါသည်။

'ဟာ… ဝဲကြီးထဲမှာ ပတ္တမြားကျောက်စီဓားနဲ့ လည်ဆွဲတော်ပါတဲ့အထုတ် ဝဲလှည့်နေပါလား'

အံ့ဖွယ်သူရဲထူးကဲစွာဝဲကြီးအတွင်း၌ ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲရတနာအထုတ်မှာ လည်နေသည်ကို တွေ့ရသဖြင့် ပုဏ္ဏရလူလေးသည်…



www.burmeseclassic.com

'ငါ၏သစ္စာမှန်ကန်လေပြီ၊ ထို့အတွက် ပျောက်ဆုံးသွားသည့် ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲရတနာအား ပြန်တွေ့ရလေပြီ'

ဟုကြွေးကြော်ကာ ဝဲကြီးအတွင်းမှ ထိုပစ္စည်းနှစ်ခုကို ယူလိုက်လေသည်။ ထိုပစ္စည်းများရသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာ အားတက်စွာဖြင့်...

'ငါဟာ ဒီစစ်ပွဲကို မလွဲမသွေ အနိုင်ရအံ့'

ဟ၍ ကြွေးကြော်ကာ ဆက်လက်စစ်ချီခဲ့ပါသည်။ ထိုနေရာ၌ ပတ္တမြားကျောက်စီဓားနှင့်လည်ဆွဲရတနာ ပြန်ရခဲ့သည်ကို အစွဲပြု၍ ထိုအရပ်ကို 'ဓားဝဲချောင်း'ဟု ခေါ်ဝေါ်ခဲ့ကြသည်။

(မှတ်ချက်။ ။ ယခုအခါ ထိုနေရာသည် ဒဂုံမြို့သစ်မြောက်ပိုင်း (၅)ရပ်ကွက်၊ ကြိုးတံတားတည်ရှိရာ ဓားဝဲချောင်းရွာ ဖြစ်ပါသည်။)

ထိုသို့ပုဏ္ဏရလုလေးတို့အုပ်စုသည် စစ်အင်အား လူအင်အားဖြင့် ဥက္ကလာ [illegible] ချီလာသည်ကို ဈာန်ယဉ်မင်းသိသောအခါ ၎င်း၏စစ်သည်တပ်သားအမြောက်အမြားစေလွှတ်တိုက်ခိုက်ခဲ့ပါသည်။

ထိုအခါ ပုဏ္ဏရလုလေးနှင့်စစ်သည်တော်များမှာ အင်အား





ကြီးမားလှသည့် ဈာန်ယဉ်မင်း၏ စစ်သည်များနှင့် ထိပ်တိုက်ရင်မဆိုင်လို၍ တွေ့သည့်ချောင်းအတွင်း၌ ပုန်းနေရပါသည်။ ထိုသို့ပုန်းအောင်းရသည့်အရပ်ကို 'ဆင်းပုန်း'ဟုခေါ်တွင်ခဲ့ပါသည်။

(မှတ်ချက်။ ။ ထိုနေရာကို ယခုအခါ 'ဆင်ပုံ'ဟုခေါ်ပါသည်)

ပုဏ္ဏရလုလေးတို့အုပ်စုသည် ထိုချောင်းအတိုင်းပြန်လှည့်ပါက ဈာန်ယဉ်မင်း၏ စစ်သည်များနှင့် တွေ့မည်ဖြစ်၍ စစ်ရှောင်သည့်အနေဖြင့် ဘေးလွတ်ရာအရပ်၌ ခေတ္တရှောင်ပုန်းစဉ် နာဂဒေဝီနှင့်တွေ့ဆုံခဲ့ပါသည်။

ပုဏ္ဏရလုလေးနှင့်နာဂဒေဝီတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကျွမ်းဝင်ကာ ချစ်ခင်စုံမက်ပေါင်းဖက်ခဲ့ပါသည်။ နာဂဒေဝီသည် ပုဏ္ဏရလုလေး စစ်ချီလာသည့်အကြောင်းကိုသိသောအခါ သူမထံ၌ရှိသော မည်သည့်အရာမဆို လိုရာရသည့် ကဏ္ဍာသယအိတ်ကို လက်ဆောင်ပေးခဲ့ပါသည်။

'မောင်တော်ကို နာဂဒေဝီမည်သော ကျွန်မတော်ဟာ ချစ်ခင်နှစ်သက်လှသည့်အတွက် လိုတိုင်းတရရှိသော ဤကဏ္ဍာသယအိတ်ကို ပေးဆက်ပါတယ်'

ပုဏ္ဏရလုလေးမှာ သိကြားမင်းပေးအပ်သည့် ပတ္တမြားကျောက်စီဓား နန်းဆက်လည်ဆွဲရတနာအပြင် လိုတိုင်းတရရှိသည့်



www.burmeseclassic.com

[illegible]သယအိတ်တို့ရရှိသောအခါ ပိုမိုအားတက်လာခဲ့ပါသည်။ [illegible]သယအိတ်ကို ရရှိခဲ့သဖြင့် နောင်ထီးနန်းရသောအခါ အလိုရှိရာပြည့်စုံသောမင်း (သာမတမင်း)ဟု အမည်တွင်ခဲ့ပါသည်။

နာဂဒေဝီနှင့် ပေါင်းရသော်လည်း စစ်ချီရန်အရေးက ရှိသေးသဖြင့် တစ်လသာပေါင်းသင်းပြီး စစ်ချီရန်ပြင်ဆင်ခဲ့ပါသည်။

နာဂဒေဝီနှင့်တစ်လသာပေါင်းခဲ့သည့်နေရာကို 'တစ်လပေါင်း' ဟု ခေါ်တွင်ခဲ့ပါသည်။

(မှတ်ချက်။ ။ ထိုနေရာမှာ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ တလပေါင်ရွာပင်ဖြစ်ပါသည်။)

ပုဏ္ဏရလုလင်လေးကို့အုပ်စုသည် စစ်အင်အားလူအင်အား ပိုမိုပြည့်မုံလာသောအခါ စစ်တိုက်ရန်အတွက် အောက်အရပ်သို့ စုန်ဆင်းရပေမည်။

'နှမတော် နာဂဒေဝီ မောင်တော်ဟာ ဈာန်ယဉ်မင်းနဲ့ စစ်တိုက်ရန် အရေးရှိတဲ့အတွက် အောက်အရပ်သို့ စုန်ဆင်းကာ စစ်ပြင်ရပေမည်၊ ဒါကြောင့် နှမတော်နှင့်ခေတ္တခွဲခွာသွားရတော့မည်'

ပုဏ္ဏရလုလင်လေးမှာ နဂဒေဝီအား ဤသို့ပြောကြားသော





အခါ...

'မောင်တော်ရဲ့စစ်ချီရန် အရေးရှိတဲ့အတွက် နှမတော် မတားရက်ပါဘုရား၊ စစ်နိုင်လျှင်နိုင်ချင်း နှမတော်ဆီကိုသာ ပြန်လာခဲ့ပါ၊ နှမတော်ကတော့ လွမ်းဆွတ်စွာနဲ့ စောင့်နေပါမယ်ဘုရား'

'ခေတ္တစောင့်နေပါနှမတော်၊ စစ်အောင်ပြီးချင်း နှမတော်ကို လာခေါ်ပြီး မိဖုရားအရာ အပ်နှင်းပါ့မယ်'

ပုဏ္ဏရလုလင်လေးသည် စစ်ပြင်ရန် ထွက်ခွာသွားသဖြင့် နာဂဒေဝီမှာ ပူဆွေးဝမ်းနည်းစွာဖြင့် ထိုအရပ်၌ ကျန်ရစ်ခဲ့ပါသည်။ ပုဏ္ဏရလုလင်လေးသည် ထိုအရပ်မှအောက်ဘက်သို့ စုန်ဆင်းကာ ကျယ်ပြန့်သော နေရာတစ်ခုသို့ရောက်သော် ထိုအရပ်၌ ဈာန်ယဉ်မင်းကို စစ်တိုက်ရန် စစ်ပြင်ခဲ့ပါသည်။ နောင်သောအခါ ထိုအရပ်ကို စစ်ပြင်ရွာဟုခေါ်ဝေါ်ခဲ့ပါသည်။ ထိုမှကာလရွေ့လျောကာ 'စစ်ပင်ရွာ' ဖြစ်လာခဲ့သည်။

(မှတ်ချက်။ ။ ထိုအရပ်ကား ယခုအခါ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ စစ်ပင်ရွာပင်ဖြစ်ပါသည်။)

ထိုအရပ်၌ စစ်သည်အင်အားများစွာဖြင့် စစ်ပြင်ကာ ဥက္ကလာပနေပြည်တော်သို့ စစ်ချီတိုက်ခိုက်ခဲ့ပါသည်။ ဈာန်ယဉ်မင်းလည်း ၎င်း၏စစ်သည်အင်အားများစွာနှင့် ခုခံခဲ့ပါသည်။



www.burmeseclassic.com

သို့သော် စိတ်ဓာတ်အင်အား၊ လူအင်အားဖြင့် ရွံ့ရွံ့ချွန်ချွန် တိုက်ပွဲဝင်ကြသည့် ပုဏ္ဏရလူလေး၏ စစ်သည်များ၏ တိုက်ရည်ခိုက်ရည်ကောင်းမှုကြောင့် ဈာန်ယဉ်မင်း၏ စစ်သည်တော်များစွာ ကျဆုံးခဲ့ပါသည်။

ပုဏ္ဏရလူလေးသည် ဘိုးတော်သိကြားမင်းနှင့် မိဘများအား တိုင်တည်၍ စစ်တိုက်ခဲ့ပါသည်။ ထိုသို့ဖြင့် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ဈာန်ယဉ်မင်းသည် ပုဏ္ဏရလူလေးမှာ အခြားသူမဟုတ်ဘဲ ဥက္ကလာပမင်းကြီး၏ သားတော်မှန်းသိသောအခါ လွန်စွာထိတ်လန့်ခဲ့ပါသည်။

ပုဏ္ဏရလူလေးကား…။

'ငါဟာ ငါ့ရဲ့ခမည်းတော်ရဲ့ ထီးနန်းကို မုချရရမည်'

ဟူသည့် မလျော့သောဇွဲကိုအရင်းတည်လျက် အင်အားကြီးမားသော ဈာန်ယဉ်မင်း၏ စစ်သည်တော်များကို ချေမှုန်းရာ ဈာန်ယဉ်မင်း၏ စစ်သည်များမှာ…။

'ပုဏ္ဏရလူလေးကွ'

ဟု အောက်သံနှင့်အတူ ပတ္တမြားကျောက်စီဓားကို ဆွဲကိုင်လျက် တိုက်ပွဲဝင်နေသည့် ပုဏ္ဏရလူလေး၏အသံကို ကြားရုံမျှနှင့် လန့်ဖြန့်တုန်လှုပ်ကြလေသည်။

စစ်ပွဲကား ပြင်းထန်လှပေသည်။





ဓားသံတချွင်ချွင်ကြားတွင် သွေးအိုင်ထဲ၌ သေဆုံးနေကြသော ဈာန်ယဉ်မင်း၏ စစ်သည်များမှာ စစ်မြေပြင်တွင် ပုံ့ကျဲလျက်…။

နောက်ဆုံးတွင် ပုဏ္ဏရလူလေးနှင့် စစ်သည်တော်များအား မခုခံနိုင်တော့ဘဲ ဈာန်ယဉ်မင်း၏ စစ်သည်တော်များ အရှုံးပေးခဲ့ရပါသည်။

'အောင်ပြီ… အောင်ပြီ၊ တို့အောင်ပြီ'

ရွံ့ရွံ့ချွန်ချွန်တိုက်ပွဲဝင်ခဲ့ကြသည့် ပုဏ္ဏရလူလေးတို့အဖွဲ့သည် အောင်ပွဲဆင်ခဲ့လေပြီ။ ဈာဉ်ယဉ်မင်းသည် အရှုံးကိုပိုက်ကာ ထီးနန်းမှ စွန့်ခွာခဲ့ပါသည်။ တိုင်းသူပြည်သားများကလည်း တိုက်ရည်ခိုက်ရည်နှင့်ပြည့်စုံသည့် သူရသတ္တိနှင့်ပြည့်စုံသည့် ဥက္ကလာပမင်းကြီး၏သားတော် ပုဏ္ဏရလူလေးအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကာ ထီးနန်းအပ်နှင်းခဲ့ပါသည်။

ပုဏ္ဏရလူလေးသည် ဥက္ကလာပထီးနန်းကို ရလျှင်ရခြင်း နာဂဒေဝီအား တောင်ညာစံမိဖုရားအဖြစ် တင်မြှောက်ရန် တစ်လပေါင်းဒေသသို့ သွားရောက်ခဲ့ပါသည်။ နာဂဒေဝီကို ရှာဖွေသောအခါ နာဂဒေဝီ၏ အထိန်းတော်ကြီးကိုသာ တွေ့ရှိခဲ့ပါသည်။

'နာဂဒေဝီသခင်မဟာ အရှင်မင်းကြီးကို လွမ်းဆွတ်တသ



www.burmeseclassic.com

သောစိတ်ဖြင့် အရှင်မင်းကြီးထွက်ခွာသွားပြီး မကြာမီတွင် နှမ်းလျှ ညှိုးငယ်နွံ့ခွေကာ ကံတော်ကုန်ခဲ့ပါပြီဘုရား'

ထိုသတင်းကို ကြားရသောအခါ မင်းကြီးမှာ လွန်စွာ စိတ်မချမ်းသာဖြစ်ကာ...

'နာဂဒေဝီနှမတော်ရယ် မောင်တော့်စိတ်နှလုံး ပူပန် လွမ်းဆွေးရပြီ၊ ချစ်ကံဆိုးတဲ့နှမတော်၊ မောင်တော်အလာကောင်း ပေမယ့် အခါနှောင်းခဲ့ပါပေါ့လား'

ပုဏ္ဏရလူလေးမင်းကြီးလည်း ဝမ်းနည်းကြေကွဲစွာ ထီးနန်း သို့ ပြန်ခဲ့ရလေသည်။

နာဂဒေဝီကလေး နွံ့ခွေကာ သေဆုံးခဲ့သည့်နေရာကို နွယ်ခွေရွာဟု ခေါ်ဝေါ်ခဲ့ပါသည်။

(မှတ်ချက်။ ။ ထိုနေရာမှာ ယခု မင်္ဂလာဒုံမြို့နယ် နွယ်ခွေရွာပင်ဖြစ်ပါသည်။)

ပုဏ္ဏရလူလေးသည် သန်လျင်မြို့သူ ပန်းဒါရှုကို မိဖုရား အဖြစ် တင်မြှောက်ကာ ဥက္ကလာပနေပြည်တော်တွင် မင်းကျင့် တရား(၁၀)ပါးနှင့်အညီ မင်းပြုကာ ထီးနန်းကို အုပ်ချုပ်ခဲ့ပါသည်။

ပုဏ္ဏရလူလေးမင်းကြီး၌ နာဂဒေဝီလက်ဆောင်ပေးလိုက် သည့် ဣန္ဒြာသယအိတ်ရှိသဖြင့် ဘာမဆို လိုတရသည့်အတွက် (ဘာမတ)မင်းဟု အမည်ထင်ရှားခဲ့လေသည်။ နာဂဒေဝီအတွက်





ဝမ်းနည်းပူဆွေးရခဲ့သော်လည်း စိတ်ထားမြင့်မြတ်ဖြူစင်သည့် သန်လျင်သူ မိဖုရားကြီး ပန်းဒါရှု၏ မေတ္တာအေးရိပ်တွင် 'ပန်းဒါရှု၏ချစ်သူ'အဖြစ် ချမ်းမြေ့စွာ ပေါင်းသင်းနေထိုင်ခဲ့ပါ တော့သတည်း။

(စာရှုသူအများသည် ဥက္ကလာပနေပြည်တော်တွင် ဥက္ကလာပမင်းကြီး စိုးစံတော်မူသည်ကို သိကြသော်လည်း ၎င်း၏သားတော် ဘာမတမင်းအကြောင်းနှင့် ပတ်သက်သည့် သမိုင်းဝင်ရွာများ အမည်မှည့်ခေါ်ပုံကို သိရှိစေခြင်းငှာ ဤ ပန်းဒါရှု၏ချစ်သူကို ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်)

ကျမ်းကိုး - ရန်အောင်မြင်ဘုရားသမိုင်း

ရီရီဌေး



www.burmeseclassic.com

# အောက်သို့လားသော်

တောလိုက်မုဆိုး ကိုလူလှ…။

အမည်ကသာ လူလှဖြစ်သော်လည်း ကျွန်တော့်ဘဝက မလှပခဲ့။ အလယ်ရိုးမတောင်တန်းကြီး၏ တောင်ခြေရွာကလေး ဖြစ်သည့် ဇရက်ကွင်းရွာဇာတိဖြစ်ပြီး မုဆိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။

မုဆိုးမှာလည်း နှစ်မျိုးနှစ်စားရှိပါသည်။ မုဆိုးအတုနှင့် မုဆိုးအစစ်။

မုဆိုးအတုနှင့်မုဆိုးအစစ် ဘယ်လိုကွာခြားသလဲဟု မေးစရာရှိပါသည်။ ကျွန်တော်တို့လို မိရိုးဖလာအလိုက် မုဆိုးမျိုးရိုးမှ ဆင်းသက်လာပြီး မုဆိုးအလုပ်ကို တစိုက်မတ်မတ် လုပ်ကိုင်လာသူ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူကမှ မုဆိုးအစစ်။

အပျော်တမ်းတောလိုက်သူ၊ ဝါသနာအရ အပျော်အပေါင်းကောင်း၍ တောလိုက်သူများကို ကျွန်တော်တို့က မုဆိုးအတုလို့ အမည်ပေးထားပါသည်။ ကျွန်တော်တို့မုဆိုးအစစ်များက





နေ့စဉ်တောသွားပြီး သားကောင်ကို ပစ်ခတ်ဖမ်းဆီးရသည်။ ရလာတော့ အမဲဖျက်ပြီး မြို့ပေါ်သို့ သွားရောင်းရသည်။ ဤသည်မှာ ကျွန်တော်လုပ်နေကျ ဝတ္တရားဖြစ်သည်။ စားဝတ်နေရေးဖြစ်၍ ကျွန်တော် တောလိုက်ရသည်မှာ မပျင်းပေ။

သို့သော်လည်း ကျွန်တော့်အတွက် စိတ်ညစ်ရသည့်သူ နှစ်ဦးရှိပါသည်။ တစ်ဦးက မုဆိုးအတုများ…။

သူတို့ မှို့တောထဲဝင်ပြီး တောလိုက်ရင်း တောမကျွမ်းသည့်အတွက် ဟိုခြုံတိုး သည်ခြုံတိုး သားကောင်ရဲ့ စားကျက်မှန်းမသိ။ သေနတ်တစ်လက်နှင့်ဟိုပစ်သည်ပစ်လုပ်တဲ့အတွက် သားကောင်များသည် ပုံမှန်ဆင်းနေကျ မဆင်းတော့ဘဲ မုဆိုးစကားနှင့်ပြောရရင် 'စားကျက်ပျောက် သားကောင်များ' ဖြစ်ကုန်ပါသည်။

သည်တော့ သူတို့နောက်မှာ တောလိုက်ရသည့် မုဆိုးအစစ်များအဖို့ သားကောင်မတွေ့ရတော့ပေ။ တောလှန့်သွားခဲ့ပြီပဲ။ သို့အတွက်ကြောင့် အပျော်တမ်းမုဆိုးတွေ တောလိုက်ပြီးရင် နောက်နေ့တွေမှာ ကျွန်တော်တောမလိုက်ဘဲ အနားယူတတ်ပါသည်။

နောက်တစ်ဦးကတော့ ရိုးမတောကြီးထဲမှာ တွေ့ရသည့် ရသေ့ကြီးတစ်ဦး…။



www.burmeseclassic.com

ရသေ့ကြီး၏ ဘွဲ့အမည်ကိုမသိပါ။ သို့သော်လည်း ရသေ့ကြီးနှင့်တွေ့တိုင်း ငှင်းရွတ်ဆိုသည့် တရားစာကလေးကို သတိရနေပါသည်။

'အထက်သို့လားသော် ဘဝဂ်၊ အောက်သို့လားသော် အဝီစိ၊ ရှိရှိသမျှ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ'

'နောင်... ဒူဝေ... ဝေ'

သည်လိုရွတ်ဆိုပြီး ကြေးစည်ကလေးကို ထုလိုက်ပါသည်။ ကြေးစည်ကလေး ပတ်ချာလည်သွားသည်နှင့်အမျှ ကျွန်တော်လည်း **အဲဒီနေ့**အဖို့ ပတ်ချာလည်သွားပါတော့သည်။ မည်သို့မည်ပုံ ပတ်ချာလည်သွားသလဲဟုဆိုလျှင်...။

တစ်တောလုံး ပတ်ချာလည်အောင် သွားသော်လည်း တောကောင်တစ်ကောင်မှမရခြင်းပင်။ တစ်ခါတလေ သားကောင် တစ်ကောင်မှမတွေ့။ တွေ့သော်လည်း ပစ်လိုက်တိုင်း အလွဲလွဲ အချော်ချော်။ အစက သဘောမပေါက်။

နောက်တော့ နဖူးပေါ်လက်တင်ကာ စဉ်းစားရင်း သဘောပေါက်လာခဲ့သည်။ ရှိရှိသမျှ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့မှတော့ သတ္တဝါတွေ ကျန်းမာသွားပြီ၊ ကျွန်တော်၏ လက်နက်ဘေးမှ လွတ်ကုန်ကြတာ





ဖြစ်မည်ဟု သဘောပေါက်ခဲ့သည်။

သည်တော့ တောထဲသို့မဝင်မီ ရသေ့ကြီးနှင့်လည်း တွေ့မှာ စိုးလှပါသည်။

ကျွန်တော့်ဘဝအကြောင်း တစေ့တစောင်း တင်ပြလိုပါသည်။ ကျွန်တော်သည် ဖခင်မုဆိုးကြီး ဦးသာကျော်နှင့် မိခင်ဒေါ်နန်းကြာမှ မွေးဖွားသော တစ်ဦးတည်းသောသား ဖြစ်ပါသည်။

ကျွန်တော့်ကို အမေ ကိုယ်ဝန်မရှိမီက အိပ်မက်တစ်ခုမက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် လေးငါးနှစ်အရွယ် ကလေးတစ်ယောက်သည် ဘိုးသူတော်များ ဝတ်ဆင်ထားသကဲ့သို့ အဖြူရောင်ဝတ်ထားပြီး ငှင်းကဲ့သို့ အဖြူရောင်ဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ဦးမှ ထိုကလေး၏ လက်ကိုဆွဲကာ ဒေါ်နန်းကြာ၏ တဲရှေ့သို့လာရောက်ခဲ့သည်။

'အဘိုး... ဘာကိစ္စရှိသလဲ'

ဒေါ်နန်းကြာမှ အဘိုးအား မေးလိုက်ပါသည်။

'အဘိုး... ခရီးတစ်ခုသွားစရာရှိတယ်၊ ဒီကလေးပါတော့ ခရီးမတွင်ဘူးဖြစ်နေတယ်'

'ဒီလိုဆို ကျွန်မဘာလုပ်ပေးရမလဲ အဘိုး'

'ဒီကလေးကို သမီးဆီမှာ ခေတ္တအပ်ခဲ့မလို့'



www.burmeseclassic.com

'အပ်ခဲ့ပါ အဘိုး၊ ကျွန်မဒီကလေးကို ကြည့်ပေးပါ့မယ်'

ပြောပြောဆိုဆိုဖြင့် ကလေးကိုကြည့်လိုက်ရာ ကလေးမှာ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ် ချစ်စဖွယ်ကလေးဖြစ်၍ ထိုကလေးကို ချီပိုးထားလိုက်ပါသည်။

ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် အဘိုးမှာစိတ်ချသွားသည့်အလား အလယ်ရိုးမတောင်တန်းဆီသို့ ခရီးဆက်သွားသည်ကို တွေ့လိုက်ရပါသည်။

အိပ်မက်မှလန့်နိုးသောအခါ ထိုအိပ်မက်မှာ ထင်ရှားလွန်းသဖြင့် တကယ်ပင်ဖြစ်ပျက်လေသလား ထင်မှတ်ကာ ထိုကလေးလေးကို ရှာမိပါသည်။ နောက်မှ အိပ်မက်မှန်းသိရသည်။

ထိုကဲ့သို့ ထူးခြားသော အိပ်မက်မက်ပြီး ဒေါ်နန်းကြာမှာ ကိုယ်ဝန်ရှိလာပါသည်။ မကြာမီ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ် ချစ်စဖွယ်ကလေးတစ်ဦး မွေးဖွားခဲ့ပါသည်။

ကလေးလေးမှာ လှသဖြင့် လှလှဟု အမည်ပေးခဲ့ပါသည်။

ကျွန်တော် ဆယ်နှစ်သားအရွယ်ခန့်ကပင် အဖေနှင့်အတူ တောလိုက်ခဲ့ရသည်။

အဖေ့ထံမှ တောလိုက်မုဆိုးပညာများစွာ ရခဲ့ပါသည်။ သားကောင်ကို ပစ်နည်းသာမက မြေပြင်ရှိ ခြုံပုတ်အနီး





တုတ်ကိုင်းထောင်နည်းကိုလည်း သင်ပေးခဲ့ပါသည်။

သုတ်ကိုင်းအတွင်း ရစ်များကို မိလေ့ရှိပါသည်။

အဖေနှင့်တောလိုက်ရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။ သုတ်ကိုင်းမှရစ်ကောင်များ မိနေသလို သမင်၊ ချေ၊ ဆိုင် စသည့်တောကောင်များထဲမှ တစ်ကောင်ကောင်မိသဖြင့် ထိုနေ့အဖို့ အဖေနေ့တွက်စီသည့်နေ့ဖြစ်သည်။

ကျွန်တော့်အသက် ဆယ်နှစ်ကျော်လာသောအခါ 'သေစာရှင်စာ' တတ်ဖို့ အမေက ဘုန်းကြီးကျောင်းသို့ လွှတ်ချင်သည်။ ကျွန်တော်တို့ရွာမှာ စာသင်ကျောင်းမရှိ၍ စာတတ်လိုသူကလေးများ ဘုန်းကြီးကျောင်းသားလုပ်ရင်း စာသင်ရသည်။ ထို့ကြောင့် ကျွန်တော့်ကို အမေက ဘုန်းကြီးကျောင်းသို့ ပို့လိုသည်။ သည်တော့ အဖေ့ကို တိုင်ပင်ခဲ့ပါသည်။

'ကိုဘမောင်... ကလေးက ဆယ်နှစ်ကျော်ပြီ၊ သေစာရှင်စာကလေးတတ်အောင် ဘုန်းကြီးကျောင်းပို့ရရင် မကောင်းဘူးလား'

'မကောင်းဘူး'

ကိုဘမောင်က တုံးတိတိပြေလိုက်သည်။

'ဘာဖြစ်လို့လဲ ကိုဘမောင်'

'မင်းက တော်တော်ခက်တဲ့မိန်းမပဲ၊ ကလေးကို ဘုန်းကြီး



www.burmeseclassic.com

ကျောင်းသွားပို့ရင် ပါဏာတိပါတာဆိုပြီး သူများအသက်မသတ်နဲ့ မကောင်းဘူးဆိုပြီး ပြောမှာပေါ့၊ အဲဒါကိုနားဝင်သွားရင် ဒီကောင်ကြီးလာရင် မုဆိုးအလုပ်ကို ခိုင်းလို့ရမှာမဟုတ်တော့ဘူး'

'အို… မုဆိုးအလုပ်မလုပ်ရင် အခြားအလုပ်လုပ်လို့လည်းရတာပဲ'

'အဲဒါကြောင့်ခက်တဲ့မိန်းမလို့ ပြောတာပေါ့'

'ပြောစမ်းပါဦး၊ ကျုပ်ကဘာခက်လို့လဲ'

'ဟာ… မုဆိုးအလုပ်လောက် ကောင်းတဲ့အလုပ် ရှိဦးမလား၊ လယ်စိုက်တဲ့သူ ယာလုပ်တဲ့သူကမှ မိုးမမှန်ရင် စပါးတို့ သီးနှံတို့ပျက်ပြီး ဒုက္ခရောက်သေးတယ်၊ ငါတို့အလုပ်က ဒီရိုးမတောကြီးရှိသရွေ့ ထမင်းမငတ်ဘူးသိရဲ့လား၊ စာဆိုတောင်ရှိသေးတယ်၊ 'အမေကမွေး တောကကျွေး'တဲ့၊ ဒီရိုးမကြီးထဲမှာ သဘာဝအတိုင်းပေါက်ဖွားနေတဲ့ သတ္တဝါတွေဟာ ငါတို့ရဲ့သားကောင်တွေပဲ'

'ဒါလည်းဟုတ်တာပဲ'

'သိပ်ဟုတ်တာပေါ့၊ သားကောင်တွေရရင် ဆန်နဲ့လဲစားလို့ရတယ်၊ ပိုတာရောင်းပြီး မင်းအတွက် ရွှေနားကပ်ကလေးတောင် ဝယ်နိုင်သေးမဟုတ်လား'

'ဟုတ်ပါတယ်တော်'





'ဒီတော့ ဒီကောင်ကို ဘုန်းကြီးကျောင်းပို့ဦးမလား'

'မပို့တော့ပါဘူး'

'အေး… ငါနဲ့သုတ်ကိုင်းထောင်၊ ဘောပစ်ထွက်ရင် သားကောင်တွေအများကြီးရမယ်၊ စာမတတ်လည်း ဘာမှမဖြစ်ဘူး'

အဖေကအမေ့ကို ဒီလိုလှည့်ပတ်ပြောခဲ့ပါသည်။ ရိုးအေးသောအမေကလည်း အဖေပြောတာအမှန်ထင်သည်။ သည်တော့ ကျွန်တော်မောင်လူလှ စာမတတ်ခဲ့ပေ။ မုဆိုးအတတ်ကိုတော့ ငယ်စဉ်ကတည်းက ယဉ်ပါးခဲ့သည့်အတွက် ဟင်းစားလောက်တော့ အသာကလေးပင်။

ကျွန်တော့်အသက် တစ်ဆယ့်ငါးနှစ်လောက်မှာ အမေဆုံးပါးခဲ့သည်။ အဖေနှင့် ကျွန်တော်တို့နှစ်ယောက် တောလိုက်ပြန်လာချိန်တွင် ဆီးကြိုမည့်အမေမရှိတော့ ရင်ထဲမှာ ဟာတာတာဖြစ်ခဲ့ရသည်။ အဖေ့ကြည့်ရတာလည်း ပျော်ပုံမပေါ်ချေ။ ယခင်က အဖေတောလိုက်၍ရသည့် သားကောင်ကို ဖျက်ပြီး အမေက ရေကျွင်းဈေးမှာ သွားရောင်းသည်။ ယခုတော့ အမေ့ကိုယ်စား ကျွန်တော် သွားရောင်းခဲ့ရသည်။ စာမတတ်တော့ အတွက်မတတ်ပါ၊ ဝယ်သူတွက်ပေးသမျှ ယူရင်း အလကားရသည့်သားကောင်ကို ရှုံးအောင်ရောင်းတတ်ခဲ့ပါသည်။



www.burmeseclassic.com

သည်တော့ ကျွန်တော့်ဆိုင်ဘေးနားက ပန်းရောင်းသည့် မရွှေစင်ကလေးက မနေနိုင်၍ တွက်ချက်ပေးသဖြင့် တဖြည်းဖြည်းရောင်းဝယ်တတ်လာပါသည်။ လူငယ်တို့၏ သဘာဝဟု ပြောရမလားမသိ။ နေ့စဉ် တွေ့နေရသောအခါ မရွှေစင်ကလေးကိုမြင်လျှင် ရင်ထဲမှ တဒိန်းဒိန်းခုန်လာသည်။ အိမ်ရောက်ပြန်လည်း သူမကို သတိရနေမိသည်။

များမကြာမီ ရွှေစင်ကလေးကို ကျွန်တော် ချစ်ရေးဆိုမိသည်။

'ရွှေစင်ရယ်... ကိုလှလှတော့ ရွှေစင်ကို မတွေ့ရမနေနိုင်အောင် ချစ်မိပါပြီ၊ ရွှေစင် စဉ်းစားပြီး ချစ်အဖြေကလေး ပေးပါနော်'

'ဒီမှာ ကိုလှလှ၊ ကျွန်မက ရှင် အတီးအတနဲ့ ဈေးမရောင်းတတ်လို့ ကူရောင်းပေးတာ၊ ရှင့်ကိုချစ်တယ်လို့ အောက်မေ့နေလား၊ ကျွန်မ စဉ်းစားစရာမလိုဘူး၊ တစ်ခါတည်း ပြတ်ပြတ်ပြောလိုက်မယ်၊ ရှင့်လို အကုသိုလ်အလုပ်နဲ့ အသက်မွေးတဲ့သူ သမ္မာအာဇီဝမလုပ်တဲ့သူကို ကျွန်မ မယူဘူး'

'အကုသိုလ်... သမ္မာအာဇီဝမဟုတ်တဲ့သူ ဟုတ်လား'

'ဟုတ်တယ်'

ရွှေစင်က ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသည်။





သူမပြောသည့် အကုသိုလ် သမ္မာအာဇီဝမလုပ်တဲ့သူတဲ့။ ဘာတွေမှန်း ကျွန်တော်မသိပါ။ အဖေ့ကို မေးရအောင်လည်း အဖေဖြေမည်မဟုတ်မှန်း ကျွန်တော် သိထားပါသည်။

နောက်တော့ ရွှေစင်က လယ်စာရင်းငှား ကိုခင်မောင်နှင့် လက်ထပ် သွားသည်။ အသည်းကွဲသူက ကျွန်တော်ပင်ဖြစ်သည်။ ဤတွင် ကျွန်တော်တစ်ခုစဉ်းစားမိသည်။ လယ်စာရင်းငှားက အကုသိုလ်ကင်းသလား၊ သမ္မာအာဇီဝအလုပ်လား၊ ရွှေစင်ပြောပုံအရဆိုလျှင် ကိုခင်မောင်၏အလုပ်သည် အကုသိုလ်ကင်းပြီး သမ္မာအာဇီဝအလုပ်ဖြစ်ပေမည်ဟု စဉ်းစားမိသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ထုံးစံအတိုင်း အဖေနှင့်အတူ တောလိုက်ခဲ့သည်။ ဤနေ့ကား ကျွန်တော်တို့သားအဖနှစ်ဦး၏ ကံကြမ္မာဆိုးနှင့် ကြုံရသည့်နေ့ဖြစ်သည်။ အနာဂတ်ကိုကြိုတင်မသိခဲ့သော ကျွန်တော်တို့သားအဖနှစ်ဦးကား ပြုံးပျော်ရွှင်မြူးစွာ တောထဲသို့ဝင်လာခဲ့ပါသည်။ တောထဲသို့ အရောက်တွင် သစ်ပင်ခြုံပုတ်များ၏ အရိပ်အခြေကို ကြည့်ပြီး...

'သား... တောထဲမှာ မုဆိုးအတုတွေရောက်နေပြီ'

အဖေက ဤသို့ပြောလိုက်သည်။ ကျွန်တော်က အဖေပြောထား၍ သိလိုက်ပါပြီ။ အပျော်တမ်းတောလိုက်ဝါသနာရှင် မုဆိုးအဖွဲ့တစ်ဖွဲ့သည် တောထဲ၌ ရောက်နေသည်ဟု



www.burmeseclassic.com

ဆိုလိုပါသည်။

'အဖေ… ဘယ်လိုလုပ်သိသလဲ'

'ဟိုမှာ မတွေ့ဘူးလား၊ စီးကရက်အတိုကလေး ပြာတောင်မကြွေသေးဘူး'

အဖေက ဉာဏ်မျှမျက်စေ့လျှင်သည်။ ထိုစဉ် လျှိုထဲမှ ချေတစ်ကောင်ထွက်လာသည်။

အဖေသည် ခြုံပုတ်အကွယ်တွင် နေရာယူလိုက်ပြီး ကျွန်တော့်အား ကျွန်းပင်ကြီးနားသို့သွားရန် မျက်စပစ်ပြသည်။ ကျွန်တော် ကျွန်းပင်ကြီးကို အကာအကွယ်ယူထားသည်။ တဖြည်းဖြည်း နေကြီးနီးသထက် နီးလာသည်။ သေသေချာချာ ချိန်၍ အဖေက သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

'ဒိုင်း'

အဖေ့သေနတ်မှ ကျည်ဆံထွက်သည့်အသံ။

'ဒိုင်း'

ဤသေနတ်သံမှ ခပ်ဝေးဝေးမှ ပဲ့လိုက်သည့်အသံ။

ဒုတိယသေနတ်သံကြားပြီး အဖေ၏ရင်ဘတ်၌ သွေးများ ဖြာခနဲဖြစ်ပြီး ပက်လက်လန်လဲကျသွားသည်။

'အဖေ… အဖေ'

ကျွန်တော် အပြေးသွားကာ အဖေ့ကို ပွေ့လိုက်သည်။





အဖေ၏ရင်ဘတ်တစ်ခုလုံး သွေးများရွှဲကာ ဘာစကားမှ မပြော နိုင်ဘဲ အဖေဇက်ကြိုးသွားသည်။ အဖေ့အား မှန်သည့်ကျည်ဆန် မှာ အပျော်တမ်းတောလိုက်အဖွဲ့မှ ပစ်လိုက်သည့် ကျည်ဆံဟု တွေးမိကာ…

'ဟော့… တောပစ်အဖွဲ့ ထွက်ခဲ့စမ်း၊ ဒီမှာ လူကို ထိသွားပြီ'

ကျွန်တော့်အသံမှာ ဒေါသကြောင့် ဟိန်းထွက်နေသည်။ ထိုစဉ် မနီးမဝေးခြုံကွယ်မှ အပျော်တမ်းတောလိုက်သမားများ ပြေးထွက်လာခဲ့သည်။

'ဘယ်သူ့ကို ထိသွားတာလဲဗျာ'

'ကျုပ်အဖေကို သေနတ်ထိသွားလို့ သေပြီ'

ကျွန်တော်ကလည်း တုံးတိတိပြောလိုက်သဖြင့် အားလုံး လန့်သွားကြသည်။

'ကျွန်တော်တို့ တောင်းပန်ပါတယ်ဗျာ၊ ချေကြီးကို ပစ်လိုက်တာ လွဲသွားပြီး ခင်ဗျားအဖေပုန်းနေတဲ့ ခြုံထဲရောက် သွားတာပဲ'

'ဒီကိစ္စကို ခင်ဗျားတို့ ဘယ်လိုရှင်းပေးမလဲ'

'ညီလေး ကျေးနပ်တဲ့အထိ ကျေးရွာသူကြီးရှေ့မှာ ရှင်းပေးပါ့မယ်'



www.burmeseclassic.com

သူတို့က ဤသို့ပြောသော်လည်း ကျွန်တော့်အဖေမှာ လူ့လောကထဲက ထွက်ခွာသွားလေပြီ။

သူတို့အမှားဖြစ်၍ ရပ်ရွာလူကြီး သူကြီးရှေ့တွင် ရှင်းပေးခဲ့သည်။ နစ်နာကြေးကအစ အဖေ၏အသုဘစရိတ်အားလုံး လျှော်ခဲ့သည်။ လူကြီးများ၏ရှင်းပေးခြင်းကို ကျွန်တော် လက်ခံခဲ့သည်။

ထို့နောက် ရပ်ရွာလူကြီးများက အဖေ၏အသုဘအတွက် ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်ပေးခဲ့သည်။ ဆွမ်းသွတ်တရားပွဲတွင် ဘုန်းတော်ကြီးမှ . . .

'လူတွေမကွယ်လွန်မီက ကုသိုလ်ကောင်းမှုကို လုပ်ခဲ့ရင် ကုသိုလ်ရမယ်၊ သူများအသက်ကို သတ်မယ်၊ ကံငါးပါးမလုံရင် အကုသိုလ်ဖြစ်မယ်၊ ကုသိုလ်ရှိတဲ့သူက ကောင်းရာသုဂတိကို လားမယ်၊ အကုသိုလ်များရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်စတဲ့ အပါယ်လေးဘုံကို လားမယ်၊ ကွယ်လွန်သူကို ရည်စူးပြီး ဆွမ်းသွတ်တဲ့အတွက် ကဲ . . . အမျှဝေရအောင်'

'အားလုံးကြားကြားသမျှ အမျှ . . . အမျှ . . . အမျှ'

'သာဓု . . . သာဓု . . . သာဓု'

ဆွမ်းသွတ်တရားနာတဲ့အခါမှ သူများ၏အသက်ကို သတ်ခြင်းသည် အကုသိုလ်တရားမှန်း ကျွန်တော်သိခဲ့ရသည်။ အဖေ နေ့စဉ်သတ်ဖြတ်ခဲ့သော သားကောင်များ သေသကဲ့သို့ အဖေသည် သူတစ်ပါး၏လက်ချက်ဖြင့် သေနတ်မှန်၍ ကွယ်လွန်





ခဲ့သည်။ ဤသည်ကို တချို့က မကြားတကြား ပြောကြသည်။

'ကိုဘမောင်တစ်ယောက် အကုသိုလ်များလို့ ဝဋ်လိုက်တာတဲ့'

ကျွန်တော်သည် အဖေ၏ဖြစ်အင်ကို ကြည့်ရင်း အကုသိုလ်နှင့် ဝဋ်ကြွေးအကြောင်း သိလာခဲ့သည်။ အဖေ့ရက်လည်ပြီးနောက် ဝမ်းရေးအတွက် သေနတ်ကိုင်ကာ တောထဲသို့ အမဲလိုက်သွားခဲ့သည်။ တောကောင်များပစ်ရန် စိတ်မပါသော်လည်း ပစ်ရပေမည်။ အဖေနှင့်အတူ သွားနေကြဖြစ်၍ အဖေ့ကို များစွာသတိရမိသည်။

'သူများအသက်ကို သတ်ရင် အကုသိုလ်ဖြစ်မယ်၊ အကုသိုလ်များရင် ငရဲ၊ တရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်စတဲ့ အပါယ်လေးဘုံကို ရောက်မယ်ဆိုတော့ အဖေဘယ်ဘဝများ ရောက်သွားပါလိမ့်'

ထိုသို့တွေးရင်း သားကောင်ကို ချောင်းနေစဉ် လေပြင်းတစ်ချက် တိုက်လာပြီး ကျွန်တော်၏ ဦးခေါင်းပေါ်သို့ သစ်ကိုင်းကြီးတစ်ကိုင်း ကျိုးကျလာပြီး 'ဝုန်း' ခနဲ အသံနှင့်အတူ ကျွန်တော် သတိလစ်သွားပါတော့သည်။

ထိုသို့ သတိလစ်စဉ် ကျွန်တော့်ခန္ဓာကိုယ်မှ ကိုယ်ပွားတစ်ခုထွက်သွားပြီး အဖေ့ကို လိုက်ရှာနေပါသည်။



www.burmeseclassic.com

'အဖေ… အဖေ ဘယ်ဘဝကိုရောက်နေလဲ၊ သားကို ပြပါ၊ သား သိချင်လို့ပါ'

ကျွန်တော်သည် အရူးတစ်ယောက်လို အော်နေမိသည်။ ဤတွင် အသံတစ်သံ ကြားလိုက်ရပါသည်။

'နောင်… ဒူ…ဝေ…ဝေ'

'ဟော ဒါဟာ ရိုးမတောထဲက ရသေ့ကြီးရဲ့ ကြေးစည်သံပဲ'

ကျွန်တော်က ဤသို့ထင်နေစဉ်တွင် ရသေ့ကြီးကို တွေ့လိုက်ရပါသည်။

'အထက်သို့လားသော ဘဝဂ်၊ အောက်သို့လားသော အဝီစိ၊ ရှိရှိသမျှ သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ'

'အရှင်ရသေ့ကြီး ရပ်တော်မူပါဦး ဘုရား'

ကျွန်တော်က ဤသို့လျှောက်တင်လိုက်သဖြင့် ရသေ့ကြီးက ရပ်နေပါသည်။

'တပည့်တော်ရဲ့အဖေ ဘယ်ဘဝကို ရောက်သွားသလဲ ဆိုတာ သိချင်လို့ပါ'

'အကုသိုလ်များတဲ့သူဟာ အောက်သို့လားသော အဝီစိပေါ့၊ ကဲ မင်းယုံကြည်အောင် ရသေ့ကြီးပြမယ်၊ ကဲ… ကြည့်'





ပြောပြောဆိုဆိုဖြင့် မြေကြီးကိုလက်ဖြင့်ဆွဲလိုက်ရာ အောက်မှအဖြစ်အပျက်များကို ရုပ်ရှင်ပြသကဲ့သို့ မြင်တွေ့ရပါသည်။

ပြင်းထန်သော မီးလျှံကြားတွင် ပြေးလွှားနေသည့် လူတစ်စု…။

ကြီးမားလှသော ခွေးနက်ကြီးများက နောက်ကလိုက်၊ ရှေ့မှပြေးတဲ့သူကလည်း ပြေးသည်။ ချော်လဲသူများကို ခွေးနက်ကြီးက ဆွဲဟပ်သည်။ သွေးများစေးရာမရှိအောင် ရှင်းရှင်းနီနေသည်။ တစ်ချို့ကမူ ဆူးပင်ကြီးပေါ်သို့ ပြေးတက်သည်။ ခွေးများကဆွဲရာအောက်သို့ပြုတ်ကျပြီး သွေးအလိမ်းလိမ်းနှင့်။ ထိုလူများ၏ဖြစ်အင်ကို ကြောက်လန့်စွာကြည့်နေစဉ် ထိုလူအုပ်ထဲတွင် အဖေ့ကို တွေ့လိုက်ရပါသည်။

'အဖေ… အဖေပါလား'

ကျွန်တော် အဖေ့ကိုတွေ့လိုက်ရသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားပါသည်။ သည်လိုဆိုလျှင် အဖေသည် ရသေ့ကြီးရွတ်ဆိုသကဲ့သို့…

'အောက်သို့လားသော အဝီစိကိုရောက်နေပါပေါ့လား'

ဟူသည့်အတွေးဖြင့် အဖေ့ကို ဟစ်အော်ခေါ်လိုက်မိပါသည်။



www.burmeseclassic.com

'အဖေ··· အဖေ'

ဤသို့အော်ရင်း ကျွန်တော် ပြန်သတိရလာခဲ့ပါသည်။

'ဒကာလေး သတိရပြီလား'

ကျွန်တော် မော့ကြည့်လိုက်သောအခါ အမြဲတွေ့နေကျ ရိုးမရသေ့ကြီးကို တွေ့လိုက်ရပါသည်။

'တပည့်တော် ဘယ်ရောက်နေတာလဲ ဘုရား'

'ဒကာလေးရဲ့ ခေါင်းပေါ်ကို သစ်ကိုင်းကျိုးကျပြီး သတိမေ့နေလို့ ရသေ့ကြီးက ဒီကျောင်းပေါ်ကို ခေါ်လာခဲ့တာ'

'တပည့်တော် သတိလစ်နေစဉ်မှာ အဖေ့ကို လိုက်ရှာရင်း ငရဲပြည်မှာ အဖေ့ကိုတွေ့ခဲ့ရပါတယ် ဘုရား'

ထိုသို့အစချီကာ သတိလစ်စဉ် ထူးခြားသော အာရုံဖြင့် တွေ့ရှိခဲ့သည့်အကြောင်းကို ပြောပြခဲ့ပါသည်။

'တပည့်တော်ရဲ့အဖေကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိပါသည် ဘုရား၊ အဖေ့ကို ကယ်တင်ချင်ပါတယ်ဘုရား'

'အကုသိုလ်မကုန်သရွေ့ ခံရဦးမှာပဲ'

'တပည့်တော်ကိုယ်တိုင်လည်း အကုသိုလ်တွေများနေလို့ ကယ်တင်ပါဘုရား'

'အကုသိုလ်တွေပျောက်အောင် ကုသိုလ်ကောင်းမှုလုပ်ပါ၊ မိမိကိုယ်ကို သန့်စင်ဆေးကြောတဲ့အနေနဲ့ သီလခံယူပါ'





'အရှင်ဘုရား တပည့်တော်မှာ တွယ်စရာ သံယောဇဉ်လည်း မရှိတော့ပါ၊ ရဟန်းဝတ်ပြီး ကုသိုလ်တရားပွားများချင်ပါတယ်ဘုရား'

'ကောင်းလှပြီ၊ ရသေ့ကြီးက ဒကာလေးကို ဘုန်းတော်ကြီးကျောင်းကို လိုက်ပို့ပေးမယ်'

ထိုသို့ပြောဆိုပြီး ဘုန်းကြီးကျောင်းသို့ ကျွန်တော့်ကို လိုက်ပို့ပေးခဲ့ပါသည်။ ဘုန်းတော်ကြီး၏ အဆုံးအမအောက်တွင် ကျွန်တော် မောင်လူလှမှ 'ရှင်ရေဝတ' အဖြစ်သို့ ပြောင်းလဲသွားပါသည်။ ကျွန်တော်၏ မယ်တော်နှင့်ခမည်းတော်တို့အတွက် ကောင်းရာသုဂတိသို့လားစေရန် ရည်စူး၍ ကုသိုလ်ကောင်းမှုပြုကာ ဆုတောင်းပေးမည်ဟု စိတ်ထဲတွင် ကြံစည်မိပါသည်။

ဤတွင် ရသေ့ကြီးမှာ လာရင်းကိစ္စပြီးစီးသွား၍ ရိုးမတောကြီး အတွင်းသို့ ပြန်ကြွသွားခဲ့သည်။ ဘုန်းတော်ကြီးကျောင်းဝန်းမှ အပြင်သို့ထွက်သည်နှင့်ကြေးစည်တီးကာ

'နှောင်··· ဒူဝေ··· ဝေ'

'အထက်သို့လားသော် ဘဝဂ်၊ အောက်သို့လားသော် အဝီစိ၊ ရှိရှိသမျှသတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ'

ထိုသို့ရွတ်ဆိုရင်း ဤနေရာမှ တစ-ာစ ဝေးကွာသွား



www.burmeseclassic.com

ခဲ့ပါပြီ။

'ဩော်… အောက်သို့လားသော် အဝိစိ' တဲ့။

ရီရီငွေး

ဝေဖန်အကြံပြုစာများပေးပို့လိုလျှင်
**အိုယွန်းယုဉ်စာပေတိုက်**
အမှတ် (၅၈)၊ မဒ္ဒီကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၆၆၁၄၀
အိုယွန်းယုဉ်စာပေ





# ဂမ္ဘီရမြို့တော်

ဂမ္ဘီရမြို့တော်တဲ့…။

ထူးထူးဆန်းဆန်း။ သည်အမည်ကလေးကို ကြားလိုက်ရကတည်းက ကျွန်မ မနေနိုင်ပါ။ ဘယ်နေရာ ဘယ်တိုင်းပြည်က မြို့တော်လည်းဆိုတာ ကျွန်မများစွာသိချင်လှပါသည်။

ကမ္ဘာပေါ်ရှိ မြို့ရွာအသီးသီးတွင် သူတို့၏ကိုယ်ပိုင်အမည်သီးခြားရှိပါသည်။ ထိုမှသာလျှင် ထိုမြို့ထိုရွာနှင့် ပတ်သက်သည့် အကြောင်းကိစ္စရှိပါက တိတိကျကျ ရည်ညွှန်းပြောဆိုနိုင်မည်ဖြစ်ပေသည်။ ရှေးလူကြီးများက မြို့ရွာအမည်ပေးရာတွင် သူ့သမိုင်းကြောင်းနှင့်သူရှိပါသည်။

တချို့သောမြို့ရွာများ၏ အမည်ပေးပုံကား များစွာမထူးခြားလှပေ။ သို့သော်လည်း တချို့ တချို့သော မြို့ရွာများ၏ အမည်ပေးပုံကား သမိုင်းကြောင်းတွင် ထူးခြားလှပါသည်။ ထို့အတူ အချို့သော မြို့ရွာများဖြစ်ပေါ်လာပုံမှာ သာမန်မျှဖြစ်ပေါ်လာသော်လည်း ပုပ္ပားတောင်ကြီးသည် မြေပေါ်သို့ စုံစုံပေါ်ထွက်လာခဲ့သည့် ထူးခြားသောသမိုင်းကြောင်းရှိခဲ့ပါသည်။ ထို့အတူ



www.burmeseclassic.com

ပုပ္ပားတောင်ကြီးကဲ့သို့ ထူးခြားစွာပေါ်ထွက်လာသည့် မြို့တော်တစ်ခုဖြစ်သော 'ဂမ္ဘီရမြို့တော်'သို့ ကျွန်မ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ပါသည်။ စာရေးသူမှာ ခရီးသွားလာခြင်းကို နှစ်သက်သကဲ့သို့ နေရာအတော်များများကို ရောက်ဖူးပါသည်။ ခရီးသွားလျှင်လည်း ထူးခြားသောမြို့များကို သွားပါက ထူးခြားသောအကြောင်းအရာများနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံရတတ်ပါသည်။ ဤသည်ကား စာရေးသူအတွက် မမေ့နိုင်ဖွယ် အမှတ်တရအဖြစ်ကလေးများပင်ဖြစ်ပါသည်။

စာရေးသူရောက်ခဲ့သည့် ဂမ္ဘီရမြို့တော်ဟု ပြောစမှတ်ပြုထားသည့်မြို့တော်မှာ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ်၏ မြို့တော်ဖြစ်သည့် ပတ္တနားမြို့ဖြစ်ပါသည်။

ထိုမြို့တော်မှာ ဂမ္ဘီရမြို့တော်လော၊ ဘာမှန်းညာမှန်း မသိခဲ့ပါ။ သိရန်လည်း မလွယ်ပါ။ ကျွန်မသည် အိန္ဒိယနိုင်ငံသို့ ယခုမှရောက်ဖူးသူဖြစ်ပါသည်။ ကျွန်မသည် ဗုဒ္ဓဂါယာဘုရားဖူးရန် အောင်ချမ်းသာဘုရားဖူးအစီအစဉ်ဖြင့် လိုက်ပါလာသူတစ်ဦးဖြစ်ပါသည်။

ဂမ္ဘီရမြို့တော်သို့အသွား မမေ့နိုင်ဖွယ် အမှတ်တရဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရာမှအစ ဤမြို့တော်နှင့် ဤလမ်းခရီးသည် စာရေးသူအတွက် အမှတ်တမဲ့မှအမှတ်တရဖြစ်ခဲ့ရပါသည်။





အစဦးက ဤအကြောင်းကို စာရေးမည်ဟု မကြံရွယ်ခဲ့သော်လည်း ဤနေရာသို့ရောက်ရှိပြီးသူများနှင့် ရောက်ဆဲရောက်လတ္တံ့သောသူများအတွက် ကျွန်မကဲ့သို့ အမှတ်တရဖြစ်စေရန် ရည်ရွယ်၍ ရေးသားခြင်းဖြစ်ပါသည်။

ကျွန်မတို့ ဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့သည် ရာဇဂြိုလ်ရှိ ဘုရားများကို ဖူးပြီးနောက် နေ့လယ်(၂)နာရီကျော်ခန့်တွင် ဟီးနိုးဘတ်(စ်)ကားကြီးဖြင့် ပတ္တနားသို့ ခရီးဆက်ခဲ့ကြပါသည်။ ထိုနေ့ကား တန်ဆောင်မုန်းလပြည့်နေ့ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ ရာဇဂြိုဟ်နှင့် ပတ္တနားမြို့အကြားရှိ မြို့ရွာများတွင် ဘုရားပွဲလုပ်နေသည်ကို တွေ့ရှိရပါသည်။ ထိုနှစ်မြို့ကား ခရီးမိုင် (၆၂)မိုင်သာ ကွာဝေးပါသည်။ အာသောကမင်းကြီး ထီးနန်းစိုက်ရာ မြို့ကြီးတစ်မြို့ဖြစ်ပြီး တတိယသင်္ဂါယနာတင်ခဲ့သော မြို့ကြီးဖြစ်၍ သမိုင်းကြောင်းအရ ထင်ရှားလှပါသည်။ ထိုမြို့မှာ ဂင်္ဂါမြစ်ကမ်းပါး၌တည်ရှိပြီး အဇာတသတ်သည် ဝေသာလီပြည်နယ်ကို သိမ်းပိုက်နိုင်ရေး စီမံချက်ဖြင့် မြို့အဖြစ်တိုးမြှင့်ခဲ့သည်။ ထိုမြို့တည်စဉ် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကြွလာပြီး အနုမောဒနာတရားများ ဟောကြားခဲ့ပါသည်။ ပတ္တနားမြို့တွင် စာရေးသူတို့ဖူးမြော်ရန် နေရာမှာ အာသောကကျောင်းတော်ရာဖြစ်ပြီး အာသောကရေတွင်းကြီးကို လေ့လာရန် တတိယသင်္ဂါ



www.burmeseclassic.com

ယနာတင်ရာနေရာမှာ ယခုရေကန်ကြီးဖြစ်နေပြီး ရေကန်အနီးတွင် ကျိုးပဲ့နေသော အာသောကကျောက်တိုင်ကို တွေ့ရှိမည်ဟု ဂိုက်က ပြောပါသည်။ ထိုနေရာဌာနသို့ သွားရောက်ရန် ရာဇဂြိုဟ်မှ ခရီးထွက်လာခြင်းဖြစ်ပါသည်။

စာရေးသူတို့ စီးနင်းလိုက်ပါလာသော ကားကြီးမှာ မြို့ရွာများကို ဖြတ်ကျော်လာရာ ညနေစောင်းအချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ လမ်းတစ်လျှောက်လုံးတွင် ပုလွေ၊ ဗုံအစရှိသော တူရိယာပစ္စည်းများကို တီးမှုတ်ပြီး ဘုရားပွဲလှည့်လာသည့် လူအုပ်ကြီးများကို တွေ့ရှိရပါသည်။ ထိုလူအုပ်ကြီးတန်းစီ လှည့်လည်လာသဖြင့် ကားကြီးများရပ်သည့်နေရာ၌ ရပ်ပြီး ဖြည်းဖြည်းမောင်းရသည့်နေရာ၌ ဖြည်းဖြည်းမောင်းခဲ့ရာ မိုးချုပ်မှန်းမသိ မိုးချုပ်ခဲ့ပါသည်။ ထိုသို့ပင် တစ်မြို့ဝင်တိုင်း ဘုရားပွဲလှည့်သည်နှင့် တိုးနေသဖြင့် ခရီးမတွင်တော့ပေ။

စာရေးသူတို့အုပ်စုမှာ ဤခရီးကို စိတ်ရှည်စွာ စီးနင်းသွားရင်း ည(၈)နာရီအချိန်ခန့်တွင် လမ်းတစ်လမ်းလုံး လူအုပ်ကြီးမှာ အော်ဟစ်ကာ ကားများကိုတားသဖြင့် စာရေးသူတို့ကားကြီး ရပ်တန့်ခဲ့ရပါသည်။ လူတွေ လူတွေ တစ်လမ်းလုံးပြည့်နှက်နေပါသည်။

လူအုပ်ကြီးမှာ ဆူညံနေသဖြင့် စာရေးသူတို့ အုပ်စုမှာ





ကြောက်လန့်တကြားဖြစ်ကာ ကားပေါ်တွင်ပါသည့် ဂိုက်ကို စုံစမ်းခိုင်းရာ ဂိုက်မှာ မကြာမီပြန်ရောက်လာပြီး

'ဘုရားပွဲလှည့်တဲ့ လူအုပ်ကြီးထဲက ကလေးတစ်ယောက်ကို ကားတိုက်သွားတာ ဒဏ်ရာတော်တော်ပြင်းထန်တယ်၊ ဒါကြောင့် အဲဒီကားကိုရော အခြားကားတွေပါ မသွားစေဘဲ အော်ဟစ်နေတာပါ'

'ဒါဆို ဘယ်လောက်အထိ စောင့်ရမှာလဲ'

'ရဲတွေလာတဲ့အထိပေါ့'

ထိုနေရာတွင် နှစ်နာရီကျော်ခန့် ကားရပ်ထားရပါသည်။ ညဆယ်နာရီကျော်မှ ခရီးစထွက်ရာ ညဆယ့်နှစ်နာရီကျော်မှ ပတ္တနားမြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုညက ပတ္တနားဘုန်းတော်ကြီးကျောင်း၌ တစ်ညအိပ်ခဲ့ရပါသည်။

နံနက်လင်းသောအခါ ပတ္တနားမြို့အတွင်း လှည့်လည်ကြည့်ရှုစဉ် ဂမ္ဘီရမြို့တော်အကြောင်း ကြားသိခဲ့ရပါသည်။

* * * * *

ပတ္တနားသည် ရှေးအခါက ပါဋိလိပုတ်မြို့တော်ကြီးဖြစ်ပြီး ဤမြို့တော်ကြီး၏ ထူးဆန်းစွာဖြစ်ပေါ်လာပုံကို ဝတ္ထုသမုဒ္ဒရာခေါ်(ကထာသ ရိတသာဂရ) စာအုပ်၌ (သက္ကတ



www.burmeseclassic.com

ဘာသာ) ဖြင့်ရေးသားထားသည့် ပါးစပ်ရာဇဝင်ဖြစ်ကြောင်း ဂိုက်က ပြောပြပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက…

နန်းချခံရ၍ လွန်စွာစိတ်မချမ်းသာ ဖြစ်နေသော ပုတြကမင်းသည် အများသူငါမသိစေရန် ဆင်းရဲသားအဝတ်အစားဖြင့် မြို့အတွင်းမှ ထွက်ခွာလာခဲ့ပါသည်။

မြို့သူမြို့သားများကလည်း ပုတြကမင်းမှန်းမသိဘဲ သာမန်လူတစ်ဦး အဖြစ်သာသိရှိပြီး အမှုမဲ့အမှတ်မဲ့နေခဲ့ပါသည်။

ထိုသို့ဖြင့် တဖြည်းဖြည်း မြို့ပြင်သို့ရောက်ရှိခဲ့ပါသည်။ ထိုမှ ဆက်၍သွားရာ မြို့ပြင်နှင့်အလွန်ဝေးသည့် တောအုပ်ကြီး တစ်ခုသို့ရောက်ရှိခဲ့ပါသည်။

ထိုတောအုပ်အတွင်းသို့ ဝင်ခိုက်တွင်…

ငြင်းခုံနေသည့် စကားသံများကို ကြားရသည်။ ပုတြကမင်းသည် ထိုသူတို့ရှိရာသို့ လျှောက်သွားခဲ့ပါသည်။

'ဒီခုံဖိနပ်ကို ငါယူမယ်'

'ငါက ခွက်တစ်ခွက်ပဲ ရတယ်ဆိုတော့ ဒီတုတ်ချောင်းကို ငါယူမယ်'

'မဟုတ်ဘူး၊ ငါက ခုံဖိနပ်ရော တုတ်ချောင်းပါ ယူမယ်'

'ဒါဆို ဘယ်တရားမလဲ'





ငြင်းခုံနေသော လူငယ်နှစ်ဦးထံသို့သွားရင်း ထိုလူငယ်နှစ်ဦး၏ အဝတ်အစားနှင့်နဖူးရည်၊ ဒူးရည်ကို ကြည့်လိုက်သောအခါ…

'ဒီနှစ်ယောက်ကြည့်ရတာ ရိုးရိုးလူတွေနဲ့မတူဘူး၊ ဝတ်ပုံစားပုံနဲ့ နဖူးရည်ဒူးရည်က ထူးခြားတယ်၊ မေးကြည့်ဦးမှပဲ'

ဟု ပုတြကမင်းက ဤသို့စဉ်းစားမိပါသည်။ ထို့ကြောင့်…

'အသားအရောင်အဝတ်အစား ထူးကဲလှတဲ့ မောင်ရင်တို့ဟာ ဘယ်အမျိုး ဘယ်အနွယ်ပါလိမ့်၊ ဖြေကြားကြပါ'

ဟုမေးမြန်းခဲ့ပါသည်။

ထိုအခါ လူငယ်နှစ်ဦးသည်…

'ကျွန်ုပ်တို့ဟာ အသူရာ၏သားများဖြစ်ပြီး အသူရာလုင်ညီနောင် ဖြစ်ပါတယ်'

'သို့ဆိုလျှင် ညီနောင်ဖြစ်ပါလျက် အဘယ်ကြောင့် အချင်းချင်းမတည့်ဘဲ တစ်ဦးနဲ့တစ်ဦး ငြင်းခုံနေရသနည်း'

ထိုအခါ အသူရာအစ်ကိုကြီးမှ…

'ကျွန်ုပ်တို့ဟာ မိဘအမွေအဖြစ် ထားရစ်ခဲ့သော ပစ္စည်းသုံးခုကို အမွေခွဲရာ အမွေဝေစုမတည့်ဖြစ်နေပါတယ်'

ပုတြကမင်းမှန်းမသိသော်လည်း လူကြီးတစ်ယောက်



www.burmeseclassic.com

ဖြစ်၍ ရိုရိုသေသေ ပြောလိုက်ပါသည်။ ထိုအခါပုတြကမင်းသည် အမွေခွဲ၍ ဈေးမတည့်သည့်ပစ္စည်းမှာ မည်သို့သောအဖိုးတန် ပစ္စည်းများဖြစ်သနည်းဟု သိလို၍

'အသင်ညီနောင်တို့ အမွေခွဲရန်ခက်ခဲနေသော ပစ္စည်းများကား မည်သို့သော အဖိုးတန်ပစ္စည်းများပါလိမ့်'

ဟု စုံစမ်းမေးမြန်းခဲ့ပါသည်။

ဤတွင် အစ်ကိုကြီးဖြစ်သူမှာ ခုံဖိနပ်တစ်ရုံ၊ ခွက်တစ်ခွက်နှင့် တုတ်တစ်ချောင်းကို ထုတ်ပြပါသည်။

'ကျွန်ုပ်တို့မိဘများပိုင်ဆိုင်သည့် ပစ္စည်းများမှာ ထိုအရာသုံးခုဖြစ် ပါသည်'

ပုတြကမင်းသည် တန်ဖိုးကြီးသည့် ရွှေငွေပစ္စည်းဟု ထင်သော်လည်း ယခုတွေ့လိုက်ရသည်မှာ လွန်စွာတန်ဖိုးမဲ့သော ပစ္စည်းများ ဖြစ်နေသည့်အတွက် ရှုံ့ချစကားဆိုလိုက်ပါသည်။

'ဤမျှတန်ဖိုးမဲ့သည့်ပစ္စည်းများကို အဘယ်ကြောင့် လုနေသနည်း'

ဟု ပြောလိုက်ပါသည်။

ဤတွင် ညီငယ်ဖြစ်သူမှ ဒေါသထွက်စွာဖြင့်...

'ဤပစ္စည်းများမှာ သာမန်တန်ဖိုးမဲ့ ပစ္စည်းမဟုတ်ပါ၊ ကျွန်ုပ်တို့ဟာ အသူရာ၏သားများဖြစ်ပြီး ဤပစ္စည်းသုံးမျိုးမှာ





အသူရာမျိုးနွယ် မိဘနှစ်ပါး၏ တန်ဖိုးကြီးလှသည့် ပစ္စည်းများပင် ဖြစ်ပါသည်'

'တန်ဖိုးကြီးသည်ဆိုလျှင် အဘယ်မျှ အစွမ်းသတ္တိရှိသည်ကို ပြောကြားပါလော့'

'ကျွန်ုပ်ပြောပါမည်။ ဤခုံဖိနပ်ကိုစီးလျှင် မိုးကောင်းကင်သို့ ပျံတက်နိုင်၏၊ ဤတုတ်ဖြင့် မြေကြီးပေါ်၌ ရေးခြစ်ပါက မည်သည့်အရာမဆို အကောင်အထည်ပေါ်လာ၏။ ဤခွက်ကိုကိုင်၍ မိမိစားလိုသည့် အစားအစာများကို စဉ်းစားလိုက်ရုံဖြင့် စားသောက်ဖွယ်များ အသင့်ပေါ်ပေါက်လာသည်။ ဤသည်မှာ ဤပစ္စည်းများ၏ တန်ဖိုးတည်း'

'အို... သည်လိုဖြင့် ဤအရာများကား တန်ဖိုးမဖြတ်နိုင်သည့် အရာများပင်ဖြစ်ပေသည်'

ထိုအခါ အစ်ကိုကြီးဖြစ်သူက...

'ကျွန်ုပ်က အကြီးဖြစ်၍ အစ်ကိုကြီးအဖအရာထားထိုက်သည်၊ ထို့ကြောင့် အဖကိုဦးစားပေးအနေဖြင့် ခုံဖိနပ်ရော တုတ်ပါ ယူပါမည်'

ဟုဆိုလေ၏။

ညီငယ်ကလည်း

'ကျွန်ုပ်ကား ညီငယ်လေးဖြစ်၍ အငယ်ကို အလေးသာ



www.burmeseclassic.com

ရသည် မဟုတ်တုံလော၊ ထို့ကြောင့် ကျွန်ုပ်က နှစ်ခုယူသင့်သည်၊ အစ်ကိုကြီး မကြိုက်သည့်ပစ္စည်းနှစ်ခုကို ပေးပါလော့'ဟု တောင်းဆိုလေသည်။

ထိုအခါ ပုတြကမင်းလည်း မမျှော်လင့်ဘဲ အလွန်တန်ဖိုးရှိသည့်ပစ္စည်းများဖြစ်နေသဖြင့် လောဘထွက်ကာ ထိုလူငယ်နှစ်ဦးအား အကောက်ဉာဏ်ကြံခဲ့ပါသည်။

'ညီနောင်နှစ်ပါး အချင်းချင်းမညီညွတ်သော် မကောင်းဖြစ်လတ္တံ့၊ သည်တော့ ညီနောင်နှစ်ပါး အပြေးပြိုင်ပါလော့၊ ဤသို့ အပြေးပြိုင် ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရပါက ထိုသူသည် ၄င်းကြိုက်ရာပစ္စည်းနှစ်ခု ယူခွင့်ရှိသည်။ ကျန်တစ်ဦးမှာ ကျန်သည့်ပစ္စည်းတစ်ခုကိုသာ ပိုင်ဆိုင်စေပါမည်'

'ကောင်းလှပြီ'

'ကဲ ကျွန်ုပ်က အဆုံးအဖြတ်ပေးသူအဖြစ် ဆောင်ရွက်ပေးမည်'

ထိုသို့ဖြင့် အားလုံးသဘောတူညီမှုရရှိခဲ့ပါသည်။

ပုတြကမင်းသည် ညီနောင်နှစ်ပါးအတွက် အဆုံးအဖြတ်ပေးသူ အဖြစ်ဆောင်ရွက်ကာ…

'ကဲ… ပြိုင်ပွဲစပြီ၊ ပြေးပေတော့'

ဟုဆိုလေ၏။





ညီနောင်နှစ်ယောက်မှာလည်း ပစ္စည်းနှစ်ခုရရှိရေးအတွက် အားကုန်ပြေးလေ၏။

'အင်း… အင်မတန်ဉာဏ်တုံးတဲ့ အသူရာညီနောင်ပဲ၊ သနားပါဘိနယ်'

ပုတြကမင်းလည်း ဤသို့ပြောကာ နဂိုကကြံစည်ထားသည့်အတိုင်း ခွက်နှင့်တုတ်ကိုကောက်ကိုင်ကာ ခုံဖိနပ်ကိုစီးလိုက်ပါသည်။

'ကဲ… ခုံဖိနပ်ကလေးရေ… ကောင်းကင်ကိုပျံတက်လိုက်စမ်းပါကွယ်'

ထိုသို့ပြောဆိုကာ ကောင်းကင်ကို ပျံတက်သွားပါသည်။

ထိုအခါကျမှ အသူရာညီနောင်နှစ်ဦးတို့သည် ၄င်းတို့ပညာမဲ့မှုကြောင့် မိဘအမွေအနှစ်ဖြစ်သည့် အဖိုးတန်ပစ္စည်းများကို တစ်ပါးသူက လိမ်လည်ထွက်ပြေးသွားကြောင်း သိလိုက်ရပါတော့သည်။

ပုတြကမင်းသည် ခုံဖိနပ်ကိုစီးပြီး ကောင်းကင်သို့ပျံတက်သွားရင်း အတန်ကြာအောင် သွားသောအခါ မြို့တစ်မြို့ကိုမြင်ရသဖြင့် ထိုမြို့၌ဆင်းသက်ရန် ကြံစည်လိုက်ပါသည်။ ပုတြကမင်းသည် တိတ်ဆိတ်သောအရပ်၌ ဆင်းသက်ပြီး အိမ်တစ်အိမ်သို့ ဝင်လိုက်ရာ အဘွားအိုတစ်ယောက်နှင့်



www.burmeseclassic.com

တွေ့ဆုံခဲ့ပါသည်။

'အမေ··· ကျွန်တော်ဟာ အခြားမြို့ကလာတဲ့ ဧည့်သည်တစ်ယောက်ပါ၊ အမေ့အိမ်မှာ ခဏတည်းခိုပါရစေ'

'တည်းခိုနိုင်ပါတယ် သားရယ်'

အဘွားအိုသည် ပုတြမင်းအား ပျူပျူငှာငှာ ဆက်ဆံသဖြင့် ထိုအိမ်၌ တည်းခိုနေခဲ့ပါသည်။

ထိုသို့တည်းခိုနေစဉ် အဘွားအိုသည်···

'အမေတို့မြို့မှာ ပါဋလိအမည်ရှိတဲ့ မင်းသမီးဟာ သိပ်ချောသိပ်လှတယ်၊ ဘုရင်ကြီးဟာ သမီးတော်လေးလှလွန်းလို့ အခြားမင်းသားများ မြင်မှာစိုးတဲ့အတွက် တစ်ပင်တိုင်မြနန်းရဲ့ နန်းဆောင်ဘုံမြင့်ပြသဒ်မှာ ထားတယ်'

မင်းသမီးလေး ပါဋလိအကြောင်းကို ပြောပြခဲ့ပါသည်။

ပုတြကမင်းသည် နန်းကျမင်းတစ်ပါးဖြစ်သော်လည်း မိမိ၏အစွမ်းထက်သော ပစ္စည်းများကို ပိုင်ဆိုင်ထားသူပီပီ မင်းသမီးလေးပါဋလိကို လွန်စွာစိတ်ဝင်စားကာ သူမ၏အလှကို ကြည့်ရှုလိုသည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါသည်။

'အင်း··· ပါဋလိမင်းသမီးကလေး ဘယ်လောက်လှသလဲဆိုတာ ငါကြည့်ချင်လိုက်တာ'

'ဒါဆို ငါဘာလုပ်ရမလဲ'





'သူမရဲ့ အလှကိုကြည့်ချင်ရင် ညဘက်မှာ ခုံဖိနပ်စီးပြီး သူ့ရဲ့ခန်းဆောင်ကို သွားရင် ကောင်းမလား'

ထိုသို့အမျိုးမျိုးစဉ်းစားပြီးနောက် လူသားများ အိပ်မောကျနေချိန်တွင် မင်းသမီးထံသို့သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်သည့်အတိုင်း လူခြေတိတ်ဆိတ်သော ညဉ့်သန်းခေါင်ကျော်အချိန်တွင် ခုံဖိနပ်ကိုစီးကာ မင်းသမီးကလေးရှိရာ နန်းမဆောင်သို့ ဦးတည်ကာပျံသန်းသွားခဲ့ပါသည်။ ထို့နောက် မင်းသမီးကလေး၏ အခန်းတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ထိုအခန်းအတွင်း၌ ရံရွေတော်များမှာ အိပ်ပျော်နေသည်ကို ဦးစွာမြင်တွေ့ရပါသည်။ ၄င်းတို့ကို ဖြတ်ကျော်သွားသောအခါ ရတနာများ စီချယ်ထားသည့် ရွှေသလွန်ပေါ်တွင် အိပ်ပျော်နေသည့် ပါဋလိမင်းသမီးလေးကို တွေ့လိုက်ရပါသည်။

မင်းသမီးကလေး၏အလှမှာ အဘွားအိုပြောသည်ထက်ပင် ပို၍လှပလွန်းလှပါသည်။ သူမ၏အလှတွင် ပုတြကမင်း ယစ်မူးသွားပါတော့သည်။

ပုတြကမင်းသည် မင်းသမီးလေးကို စိုက်ကြည့်နေစဉ် မင်းသမီးလေး လန့်နိုးလာပါသည်။

'ရှင်··· ရှင် ဘယ်သူလဲ'

မင်းသမီးလေးက ကြောက်လန့်တကြား မေးလိုက်ပါ



www.burmeseclassic.com

သည်။

'မကြောက်ပါနဲ့ အသင်မင်းသမီး၊ အသင်မင်းသမီးရဲ့ အလှအပဂုဏ်သတင်းကျော်ဇောခြင်းကြောင့် ရောက်လာတဲ့ ပုတြကမင်းဖြစ်ပါတယ်'

'ပုတြကမင်း ကျွန်မရဲ့ခန်းဆောင်ရဲ့အောက်အထပ်များမှာ အစောင့်အကြပ်များစွာ စောင့်ကြပ်နေပါလျက်အပေါ်သို့ မည်ကဲ့သို့ ရောက်ရှိလာပါသလဲ'

'ကျွန်ုပ်ဟာ တန်ခိုးရှင်တစ်ယောက်ဖြစ်ပါတယ်၊ မင်းသမီးရဲ့အဆောင်ကို ကောင်းကင်ခရီးမှ ပျံသန်းလာခြင်း ဖြစ်ပါတယ်'

'ကျွန်မ မယုံပါ ပုတြကမင်း'

'မပိုပါ အသင်မင်းသမီး၊ ကျွန်ုပ်ဟာ အသင်မင်းသမီးဆီကို ညစဉ်ညတိုင်း လာပါ့မယ်၊ ကျွန်ုပ်ဟာ အသင်မင်းသမီးကို မည်မျှချစ်ကြောင်း သက်သေပြပါ့မယ်၊ ယနေ့ညအဖို့တော့ ကျွန်ုပ် ပြန်ပါတော့မယ်'

ထိုသို့ပြောဆိုပြီး ခန်းမဆောင်မှ ပျံထွက်သွားပါတော့သည်။

'ဟင်… သူဟာ တကယ်ပဲ ကောင်းကင်ကို ပျံနိုင်တဲ့ တန်ခိုးရှင်တစ်ဦးပါလား'





မင်းသမီးလေး ပါဋလိသည် ပုတြကမင်းအပေါ် အထင်ကြီးသွားပါသည်။ နောက်တစ်နေ့ည အချိန်တွင် မင်းသမီးကလေးသည် ပုတြကမင်းအလာကို စောင့်မျှော်နေခဲ့ပါသည်။ တဖြည်းဖြည်း သန်းခေါင်ကျော် အချိန်သို့ရောက်လာခဲ့ပါသည်။

ရံရွေတော်များအားလုံး အိပ်ပျော်သွားပါသည်။ ဤတွင် ခန်းမဆောင်အတွင်းသို့ ပုတြမင်း ရောက်ရှိလာခဲ့ပါသည်။

'ပုတြကမင်း တကယ်ပဲ ပြန်လာခဲ့တယ်နော်'

'ကျွန်ုပ်က သိပ်ချစ်လွန်းတော့ အရဲစွန့်ပြီး လာခဲ့ရပါတယ် အသင်မင်းသမီး'

မင်းသမီးကလေးသည် ယောကျ်ားဟူ၍ ယင်ဖိုပင် မသန်းခဲ့ရသော သူမ၏ဘဝတွင် ဤကဲ့သို့ ယောကျ်ားပီသသည့် ပုတြကမင်းကို တွေ့ရသောအခါ ရေစက်ရေစက်ကြောင့် ချစ်ကြိုက်သွားပါတော့သည်။

ထိုသို့ ညစဉ်ညတိုင်း တွေ့ဖန်များလတ်သော် အချစ်၏ရှိမြိန်သော မေတ္တာနှောင်ကြိုးရစ်ပတ်မိကာ မင်းသမီး၏ ပဏ္ဍမြားနှုတ်ငုံတွင် သန္ဓေခခဲ့ပါတော့သည်။

ဤအကြောင်းကို ခမည်းတော်မင်းကြီး သိသွားသောအခါ အလွန်စိတ်ဆိုးကာ အစောင့်အရှောက်များကို မေးမြန်းရာ သမီးတော်နှင့်ပုတြကမင်းတို့၏ အခြေအနေကို အမှန်အတိုင်း



www.burmeseclassic.com

သိသွားပါသည်။

'ဒါဆိုရင် ဒီကောင် သမီးတော်အခန်းကိုလာခိုက်မှာ ချောင်းဖမ်း ပြီး ငါ့ထံဆက်သချေ'

မင်းကြီးသည် အစောင့်တပ်သားများကို ဤသို့အမိန့်ထုတ်ခဲ့ပါသည်။ ထိုအခါ အစောင့်တပ်သားများကလည်း ပုတြကမင်းကိုဖမ်းရန် ချောင်းမြောင်းကာ စောင့်နေကြပါသည်။

အချိန်တန်သောအခါ ပုတြကမင်းသည် မင်းသမီးဆီသို့ရောက်လာခဲ့ပါသည်။ ဤတွင်အစောင့်တပ်သားများမှာ···

'ပုတြက လာပြီ၊ ဖမ်းကြဟေ့'

ဟူသော အသံပေးကာ ဝင်ရောက်ဖမ်းဆီးခဲ့ကြပါသည်။

ထိုအခါပုတြကမင်းသည် မိမိအင်မတန် ချစ်ခင်မြတ်နိုးလှသည့် ပါဋလိမင်းသမီး၏လက်ကိုဆွဲကာ···

'ချစ်နှမ မောင်တော်နှင့်အတူ လိုက်ခဲ့ပါလော့'

ဟုဆိုကာ မင်းသမီးကလေးကိုပါခေါ်ပြီး ခုံဖိနပ်စီးလျက်ဝေဟင်ခရီးမှ ထွက်ပြေးသွားခဲ့ပါသည်။ ဤမြို့နှင့်လွန်စွာဝေးသည့်နေရာဆီသို့ ခရီးနှင်ခဲ့ကြပါသည်။

ထိုသို့ဖြင့် ဂင်္ဂါမြစ်ကမ်းကိုအပေါ်မှ လှမ်းမြင်တွေ့ခဲ့ရပါသည်။

'မောင်တော်··· နှမတော်လေးတို့ ပျံသန်းလာတာ





အတော်ပင် ခရီးပေါက်ခဲ့ပါပြီ၊ ဒီဂင်္ဂါမြစ်ကမ်းနဘေးမှာ ခေတ္တနားရရင်မကောင်းဘူး လား'

'နှမတော်လေး နားချင်ရင် ဒီနားမှာ ဆင်းသက်ပါ့မယ်'

ပုတြကမင်းသည် ထိုသို့ပြောပြီး မြေပြင်သို့ ဆင်းသက်လာခဲ့ပါသည်။

'ကဲ··· နှမလေး ဆာနေပြီမဟုတ်လား'

ဟုဆိုကာ ခွက်ကိုထုတ်ပြီး စားဖွယ်သောက်ဖွယ်များကို စိတ်တွင် ကြံစည်လိုက်ရာ စားသောက်ဖွယ်ရာများမှာ ခွက်၏အစွမ်းကြောင့် ခွက်ထဲတွင် ပေါ်ပေါက်လာခဲ့ပါသည်။ မင်းသမီးလည်း အံ့ဩစွာဖြင့် စားဖွယ်သောက်ဖွယ်ရာများကို စားသုံးသောက်ခဲ့ပါသည်။

'မောင်တော်ရဲ့ ခုံဖိနပ်အစွမ်းနဲ့ ခွက်အစွမ်းကိုတော့ သိပါပြီ၊ တုတ်အစွမ်းကရော ဘယ်လိုပါလဲ မောင်တော်'

'တုတ်ရဲ့အစွမ်းကတော့ မိမိအလိုရှိရာပုံကို မြေကြီးပေါ်မှာ ရေးဆွဲပါ၊ အဲဒီအခါမှာ ရေးဆွဲတဲ့ရုပ်ပုံပေါ်လာပါလိမ့်မယ်'

'ဒါဆို နှမတော်တို့ဟာ ကိုယ့်တိုင်းပြည်က ထွက်ပြေးလာတယ်ဆိုတော့ နေစရာတိုင်းပြည်မရှိတော့ဘူး၊ ဒီတော့ လှပခန့်ငြားတဲ့ တိုင်းပြည်တစ်ပြည်ရေးဆွဲပါ မောင်တော်'

'နှမတော်လေးရဲ့ ဆန္ဒအတိုင်းဖြစ်စေရပါမယ်'



www.burmeseclassic.com

ပုတြကမင်းသည် ဤသို့ဆိုကာ မြို့တစ်မြို့၏ပုံကို မြေပြင်ပေါ်၌ ရေးဆွဲလိုက်ပါသည်။ ထိုခဏတွင်...

လှပခန့်ငြားသည့် မြို့ကြီးတစ်မြို့ တကယ်ပင် ပေါ်ပေါက်လာပါတော့သည်။

'မောင်တော်ရယ်... ဟောဟိုမှာကြည့်စမ်းပါ၊ မြို့ကြီးတစ်မြို့ပေါ်ပေါက်လာခဲ့ပြီ'

'ဒါဆိုရင် ဒီမြို့ကို ဘယ်လိုအမည်ပေးကြမလဲ'

'နှမလေးရဲ့အမည်က ပါဋလိ၊ မောင်တော်ရဲ့အမည်က ပုတြကဆိုတော့ ပါဋလိပုတြက၊ ဒါမှမဟုတ် ပါဋလိပုတ္တလို့ အမည်မှည့်ခေါ်မယ်'

'ဟုတ်ပြီ၊ နှမတော်လေးတို့ စံမြန်းမယ့်မြို့အမည်ကို ပါဋလိပုတ္တ (ပါဋလိပုတ်)လို့ အမည်တွင်စေရမယ်'

ထိုသို့ဖြင့် မြို့ကြီးကို ပါဋလိပုတ်ဟု အမည်မှည့်ခေါ်ခဲ့ကြပါသည်။ ပါးစပ်ရာဇဝင်မှတ်တမ်းတွင် ဤပါဋလိပုတ် (ခေါ်) ပတ္တနားမြို့ကလေးကို 'ဂမ္ဘီရမြို့တော်'အဖြစ် အထက်ပါအတိုင်း ရေးသားခဲ့ပါတော့သည်။

ရီရီဌေး





# ဂမ္ဘီရကျွဲကြီးရုပ်ထု

တစ်နေ့သော နေ့လယ်ခင်း၌ စာရေးသူထံသို့ မိတ်ဆွေတစ်ယောက်အလည်ရောက်လာခဲ့ပါသည်။ သူ့အမည်ကား ကိုသန့်စင်။

ကိုသန့်စင်နှင့် စာရေးသူတို့သည် တက္ကသိုလ်ဝင်တန်းကို တစ်နှစ်တည်း အောင်သူများဖြစ်ပြီး ခင်မင်ရင်းနှီးသည့် သူငယ်ချင်းလည်း ဖြစ်ပါသည်။ တက္ကသိုလ်တက်စဉ်၌ သူက သစ်တောအဓိကယူခဲ့သည်။

ကျောင်းပြီး၍ လုပ်ငန်းခွင်ဝင်သောအခါတွင် သစ်တောအရာရှိအဖြစ် ပျဉ်းမနားတောထဲတွင် တာဝန်ကျခဲ့သည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော သူငယ်ချင်းသည် ရန်ကုန်သို့ ခေတ္တရောက်စဉ် စာရေးသူဆီသို့ ဝင်ရောက်ခဲ့ပါသည်။

'သူငယ်ချင်း... အခုနင်က စာရေးဆရာလုပ်နေတယ်ဆို'

ခရီးရောက်မဆိုက် သူက ဤသို့မေးလိုက်ရာ...

'စာရေးဆရာရယ်လို့တော့ မဟုတ်ပါဘူး၊ ဝါသနာပါလို့ စာရေးနေတာ၊ စာရေးသူတစ်ယောက်ပါ'



www.burmeseclassic.com

'ငါ နှင့်စာတွေ ဖတ်ရပါတယ်၊ နင်ကဂမ္ဘီရနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ရေးနေတာမဟုတ်လား'

'ဟုတ်ပါတယ် သူငယ်ချင်း'

'အေး… အဲဒါကြောင့် ငါလာတာပဲ၊ ငါတောထဲက ထူးဆန်းတဲ့ အတွေ့အကြုံကို ပြောချင်လို့'

'ပြောပါ သူငယ်ချင်း'

'အဖြစ်က ဒီလိုပါ'

ဟုအစချီကာ သူတွေ့ကြုံခဲ့ရသော ပျဉ်းမနားကြိုးဝိုင်း သစ်တောအတွေ့အကြုံများနှင့် ဂမ္ဘီရဆက်နွယ်နေသည့် ဆင်ဖြူတော်နှင့်လှေထွင်းတောင်အကြောင်းများကို ပြောပြခဲ့ပါသည်။

* * * * *

ပျဉ်းမနားကြိုးဝိုင်းသစ်တောကြီးအတွင်း၌ သစ်မခုတ်ရဟုသတ်မှတ်ထားသည့် နေရာများတွင် သစ်ခိုးသူများ ခိုးခုတ်သွားသည့် ပြဿနာရှိသည်။ ဤကိစ္စမှာ ယခုဖြစ်ပွားသည် မဟုတ်။ ရှေးအဆက်ဆက်ကတည်းကပင် ရှိခဲ့သည့် ပြဿနာပင် ဖြစ်ပေသည်။

ကိုသန့်စင်သည် သစ်တောအရာရှိပေါက်စဘဝဖြင့် တောခေါင်းများနှင့်အတူ သစ်တောထဲတွင် သစ်ခိုးသူများ





ရှာဖွေရန် ခရီးစခဲ့ပါသည်။

တစ်နေ့လုံး တောထဲသို့သွားကြသည်မှာ မည်သည့် အခက်အခဲမျှ မရှိချေ။ သစ်ခိုးခုတ်သူများကိုလည်း မတွေ့ရပါ။ ညနေစောင်းအချိန်သို့ ရောက်လာခဲ့လေပြီ။ ကိုသန့်စင်လည်း အခင်းကြီးသွားလို၍ တောထဲ၌ ခွေတ္တသွားပြီး စခန်းသို့ ပြန်လာရာ မည်သူ့ကိုမျှ မတွေ့ရတော့ပေ။

အဖွဲ့သားများ ဘယ်ရောက်ကုန်သည်မသိ။ ချက်ချင်းဆိုသလိုပင် မှောင်စပျိုးလာပါသည်။ အရာရှိပေါက်စဖြစ်၍ တောမှာလည်းမကျွမ်းသေး။

'ငါ ဒီမှာစောင့်နေလို့တော့ မဖြစ်သေးဘူး၊ ငါပျောက်သွားပြီထင်ပြီး လိုက်ရှာနေလား မသိဘူး၊ ငါလည်း သူတို့ကို လိုက်ရှာမှပဲ'

ကိုသန့်စင်သည် ဤသို့တွေးကာ ညနေခင်း အလင်းဖျော့အောက်တွင် သူ့လူများကိုလိုက်ရှာခဲ့ပါသည်။ သွားရင်းသွားရင်း တဖြည်းဖြည်း မှောင်ရီပျိုးလာခဲ့ပါသည်။ တောကြီးမျက်မည်းထဲတွင် တစ်ယောက်တည်း ဖြစ်နေသဖြင့် ကြောက်စိတ်များ ဝင်လာခဲ့ပါသည်။

ဘုရားဂုဏ်တော်များ ရွတ်ဆိုကာ ရှေ့သို့ဆက်၍သွားရာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရုပ်ထုလိုလို လှမ်းတွေ့



www.burmeseclassic.com

လိုက်သဖြင့် ထိုနေရာသို့ သွားရာ

'ဟာ… ကျွဲကြီးရုပ်ထုပါလား'

ကိုသန့်စင်တွေ့ရသည်မှာ အလွန်ကြီးမားသည့် ကျွဲရုပ်ထုကြီးဖြစ်၏ပါသည်။ ကိုသန့်စင်လည်း ထိုကျွဲကြီးရုပ်ထုကြီးကို တွေ့သဖြင့် အံ့သြသွားပါသည်။

'အင်း… ဒါဟာ တောပိုင်တောင်ပိုင်တွေ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် တိုင်တည်မှပဲ'

ကိုသန့်စင်သည် ဤသို့စိတ်ကူးကာ…

'တောပိုင်တောင်ပိုင်ကြီးများခင်ဗျာ ကျွန်တော်ဟာ ဒီတောထဲမှာ လမ်းပျောက်နေလို့ လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးတော်မူပါ'

ဤသို့တိုင်တည်လိုက်ပါသည်။ အမှန်တော့ ရေနစ်သူအတွက် ကောက်ရိုးတစ်ပင်ပင်လျှင် တွယ်စရာကဲ့သို့ပင်။ ဤသို့ဖြင့် ရှေ့သို့ဆက်သွားရာ နာရီဝက်ခန့်အကြာတွင်…

'ဟာ… ဆရာ'

ဟူသောအသံဖြင့် ဘောခေါင်းများ ပြေးလာကြပါသည်။

'ဆရာရယ် ဘယ်လျှောက်သွားနေတာလဲ'

'ဆရာပျောက်သွားလို့ ကျွန်တော်တို့ဖြင့် အရမ်းလန့်သွားတာပဲ'





ဘောခေါင်းအုပ်စုမှ စိတ်ပူပန်စွာ ပြောကြပါသည်။

'အေး… ငါကလည်း မင်းတို့ပျောက်နေလို့ လိုက်ရှာတာ၊ ဟို နားမှာ ကျွဲကြီးရုပ်ထုကြီးနဲ့တွေ့ခဲ့တယ်'

'ကျွဲကြီးရုပ်ထုကြီး ဟုတ်လား၊ ကျွန်တော်တို့ဒီလောက်သွားနေတာ တစ်ခါမှ မတွေ့ဖူးပါဘူး'

ဤတွင် ဝါရင့်လုပ်သား ဖိုးဘမောင်က…

'စခန်းပြန်ကြစို့၊ မိုးချုပ်ပြီ၊ ဟိုရောက်မှ ပြောကြတာပေါ့'

ကိုသန့်စင်တို့အုပ်စု စခန်းသို့ ပြန်ခဲ့ပါသည်။

* * * * *

စခန်းရောက်သောအခါ ဖိုးဘမောင်က ဤသို့ပြောပြပါသည်။

'ဒီကျွဲရုပ်ထုကြီးကို မျက်စေ့လည်လမ်းမှားတဲ့သူတချို့က တွေ့ဖူးကြတယ်၊ ဒီကျွဲရုပ်ထုကြီးဟာ ဂမ္ဘီရဆန်တဲ့ ဇာတ်လမ်းတွေနဲ့ ဆက်နွယ်နေတယ်၊ အဲဒါကတော့ ဆင်ဖြူတောင်ရှင်မ၊ ရှင်ဖြူနဲ့ လေ့ထွင်းတောင်ရှင်မ၊ ရှင်ညိုတို့ပဲဖြစ်တယ်၊ ရွာသူရွာသားတွေက ရှင်ဖြူရှင်ညိုနတ်ကွန်းဆောက်ပြီး နှစ်စဉ်ပူဇော်ပသခဲ့တယ်။

'ကျွဲကြီးရုပ်ထုကြီးနှင့် ရှင်ဖြူရှင်ညိုတို့ ဘယ်လိုများ



www.burmeseclassic.com

ပတ်သက်ပါသလဲ အဘဖိုးဘမောင်'

'ဇာတ်လမ်းအစကတော့ ပုဂံပြည်ရှင် အနော်ရထာမင်းကြီး လက်ထက်ကပေါ့ကွယ်၊ ပျဉ်းမနားနယ်အရှေ့ ပေါင်းလောင်းမြစ်အနီး ကျည်တောင်ရွာမှာ ဆင်ဖြူတော်ရှိတယ်လို့ဆိုပြီး သတင်းထွက်တယ်'

ဒါနဲ့ ဘုရင်ကြီးက ရဲသီဟနဲ့ ရဲဒိဗ္ဗဆိုသူနှစ်ဦးကို ဆင်ဖြူဖမ်းဖို့ လွှတ်လိုက်တယ်၊ ကျည်တောင်ရွာအနီးက တောင်တစ်တောင်မှာ ဆင်ဖြူတော်သုံးစီးတွေ့လို့ ရွာသားနဲ့အဂ္ဂ ဝိုင်းဖမ်းတဲ့အခါ ဆင်ဖြူတော်သုံးစီးဟာ မြေလျှိုးသွားပြီး တွင်းကြီးသာတွေ့ခဲ့ရတယ်၊ ဆင်ဖြူတော်မြေလျှိုးတဲ့တောင်မို့ ဆင်ဖြူတောင်လို့ ခေါ်ခဲ့ကြတယ်။

ရဲသီဟတို့ ညီအစ်ကိုနှစ်ဦးဟာ ဆင်ဖြူကော်ကို ရှာဖွေရင်း ကျည်တောင်ရွာမှာနေထိုင်ခဲ့ကြတယ်။ အဲဒီမှာတင် ကျည်တောင်ရွာသူ အပျိုချောနှစ်ယောက်ဖြစ်တဲ့ မယ်ဖြူနဲ့ မယ်ညို ညီအစ်မနှစ်ဦးနဲ့ ချစ်ကြိုက်ခဲ့တယ်။

ထိုအချိန်မှာ အနော်ရထာမင်းကြီးက သူတို့နှစ်ဦးကို ပြန်လာဖို့ မင်းမိန့်ရောက်လာလို့ သူတို့ပြန်သွားကြတယ်။ မယ်ဖြူ မယ်ညိုက စိတ်မကောင်းစွာ ကျန်နေခဲ့တယ်။

'နှမလေး မယ်ဖြူ မယ်ညို အစ်ကိုတို့ သုံးလကြာရင်





ပြန်လာပြီး လက်ထပ်ပါ့မယ်'လို့ ဂတိအထပ်ထပ်ပေးပြီး ပြန်သွားကြတယ်။

သူတို့ပြန်ပြီး သိပ်မကြာခင်မှာ သိုက်ဆရာနဲ့သူ့တပည့်တစ်ယောက် ရောက်လာတယ်။ သူတို့က သိုက်စာအရ လာကြတာဖြစ်တယ်။ သိုက်စာအညွှန်းကတော့ ကျည်တောင်ရွာနောက် မန်ကျည်းအောက် ဘီလူးမကြီးရုပ်ထုတွေ့လတ္တံ့၊ ၎င်းတို့အနီး ရေကန်ကြီး၌ ကျွဲကြီးရှိလတ္တံ့တဲ့။

ဘီလူးမကြီး ရုပ်ထုကို ဂါထာမန္တန်စုတ်ပြီး ချည်မန်းကွင်းနဲ့ ချုပ်ရမယ်လို့ ပြောပြီး သိုက်ဆရာကြီးက ဂါထာမန္တန်စုတ်ပြီး သူ့တပည့်က ချည်မန်းကွင်းနဲ့ ဘီလူးမကြီးရုပ်ထုကို စွပ်ထားလိုက်တယ်။

သိုက်ဆရာကြီးက ဂါထာဆက်စုတ်တဲ့အခါ ရေကန်ကြီးထဲက ကျွဲရုပ်ကြီးပေါ်လာခဲ့တယ်။ တပည့်လုပ်သူက ဆေးကြိမ်လုံးတကိုင်ကိုင်နဲ့ရွယ်ထားရတယ်။ ကျွဲရုပ်ကိုလည်း ဆေးကြိမ်လုံးနဲ့ မရိုက်ဖို့ ဆရာကြီးက ပြောထားတာကြောင့် မရိုက်ဘဲ ရွယ်နေရတယ်။

ဖြစ်ချင်တော့ အဲဒီအချိန်မှာ သိုက်ဆရာကလည်း ဂါထာတွေ အထပ်ထပ်ရွတ်ဖတ်နေတယ်။ အဲဒီရွတ်မှ ရေကန်အတွင်းမှ ရွှေသားအတိပြီးတဲ့ လှောင်းလှေ ပေါ်လာလိမ့်မယ်။ လောင်းလှေ



www.burmeseclassic.com

ပေါ်မှာ ရွှေကြုပ်ရှိပြီး အဲဒီထဲက ပြဒါးပြာကို ရလိမ့်မယ်။ အဲဒီပြာကိုစားရင် အသက်ရာကျော် ရှည်မယ်။ ကြေးကိုတို့ရင် ရွှေဖြစ်မယ်စတဲ့ တန်ခိုးရှိတဲ့ ပြဒါးပြာပေါ့။

ဒီပြဒါးပြာကိုလိုချင်ဇောနဲ့ သိုက်ဆရာကြီးက ရွတ်နေတုံးမှာ မယ်ဖြူနဲ့မယ်ညိုဟာ ယာခင်းကိုလာခဲ့ကြတယ်။ လာတိုင်းလည်း ဘီလူးမရုပ်ကြီးကို တင်မြှောက်ကြတယ်။

အခုလည်း ယခင်ကလို တင်မြှောက်စဉ်မှာ ဘီလူးမရုပ်ကြီးမှ…

'ငါ့ကို သိုက်ဆရာကြီးက ချည်မန်းကွင်းစွပ်ထားလို့ ဖြုတ်ပေးကြပါ'

လို့ပြောလိုက်တယ်။ မယ်ဖြူနဲ့ မယ်ညိုက ကြည့်လိုက်တော့ ဘီလူးမကြီးရုပ်ထုမှာ ကြိုးတွေတွေ့လို့ ဖြုတ်ပေးလိုက်တယ်။ ကြိုးလည်းဖြုတ်ရော ဘီလူးမကြီးဟာ လွတ်လပ်သွားပြီ။

'ငါ့ရဲ့ဖင်ထိုင်ခုံအောက်မှာ ရွှေတွေငွေတွေရှိတယ်၊ နင်တို့ယူလော့'

လို့ပြောပြီး ပျောက်ကွယ်သွားတယ်။ မယ်ဖြူ မယ်ညိုမိသားစုက ဘီလူးမကြီးပြောတဲ့နေရာကို တူးကြည့်တော့ ရွှေတွေငွေတွေအများကြီး ရသွားတယ်။

ဟိုသိုက်ဆရာနဲ့ တပည့်ရှေ့ကို ဘီလူးမကြီး ရောက်သွားပြီး





'ဟဲ့… ငါ့ကျွဲကို မလုပ်ကြနဲ့'

လို့ပြောတဲ့အခါ တပည့်ဖြစ်သူက ဆေးကြိမ်လုံးနဲ့ ရိုက်လိုက်တဲ့အတွက် ကျွဲရုပ်ပါပျောက်ပြီး ရေထဲငုပ်လျှိုးသွားတယ်။ သိုက်ဆရာနဲ့ သူ့တပည့်ဟာလည်း သိုက်စည်းပေါက်ပြီး ရေကန်ဘေးမှာ သေသွားခဲ့တယ်။

မယ်ဖြူနဲ့မယ်ညိုတို့ဟာ နေ့ချင်းညချင်း သူဌေးဘဝရောက်ပြီး မယ်ဖြူက ဆင်ဖြူတောင်မှာ ဘုရားတစ်ဆူတည်တယ်။ မယ်ညိုက လေ့ထွင်းတောင်မှာ ဘုရားတစ်ဆူတည်ပြီး သူတို့ချစ်သူတွေကို မျှော်နေခဲ့တယ်။

အဲဒီအချိန်မှာ ရှမ်းစော်ဘွားတစ်ဦးဟာ နယ်လှည့်လာရင်း သူတို့ ညီအစ်မနှစ်ဦးနဲ့တွေ့ပြီး တော်ကောက်ဖို့ ပြုလုပ်ခဲ့တယ်။

မယ်ဖြူ မယ်ညိုတို့နှစ်ဦးကလည်း သူဆင်းရဲအသွင်နဲ့ ထွက်ပြေးပုန်းရှောင်ခဲ့တယ်။ အဲဒီအချိန်မှာပဲ ရဲဒိဗ္ဗနဲ့ ရဲသီဟတို့ ရောက်လာပြီး ဒီအကြောင်းကို ကြားသိခဲ့တယ်။

စော်ဘွားဘက်တော်သားများနဲ့ ရဲဒိဗ္ဗ၊ ရဲသီဟတို့ တပ်တွေတိုက်ပွဲ ဖြစ်ခဲ့တယ်။ မယ်ဖြူနဲ့မယ်ညိုကလည်း တိုက်ပွဲဖြစ်မှန်းသိလို့ ပုန်းအောင်းရာက ထွက်လာပြီး ရဲဒိဗ္ဗနဲ့ ရဲသီဟကို သွားဆွဲတယ်။

'အစ်ကိုတို့ကို ကျွန်မတို့စောင့်နေတာ၊ စစ်မတိုက်ပါနဲ့တော့၊ ကျွန်မတို့ပြေးကြစို့'



www.burmeseclassic.com

လို့ပြောတယ်။ စစ်ဆိုတာ ကိုယ်ရပ်ချင်တိုင်း ရပ်လို့မှ မရတာ။ ဆက်တိုက်တဲ့အခါမှာ မယ်ဖြူနဲ့မယ်ညိုကို မြားသင့်ပြီး ဆုံးပါးသွားတယ်။ မယ်ဖြူက ဆင်ဖြူတောင်ကို စိတ်စွဲသွားတယ်။ မယ်ညိုကတော့ လှေထွင်းတောင်ကို စိတ်စွဲပြီး သေသွားတယ်။ ရွာသူရွာသားတွေကို သူတို့နတ်ဖြစ်သွားတယ် အိပ်မက်ပေးတဲ့အတွက် အဲဒီတောင်တွေမှာ နတ်ကွန်းတည်ထားပေးတယ်။

ဒါကတော့ ပျဉ်းမနား ဆင်ဖြူတောင်နဲ့ လှေထွင်းတောင်က ရှင်ဖြူရှင်ညို နတ်ညီအစ်မအကြောင်းပဲဖြစ်တယ်။ ကျွဲကြီးရုပ်ထုနဲ့ ဆက်စပ်နေတဲ့ရှေးအခါက ဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်ပါပဲ။

ကိုသန့်စင်သည် ဖိုးဘမောင်၏ ပြောစကားကို နားထောင်ရင်း ဂမ္ဘီရဆန်သည့် ကျွဲရုပ်ထုကြီးကို မမေ့နိုင်အောင် ဖြစ်ခဲ့ပါသည်။

'သူငယ်ချင်း... ငါ့ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကတော့ ထူးထူးခြားခြား ဂမ္ဘီရကျွဲကြီးရုပ်ထုကြီးနဲ့ ဆက်နွယ်နေတဲ့ အကြောင်းတစ်ရပ်ပါပဲ'

'ဟုတ်ပါတယ် သူငယ်ချင်း၊ မင်းအဖြစ်က တကယ်ကို ထူးခြားပါတယ်'

ရီရီမွှေး

ကျမ်းကိုး - (ရှင်ဖြူ ရှင်လှနတ်သမိုင်း)





## လင်းလွန်းပင်ရှစ် ရွှေစင်တစ်တင်း

တစ်ရံတစ်ခါ၌...

ကျွန်မတို့ လူသားဝန်းကျင်တွင် အတွေးစိတ်ဖြင့်လည်းကောင်း

လက်တွေ့သဘောတရားအားဖြင့်လည်းကောင်း ဉာဏ်မမီသည့် ဖြစ်ရပ်ဆန်းကြယ်များစွာ ရှိပါသည်။ ထိုအရာများအနက် 'လင်းလွန်းပင်ရှစ် ရွှေစင်တစ်တင်း' မှာ သာမန်ဖြစ်စဉ်များထက် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

အထူးသဖြင့် ကျွန်မသည် ရှေးမီနောက်မီ ပုဂ္ဂိုလ်များနှင့် ကြုံတွေ့ကာ ဖြစ်ရပ်ဆန်းကြယ်များအကြောင်းကို သိခွင့်ကြုံခဲ့ပါသည်။ ကျွန်မသည် စမ်းချောင်းတွင်နေထိုင်ပြီး စမ်းချောင်းဇာတိ အဘတစ်ဦးပြောပြချက်ကြောင့် ဤအကြောင်းကို သိရှိခဲ့ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ကိုးဆယ်ကျော်က ဖြစ်ရပ်ဆန်းတစ်ခု။

ထိုစဉ်က ကိုးထပ်ကြီးဘုရားကြီး၏ အနောက်ဘက်ခြမ်းကို စမ်းချောင်းဟု ခေါ်ပြီး ကြည့်မြင်တိုင်ဘုတာဘက်အခြမ်းကို



www.burmeseclassic.com

ကြည့်မြင်တိုင်ဟု ခေါ်ပါသည်။ ဗားကရာလမ်းမကြီးတွင် မီးရထားလမ်းဆက်ထားသည့်နေရာကို ဗားကရာချောက်ဟု ခေါ်ပါသည်။

ကြည့်မြင်တိုင်ဘူတာ၏ နောက်ကျောဘက်တွင် လင်းလွန်းပင်များစွာ ပေါက်နေသဖြင့် လင်းလွန်းတောဟု ခေါ်ကြပါသည်။ ထိုလင်းလွန်းပင်များကြားတွင် လူနေအိမ်ခြေနည်းပြီး ဘုန်းတော်ကြီးကျောင်းများသာ ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများမှာလည်း တစ်ကျောင်းနှင့်တစ်ကျောင်း ဝေးကွာလှပါသည်။ အောက်ဘက်သို့ ဆင်းသွားလျှင် လူနေအိမ်ခြေခပ်ကျဲကျဲရှိပြီး အတူးသဖြင့် ထိုသူများမှာ ကျောက်သွေးသည့်လုပ်ငန်းကို လုပ်ကိုင်ကြသူများပါသည်။

ယခု ဓာတ်ဆီဆိုင်နှင့်မနီးမဝေးတွင် မြင်းလှည်းဂိတ်ရှိပြီး ထိုမှ မြေနီကုန်းသို့လည်းကောင်း၊ ကြည့်မြင်တိုင်ကမ်းနားရှိ မြင်းလှည်းဂိတ်သို့လည်းကောင်း သွားရောက်နိုင်ပါသည်။

လင်းလွန်းတောကြီးထဲ၌ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိပါသည်။ ဘုန်းတော်ကြီးမှာ ဦးစန္ဒိမာဖြစ်ပြီး အင်္ဂရိတ်ထိုးခြင်းကို လွန်စွာ ဝါသနာထုံပါသည်။ သို့သော် ထိုဘုန်းကြီးမှာ အသက်ခုနစ်ဆယ်ကျော်ခန့် ဖြစ်နေသည့်အတွက် ကောင်းစွာအင်္ဂရိတ်မထိုးနိုင်သဖြင့် ကပ္ပိယဖြစ်သူ ဦးစောဆိုသူအား





အင်္ဂရိတ်ထိုးခိုင်းခဲ့ပါသည်။

ကပ္ပိယဦးစောကား အသက်လေးဆယ်ကျော်အရွယ် လူပျိုကြီးဖြစ်ပါသည်။ အသားညိုညို ဂင်တိုတို ခပ်ဝဝဖြစ်ပြီး ဆင်းရဲသည့်အတွက် မည်သည့်အမျိုးသမီးကမျှ စိတ်မဝင်စားသဖြင့် လူပျိုကြီးဖြစ်နေပါသည်။

သို့သော် ဦးစောက မိန်းကလေးချောချောမြင်လျှင် စိတ်ဝင်စားပါသည်။ ဦးစော စိတ်ဝင်စားသည့် အပျိုမလေးမှာ အကြော်သည် ဒေါ်မိ၏ သမီးပန်းနုပင်ဖြစ်ပါသည်။

ဒေါ်မိတို့သားအမိမှာ ဝါတွင်း ဥပုပ်နေ့များတွင် ဤဘုန်းတော်ကြီး ကျောင်း၌မကြာခဏ ဥပုပ်စောင့်သည့်အတွက် ရင်းနှီးနေပါသည်။ အကြော်သည်ဒေါ်မိမှာ မုဆိုးမတစ်ဦးဖြစ်ပြီး အသက်လေးဆယ့်ငါးနှစ်ခန့်ရှိပါသည်။ နောက်အိမ်ထောင်မပြုဘဲ သမီးပန်းနုနှင့်အတူ လုပ်ကိုင်စားသောက်နေပါသည်။ မိန်းမသားတစ်ဦးရှာသည့် ဝင်ငွေဖြစ်၍ မလောက်ငှဘဲ ချို့တဲ့စွာ စားသောက်နေရပါသည်။ ဦးစောမှာ မိမိကသာ ဆင်းရဲနေသော်လည်း ပန်းနုတို့သားအမိကို ချမ်းချမ်းသာသာ ထားလိုပါသည်။ ဦးစောကမူ ၎င်းတို့သားအမိ ဥပုဒ်စောင့်ရန်လာသည့်အခါတိုင်း ပျူပျူငှာငှာဖြင့် ဆွမ်းခံရရှိသော ငှက်ပျောသီး၊ မုန့် စသည်တို့ကို ချကျွေးလေ့ရှိပါသည်။



www.burmeseclassic.com

ဒေါ်မိတို့ သားအမိနှစ်ယောက်မှာ ကပ္ပိယဦးစောကြီး၏ အတွင်းစိတ်ကို မသိပေ။ ဦးစောကလည်း သူ၏စိတ်တွင်သာ ဖြစ်ပေါ်နေသည့် စိတ်ထားဖြစ်၍ မည်သူ့ကိုမျှ ဖွင့်မပြောခဲ့ပေ။

ပန်းနုကလေးမှာ တစ်နေ့တခြား လှလာပါသည်။ ဦးစောကြီးမှာ မြန်မြန်ချမ်းသာကာ ပန်းနုကို ငွေများစွာဖြင့် တင်တောင်းလိုသည်။ သို့သော် ဘုန်းကြီးကျောင်းတွင် ကပ်စားနေရသော ၎င်း၏ဘဝမှာ ချမ်းသာရန် လမ်းမမြင်ပေ။ ထိုသို့ဖြင့် ငုံးဆူလူမသိဆိုသည့်နှယ် ခံစားနေရပါသည်။

တစ်နေ့တွင် ကပ္ပိယကြီးမှာ ကိစ္စတစ်ရပ်ရှိသဖြင့် မြင်းလှည်းဂိတ်သို့သွားခိုက်တွင် ထိုမြင်းလှည်းဂိတ်၌ တိုက်ပုံ အင်္ကျီနှင့်ချည်ချောလုံခြည် ဝတ်ဆင်ထားသည့် လူတစ်ယောက် သည်…

'လင်းလွန်းတောထဲက ဆရာတော် ဦးစန္ဒိမာဆီ သွားချင် လို့ ဘယ်လမ်းကသွားမလဲ'

ဟုမေးနေသံကြားလိုက်ရပါသည်။

ဆရာတော် ဦးစန္ဒိမာဆိုသည်မှာ ဦးစော၏ ဆရာတော်ပင် ဖြစ်ပါသည်။ ထိုအခါ ဦးစောမှ

'လင်းလွန်းတောထဲက ဦးစန္ဒိမာကျောင်းကို သွားချင်တာ လား၊ ကျုပ်လိုက်ပို့ပေးမယ်၊ လာ'





ဟုဆိုကာ ထိုလူစိမ်း၏ အိပ်ကိုဆွဲကာ ကျောင်းသို့ခေါ် ဆောင်လာခဲ့ပါသည်။ ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ထိုလူစိမ်းသည် ဘုန်းတော်ကြီးအား ဦးချကာ

'ဘုန်းဘုန်း… တပည့်တော်ကို မှတ်မိရဲ့လားဘုရား'

လူစိမ်းက ဤသို့ပြောလိုက်ရာ ဘုန်းတော်ကြီးမှာ အသက်ကြီး၍ မျက်စိမှုန်ဝါးဝါးဖြစ်နေသဖြင့်…

'ဒကာက ဘယ်သူတုံး'

ဟုမေးမြန်းလိုက်ပါသည်။ ထိုအခါလူစိမ်းမှာ…

'တပည့်တော်က မတ္တရာက မောင်ပိုပါဘုရား'

'ဩော်… သိပြီ၊ ဆေးဆရာကြီးဦးပိုကိုး၊ အောက်ပြည် ကို စုန်ဆင်းလာတယ်မှတ်တယ်၊ ရောက်တုန်း ဘုန်းကြီးကျောင်း မှာ ကြိုက်သလောက်နေပေါ့၊ ခိုင်းစရာရှိရင်လည်း ကပ္ပိယကြီး မောင်စောကို ခိုင်းပေါ့'

'မှန်ပါ့ဘုရား၊ တပည့်တော် ဒီကျောင်းမှာ တစ်လလောက် တည်းခိုချင်ပါတယ် ဘုရား'

'တည်းပါ၊ နေချင်သလောက်နေနိုင်ပါတယ် ဒကာကြီး ဦးပို'

'မှန်ပါ့ဘုရား'

ဆေးဆရာဦးပိုနှင့် ဘုန်းတော်ကြီးဦးစန္ဒိမာမှာ တစ်ဦးနှင့်



www.burmeseclassic.com

တစ်ဦး ကျေးဇူးရှိခဲ့ဖူးပါသည်။ ဘုန်းတော်ကြီး ဦးစန္ဒိမာသည် လွန်ခဲ့သောနှစ်နှစ်ခန့်က မတ္တရာသို့သွားစဉ် အပြင်းအထန်ဖျားရာ ဦးပိုမှ ကုသပေးသဖြင့် ရောဂါပျောက်ကင်းခဲ့ပါသည်။

ထို့အပြင် ဦးပိုကလည်း အင်္ဂရုတ်ထိုးရာ၌ ဝါသနာကြီးသည်။ ကိုယ်တိုင်လည်း အင်္ဂရုတ်ထိုးသည်။ သို့သော် အင်္ဂရုတ်ကို ဝါသနာပါ၍ ထိုးသော်လည်း မီးပေးမီးယူ ကောင်းစွာနားမလည်သဖြင့် အောင်မြင်မှုမရှိဘဲ အချည်းနှီးသာဖြစ်နေပါသည်။ ဘုန်းတော်ကြီး ဦးစန္ဒိမာကား မီးပေးမီးယူ အစရှိသော အင်္ဂရုတ်ပညာရပ်များကို သင်ပေးသဖြင့် ဆရာဦးပိုမှာ ဤပညာရပ်ကို အတော်အတန် နားလည်ခဲ့ပါသည်။ ထိုသို့ဖြင့် ဆရာဦးပိုနှင့် ဘုန်းတော်ကြီးဦးစန္ဒိမာမှာ မတ္တရာတွင် လွန်စွာရင်းနှီးခဲ့ပါသည်။

ထို့နောက် ဘုန်းတော်ကြီး ဦးစန္ဒိမာက…

'ကျုပ်အလုပ်ကိစ္စပြီးပြီမို့ ရန်ကုန်ကို ပြန်ကြွတော့မယ်၊ ရန်ကုန်ရောက်ရင် ကျုပ်ရဲ့ကျောင်းမှာ လာတည်းပါ'

'အရှင်ဘုရားရဲ့ ကျောင်းက ဘယ်နားမှာလဲ'

'လင်းလွန်းတောထဲက တောရကျောင်းပါ၊ ဗားကရာ မြင်းလှည်းဂိတ်ကိုရောက်ရင် ကျုပ်ကျောင်းကို မေးလိုက်ပါ၊ မြင်းလှည်းသမားအားလုံး သိပါတယ်'

'ကောင်းပါပြီဘုရား၊ နောက်နှစ်ထဲမှာ ရန်ကုန်ကို





လာစရာရှိတယ်ဘုရား၊ တကယ်လို့ ရောက်ရင် တပည့်တော်ဝင်ခဲ့ပါ့မယ် ဘုရား'

'အိမ်း… လာဖြစ်အောင်လာခဲ့ပေါ့'

ဤသို့ဖြင့် ဆရာဦးပိုတစ်ယောက် ဘုန်းတော်ကြီး ဦးစန္ဒိမာထံတွင် ခေတ္တတည်းခိုနေခဲ့ပါသည်။ ဆရာပိုရောက်လာသောအခါ ဘုန်းတော်ကြီးဦးစန္ဒိမာမှာ အင်္ဂရုတ်ဖိုထဲခေါ်ကာ အတော်အတန်ဓာတ်ရေဝနေသော သူ၏ ဓာတ်လုံးကို အင်္ဂရုတ်ဆက်ထိုးကာ ဆရာပိုကို လက်တွေ့ပြခဲ့ပါသည်။

ဘုန်းတော်ကြီးက လက်တွေ့ပြသော်လည်း အမှန်တကယ် ဖားဖိုဆွဲရသည်မှာ ကပ္ပိယကြီးဦးစောသာ ဖြစ်ပါသည်။

ထိုသို့ဖြင့် နေ့စဉ်နေ့စဉ် အင်္ဂရုတ်ထိုးပါများသော် ဆရာဦးပိုနှင့်ဦးစောတို့မှာ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးလာခဲ့ပါသည်။ သည်တော့ ဦးစောကလည်း သူ၏စိတ်မှခံစားချက်များကို ဖွင့်ပြောပါသည်။

'ဘုန်းကြီးက ဓာတ်လုံးထိုးဆိုလို့သာ ထိုးရတာ၊ အမှန်တကယ်တော့ ကျုပ်က ဓာတ်လုံးထိုးချင်တာမဟုတ်ဘူး'

'ဓာတ်လုံးမထိုးချင်ရင် ဘာထိုးချင်သလဲ'

'ရွှေဖြစ်နည်း ထိုးချင်တာဗျ'



www.burmeseclassic.com

'ခင်ဗျားက ရွှေတွေကို ဘာကြောင့်လိုချင်တာလဲ'

'ခင်ဗျားကမေးမှမေးရက်တယ်၊ ကျုပ်ကလည်း ဆင်းရဲတော့ သူဌေးဖြစ်ချင်တာပေါ့၊ ဒါနဲ့ဘုန်းကြီးကို ရွှေဖြစ်နည်း ထိုးဖို့ ပြောတာလည်း ဘုန်းကြီးက မထိုးဘူး၊ ခတ်လုံးပဲ ထိုးခိုင်းနေတော့တာပဲ'

'နေစမ်းပါဦး ခင်ဗျားက သူဌေးဖြစ်တော့ ဘာလုပ်မှာလဲ'

'ခင်ဗျား ဘယ်သူမှ လျှောက်မပြောနဲ့နော်'

'မပြောပါဘူး'

'ကျုပ်က လမ်းထိပ်ကအကြော်သည် ဒေါ်မိကြီးရဲ့သမီး ပန်းနုကို ယူမလို့ဗျ'

'ပန်းနုဆိုတာ ဟိုနေ့က ဥပုဒ်လာစောင့်တဲ့ ကောင်မလေး မဟုတ်လား၊ ငယ်ငယ်လေးရှိသေးတယ်၊ သူ့အမေကြီးနဲ့ဆို ဟုတ်တုတ်တုတ်ရှိသေး'

'ဟုတ်တယ်၊ သူ့အမေကြီးကလည်း ကျုပ်က ဂရုစိုက်လွန်းတော့ သူ့ကိုကြိုက်နေတယ်လို့ထင်တာ၊ ဒါပေမဲ့ ကျုပ်က လူပျိုကြီးဆိုတော့ အပျိုလေးကိုပဲ လိုချင်တာဗျ'

'ခင်ဗျားအဖြစ်ကလည်း မလွယ်ပါလားဗျာ'

'ဟုတ်ပါတယ်၊ အင်္ဂရတ်ထိုးသလိုပေါ့ဗျာ၊ ဒီအလုပ်





လည်း ဘယ်လွယ်ပါ့မလဲ'

ထိုသို့ဖြင့် လွန်စွာရင်းနှီးလာရကား တစ်ဦးရင်ထဲမှ အကြောင်းကို တစ်ဦးအားဖွင့်ပြောပြပါသည်။ ဦးစော၏ အကြောင်းကြားသိပြီးသောအခါ ဆရာဦးပို၏ ရင်ထဲမှ အကြောင်းကို ပြောပြပါသည်။

'ကျုပ်တို့ မြန်မာလူမျိုးတွေဟာ ဘိုးစဉ်ဘောင်ဆက်ကတည်းက ဥစ္စာပစ္စည်းတွေကို မြေကြီးထဲမှာ မြှုပ်တဲ့အလေ့အထရှိတယ်၊ အဲဒါကတော့ လုံခြုံတဲ့နေရာမှာ သိမ်းဆည်းတဲ့သဘောပေါ့ဗျာ၊ ဥစ္စာပစ္စည်းများရင် အဲဒါကို သိုက်လို့ခေါ်ကြတယ်၊ ဒါကရှင်းရှင်းကလေးပါပဲ၊ အဲဒီမြေကြီးထဲမှာ ဝှက်ထားတဲ့ ရွှေငွေပစ္စည်းတွေကို ရှာဖွေတွေ့ရှိအောင် ရှေးလူကြီးတွေက အညွှန်းစာများရေးထားခဲ့တယ်၊ အဲဒီအလေ့အထဟာ ပုဂံခေတ်ကတည်းက စခဲ့တာပဲ'

'ကဲ… ဇာတ်သုတလေးပြောစမ်းပါဦးဗျာ'

'ပုဂံခေတ်မှာ ဗေဒင်ပညာအလွန်တတ်မြောက်တဲ့ ငမှန်ကန်းဆိုတဲ့ သူတစ်ဦးရှိခဲ့တယ်၊ သူဟာ ဖခင်နဲ့ ပညာပြိုင်တဲ့အခါမှာ သူနိုင်သွားခဲ့တယ်၊ ဖခင်ဖြစ်တဲ့ပုဏ္ဏားက အရှူးဆေးတိုက်လို့ ငမှန်ကန်း ရူးသွားခဲ့တယ်၊ အဲဒီလိုရူးသွားပေမယ့် သတိနဲ့နဲပြန်ရတဲ့အခါ ဒီနေရာမှာ ငွေအိုးရှိတယ်၊



www.burmeseclassic.com

ဒီနေရာမှာ ရတနာပစ္စည်းရှိတယ်ဆိုပြီး ပြောခဲ့တယ်၊ လူတွေက သူပြောတဲ့အတိုင်း အဲဒီနေရာမှာ တူးတဲ့အခါ ရွှေငွေရတနာပစ္စည်းတွေရတယ်၊ အဲဒါကို ငမှန်ကန်း အညွှန်းစာလို့ ပြောခဲ့ကြတယ်၊ ဒီနောက်ပိုင်းမှာလည်း ဥစ္စာပစ္စည်းတွေ မြှုပ်ထားတဲ့သူတွေဟာ သူတို့ရဲ့သားမြေးမြစ်တို့ ရှာဖွေနိုင်ဖို့ အညွှန်းစာတွေထားခဲ့ကြတယ်'

'အဲဒီအညွှန်းစာရတော့ ဘာဖြစ်မလဲ ဆရာပိုရဲ့'

'အညွှန်းစာရတော့ အဲဒီနေရာတွေမှာ ရွှေငွေရတနာပစ္စည်းတွေ ရမှာပေါ့ဗျာ'

ဩော်... ဒီလိုလား၊ ကျုပ်လည်း အဲဒီအညွှန်းစာမျိုးရစမ်းချင် လိုက်တာ'

'ရရင်ဘာလုပ်မလဲ'

'ကျုပ်လည်း မြေကြီးထဲမှာ မြှုပ်ထားတဲ့ ရတနာတွေကိုတူးမလို့ပေါ့ဗျ'

'ခင်ဗျား တကယ်တူးမလား'

'ရတနာတွေရမယ်ဆိုရင် တူးမယ်ဗျာ'

'ဒါဆို ကျုပ်ပြောမယ်၊ နားထောင်နော်၊ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ဟာ ကြည့်မြင်တိုင်သူဌေးကြီးရဲ့မြေးတစ်ဦးပဲ၊ သူ့အဘိုးဟာ မသေ ခင်မှာ ဥစ္စာပစ္စည်းတွေကို လင်းလွန်းတော





ကြီးထဲမှာ မြှုပ်ခဲ့တယ်တဲ့၊ အညွှန်းစာအဖြစ်ကတော့ 'လင်းလွန်းပင်ရှစ် ရွှေစင်တစ်တင်း' လို့ ပေးခဲ့တယ်တဲ့၊ လင်းလွန်းတောကတော့ဒီတောပဲဖြစ်မယ်၊ ဒါပေမဲ့ လင်းလွန်းပင်ရှစ်ဆိုတော့ လင်းလွန်းပင်ရှစ်ပင်ရဲ့အလယ်လား၊ ဒါမှမဟုတ် ရှစ်ပင် မြောက်လင်းလွန်းပင်လားဆိုတာ မပြောနိုင်ဘူး'

'ရှစ်ပင်မြောက်လို့ ပြောရအောင် ဘယ်အပင်က စရေမလဲ'

'ဝေးပေါ့ဗျာ၊ အညွှန်းစာပါဆိုမှ လွယ်လွယ်တော့ ဘယ်ပြောမလဲ၊ စဉ်းစားစရာလေးတွေလည်း ပါမှာပေါ့ဗျာ'

'ဒါဆိုရင် ခင်ဗျား ဒီကျောင်းကိုလာတဲ့ ရည်ရွယ်ချက်ကအဲဒီ အတွက်လား'

အမှန်အတိုင်း ဝန်ခံရရင်တော့ ဟုတ်ပါတယ်၊ ကျုပ်လည်း ဆေးကုတာထက် သူဌေးတော့ဖြစ်ချင်တာပေါ့ဗျာ၊ ခင်ဗျားကလည်း ကျုပ်ကိုကူညီပြီး တူးပေးပါ၊ ရရင် တစ်ယောက်တစ်ဝက်ပေါ့ဗျာ'

'အင်း... ခင်ဗျားအကြံမဆိုးဘူး၊ ကျုပ်လည်း သူဌေးဖြစ်ချင်တာနဲ့ အတော်ပဲဗျာ၊ ဒါပေမဲ့ ဘယ်နေရာမှာ တူးရမှန်းမသိတာခက်တယ်၊ လင်းလွန်းတောကြီးကလည်း တစ်မျှော်တစ်ခေါ်နဲ့၊ အပင်တိုင်းသာလိုက်တူးရရင် အမောဆို့ဖို့များတယ်'



www.burmeseclassic.com

'အေးဗျာ၊ ကျုပ်ကထင်တာအပင်နှစ်ဆယ်လောက်ရှိမယ် ထင်တာ'

ထိုနေရာ၌ လင်းလွန်းပင်များမှာ များစွာပေါက်နေပြီ။ တချို့အပင်များမှာ လူနေအိမ်ခြေများ၌လည်း တစ်ပင်စ နှစ်ပင်စ ပေါက်နေသဖြင့် ဆရာဦးပိုမှာ အကြံအိုက်နေပါသည်။

၄င်းတို့နှစ်ဦးမှာ အချိန်အားလပ်သည့်အခါတိုင်း လင်းလွန်းပင်များ အောက်သို့ သွားကြည့်ကြပါသည်။

'ဘယ်အပင်အောက်မှာ ဖြစ်နိုင်မလဲ'

ထိုသို့သောအတွေးဖြင့် လင်းလွန်းတောထဲတွင် ထိုင်နေခဲ့ပါသည်။

ထိုစဉ် ငှက်ကလေးများမှာလည်း တစ်ကိုင်းမှ တစ်ကိုင်းသို့ကူးကာ ဘာသာဘာဝ ပျော်မြူးနေကြပါသည်။ ရှဉ့်ကလေးများမှာလည်း လင်းလွန်းပင်ထက်သို့ တက်လိုက်ဆင်းလိုက်ဖြင့် အလုပ်ရှုပ်နေပါသည်။

'ကျုပ်တို့တော့ မျောက်အုန်းသီးရသလို ဖြစ်နေပြီ'

'အေးဗျာ၊ အညွှန်းစာရတာတောင်မှန်အောင် မရှာနိုင်တော့ ခက်တာပေါ့'

၄င်းတို့နှစ်ယောက်မှာ အညွှန်းစာကို အဖြေမညှိနိူင်သဖြင့် အခက် တွေ့နေပါသည်။ တစ်ညတွင် ကပ္ပိယကြီး ဦးစောမှာ





အိပ်မက် မက်ပါသည်။

ထိုအိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်ကြီး တစ်ဦးကို တွေ့ရှိရပါသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ ဦးစောအား…

'သား… တစ်ခုခုအတွက် စိတ်ညစ်နေသလား'

'ဟုတ်ပါတယ် အဘိုး'

'သား ဘာကိုစိတ်ညစ်သလဲဆိုတာ အဘိုးကိုပြောပြပါ'

'အဘိုး သားဟာ အလွန်ချမ်းသာချင်သူပါ၊ ဆရာဦးပို ပြောတဲ့ အညွှန်းစာကို ရထားပေမယ့် ဘယ်လင်းလွန်းပင်မှန်း မသိလို့ မတူးနိုင်ဘဲစိတ်ညစ်နေတာပါ အဘိုး'

'အေး… အဲဒီပစ္စည်းတွေဟာ အဘိုးရဲ့ပစ္စည်းတွေပဲ၊ ဒီအညွှန်းစာလည်း အဘိုးရေးထားတာ'

'ဟာ… ဒါဆို အဘိုးက ဘယ်အပင်အောက်မှာ မြုပ်ထားတယ်ဆိုတာ သိမှာပေါ့နော်'

'သိတာပေါ့ သားရယ်'

'ဒါဆို သားကို ပြောပြပါလား အဘိုး'

'အေး… ပြောချင်လို့ လာခဲ့တာပဲ၊ ဒါပေမဲ့ မင်းတစ်ခု အဘိုးကို လုပ်ပေးရမယ်'

'ပြောပါ အဘိုး'



www.burmeseclassic.com

'အဲဒါက အဘိုးရဲ့ပစ္စည်းတွေထဲက တစ်ဝက်ကို မင်းတို့ယူပါ၊ တစ်ဝက်ကို ဘုရားတည်ပေးပါ၊ ပြီးရင် အဘိုးကို အမျှပေးပါ'

'ကောင်းပါပြီ အဘိုး၊ အဘိုးရဲ့အညွှန်းစာကို သာ အဓိပ္ပာယ် ဖော်ပေးပါ'

'ကောင်းပြီ၊ ငါ့သား သေချာစွာနားထောင်လော့'

'ဟုတ်ကဲ့အဘိုး'

'လင်းလွန်းပင်ရှစ် ရွှေစင်တစ်တင်းလို့ မင်းတို့ထင်ထားတယ် မဟုတ်လား'

'ဟုတ်ပါတယ် အဘိုး'

'တကယ်တော့ မင်းတို့ နားလည်မှုလွဲမှားနေတာ၊ လင်းလွန်းပင်ရှစ်မဟုတ်ဘူး၊ လင်းလွန်းပင်ရှဉ့်'ဖြစ်တယ်၊ အဓိပ္ပာယ်က ရှဉ့်ကလေးတွေရှိတဲ့ လင်းလွန်းပင်ရဲ့အောက်မှာ ရွှေမန်ကျည်းထောင့်ထည့်ထားတဲ့ ရွှေစင်တစ်တင်းရှိတယ်ကွဲ့'

'ဪ... သိပြီ၊ သိပြီ၊ အဘိုးမနေကတောင် ရှဉ့်ကလေးတွေ တက်လိုက်ဆင်းလိုက်လုပ်နေတဲ့ လင်းလွန်းပင်အောက်မှာတောင် ထိုင်ကြည့်နေမိသေးတယ်'

'ဟုတ်တယ်၊ အဲဒီအပင်အောက်မှာပဲ'

'ဟာ... ဒါဆို ဝမ်းသာစရာပေါ့အဘိုး'





'အေး... အဘိုးတစ်ခုပြောရဦးမယ်၊ တူးတဲ့အခါ အနက်လေးတောင်တူးပါ၊ တူးရမယ့်အချိန်က လပြည့်နေ့ည ဆယ့်နှစ်နာရီ'

ထိုသို့ပြောပြီး အဘိုး၏သဏ္ဌာန်မှာ တဖြည်းဖြည်း မှေးမှန်ကာ ပျောက်ကွယ်သွားပါသည်။

'အဘိုး... အဘိုး'

'ထိုသို့အော်ခေါ်ရင်း ဦးစောတစ်ယောက် လန့်နိုးသွားပါသည်။ နံနက်လင်းသော် ထိုအကြောင်းကို ဆရာဦးပိုအား ပြောပြခဲ့ပါသည်။ ထိုအခါ ဆရာဦးပိုက...

'လပြည့်နေ့ည ဆယ့်နှစ်နာရီ ဟုတ်လား ဦးစော'

'ဟုတ်တယ် ဆရာ'

'ဒီနေ့ဟာ လပြည့်နေ့ပဲ'

'ဟာ... ဒါဆို ဒီနေ့တူးရမှာပေါ့'

'အေး... မင်းအိပ်မက်အရဆိုရင် ဟုတ်တယ်၊ ဒီတော့ အဲဒီရှဉ့်ကလေးတွေရှိတဲ့ လင်းလွန်းပင်ဆီ သွားကြည့်ကြမယ်'

ထိုသို့ဖြင့် မနေ့က သွားခဲ့သော လင်းလွန်းပင်ရှိရာသို့ သွားခဲ့ကြပါသည်။

ရှဉ့်ကလေးများမှာ အခြားလင်းလွန်းပင်အားမတက်ဘဲ တစ်ပင်တည်းသော လင်းလွန်းပင်၌သာ ဆင်းလိုက်တက်လိုက်



www.burmeseclassic.com

ပြုလုပ်နေပါသည်။

ဦးစောမှ ဆရာဦးပိုအား…

'ဆရာ ဒီအပင်ပဲဖြစ်မယ်'

'ဟုတ်တယ်၊ ဒီအပင်ပဲဖြစ်မယ်၊ ကျုပ်အခုမှစဉ်းစားမိတယ်၊ ရွှေဆိုတာ အေးမြတဲ့သဘော၊ ရှဉ့်ကလေးတွေဟာ အေးမြတဲ့ဓာတ်ရှိတဲ့ အပင်ကိုကြိုက်နှစ်သက်တယ်၊ ဒါကြောင့် ဒီအပင်ပေါ်ကို တက်လိုက်ဆင်းလိုက်လုပ်နေတာဖြစ်မယ်၊ ဒီအပင်ဟာ သေချာသလောက်ပဲ၊ ညရောက်ရင် ဒီအပင်အောက်ကို တူးမယ်၊ ပေါက်တူးပေါက်ပြား အသင့်ရှာထားပေတော့'

'ဟုတ်ကဲ့ ဆရာ'

၎င်းတို့အကြံတူသမားနှစ်ယောက်သည် ထိုနေ့ည ဆယ့်နှစ်နာရီသို့ရောက်ရန် စောင့်ဆိုင်းနေပါသည်။

ညဉ့်ဆယ်နာရီအချိန်သို့ရောက်ခဲ့လေပြီ။

ပေါက်တူးပေါက်ပြားများ ကိုင်ဆောင်ထားသည့် ဦးစောနှင့် ဆရာဦးပိုတို့သည် ရှဉ့်များရှိသည့် လင်းလွန်းပင်ဆီသို့ သွားခဲ့ကြပါသည်။ လရောင်၏ အလင်းကြောင့် အပင်ခြေရင်းကို ကောင်းစွာမြင်တွေ့ရပါသည်။ အိပ်မက်ထဲမှ မက်သည့်အတိုင်း အပင်၏ရှေ့တွင် စတင်တူးခဲ့ပါ တော့သည်။

နှစ်ယောက်သားမှာ ခြောက်တောင်အနက်ရောက်အောင်





မောကြီးပန်းကြီးဖြင့် တူးနေကြပါသည်။

'ဦးစော… အခုထိလည်း ဘာမှမတွေ့သေးပါလားဗျ'

ဆရာဦးပိုမှ ပြောလိုက်ပါသည်။

'လေးတောင်မှ မရောက်သေးတာ၊ အားစိုက်ပြီးတူးပါဗျ'

ထိုသို့ပြောရင်း အားကြိုးမာန်တက် ဆက်လက်၍ တူးလိုက်ရာ လေးတောင်အရောက်တွင်…

'ချွင်'

'ချွင်'

ဟူသောအသံနှင့်အတူ ရွှေးရောင်လင်ပန်းဖြင့် အဖုံး ပြုလုပ်ထားသော ရွှေအိုးရောင်တောင်းကြီး တစ်တောင်းပေါ် လာပါတော့သည်။

'ဟာ… တောင်းကြီးပေါ်လာပြီး ဦးစော၊ ဆင်းပြီး ဖွင့်ကြည့်စမ်းပါ'

'ဟုတ်ကဲ့… ဆရာ'

ဦးစောမှာ တွင်းကြီးထဲသို့ ခုန်ဆင်းကာ ရွှေအိုးရောင် လင်ပန်းကြီးအား ဖွင့်ကြည့်သောအခါ တောင်းကြီးထဲတွင် ရွှေရောင်လင်းလက်တောက်ပနေသော ရွှေမန်ကျည်းတောင့်များကို တွေ့လိုက်ရပါသည်။

'ဟာ… ဆရာရေ… ရွှေမန်ကျည်းတောင့်တွေ



www.burmeseclassic.com

အများကြီးပဲ၊ ကျုပ်တို့တော့ သူဌေးဖြစ်ပြီ'

ဦးစောက ဝမ်းသာအားရ အော်ပြောလိုက်ပါသည်။

ဤတွင် ဆရာဦးပိုကလည်း လွန်စွာ ဝမ်းသာအားရ ဖြစ်ကာ…

'ဒီပစ္စည်းတွေကို ကျုပ် တစ်ဝက်ပိုင်တယ်နော်'

'ဟုတ်တယ်၊ ကျန်တစ်ဝက်က ကျုပ်ပစ္စည်းတွေပဲ၊ ဒီပစ္စည်းတွေနဲ့ ပန်းနုကိုတင်တောင်းရင် ဒေါ်မိဘာခံနိုင်မလဲ'

လောဘ၏သားကောင်များမှာ ပေးထားသော ကတိသစ္စာကို ဖောက်ဖျက်ခဲ့လေပြီ။ ရွှေမန်ကျည်းစေ့များကို မြင်သည်နှင့် ၎င်းတို့၏စိတ်များ ဖောက်ပြန်ကာ အိမ်မက်ရှင်ကိုပင် လုံးဝသတိမရတော့ချေ။

ထိုစဉ် ဆရာဦးပိုမှ…

'ဦးစောရေ… အဲဒီတောင်းကို အပေါ်တင်ပေးလိုက်ပေတော့'

ဟု လှမ်းပြောလိုက်ပါသည်။

ဦးစောသည် လောဘဇောအပြည့်ဖြင့် တောင်းကိုမလိုက်ရာ လေပြင်းများတိုက်ခတ်လာပြီး တော်လဲသံကြီးကဲ့သို့…

'ဝေါ… ဝေါ… ဝေါ'

ဟူသည့် ကြောက်မက်ဖွယ် မြည်သံကြီးနှင့်အတူ ရွှေအိုရောင်တောင်းကြီးမှာ ချာချာလည်ကာ မြေကြီးများ ပြိုကျလာပြီး တမဟုတ်ချင်း ဖုံးအုပ်သွားပါသည်။

ဤတွင် ဆရာဦးပိုမှာ ကြောက်လန့်တုန်လှုပ်ကာ…





'ဦးစော… မြေကြီးတွေ ပြိုကျကုန်ပြီ၊ အပေါ်ကို မြန်မြန်တက်တော့၊ နို့မဟုတ်ရင် မြေဖို့ပြီးသားဖြစ်သွားလိမ့်မယ်'

ဤသို့သတိပေးသဖြင့် ဦးစောမှာ တွင်းပေါ်သို့ ကုန်းရုန်းကာ အမြန်ဆုံးတက်ခဲ့ရပါသည်။ ထို့နောက် သစ်ပင်ကြီးများမှာ ပြိုလဲကျမည့်နှယ် ပြင်းထန်စွာ ယိမ်းထိုးနေသဖြင့် ထိုနေရာ၌ မနေဝံ့တော့ဘဲ ဘုန်းတော်ကြီးကျောင်းသို့ အမြန်ဆုံး ပြန်ပြေးလာခဲ့ပါသည်။

ဆရာဦးပိုနှင့် ဦးစောအပါအဝင် တချို့တချို့သော သူများသည် များပြားလှသော ဥစ္စာပစ္စည်းများနှင့်တွေ့သောအခါ လောဘစိတ်တွင် မျောပါကာ ကတိသစ္စာ ပျက်ယွင်းသွားတတ်သည့်အတွက် အလိုကြီးက အရနည်းဖြစ်ချေသည်။

အကယ်၍သာ အိပ်မက်ရှင်၏ ကတိအတိုင်း ဆောင်ရွက်မည်ဆိုလျှင် လင်းလွန်းပင်ရှစ် ရွှေစင်တင်းတစ်ဝက်ကား ထိုသူနှစ်ဦး၏ လုပသောအနာဂတ်ခရီးအတွက် အိပ်မက်ရှင်၏ လက်ဆောင်ကောင်းတစ်ခု ဖြစ်လိမ့်မည်တကား…။

ရိရိဌေး



www.burmeseclassic.com

ပထမဦးဆုံးဂမ္ဘီရလုံးချင်းလက်ရာကောင်း

# ရီရီငွေး

# လူးရတနာသိုက်

စာမူခွင့်ပြုချက်အမှတ် –… ၅၀၀၀၅၆၀၁၀၈

အိုယွန်းယှဥ်စာပေတိုက်၏ စင်တင်ကလောင်ရှင်
တတိယမြောက် အချစ်လုံးချင်းဝတ္ထုသစ်

**မြမှုံးခင်ခင်**

**မိုင်းရပ်စ်ရဲ့ မနက်ဖြန်**

စာမူခွင့်ပြုချက်အမှတ် –… ၅၀၀၄၅၆၀၁၀၈

www.burmeseclassic.com

# ရီရီငွေး

(၂၅)အုပ်မြောက်ဂမ္ဘီရဆန်းကြ



အိုယွန်းယှဉ်စာပေ

အမှတ်(၅၈)၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
09 5166140